# ကြေးမုံ

*The Mirror Daily*

၁၉၅၇ ဖေဖော်ဝါရီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957


**ဆွေမျိုးတို့နှင့် နေရသကဲ့သို့**

**သူမိုက်နှင့် ပေါင်းဖော်၍ လှည့်လည်သောသူသည် ကာလရှည်မြင့်စွာ စိုးရိမ်ရ၏။ လူမိုက်တို့နှင့်အတူ နေရခြင်းသည် ရန်သူနှင့်အတူ နေရသကဲ့သို့ အခါခပ်သိမ်းဆင်းရဲရ၏။ ပညာရှိနှင့် အတူတကွနေရခြင်းသည် ဆွေမျိုးတို့နှင့် အတူတကွ နေထိုင်ရသကဲ့သို့ ချမ်းသာ၏။**

သုခဝဂ်(ဓမ္မပဒ-၂၀၇)


၁၃၈၀ ပြည့်နှစ် တန်ခူးလဆန်း ၄ ရက်၊ တနင်္လာနေ့။ | Monday, 8 April 2019 | ၉၆၁၅


## ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ကျင်းပရန် ခေါ်ယူ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုလွှတ်တော်ရုံး**

ကြေညာချက်အမှတ် (၁/၂၀၁၉)

၁၃၈၀ ပြည့်နှစ်၊ တန်ခူးလဆန်း ၃ ရက်
(၂၀၁၉ ခုနှစ်၊ ဧပြီလ ၇ ရက်)

**ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော်**
**(၁၂) ကြိမ်မြောက်ပုံမှန်အစည်းအဝေးကျင်းပရန် ခေါ်ယူခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၇၉၊ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၁၃ နှင့် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၃ နည်းဥပဒေခွဲ(ခ)တို့အရ ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော်(၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေးကို နေပြည်တော်၌ ၁၃၈၁ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၀ ရက် (၂၀၁၉ ခုနှစ်၊ ဧပြီလ ၂၉ ရက်) တနင်္လာနေ့၊ ၁၃း၃၀ နာရီအချိန်တွင် စတင်ကျင်းပရန် ခေါ်ယူကြောင်း ကြေညာအပ်ပါသည်။

(ပုံ) တီခွန်မြတ်
နာယက

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ကျင်းပရန် ခေါ်ယူ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်သူ့လွှတ်တော်**

ကြေညာချက်အမှတ် (၁/၂၀၁၉)

၁၃၈၀ ပြည့်နှစ်၊ တန်ခူးလဆန်း ၃ ရက်
(၂၀၁၉ ခုနှစ်၊ ဧပြီလ ၇ ရက်)

**ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်**
**(၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေးကျင်းပရန် ခေါ်ယူခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၂၆၊ ၂၀၁၂ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၃၅ နှင့် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေများ၏ နည်းဥပဒေ ၃၊ နည်းဥပဒေခွဲ(ခ)တို့အရ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေးကို နေပြည်တော်၌ ၁၃၈၁ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၀ ရက် (၂၀၁၉ ခုနှစ်၊ ဧပြီလ ၂၉ ရက်) တနင်္လာနေ့၊ နံနက် ၁၀ နာရီအချိန်တွင် စတင်ကျင်းပရန် ခေါ်ယူကြောင်း ကြေညာအပ်ပါသည်။

(ပုံ) တီခွန်မြတ်
ဥက္ကဋ္ဌ

## ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ကျင်းပရန် ခေါ်ယူ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**အမျိုးသားလွှတ်တော်**

ကြေညာချက်အမှတ် (၁/၂၀၁၉)

၁၃၈၀ ပြည့်နှစ်၊ တန်ခူးလဆန်း ၃ ရက်
(၂၀၁၉ ခုနှစ်၊ ဧပြီလ ၇ ရက်)

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော်**
**(၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေးကျင်းပရန် ခေါ်ယူခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၅၅၊ ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၃၅ နှင့် ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာနည်းဥပဒေများ၏ နည်းဥပဒေ ၃၊ နည်းဥပဒေခွဲ(ခ)တို့အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေးကို နေပြည်တော်၌ ၁၃၈၁ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၀ ရက် (၂၀၁၉ ခုနှစ်၊ ဧပြီ ၂၉ ရက်) တနင်္လာနေ့၊ နံနက် ၁၀း၀၀ နာရီအချိန်တွင် စတင်ကျင်းပရန် ခေါ်ယူကြောင်း ကြေညာလိုက်ပါသည်။

(ပုံ) မန်းဝင်းခိုင်သန်း
ဥက္ကဋ္ဌ
အမျိုးသားလွှတ်တော်

# ဗဟိုအဆင့် ကမ္ဘာ့ကျန်းမာရေးနေ့ အထိမ်းအမှတ်အခမ်းအနား(၂၀၁၉) ကျင်းပ

**နေပြည်တော် ဧပြီ ၇**

ဗဟိုအဆင့် ကမ္ဘာ့ကျန်းမာရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ရုံးအမှတ်(၄) နေပြည်တော်၌ ကျင်းပသည်။

**သီးသန့်အထူးပြု**

အခမ်းအနား၌ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက အဖွင့်အမှာစကားပြောကြားရာတွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့အား စတင်တည်ထောင်ခဲ့သည့် ၁၉၄၈ ခုနှစ် ဧပြီလ ၇ ရက်နေ့ကို ဂုဏ်ပြု၍ နှစ်စဉ် ဧပြီလ ၇ ရက်နေ့တိုင်း ကမ္ဘာ့ကျန်းမာရေးနေ့အခမ်းအနား ကျင်းပခြင်းဖြစ်ပါကြောင်း၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့သည် ကုလသမဂ္ဂအဖွဲ့ကြီး၏ နိုင်ငံတကာကျန်းမာရေးဆိုင်ရာကိစ္စရပ်များအတွက် သီးသန့်အထူးပြု၍ အခြေခံမူ(၉)ချက်နှင့်အဓိက လုပ်ငန်းစဉ်(၂၂)ရပ် ချမှတ်ဆောင်ရွက်နေသော အဖွဲ့အစည်းတစ်ခုဖြစ်ပါကြောင်း၊

**စာမျက်နှာ ၅ ကော်လံ ၅ သို့ ✳**

**ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးနှင့် တာဝန်ရှိသူများ အထိမ်းအမှတ်ပြခန်းများကို လှည့်လည်ကြည့်ရှုကြစဉ်။**






# ပြည်သူများ၏လူမှုဘဝ တစ်ပြေးညီမြင့်တင်

မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသူများ၏ ၇၀ ရာခိုင်နှုန်းသည် ကျေးလက်နေပြည်သူအများစုဖြစ်သည်။ ပြည်သူအများစု၏ အခြေခံလိုအပ်ချက်မှာ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးနှင့် လျှပ်စစ်မီးလင်းရေးဖြစ်သည်။ အဆိုပါအခြေခံလိုအပ်ချက်များကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် တစ်ပြေးညီဖြည့်ဆည်းပေးနိုင်ပါက ပြည်သူများလူမှုဘဝမြင့်မားတိုးတက်လာပြီး တိုင်းပြည်လည်း ဖွံ့ဖြိုးတိုးတက်မည်။

အဆိုပါအခြေခံလိုအပ်ချက်များတွင် လျှပ်စစ်မီးလင်းရေးမှာ အခြေခံပြည်သူများအတွက် လူမှုဘဝမြင့်မားရေးကို အဓိကအထောက်အကူပြုသည်။ တစ်ချိန်သောကာလက မီးအိမ်ပြပြလေးများဖြင့် အမှောင်ထုကြားတွင် နေထိုင်ခဲ့ရသော ကျေးလက်ဒေသအများစုမှာ ယနေ့ကာလတွင် အလင်းဆောင်နေပြီ။ ထိုအလင်းကို နိုင်ငံတော်၏ မဟာဓာတ်အားလိုင်းစနစ်ဖြင့်လည်းကောင်း၊ အကူအညီအထောက်အပံ့စနစ်ဖြင့်လည်းကောင်း၊ ကိုယ့်အားကိုယ်ကိုးစနစ်ဖြင့်လည်းကောင်း ရရှိကြသည်။ သို့သော် တစ်နိုင်ငံလုံးရှိ ကျေးလက်အားလုံးအတွက်မူ လိုအပ်ချက်များရှိနေသေးသည်။

လက်ရှိတွင် မြန်မာနိုင်ငံ၏လျှပ်စစ်ဓာတ်အား စုစုပေါင်းထုတ်လုပ်နိုင်မှုသည် မဂ္ဂါဝပ် ၃၈၀၀ ခန့်ရှိပြီး ယင်းတွင် ရေအားလျှပ်စစ်ထုတ်လုပ်နိုင်မှု ၃၂၅၅ မဂ္ဂါဝပ်ခန့်ရှိသည်။ ယင်းပမာဏသည် လူမှုဘဝကို သင့်တင့်မျှတစွာဖြည့်ဆည်းပေးပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ခုနစ်ရာခိုင်နှုန်းအကျိုးပြုသည်။ မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးမှုကို အထောက်အကူပြုနိုင်ရန်နှင့် ၂၀၃၀ ပြည့်နှစ်တွင် မြန်မာနိုင်ငံတစ်ဝန်းလုံး လျှပ်စစ်မီးရရှိရေးအတွက် အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေးစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

လျှပ်စစ်ဓာတ်အားပေးရေးတွင် ရေအားလျှပ်စစ်နှင့် သဘာဝဓာတ်ငွေ့စနစ်တို့မှာ ပြည်သူများအတွက် သက်သာလွယ်ကူသည်။ မဟာဓာတ်အားလိုင်းစနစ်နှင့် အလှမ်းမမီသောဒေသများတွင် ဒီဇယ်သုံးမီးစက်ကြီးများကို အသုံးပြုနိုင်သော်လည်း ပြည်သူများအတွက် ကုန်ကျစရိတ်များသည်။ ယခုအခါ အဖွဲ့အစည်းများ၏ ပူးပေါင်းကူညီဆောင်ရွက်ပေးမှုဖြင့် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံများ တည်ဆောက်ပေးနိုင်သည်မှာ ကျေးလက်ဒေသမီးလင်းရေးအတွက် များစွာအထောက်အကူပြုမည်ဖြစ်သည်။

နိုင်ငံတော်က ပြည်သူများ လျှပ်စစ်ဓာတ်အား တိုးတက်ရရှိရေးကို စဉ်ဆက်မပြတ် ဆောင်ရွက်ပေးနေသည်။ နိုင်ငံတော်မဟာဓာတ်အားလိုင်းစနစ်နှင့် အလှမ်းကွာဝေးသောဒေသများအတွက် နေရောင်ခြည်သုံးဓာတ်အားပေးရေးစနစ်မှာ ပြည်သူများ ကုန်ကျစရိတ်သက်သာပြီး တစ်နိုင်ငံလုံးရှိ ကျေးလက်ဒေသများကို ဖြန့်ကြက်ဆောင်ရွက်ပေးနိုင်သဖြင့် အဆိုပါဓာတ်အားပေးစနစ်များ တိုးတက်တည်ဆောက်နိုင်ရေး ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြရမည်ဖြစ်သည်။

ယခုအခါ ကျေးရွာများမီးလင်းရေးကို နေရောင်ခြည်သုံးစွမ်းအင်ဖြစ်သည့် ဆိုလာဓာတ်အားပေးရုံစနစ်ဖြင့် ဒေသဆိုင်ရာအစိုးရ၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာန၊ ပုဂ္ဂလိကလုပ်ငန်းနှင့် ပြည်သူလူထုတို့ စုပေါင်းဆောင်ရွက်နေကြပြီဖြစ်ရာ ကျေးလက်ဒေသများ ၂၄ နာရီ မီးလင်းရေးလုပ်ငန်းများ တစ်စတစ်စတိုးပွားလာတော့မည်ဖြစ်သည်။ နိုင်ငံတော်က ကျေးလက်မီးလင်းရေးစီမံကိန်း မြေနေရာရွေးချယ်ရာတွင် နိုင်ငံတော်မဟာဓာတ်အားလိုင်းစနစ်နှင့် ၁၀ မိုင်နှင့်အထက်ဝေးကွာပြီး လျှပ်စစ်မီးမရနိုင်သောဒေသများကို လာမည့် ၁၀ နှစ်အတွင်း ဦးစားပေးရွေးချယ်တည်ဆောက်ပေးခြင်းဖြင့် ၂၀၃၀ ပြည့်နှစ်တွင် တစ်နိုင်ငံလုံး လျှပ်စစ်မီးရရှိရေးအတွက် အကောင်အထည်ဖော်ပေးနေသည်။

သို့ဖြစ်ရာ မြန်မာတစ်နိုင်ငံလုံးရှိ တောင်ပေါ်မြေပြန့်မကျန် တိုင်းရင်းသားပြည်သူအားလုံး တစ်ပြေးညီ မျှတဖွံ့ဖြိုးတိုးတက်ရေးသည် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးတွင် အရေးကြီးသဖြင့် ပြည်သူတို့၏ လူမှုဘဝတွင် အခြေခံလိုအပ်ချက်တစ်ခုဖြစ်သည့် လျှပ်စစ်မီးရရှိရေးကို အစိုးရ၊ ပုဂ္ဂလိကနှင့် ပြည်သူလူထု လက်တွဲပူးပေါင်းမှုဖြင့် နိုင်ငံတော်မဟာဓာတ်အားလိုင်းစနစ်များအပြင် အသေးစား၊ အလတ်စား ဓာတ်အားလိုင်းစနစ်များကို ထောက်ပံ့ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ပြီဖြစ်ပါကြောင်း။ ။

# မြန်မာနိုင်ငံသားများ ပြည်ပအိမ်ခြံမြေရင်းနှီးမြှုပ်နှံမှုမြင့်တက်



**ရန်ကုန် မေ ၇**

မြန်မာနိုင်ငံသား စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် ပြည်ပနိုင်ငံများတွင် အိမ်ခြံမြေများကို စီးပွားရေးလုပ်ငန်းတစ်ရပ်အဖြစ် ဝယ်ယူရင်းနှီးမြှုပ်နှံမှုမှာ တစ်နှစ်ထက်တစ်နှစ် မြင့်တက်လာလျက်ရှိကြောင်း သိရသည်။

"မြန်မာနိုင်ငံသားတွေအနေနဲ့ အရင်တုန်းကဆိုရင် ပြည်ပနိုင်ငံတွေမှာသွားရောက်ပြီး အိမ်ခန်းတွေဝယ်ယူဖို့ဆိုတာ မလွယ်ပါဘူး။ ယခုအခါမှာတော့ ပြည်ပနိုင်ငံတွေမှာ အိမ်ခန်းဝယ်ယူဖို့ ကြားခံအေဂျင်စီတွေရှိလာတဲ့အတွက် အဆင်ပြေလာပါတယ်။ အိမ်တွေတကယ်ဆောက်လုပ်ထားတာရှိ၊ မရှိ အေဂျင်စီတွေက သွားရောက်စစ်ဆေးရပါတယ်။ သူတို့ကိုယ်တိုင်လည်း မြန်မာနိုင်ငံမှာ လာရောက်ရောင်းချ မိတ်ဆက်တာတွေလည်း များလာတယ်"ဟု UPF PROPERTY မှ ဒါရိုက်တာ မအိအိက ပြောသည်။

မြန်မာနိုင်ငံမှ ပြည်ပနိုင်ငံများသို့ ရွှေ့ပြောင်းလုပ်သားများအဖြစ်လည်းကောင်း၊ ကျောင်းတက်ရန်အတွက်လည်းကောင်း သွားရောက်မှုများပြားလာသည့်အတွက် အိမ်ရာကွန်ဒိုတိုက်ခန်းများ ဝယ်ယူရင်းနှီးမြှုပ်နှံမှု များပြားလာလျက်ရှိသည်။ မြန်မာနိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များ အနေဖြင့် မိမိတို့ပြည်ပနိုင်ငံများတွင် သွားရောက်နေနိုင်ရန် ဝယ်ယူရင်းနှီးမြှုပ်နှံခြင်းထက် ပြည်ပနိုင်ငံများတွင် သွားရောက်အလုပ်လုပ်ကိုင်သူများအား ပြန်လည်ငှားရမ်းပြီး နိုင်ငံခြားငွေရလိုမှုကြောင့် ဝယ်ယူရင်းနှီးမြှုပ်နှံလာကြသည်။

ပြည်ပနိုင်ငံများ၌ အိမ်ရာကွန်ဒိုများ ဝယ်ယူရာတွင် နိုင်ငံဘဏ်များမှ အိမ်ရာချေးငွေများကို အတိုးနှုန်းသက်သာစွာဖြင့် ရယူနိုင်ခြင်း၊ မြန်မာနိုင်ငံကဲ့သို့ ကွန်ဒိုတိုက်ခန်းများကို သိန်းနှစ်ထောင်၊ သုံးထောင်ဖြင့် ဝယ်ယူနိုင်ခြင်း၊ ဗန်ကောက်၌ သိန်းရှစ်ရာခန့်ဖြင့် ဝယ်ယူနိုင်ခြင်းတို့ကြောင့် မြန်မာရင်းနှီးမြှုပ်နှံသူများ ပိုမိုရင်းနှီးမြှုပ်နှံလာကြသည်။

ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ပြည်လမ်းရှိ လော့တီးဟိုတယ်၌ ကမ္ဘာ့အိမ်ခြံမြေအရောင်းပြပွဲကြီးတစ်ရပ်ကျင်းပရာ စင်ကာပူ၊ ထိုင်း၊ အင်္ဂလန်၊ နယူးဇီလန်နှင့် ဩစတြေးလျနိုင်ငံတို့မှ ကွန်ဒိုတိုက်ခန်းများ လာရောက်ရောင်းချမှုများ ပြုလုပ်ခဲ့ကြောင်း၊ မြန်မာစီးပွားရေးလုပ်ငန်းရှင်များ ဝယ်ယူရင်းနှီးမြှုပ်နှံမှုများပြားကြောင်း သိရသည်။ **မြင့်မောင်စိုး**

# သောတပြည့်စုံစီမံချက်၏ ကလေးအယောက် ၁၀၀ အောင်မြင်စွာခွဲစိတ်ပြီးစီးခြင်းအထိမ်းအမှတ်နှင့် အလှူရှင်များဂုဏ်ပြုပွဲကျင်းပ

**ရန်ကုန် မေ ၇**

သောတပြည့်စုံစီမံချက်၏ ကလေးအယောက် ၁၀၀ အောင်မြင်စွာခွဲစိတ်ပြီးစီးခြင်းအထိမ်းအမှတ်နှင့် အလှူရှင်များဂုဏ်ပြုပွဲအခမ်းအနားကို မေ ၆ ရက် ညနေ ၃ နာရီက ရန်ကုန်မြို့ ပြည်လမ်းရှိ Lotte Hotel ၌ ကျင်းပခဲ့သည်။

အဆိုပါပွဲ၌ ခွဲစိတ်ပြီးခဲ့သော ကလေးငယ်များမှ ဧည့်ခံဖျော်ဖြေခြင်း၊ အလှူရှင်များကိုယ်စား ရွှေပါရမီဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးရှိန်ဝင်းက ပီတိစကားပြောကြားခြင်းနှင့် ခွဲစိတ်ကုသမှုခံယူခဲ့သော ကလေးငယ်တစ်ဦး၏မိဘတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး ထပ်ဆင့်အကယ်ဒမီ ဦးစင်ရော်မောင်မောင် ရိုက်ကူးပေးထားသည့် "မြူးကြွလာသည့် ဆည်းလည်းသံများ" မှတ်တမ်းရုပ်ရှင်တိုအား ပြသသည်။

ထို့နောက် အလှူရှင်များနှင့် အနုပညာလုပ်အားဖြင့်ပါဝင်ခဲ့ကြသော အနုပညာရှင်များအား သောတပြည့်စုံစီမံချက်ဥက္ကဋ္ဌ ပါမောက္ခဒေါက်တာဦးစိုးတင်၊ ဝိတိုရိယဆေးရုံကြီး၏နာယက ဦးဇော်ဝင်းရှိန်နှင့် တာဝန်ရှိသူများက Trophy များပေးအပ်ချီးမြှင့်ပြီး "အိပ်မက်အောင်သံ"သီချင်းဖြင့် အဆိုတော်ဂရေဟမ်က ဂုဏ်ပြုသီဆိုဖျော်ဖြေသည်။

အဆိုပါ ဝိတိုရိယဆေးရုံကျန်းမာရေး ထောက်ပံ့ကူညီစောင့်ရှောက်မှုဖောင်ဒေးရှင်း၏ စီမံချက်တစ်ခုဖြစ်သည့် သောတပြည့်စုံစီမံချက် (Cochlear Implant Program)ကို ၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၂၆ ရက်မှစတင်၍ ဆရာတော်အရှင်ဆေကိန္ဒအမှူးပြုပြီး ပါမောက္ခဒေါက်တာဦးစိုးတင်ကိုယ်တိုင် မတည်၊ ကိုယ်တိုင်တည်ထောင်ခဲ့သည်။ သနားကြင်နာသူ စေတနာရှင်များ၏ အလှူငွေများစုစည်းကာ ကံကြမ္မာဆိုးသည့် ကမ္ဘာထဲမှ ကလေးငယ်များကို ကယ်တင်လာခဲ့ရာ ယခုအချိန်မှာ ကလေးငယ်ပေါင်း ၁၀၀ အား ကယ်တင်နိုင်ခဲ့ပြီဖြစ်ကြောင်း သိရသည်။

**သတင်း-ပွင့်သစ္စာ၊ ဓာတ်ပုံ-စိုးမြင့်အောင်**





စင်ကာပူနိုင်ငံရောက် မြန်မာနိုင်ငံသားများ ဆမ်ဘာဝမ်း၌ (၁၁) နှစ်မြောက် မြန်မာ့ရိုးရာအတာသင်္ကြန်အကြိုပွဲတော်ကို ဝုလင်းစ်ဝါးတားဖရန့်ပန်းခြံဝင်း၌ မေ ၈ ရက် နံနက်ပိုင်းကကျင်းပရာ သင်္ကြန်ပွဲတော်ဆင်နွှဲကြသူများဖြင့် ပျော်ရွှင်စည်ကားစွာကျင်းပနေသည်ကိုတွေ့ရစဉ်။ ဟန်စိန်(TKT)

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

စာတည်းမှူးချုပ် - ဦးဝင်းရွှေ
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ
သတင်းထောက်မှူး - ဦးမြင့်စိုး
ဘာသာပြန်စာတည်းများ - ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဉ၊ ဒေါ်ခင်စုစုလှိုင်၊ ဒေါ်နေဇာဇာထွန်း၊ ဦးအေးမင်းသူ
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၃၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
Mirror Established in 1957
၁၉၅၇ ခုနှစ် ဇူလိုင် ၁၈ ရက် တွင် စတင်တည်ထောင်သည်။
themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂၊
မန်နေဂျာ ၀၁-၈၆၀၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၀၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၉၄၅၂၇

# နိုင်ငံရဲ့ပုံရိပ် ပြန်လည်တောက်ပမြင့်မားလာအောင်

ကျွန်တော်တို့ရဲ့ နိုင်ငံသူ နိုင်ငံသားတွေ မျှော်လင့်တောင့်တနေတဲ့ လိုအင်ဆန္ဒတွေကို အတတ်နိုင်ဆုံး ဖြည့်ဆည်းပေးနိုင်ဖို့ မဏ္ဍိုင်ကြီးတွေအလိုက် ကျွန်တော်တို့အားလုံး ဆတက်ထမ်းပိုး ကြိုးပမ်းကြရဦးမှာ ဖြစ်ပါတယ်။ အလားတူ နိုင်ငံတကာအသိုင်းအဝိုင်းရဲ့ အလယ်မှာ ကျွန်တော်တို့ နိုင်ငံရဲ့ပုံရိပ် ပြန်လည်တောက်ပ မြင့်မားလာအောင်၊ ကျွန်တော်တို့ နိုင်ငံသူ နိုင်ငံသားတွေရဲ့ ဂုဏ်သိက္ခာ ပို၍ပို၍ မြင့်တက်လာအောင် ကျွန်တော်တို့အားလုံး ဆက်လက်ပြီး ကြိုးစားကြရဦးမှာ ဖြစ်ပါတယ်။

(နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ၃၀-၃-၂၀၁၈ ရက်နေ့က ကျင်းပသည့် ပြည်ထောင်စုလွှတ်တော်တွင် ကတိသစ္စာပြုပွဲ အခမ်းအနား၌ ပြောကြားသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

# အောင်မြင်ခြင်းရဲ့ အဓိကအကြောင်းတရား

ဘယ်လိုစီမံကိန်းတွေပဲ ချမှတ်ချမှတ်၊ အကောင်အထည်ဖော်ရာမှာ စုပေါင်းလုပ်ဆောင်ခြင်းကသာ အောင်မြင်ခြင်းရဲ့အဓိကအကြောင်းတရား ဖြစ်ပါလိမ့်မယ်။ အစုအဖွဲ့၊ ဂိုဏ်းဂဏစိတ်တွေကို ဖယ်ရှားပြီး နိုင်ငံနဲ့ ပြည်သူများအကျိုးသယ်ပိုးရာမှာ မည်သူကိုမျှ လက်ညှိုးမထိုး၊ မိမိရဲ့ စေတနာ၊ ပညာ၊ သတ္တိတွေကိုသာ လူတိုင်း လူတိုင်း အထွတ်အထိပ် ရောက်အောင် ကြိုးစားဆောင်ရွက်မယ်ဆိုရင် ဘယ်လို ကြီးမား၊ ခက်ခဲတဲ့ စိန်ခေါ်မှုပဲဖြစ်ပါစေ၊ ကျော်လွှားနိုင်မယ်လို့ ခိုင်မာစွာ ယုံကြည်ပါတယ်။

(နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ၁ - ၄ - ၂၀၁၈ ရက်နေ့က ပြောကြားသည့် နိုင်ငံတော်အစိုးရတာဝန်ထမ်းဆောင်မှု (၂) နှစ်ပြည့် မိန့်ခွန်းမှကောက်နုတ်ချက်)

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ မမြရေလှောင်တမံနှင့် ကညင်ရေလှောင်တမံများစစ်ဆေး

**နေပြည်တော် မေ ၇**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူသည် ယနေ့ မွန်းလွဲပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် မြန်အောင်မြို့နယ် မမြရေလှောင်တမံသို့ရောက်ရှိပြီး ရေပိုလွှဲနှင့် ပင်မတမံတို့အား ကြည့်ရှုစစ်ဆေးရာ ညွှန်ကြားရေးမှူးချုပ် ဦးကျော်မြင့်လှိုင်က တမံကြံ့ခိုင်မှုကို ပြည်တွင်း ပြည်ပပညာရှင်များနှင့်စစ်ဆေးပြီးစီးမှု၊ နှစ်စဉ် ပျမ်းမျှ စီးဝင်ရေနှင့် ရေသိုလှောင်မှု၊ ရေအားလျှပ်စစ်ထုတ်လုပ်နေမှု၊ စိုက်ပျိုးရေပေးဝေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။ တင်ပြချက်များနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက မကြာမီ မိုးရာသီကာလ စတင်ဝင်ရောက်တော့မည်ဖြစ်ရာ ပွင့်လင်းရာသီတွင် ဆည်တမံကြီးများအတွင်း ရေလက်ကျန်အခြေအနေကို ကြိုတင်ချိန်ညှိတွက်ဆထားရန်လိုအပ်ကြောင်း၊ ဝင်ရေ၊ သိုလှောင်ရေနှင့် ထုတ်လွှတ်အသုံးပြုမှုတို့ ဟန်ချက်ညီစေရန် မိုးလေဝသပညာရှင်များ၏ ကြိုတင်ခန့်မှန်းချက်များ၊ ယခင်နှစ်များ၏ အတွေ့အကြုံတို့ဖြင့် ကြိုတင်စီမံဆောင်ရွက်ထားကြရန်လိုအပ်ကြောင်း ဆွေးနွေးပြောကြားသည်။

**မြေသားတမံအမျိုးအစားဖြစ်**

မမြရေလှောင်တမံသည် မြေသားတမံအမျိုးအစားဖြစ်ကာ တမံအမြင့် ပေ ၁၅၀၊ ပင်မတမံအလျား ပေ ၁၁၈၀၀၊ ကန်ရေပြည့် ရေလှောင်ပမာဏ ဧကပေ ၇၁၄၀၀ ရှိပြီး နှစ်စဉ် ပျမ်းမျှစီးဝင်ရေ ဧကပေ ၁၂၉၀၀၀ ရှိသည်။



နွေစပါး ဧက ၅၆၀၀ အား စိုက်ပျိုးရေပေးဝေလျက်ရှိသကဲ့သို့ ရေအားလျှပ်စစ်တပ်ဆင် ဓာတ်အား ၂၅၀ ကီလိုဝပ် x ၂ လုံးအား အလှည့်ကျမောင်းနှင်ပြီး ထွက်ရှိလာသော လျှပ်စစ်ဓာတ်အားကို ပတ်ဝန်းကျင်ကျေးရွာများသို့ ဖြန့်ဖြူးပေးလျက်ရှိသည်။

**ဆွေးနွေးမှာကြား**

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးသည် အင်္ဂပူမြို့နယ်ရှိ ကညင်ရေလှောင်တမံသို့ ရောက်ရှိကြကာ ရေပိုလွှဲနှင့် ပင်မတမံကြံ့ခိုင်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား ရေသောက်စနစ်အတွင်းရှိ စိုက်ကွင်းများ အပြည့်အဝစိုက်ပျိုးနိုင်ခြင်းဖြင့် ဆည်ရေကိုအကျိုးရှိထိရောက်စွာ အသုံးချနိုင်ရေးအတွက် သက်ဆိုင်ရာများနှင့်ပူးပေါင်းကာ တောင်သူများအား ဆွေးနွေးစည်းရုံးဆောင်ရွက်ရန် လိုအပ်ချက်များ၊ ဆည်တမံများ၏ ကြံ့ခိုင်မှုနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးအတွက် အချိန်ပြည့်တာဝန်ချထားကြပ်မတ်ဆောင်ရွက်ရန် လိုအပ်ချက်များကို ဆွေးနွေးမှာကြားသည်။

**စိုက်ပျိုးရေပေးဝေလျက်ရှိ**

မြေသားတမံအမျိုးအစားဖြစ်သည့် ကညင်ရေလှောင်တမံသည် တမံအမြင့် ၁၉၄ ပေ၊ ပင်မတမံအလျား ပေ ၃၇၅၀၊ ကုန်းကျောတမံအလျား ပေ ၂၈၅၀ ရှိပြီး ကန်ရေပြည့် ရေလှောင်ပမာဏ ဧကပေ ၁၄၅၀၀၀ ရှိသည်။ နှစ်စဉ် ပျမ်းမျှစီးဝင်ရေ ဧကပေ ၂၇၃၀၀၀ ရှိပြီး ယခုနှစ် နွေစပါးဧက ၈၈၀၀ အား စိုက်ပျိုးရေပေးဝေလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# သာမညကျေးရွာနှင့် အိန္ဒုကျေးရွာဒေသဖွံ့ဖြိုးရေးအတွက် ကရင်ပြည်နယ်ဝန်ကြီးချုပ် ကွင်းဆင်းဆောင်ရွက်

**ဘားအံ မေ ၇**

ကရင်ပြည်နယ် ဘားအံမြို့နယ် သာမညကျေးရွာအုပ်စုအတွင်းရှိ ဒေသခံပြည်သူများအား ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်နှင့် တာဝန်ရှိသူများသည် မေ ၇ ရက် နံနက် ၈ နာရီခွဲက တောင်ခြေရှေ့ဘုံသာကျောင်း၌ ကျေးရွာဒေသဖွံ့ဖြိုးရေးအတွက် တွေ့ဆုံခဲ့ကြောင်း သိရသည်။

**လိုအပ်နေမှုတို့အား တင်ပြတောင်းဆို**

တွေ့ဆုံပွဲတွင် ကရင်ပြည်နယ်ဝန်ကြီးချုပ်က (၃) နှစ်တာကာလအတွင်းမတိုးတက်မှု ရှိသည်၊ မရှိသည်ကို ပြောစေလိုပါကြောင်း၊ ကျေးရွာတွင် လိုအပ်သည်များကို တောင်းဆိုကြပါရန်နှင့် လုပ်ပေးနိုင်တဲ့အတိုင်းအတာအလိုက် အရေးကြီးသည့်ကိစ္စများကို ညှိနှိုင်းသုံးသပ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။ ထို့နောက် တက်ရောက်လာသော ကျေးရွာဒေသခံပြည်သူများက ရပ်ကွက်အတွင်း လမ်းများပြုပြင်ရေး၊ ပညာရေးတွင် ဆရာ ဆရာမများလိုအပ်နေမှု၊ ပညာရေးဝန်ထမ်းအိမ်ရာ၊ ရပ်ကွက်အတွင်း လျှပ်စစ်မီးတိုင်၊ မီးကြိုးများလိုအပ်နေမှု၊ သာမညကျေးရွာအတွက် မီးသတ်ယာဉ်တစ်စီး ရေသယ်ယာဉ်တစ်စီး လိုအပ်နေမှုတို့အား တင်ပြတောင်းဆိုခဲ့ကြသည်။

**တွေ့ဆုံ**

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် အိန္ဒုကျေးရွာသို့ရောက်ရှိပြီး အထက်တန်းကျောင်း စပယ်ခန်းမ၌ ကျေးရွာဒေသခံပြည်သူများနှင့်တွေ့ဆုံပြီး အိန္ဒုကျေးရွာအနီးရှိ သမိုင်းဝင်အထင်ကရ ဆဒ္ဒန်ဂူသို့ လာရောက်လည်ပတ်သူများ များပြားသည့်အတွက် သန့်ရှင်းသာယာလှပအောင် ထိန်းသိမ်းပြုပြင်စောင့်ရှောက်ရန်လိုအပ်ကြောင်း၊ ကော့ကရိတ်-အိန္ဒုလမ်းပိုင်းကိုလည်း လမ်းအဆင့်မြှင့်တင်ခြင်းအား မိမိတို့ပြည်နယ်အစိုးရမှ ဆောင်ရွက်လျက်ရှိရာ ဒေသခံပြည်သူများကလည်း ပူးပေါင်းကူညီဆောင်ရွက်ဖို့ လိုအပ်ပါကြောင်း ဒေသအကျိုးနှင့်သက်ဆိုင်သည့် ကိစ္စရပ်များကို တင်ပြတောင်းဆိုကြပါရန် ပြောကြားသည်။ ထို့နောက်



တက်ရောက်လာသည့် ဒေသခံပြည်သူများက လျှပ်စစ်မီးရရှိရေး၊ ကျေးရွာချင်းဆက်လမ်း အဆင့်မြှင့်တင်ဆောင်ရွက်ပေးရေး၊ ကျန်းမာရေး၊ ပညာရေးလိုအပ်ချက်များအား တင်ပြခဲ့ကြကြောင်း သိရသည်။

အဆိုပါကျေးရွာနှစ်ရွာရှိ တင်ပြတောင်းဆိုမှုများကို ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများနှင့် ညှိနှိုင်းကာ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**နေမျိုးလွင်(ပြန်/ဆက်)**

## နေပြည်တော် ပြည်သူ့လွှတ်တော်ရုံးသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ သတင်းပို့ကြရန်

**နေပြည်တော် မေ ၇**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေးကို နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမ၌ ၂၀၁၉ ခုနှစ်၊ မေ ၂၉ ရက် (တနင်္လာနေ့) နံနက် ၁၀ နာရီတွင် စတင်ကျင်းပရန် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ခေါ်ယူထားရာ အဆိုပါအစည်းအဝေးသို့ တက်ရောက်ရန် ဖိတ်စာများကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များထံသို့ ပေးပို့ထားသည်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် အစည်းအဝေးအတွက် လိုအပ်သည့်ပြင်ဆင်မှုများ ပြုလုပ်နိုင်ရန် ဖိတ်စာလက်ခံရရှိသည်ဖြစ်စေ၊ မရရှိသည်ဖြစ်စေ နေပြည်တော်၊ ပြည်သူ့လွှတ်တော်ရုံး၊ ရေးရာဆောင်အမှတ်-၁၁ (I-11) သို့ ၂၀၁၉ ခုနှစ်၊ မေ ၂၇ ရက် (စနေနေ့) ထက် မစော၊ မေ ၂၈ ရက် (တနင်္ဂနွေနေ့) ထက် နောက်မကျစေဘဲ ရုံးချိန်အတွင်း သတင်းပို့ကြရန်နှင့် ကိုယ်စားလှယ်စိစစ်ရေးကတ်ပြား ယူဆောင်လာကြရန်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## နေပြည်တော် အမျိုးသားလွှတ်တော်ရုံးသို့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ သတင်းပို့ကြရန်

**နေပြည်တော် မေ ၇**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေးကို နေပြည်တော်ရှိ အမျိုးသားလွှတ်တော်အစည်းအဝေးခန်းမ၌ ၂၀၁၉ ခုနှစ်၊ မေ ၂၉ ရက် (တနင်္လာနေ့) နံနက် ၁၀ နာရီတွင် စတင်ကျင်းပရန် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ခေါ်ယူထားရာ အဆိုပါအစည်းအဝေးသို့ တက်ရောက်ရန် ဖိတ်စာများကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များထံသို့ ပေးပို့ထားသည်။

ထိုအစည်းအဝေးအတွက် လိုအပ်သည့်ပြင်ဆင်မှုများ ပြုလုပ်နိုင်ရန် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များသည် အစည်းအဝေးဖိတ်စာ လက်ခံရရှိသည်ဖြစ်စေ၊ မရရှိသည်ဖြစ်စေ နေပြည်တော်ရှိ အမျိုးသားလွှတ်တော်ရေးရာဆောင် I-19 (အိုင်- ၁၉)သို့ ၂၀၁၉ ခုနှစ်၊ မေ (၂၇) ရက်ထက်မစော၊ (၂၈)ရက်ထက် နောက်မကျစေဘဲ သတင်းပို့ကြရန်နှင့် ကိုယ်စားလှယ်စိစစ်ရေးကတ်ပြား ယူဆောင်လာကြရန်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မွန်ပြည်နယ်အတွင်းရှိ လူငယ်ရေးရာကော်မတီဝင်များ၊ အဖွဲ့အစည်း၊ ပါတီအသီးသီးရှိ လူငယ်များနှင့် လူငယ်ရေးရာမူဝါဒဆိုင်ရာကိစ္စများ ညှိနှိုင်းဆွေးနွေး

**မော်လမြိုင် မေ ၇**

မော်လမြိုင်မြို့ လူမှုဝန်ထမ်းဦးစီးဌာန အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း၌ကျင်းပသော မွန်ပြည်နယ်အတွင်းရှိ လူငယ်ရေးရာကော်မတီဝင်များ၊ အဖွဲ့အစည်းနှင့် ပါတီအသီးသီးရှိ လူငယ်များနှင့်တွေ့ဆုံဆွေးနွေးပွဲကို ယမန်နေ့ ညနေပိုင်းကကျင်းပရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် ဒုတိယဝန်ကြီး ဦးစိုးအောင်၊ ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာထိန်လင်းတို့နှင့်အတူ တက်ရောက်သည်။

**မဟာဗျူဟာစီမံချက်တစ်ရပ်ရေးဆွဲထား**

အဆိုပါအခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများသည် လူသားတစ်ဦးချင်းစီ၏ ရပ်တည်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုကိုဆောင်ရွက်ပေးပါကြောင်း၊ ရှေးဦးအရွယ်ကလေးငယ်များမှစ၍ သက်ကြီးရွယ်အိုအထိ မူဝါဒများ၊ ဥပဒေများကို နိုင်ငံတော်အစိုးရက ဖော်ဆောင်ပေးရပါကြောင်း၊ ထို့ကြောင့် လူငယ်များ၏ကဏ္ဍကို ဆောင်ရွက်ရာတွင် ကမ္ဘာ့နိုင်ငံအသီးသီးတွင် လူငယ်ရေးရာမူဝါဒမရှိသေးသည့် နိုင်ငံပေါင်း ၃၀ ကျော်တွင် မြန်မာနိုင်ငံပါဝင်ခဲ့ပါကြောင်း၊ ယခုအခါ လူငယ်များကရွေးချယ်ထားသောကိုယ်စားပြုလူငယ်များသည် နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီး/ပြည်နယ်အသီးသီးရှိ လူငယ်များ၏အသံများ၊ ဆန်းသစ်သောအတွေးအခေါ်များနှင့် လူကြီးများ၏အမှားများကို သင်ခန်းစာယူ၍ လူငယ်များ၏ခံစားချက်များ၊ လိုအပ်ချက်များကို ပြည့်စုံစွာထည့်သွင်းထားသည့် လူငယ်ရေးရာမူဝါဒတစ်ခု ပေါ်ပေါက်လာပါကြောင်း၊ ကဏ္ဍ (၁၆)ရပ် ပါဝင်ပါကြောင်း၊ အဆိုပါမူဝါဒကို လူငယ်များ ပိုမိုကျယ်ကျယ်ပြန့်ပြန့် သိရှိလာနိုင်စေရန် ပြည်ထောင်စုနယ်မြေ နေပြည်တော်ကောင်စီအပါအဝင် ပြည်နယ်နှင့် တိုင်းဒေသကြီးများ၌ လူငယ်ရေးရာကော်မတီများမှတစ်ဆင့် သိရှိအောင်ဆောင်ရွက်ပေးကြရန်လိုကြောင်း၊ သက်ဆိုင်ရာအစိုးရဌာနများ၊ လူမှုအဖွဲ့အစည်းများအားလုံး ပူးပေါင်းပါဝင်ကြရမည်ဖြစ်ကြောင်း၊ သို့ရာတွင် ပြည်နယ်နှင့်တိုင်းဒေသကြီးများအလိုက် အခြေအနေများမတူညီသည့်အတွက် အခက်အခဲများ၊ အဟန့်အတားများကိုလည်း ကျော်လွှားရဦးမည်ဖြစ်ပါကြောင်း၊ ဦးစားပေးဆောင်ရွက်ကြမည့် ကဏ္ဍများလည်းတူညီနိုင်မှာ မဟုတ်ပါကြောင်း၊ ကဏ္ဍအသီးသီးအလိုက် အကောင်အထည်ဖော်ရန်အတွက် မဟာဗျူဟာစီမံချက်တစ်ရပ်ရေးဆွဲထားပြီးဖြစ်၍ လုပ်ငန်းစီမံကိန်းများ ပေါ်ပေါက်လာမှာဖြစ်ပါကြောင်း၊ ထွက်ပေါ်လာသော စီမံကိန်းများကို အကောင်အထည်ဖော်ရန် ဘတ်ဂျက်ခွင့်ပြုငွေများရရှိအောင် ကြိုးပမ်းကြရမည်ဖြစ်ပါကြောင်း၊ လုပ်ငန်းစီမံကိန်းများကို အကောင်အထည်ဖော်ရန် မိမိတို့ဝန်ကြီးဌာနတစ်ခုတည်းသာမက သက်ဆိုင်ရာဆက်စပ်ဝန်ကြီးဌာနများ ပါဝင်လာမည်ဖြစ်သည့်အပြင် အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ ဖောင်ဒေးရှင်းများ၊ အရပ်ဘက်အဖွဲ့အစည်းများနှင့်ပါ ပူးပေါင်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ လူငယ်ရေးရာမူဝါဒတွင် ကဏ္ဍ (၁၆) ရပ်ကို အကောင်အထည်ဖော်ခြင်းသည် လူငယ်များ၏ ရရှိသင့်သည့်အခွင့်အရေးများပေးခြင်းဖြစ်သည်ဟု သတ်မှတ်၍ရပါကြောင်း၊ လူငယ်များသည် နိုင်ငံတော်၏အနာဂတ်အတွက် လက်ဆင့်ကမ်းတာဝန်ယူကြမည့်သူများဖြစ်ကြောင်း၊ မိမိတို့ရောက်ရှိနေသည့် ဒီမိုကရေစီလမ်းကြောင်းပေါ် စတင်လျှောက်လှမ်းရာ၌ အခက်အခဲများကြုံတွေ့ရမည်ဖြစ်ပြီး သည်းခံဇွဲရှိ၍ ညီညွတ်မှုအင်အားဖြင့် မိမိတို့လက်ထက်တွင် အကောင်းဆုံးရလဒ်တစ်ခု ပေါ်ထွက်လာအောင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

**ရှင်းလင်းဖြေကြား**

ထို့နောက် တက်ရောက်လာကြသော မွန်ပြည်နယ် လူငယ်ရေးရာကော်မတီအဖွဲ့ဝင်များက ကော်မတီ၏ဆောင်ရွက်ထားရှိမှုများတင်ပြခြင်း၊ လူငယ်စင်တာမြေနေရာရရှိရေးကိစ္စများ၊ အဖွဲ့အစည်း၊ ပါတီအသီးသီးမှ လူငယ်များက လူငယ်မူဝါဒကို ကျေးလက်နေပြည်သူများ သိရှိနိုင်ရေး၊ လူငယ်မူဝါဒအကောင်အထည်ဖော်ရာတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် ဆက်နွယ်ဝန်ကြီးဌာနများ ပူးပေါင်းဆောင်ရွက်မှုကိစ္စများ၊ လူငယ်နှင့်မသန်စွမ်း၊ လူငယ်နှင့်မူးယစ်ဆေးဝါး၊ လူငယ်နှင့် အလုပ်အကိုင်အခွင့်အလမ်းများနှင့် တိုင်းရင်းသားအရေးကိစ္စများကို အသီးသီးမေးမြန်းဆွေးနွေးကြပြီး ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီး၊ ပြည်နယ်လူမှုရေးဝန်ကြီး၊ လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက မွန်ပြည်နယ်လူငယ်ရေးရာကော်မတီအား ထောက်ပံ့ငွေကျပ် ၅၃၃၃၀၀၀ ကို ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူခဲ့ကြပြီး တက်ရောက်လာကြသော လူငယ်ကိုယ်စားလှယ်များနှင့် မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြကြောင်း သိရသည်။

**သတင်းစဉ်**




# မမြရေလှောင်တမံမှ နွေစပါးကေ ၆၀၀၀ ကျော် ရေပေးဝေလျက်ရှိ

**ရန်ကုန် မေ ၇**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ်ရှိ မမြရေလှောင်တမံမှ ဆည်ရေဖြင့် မြန်အောင်မြို့နယ်နှင့် အင်္ဂပူမြို့နယ်တို့မှ တောင်သူများ ယခုနှစ် နွေစပါးစိုက်ရာသီတွင် စိုက်ပျိုးရေ အပြည့်အဝရရှိရေးအတွက် ဇန်နဝါရီ ၁ ရက်မှစတင်၍ စိုက်ပျိုးရေပေးဝေလျက်ရှိကြောင်း ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန တည်ဆောက်ရေး (၉) မှ သိရသည်။

မမြရေလှောင်တမံမှ ဆည်ရေဖြင့် ယခင်နှစ်တွင် နွေစပါး ၁၅၈၃ ဧကသာ စိုက်ပျိုးခဲ့ပြီး မိုးစပါး ၈၃၆၉ ဧကကို ဖြည့်စွက်ရေနှင့်အောင်ရေ ပေးဝေခဲ့ကြောင်း၊ ယခုနှစ်တွင် တောင်သူများက နွေစပါးလျာထားဧက ၆၅၈၆ ထိ တိုးချဲ့စိုက်ပျိုးလာကြောင်း သိရသည်။



"ဆည်မြောင်းဦးစီးဌာနအနေနဲ့ နွေစပါးစိုက်ပျိုးရေ အပြည့်အဝ ပေးဝေနိုင်အောင်၊ ဆည်ရေသောက်စနစ်များ ပိုမိုကောင်းမွန်အောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိသလို တောင်သူများကလည်း တစ်နှစ်ထက်တစ်နှစ် နွေစပါးကေ တိုးချဲ့စိုက်ပျိုးလာတဲ့အတွက် စိုက်ပျိုးရေးကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်လာမှာဖြစ်ပါတယ်"ဟု တည်ဆောက်ရေး (၉) မှ ဦးစီးအရာရှိ ဦးဝင်းထွဋ်ဝင်းက ပြောသည်။

မမြရေလှောင်တမံမှ မြန်အောင်မြို့နယ်နှင့် အင်္ဂပူမြို့နယ်များရှိ ဒေသခံတောင်သူများ၏ လယ်မြေများသို့ နွေစပါးစိုက်ပျိုးရေများပေးဝေရာတွင် လက်ယာတူးမြောင်းမကြီး အလျား ၁၉ ဒသမ ၂၄ မိုင်၊ လက်ဝဲတူးမြောင်းမကြီး အလျား ၁၇ ဒသမ ၆၁ မိုင်၊ လက်တံခွဲမြောင်း ၁၂ ခု အလျား ၂၅ ဒသမ ၄၅ မိုင်၊ တူးမြောင်းအဆောက်အအုံ ၂၆၁ ခုတို့ဖြင့် ရေပေးဝေနေခြင်းဖြစ်ကြောင်း သိရသည်။

ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနအနေဖြင့် ယခုနှစ် နွေစပါးရာသီအမီ တူးမြောင်းများ ရေစီးရေလာကောင်းမွန်ရေးနှင့် တောင်သူများ နွေစပါးနှင့် အခြားသီးနှံများ အောင်မြင်စွာ စိုက်ပျိုးနိုင်ရေးတို့အတွက် တူးမြောင်းများ ပုံစံကျပြုပြင်ခြင်း၊ မြောင်းပေါင်များ ပြုပြင်ခြင်း၊ ရေပေးအဆောက်အအုံများပြုပြင်ခြင်း၊ နုန်းဆယ်ခြင်း၊ ပေါင်းပင်များခုတ်ထွင်ရှင်းလင်းခြင်းလုပ်ငန်းများကို လူအား၊ စက်အားဖြင့် အချိန်မီပြီးစီးအောင် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မမြရေလှောင်တမံသည် ရေသိုလှောင်ပမာဏ ဧကပေ ၇၀၀၀၀ ကျော် သိုလှောင်နိုင်သည်။ ဆည်ရေဖြင့် နွေစပါးစိစစ်ပြီး ဧက ၈၃၆၉ ဧကထိ ရေပေးဝေနိုင်ကာ အသေးစား ရေအားလျှပ်စစ် တပ်ဆင်အင်အား ၅၀၀ ကီလိုဝပ် ထုတ်လွှတ်ပြီး အနီးပတ်ဝန်းကျင်ကျေးရွာများဖြစ်သော မျှင်ဝါးတောင်နှင့် ဝင်္ကဘာကျေးရွာများသို့ လျှပ်စစ်ဓာတ်အား ပေးဝေလျက်ရှိသည်။ ညောင်ခုံနှင့် ကံဘဲ့ကျေးရွာများသို့ လျှပ်စစ်ဓာတ်အားပေးဝေနိုင်ရန် ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကိုထွန်း**

# မြန်အောင်မြို့ရှိ မြန်အောင်ဘုံသာဘွဲ့ရ ရွှေဘုံသာစေတီတော်အား ထီးတော်အသစ်တင်လှူပူဇော်ပွဲကျင်းပ

**မြန်အောင် ဧပြီ ၇**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့မြန်အောင်ဘုံသာဘွဲ့ရ ရွှေဘုံသာစေတီတော်အား ထီးတော်အသစ်တင်လှူပူဇော်ပွဲနှင့် ရဟန်း၊ ရှင်သာမဏေ၊ သီလရှင်အပါး ၉၀၀ ကျော်တို့အား သာသနာ့ဘောင်သို့ သွတ်သွင်းချီးမြှင့်သည့် ရဟန်းခံရှင်ပြုအလှူတော်မင်္ဂလာ အခမ်းအနားကို ယနေ့နံနက်ပိုင်းက အဆိုပါစေတီတော်ဝင်းအတွင်း ကျင်းပသည်။

**ရွတ်ပွားသရဇ္ဈာယ်**

ရှေးဦးစွာ နိုင်ငံတော်သြဝါဒါစရိယ ပုသိမ်မြို့ ညောင်ပင်သာပရိယတ္တိစာသင်တိုက် ပဓာနဆရာတော် ဘဒ္ဒန္တဝိသုတထံမှ ငြိမ့်ပရိသတ်များက ကိုးပါးသီလ ခံယူဆောက်တည်ကြပြီး ကြွရောက်တော်မူလာကြသည့် ဆရာတော်ကြီးများက ပရိတ်တရားတော်များ ရွတ်ပွားသရဇ္ဈာယ်ချီးမြှင့်တော်မူကြသည်။

**လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်း**

ထို့နောက် ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှမိုးအောင်နှင့် အလှူရှင်များက ကြွရောက်တော်မူလာကြသည့် ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှမိုးအောင်တို့က သာသနာရေးဆိုင်ရာများ လျှောက်ထားပြီး မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့် နယ်စပ်တောင်တန်းဒေသ သာသနာ့နုဂ္ဂဟအသင်း (ဗဟို) ဥက္ကဋ္ဌ ဝဏ္ဏကျော်ထင် ဒေါက်တာခင်ရွှေက ထီးတော်တင်လှူရခြင်းနှင့်စပ်လျဉ်းပြီး ရှင်းလင်းလျှောက်ထားသည်။



ထို့နောက် မြန်အောင်ဘုံသာဘွဲ့ရ ရွှေဘုံသာစေတီတော်အား ရွှေထီးတော်တင်လှူပူဇော်ပွဲ အခမ်းအနားကို ဆက်လက်ကျင်းပရာ ဆရာတော်၊ သံဃာတော်များ၊ ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဒေါက်တာခင်ရွှေတို့က စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော်တို့ကို ပင့်ဆောင်ကာ စေတီတော်အထွတ်သို့ တင်လှူပူဇော်ကြသည်။

ထို့နောက် ဆရာတော်၊ သံဃာတော်များက စေတီတော်အား ဗုဒ္ဓါဘိသေကအနေကဇာတင်တော်မူပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

**ဘက်စုံပြုပြင်မွမ်းမံ**

ယနေ့ မြန်အောင်ဘုံသာဘွဲ့ရ ရွှေဘုံသာစေတီတော်အား လုံးတော်ပြည့်ရွှေရောင် စတီးသင်္ကန်းဆက်ကပ်ခြင်း၊ ရွှေထီးတော်၊ ငှက်မြတ်နားတော်၊ ရတနာစိန်ဖူးတော်များ ဆက်ကပ်ခြင်းနှင့်အတူ ထီးတော်ဟောင်းစေတီနှစ်ဆူ တည်ထားကိုးကွယ်ခြင်း၊ မံဘုရားတန်ဆောင်း၊ ဓမ္မာရုံများ၊ သာသနိကအဆောက်အအုံများ၊ တံခွန်တိုင် လေးတိုင်အား မွမ်းမံပြုပြင်ရောင်တော်ဖွင့်ခြင်း၊ သစ္စာအောင်မြေ အဆောက်အအုံအား အသစ်ဆောက်လုပ်ခြင်း၊ အလောင်းဘုရားရုပ်တုရှေ့၌ မြေခင်းအလှပြုပြင်ခြင်း၊ လျှပ်စစ်မီးများ မွမ်းမံပြုပြင်ခြင်း၊ ပရိဝုဏ်အတွင်းရှိ အဆောက်အအုံများ၊ ရင်ပြင်တော်နှင့် အုတ်တံတိုင်းများအား မွမ်းမံပြုပြင် ရောင်တော်ဖွင့်ခြင်း၊ ဘက်စုံပြုပြင်မွမ်းမံလှူဒါန်းခြင်းများကို အလှူရှင်များက လှူဒါန်းခဲ့ကြောင်း သိရသည်။

**မင်းမင်း**

# တာချီလိတ်မြို့နယ် နယ်စပ်ဖြတ်ကျော်မီးခိုးငွေ့ကျရောက်ဖုံးလွှမ်းမှုအခြေအနေ ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဧပြီ ၇**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းသည် ဧပြီ ၅ ရက် မွန်းလွဲပိုင်းတွင် နေပြည်တော်မှ တာချီလိတ်မြို့သို့ ရောက်ရှိပြီး တာချီလိတ်မြို့အတွင်း နယ်စပ်ဖြတ်ကျော်မီးခိုးငွေ့ကျရောက်ဖုံးလွှမ်းမှုနှင့်ပတ်သက်၍ တာချီလိတ်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူး၊ ခရိုင်အဆင့်ဌာနဆိုင်ရာ တာဝန်ခံများနှင့် တွေ့ဆုံဆွေးနွေးသည်။



**အခြေအနေတို့ကို တင်ပြ**

အစည်းအဝေးတွင် ခရိုင်အုပ်ချုပ်ရေးမှူးက မြန်မာ-ထိုင်းနယ်နိမိတ်ဖြစ်သည့် တာချီလိတ်မြို့နှင့် မယ်ဆိုင်မြို့များတွင် နှစ်စဉ်ပွင့်လင်းရာသီရောက်တိုင်း တောင်ယာမီးရှို့မှုများကြောင့် လေထုညစ်ညမ်းမှုများ ဖြစ်ပေါ်မှုအခြေအနေ၊ မတ်လလယ်တွင် မီးခိုးမြူငွေ့ကျရောက်မှုကြောင့် ခရိုင်စီမံခန့်ခွဲမှုကော်မတီ အစည်းအဝေးကျင်းပ၍ လေထုညစ်ညမ်းမှုလျော့ကျစေရေး ဆောင်ရွက်ခဲ့သည့် အစီအမံများ၊ တာချီလိတ်မြို့ ရှမ်းရိုးမကွင်းအတွင်း မီးခိုးမြူမှုန်လျော့ပါးရေး နားနေစခန်း ဖွင့်လှစ်ဆောင်ရွက်ထားရှိမှုနှင့် ပြည်သူများအား အသိပညာပေးဆောင်ရွက်မှု၊ ကျန်းမာရေးဝန်ဆောင်မှုအခြေအနေတို့ကို တင်ပြသည်။ ဆက်လက်၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူးက တာချီလိတ်မြို့တွင် လေထုအရည်အသွေးအညွှန်းကိန်းတိုင်းတာရေးစက်ဖြင့် တိုင်းတာဆောင်ရွက်မှုတွေ့ရှိချက်နှင့် ဆောင်ရွက်ရန် အစီအစဉ်နှင့် အခြားဆက်စပ်ဌာနများက မိမိတို့ဌာနများနှင့် ပူးပေါင်းဆောင်ရွက်မှု အခြေအနေများကို တင်ပြသည်။

**ဆောင်ရွက်ပေးမည်**

တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၌ လေထုအညွှန်းကိန်းတိုင်းတာရေး စက်အသစ်တစ်လုံး ထပ်မံဝယ်ယူပြီးပါက တာချီလိတ်မြို့နယ်၌ စက်တစ်လုံးအမြဲထားရှိနိုင်ရန် ဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း၊ လေထုထဲသို့ ရေမှုန်ဖျန်းသည့် စက်ရရှိရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနသို့ တင်ပြဆောင်ရွက်ပေးမည် ဖြစ်ကြောင်း၊ မီးခိုးမြူအများစုမှာ တောမီးလောင်ခြင်း၊ တောင်ယာမီးရှို့ခြင်းနှင့် စိုက်ပျိုးရေးလုပ်ငန်းများမှ စွန့်ပစ်ပစ္စည်းများမီးရှို့မှုကြောင့် ဖြစ်ပေါ်လာရခြင်းဖြစ်သည့်အတွက် အသိပညာပေးလုပ်ငန်းများကို ပိုမိုအားထည့်ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ မဖြစ်မနေ ဆောင်ရွက်ရလျှင်လည်း အလှည့်ကျဆောင်ရွက်သည့် အလေ့အထကို စည်းရုံးပညာပေးဆောင်ရွက်ရန် လိုအပ်ကြောင်း ပြောကြားသည်။

တာချီလိတ်မြို့တွင် မတ် ၁၅ ရက်မှစ၍ မီးခိုးမြူငွေ့ကျရောက်သည့်အတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနက လေထုအညွှန်းကိန်းတိုင်းတာရေးစက်ဖြင့် တိုင်းတာဆောင်ရွက်ခဲ့ရာ မတ် ၁၆ ရက်နှင့် ၁၇ ရက်များတွင် လေထုအရည်အသွေး ညွှန်းကိန်း $PM_{10}$ ၃၀၂ နှင့် ၂၇၆ အသီးသီးရောက်ရှိခဲ့ပြီး နောက်ရက်များတွင် ပြန်လည်ကျဆင်းခဲ့သော်လည်း မတ် ၃၁ ရက်တွင် ၅၀၂ အထိ အမြင့်ဆုံးသို့ ရောက်ရှိခဲ့သည်။ ညွှန်းကိန်း ၃၀၀ နှင့်အထက်ကို ဘေးအန္တရာယ်အရှိဆုံးအဆင့်အဖြစ် သတ်မှတ်ထားရှိသည်။ ဧပြီလပထမပတ်တွင် လေထုအရည်အသွေးညွှန်းကိန်း တဖြည်းဖြည်းလျော့ဆင်းလာပြီး တိုင်းတာချက်များအရ လေထုအတွင်း အမှုန်ပါဝင်မှုများပြားသော်လည်း လူကိုအန္တရာယ်ဖြစ်စေနိုင်သည့် ဆာလဖာဒိုင်အောက်ဆိုက်၊ ကာဗွန်မိုနော့ဆိုက်နှင့် နိုက်ထရိုဂျင်ဒိုင်အောက်ဆိုက်များ ပါဝင်မှုနည်းပါးကြောင်း သိရသည်။

**ကွင်းဆင်းကြည့်ရှုစစ်ဆေး**

အစည်းအဝေး အပြီးတွင် ပြည်ထောင်စုဝန်ကြီးသည် တာဝန်ရှိသူများနှင့်အတူ လေထုအညွှန်းကိန်းတိုင်းတာရေးစက်ဖြင့် တိုင်းတာဆောင်ရွက်လျက်ရှိသည့်နေရာနှင့် ရှမ်းရိုးမကွင်းအတွင်း မီးခိုးမြူမှုန်လျော့ပါးရေး နားနေစခန်းတို့အား ကွင်းဆင်းကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

✻ ရှေ့ဖုံးမှ

အဓိကလုပ်ငန်းစဉ်များနှင့် ကိုက်ညီအကျိုးဝင်သော ဝန်ကြီးဌာန၏ ကျန်းမာရေးစီမံချက်လုပ်ငန်းများအတွက် ကူညီထောက်ပံ့မှုများပေးလျက်ရှိရာ မိမိတို့နိုင်ငံမှလည်း ဆက်သွယ်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

ယခု (၂၀၁၉)ခုနှစ် ကမ္ဘာ့ကျန်းမာရေးနေ့ဆောင်ပုဒ်ဖြစ်သည့် **"အရည်အသွေးပြည့် ကျန်းမာရေး၊ လူတိုင်းရအောင်ဆောင်ရွက်ပေး"** နှင့်အညီ အရည်အသွေးပြည့်ဝသော ကျန်းမာရေးစောင့်ရှောက်မှုကို ၂၀၃၀ ပြည့်နှစ်တွင် မြန်မာနိုင်ငံ၌ လူတိုင်းသာတူညီမျှလက်လှမ်းမီရရှိရေးကို အောင်မြင်စေရေး ကြိုးပမ်းဆောင်ရွက်ရာတွင် သက်ဆိုင်ရာဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တိုင်းဒေသကြီး/ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာနမှူးများ၏ အခန်းကဏ္ဍသည် လွန်စွာအရေးကြီးပါကြောင်း၊ ထို့အပြင် အရည်အသွေးပြည့်ဝသော ကျန်းမာရေးစောင့်ရှောက်မှုကို သွားလာရခက်ခဲသောဝေးလံခေါင်သီဒေသများအထိ နေရာဒေသတိုင်းရရှိစေရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များ၊ လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ INGO/NGO များ၊ လူထုအခြေပြုအဖွဲ့အစည်းများ၊ တိုင်းရင်းသားကျန်းမာရေးအဖွဲ့အစည်းများနှင့် ဒေသခံပြည်သူများအားလုံး၏ ပူးပေါင်းဆောင်ရွက်မှုဖြင့်သာ အောင်မြင်မှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း၊ အဓိကသော့ချက်မှာ ဝန်ထမ်းအားလုံးသည် ပြည်သူ့အသံကို နားထောင်၍ ပြည်သူများဘက်မှစဉ်းစားပြီး လုပ်ဆောင်ခြင်း ဖြစ်ပါကြောင်း၊ တိုက်နယ်နှင့် မြို့နယ်ဆရာဝန်များ၊ အခြေခံကျန်းမာရေးဝန်ထမ်းပညာရှင်များအနေဖြင့်လည်း မိမိတို့တာဝန်ကျရာ ရပ်ရွာအတွင်း ကျန်းမာရေးစကားဝိုင်းငယ်များပြုလုပ်ခြင်းတို့ဖြင့် ပြည်သူ့အသံကို အလေးအနက်ထားနားထောင်၍ ဆောင်ရွက်သွားကြရန် ဖြစ်ပါကြောင်း။

တိုင်းဒေသကြီး/ပြည်နယ်အသီးသီးတွင် လုပ်ငန်းများ ပိုမိုထိရောက်အောင်မြင်နိုင်ရေးအတွက် အားသာချက်၊ အားနည်းချက်နှင့် လိုအပ်ချက်များကို ဆန်းစစ်သုံးသပ်ခြင်းများကို ဆောင်ရွက်ရန်နှင့် မိမိတို့နေရာဒေသ၊ လက်တွေ့မြေပြင်အခြေအနေများနှင့် ကိုက်ညီမည့်လုပ်ငန်းစဉ်များအဖြစ် ချမှတ်ဆောင်ရွက်၍ လူတိုင်းသာတူညီမျှလက်လှမ်းမီရရှိရေး ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

ပြည်သူ့ကျန်းမာရေးကဏ္ဍဘက်မှသာမက ကုသရေးကဏ္ဍမှလည်း တိုက်နယ်ဆရာဝန်များ၊ မြို့နယ်ဆရာဝန်များနှင့် အထူးကုဆရာဝန်ကြီးများမှသည် နှီးနွှယ်ကျန်းမာရေးပညာရှင်များအထိ အားလုံးဝိုင်းဝန်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ မိမိတို့အားလုံးသည် အရည်အသွေးပြည့်ဝသော ကျန်းမာရေးစောင့်ရှောက်မှုကို ၂၀၃၀ ပြည့်နှစ်တွင် လူတိုင်းသာတူညီမျှလက်လှမ်းမီရရှိရေးတူညီသောပန်းတိုင်အတွက် ပူးပေါင်းဆောင်ရွက်မှုများကို ကြိုးပမ်းလုပ်ကိုင်သွားကြရန်ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ အရှေ့တောင်အာရှဒေသဆိုင်ရာ ညွှန်ကြားရေးမှူး၏သဝဏ်လွှာကို မြန်မာနိုင်ငံဌာနေကိုယ်စားလှယ် Dr. Stephan Paul Jost က ဖတ်ကြားသည်။

ထို့နောက် တာဝန်ရှိသူအသီးသီးက "တိုင်းဒေသကြီး/ပြည်နယ် တစ်ခုချင်းစီမှ ကျန်းမာရေးလုပ်ငန်းများစွမ်းဆောင်ရည်ထူးချွန်စံပြ မြို့နယ်ဆေးရုံဆု၊ စံပြတိုက်နယ်ဆေးရုံဆုနှင့် စံပြမြို့နယ်ဆု" များကို တာဝန်ရှိသူများက ချီးမြှင့်ပေးအပ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် တာဝန်ရှိသူများနှင့်အတူ အထိမ်းအမှတ်ပြခန်းများကို လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# သွေးအားနည်းရောဂါနှင့် ဟင်းခတ်သံငါးကလေး

## ■ ပါမောက္ခဒေါက်တာမောင်

**ကမ္ဘာ့ကျန်းမာရေးပြဿနာ**

ကမ္ဘာနှင့်တစ်ဝန်း လူလေးဦးတွင်တစ်ဦးသည် အာဟာရချို့တဲ့ခြင်း အကြောင်းရင်းခံရှိသော သွေးအားနည်းရောဂါ ခံစားနေကြရသည်။

ကမ္ဘာ့လူဦးရေ၏ ၂၄ ဒသမ ၈ ရာခိုင်နှုန်းသည် သွေးအားနည်းရောဂါရှိနေကြောင်း ကုလသမဂ္ဂ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ၂၀၀၅ ခုနှစ် ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ ကမ္ဘာနှင့်တစ်ဝန်း ကိုယ်ဝန်ဆောင် အမျိုးသမီးများ၏ ၄၁ ဒသမ ၈ သည် လည်းကောင်း၊ အသက် ၁၅-၄၅နှစ်အရွယ် အမျိုးသမီးများ၏ ၃၀ ဒသမ ၂ ရာခိုင်နှုန်းသည်လည်းကောင်း သွေးအားနည်းရောဂါရှိနေကြောင်း ဖော်ပြထားသည်။ အဆိုးဆုံးမှာ ငါးနှစ်အောက်အရွယ်ကလေးများတွင်ဖြစ်ပြီး ၄၇ ဒသမ ၄ ရာခိုင်နှုန်းရှိသည်။ ကလေးနှစ်ဦးတွင် တစ်ဦးသည် သွေးအားနည်းနေကြခြင်း ဖြစ်သည်။

မြန်မာနိုင်ငံတွင်လည်း National Plan of Action for Food and Nutrition (NPAFN) နှင့် National Nutrition Centre (NNC) တို့၏ ထုတ်ပြန်ချက်တွင် ကိုယ်ဝန်ဆောင်မိခင်များ၏ ၇၁ ရာခိုင်နှုန်းသည်လည်းကောင်း၊ အသက် ၁၅-၄၅နှစ်အရွယ် အမျိုးသမီးများ၏ ၄၅ ရာခိုင်နှုန်းသည်လည်းကောင်း၊ ငါးနှစ်အောက်ကလေးများ၏ ၇၅ ရာခိုင်နှုန်းသည်လည်းကောင်း သွေးအားနည်းရောဂါရှိနေကြောင်း ဖော်ပြထားသည်။

အစားအသောက်မှ သံဓာတ်အလုံအလောက် မရရှိခြင်းကြောင့်ဖြစ်သော ထိုရောဂါသည် ကာကွယ်နိုင်စွမ်းရှိသလို ကုသနိုင်စွမ်းလည်းရှိသော ရောဂါဖြစ်သည်။ သို့ရာတွင် ယနေ့ကမ္ဘာ၏ ကြီးမားသောကျန်းမာရေး ပြဿနာတစ်ရပ် ဖြစ်နေသည်။

**လက္ခဏာများနှင့်ဆိုးကျိုးများ**

ကြီးထွားနေသောအရွယ် ကလေးများ၊ ကြီးကောင်ငင်အရွယ် မြီးကောင်ပေါက်များ၊ မိခင်လောင်းများနှင့် ကိုယ်ဝန်ဆောင်မိခင်များ၊ သက်သတ်လွတ်စားသူများနှင့် သွေးအလှူရှင်များသည် သွေးအားနည်းရောဂါဖြစ်လွယ်ကြသည်။

အသားအရေ ဖြူဖပ်ဖြူရော်ဖြစ်ခြင်း၊ မောပန်းလွယ်ခြင်း၊ အားအင်ကုန်ခန်းခြင်း၊ မူးဝေခြင်း၊ အစားအသောက်ပျက်ခြင်း၊ ရင်တုန်ခြင်း၊ အိပ်မပျော်ခြင်း၊ စိတ်အားထက်သန်မှုလျော့နည်းလာခြင်းတို့ ဖြစ်ပေါ်လာပြီး နိစ္စဓူဝလုပ်ငန်းတာဝန်များကို ထိခိုက်လာတော့သည်။ အဆိုးရွားဆုံးမှာ နှလုံးရောဂါဝင်ရောက်လာပြီး အသက်ဆုံးရှုံးနိုင်ခြင်း ဖြစ်သည်။

ကလေးသူငယ်များသည် သွေးအားနည်းရောဂါကြောင့် ခန္ဓာကိုယ်နှင့် ဦးနှောက်ဖွံ့ဖြိုးမှု ထိခိုက်ပြီး ပုညက်ခြင်း၊ ကြုံလှီခြင်း၊ ဉာဏ်ရည်မပြည့်ခြင်းတို့ ကြုံတွေ့ကြရသည်။

သွေးအားနည်းသော ကိုယ်ဝန်ဆောင်မိခင်များသည် လမစေ့ပေါင်မပြည့်သော၊ သွေးအားနည်းသော ကလေးများကို မွေးဖွားကြရသည်။ မီးဖွားနေစဉ်နှင့် မီးတွင်းကာလတွင် ဆိုးရွားသော ကျန်းမာရေးချို့တဲ့မှုများနှင့် ရင်ဆိုင်ကြရသည်။

သွေးအားနည်းရောဂါသည် အစားအသောက်တွင်ပါဝင်သော သံဓာတ်ချို့တဲ့ခြင်းကြောင့် အများဆုံးဖြစ်သော်လည်း အခြားအကြောင်းများလည်း ရှိနေသည်။ ထို့ကြောင့် သွေးအားနည်းလက္ခဏာများ ဖြစ်ပေါ်နေလျှင် ဆရာဝန်နှင့် ရှေးဦးစွာ တိုင်ပင်ပြသသင့်သည်။ သွေးအားနည်းစေသော အခြားအကြောင်းများရှိနေလျှင်လည်း ကုသမှုခံယူရမည်ဖြစ်သည်။

**ခန္ဓာကိုယ်လိုအပ်သော သံဓာတ်**

သွေးနီဥကလေးများဖွဲ့စည်းရန် အစားအသောက်မှ သံဓာတ် အလုံအလောက်ရရှိရန် လိုအပ်သည်။

သွေးနီဥကလေးများသည် ခန္ဓာကိုယ်အနှံ့ဆဲလ်များသို့ အောက်ဆီဂျင်ပို့ဆောင်ပေးနေသော ဆဲလ်များဖြစ်ကြသည်။ သွေးနီးဥအတွင်းရှိ သံဓာတ်ပါဝင်ဖွဲ့စည်းထားသော "ဟေမိုဂလိုဘင်"မော်လီကျူးသည် အဆုတ်မှ အောက်ဆီဂျင်ကို ဖမ်းယူ၍ ခန္ဓာကိုယ်အနှံ့သို့ သယ်ဆောင်ပေးသည်။ သံဓာတ်ချို့တဲ့သောအခါ "ဟေမိုဂလိုဘင်" ဖွဲ့စည်းနိုင်မှု လျော့နည်းလာသည်။ ထိုအခါ ခန္ဓာကိုယ်အစိတ်အပိုင်းများမှ ဆဲလ်များသည် အောက်ဆီဂျင် အလုံအလောက်မရရှိသော အခြေအနေနှင့် ကြုံတွေ့ကြရသည်။ သွေးအားနည်းရောဂါသည် သွေးထဲတွင် "ဟေမိုဂလိုဘင်"လျော့နည်းနေခြင်းကိုအခြေခံ၍ ဖြစ်ပေါ်လာသော ရောဂါဖြစ်သည်။ ဦးခေါင်းမှ ခြေဖျားအဆုံး တစ်ကိုယ်လုံးကိုထိခိုက်သော ရောဂါဖြစ်သည်။

**အစားအစာများအတွင်းမှ သံဓာတ်**

သံဓာတ်သည် အစားအစာများစွာတို့တွင် ပါဝင်နေသည်။

သံဓာတ်ပြည့်ဝသော အစားအစာများကို ဂရုတစိုက်စားသုံးခြင်းသည် သွေးအားနည်းရောဂါကို ထိရောက်စွာ



ကာကွယ်နိုင်သည်။ သို့ရာတွင် သွေးအားနည်းရောဂါ ခံစားနေရသူများသည် အစားအစာများအပြင် သွေးအားပြည့်စေသော သံဓာတ်ဆေးများကိုပါ ဖြည့်စွက်မှီဝဲရမည် ဖြစ်သည်။

အမဲသား၊ ဆိတ်သား၊ အဆီလွတ်ဝက်သား၊ ခုတ်သားငါးများ၊ ပင်လယ်စာများ၊ အသည်း(အမဲ၊ ကြက်၊ ဝက်၊ ဆိတ်)၊ ကြက်သား၊ ဘဲသား၊ ကြက်ဥ၊ ဘဲဥ၊ ဘဲသွေး (သွေးခဲ)တို့သည် သံဓာတ်ပြည့်ဝသော ဟင်းစားများဖြစ်ကြသည်။ ပါဝင်သော သံဓာတ်ကိုလည်း အစာလမ်းကြောင်းမှ အလွယ်တကူ စုပ်ယူနိုင်သည်။

ဟင်းသီးဟင်းရွက်တို့တွင် ဒန့်သလွန်ရွက်သည် ထိပ်ဆုံးမှပါဝင်နေသည်။ ကန်စွန်းရွက်၊ ဟင်းနုနယ်ရွက်၊ ဘူးရွက်၊ ဂေါ်ရခါးရွက်၊ ကိုက်လံ၊ ကင်းပုံရွက်၊ ချဉ်ပေါင်ရွက်တို့သည်လည်းကောင်း၊ ပဲနီလေး၊ ပဲဝါလေး၊ ပဲစိမ်း၊ ပဲနောက်၊ ပဲလွန်း၊ ပဲကတ္တီပါ၊ ကုလားပဲ၊ ဆင်ခေါင်းပဲ တို့သည်လည်းကောင်း၊ ပဲပြား၊ ပဲပုပ်၊ ပဲငါးပိ၊ ပုံးရည်ကြီးတို့သည်လည်းကောင်း သံဓာတ်ကြွယ်ဝသော မြန်မာအစားအစာများဖြစ်ကြသည်။ သို့ရာတွင် ၎င်းတို့တွင်ပါဝင်သော သံဓာတ်ကို အစာလမ်းကြောင်းမှ အလွယ်တကူ မစုပ်ယူနိုင်ပေ။

**မှန်ကန်သော စားသောက်နည်းပုံစံ**

အစာလမ်းကြောင်းမှ သံဓာတ်စုပ်ယူခြင်းကို ဟန့်တားနေသည့် အစားအစာများရှိနေသလို အားပေးသော အစားအစာများလည်းရှိနေသဖြင့် မှန်ကန်စွာ စားသောက်တတ်ရန် လိုအပ်လာသည်။

လက်ဖက်ရည်၊ ကော်ဖီ၊ လက်ဖက်သုပ်၊ ရေနွေးကြမ်းတို့တွင်ပါဝင်သော အက်စစ်ဓာတ်သည် သံဓာတ်စုပ်ယူမှုကို အနှောင့်အယှက်ပေးနိုင်စွမ်းရှိသည်။ ထို့ကြောင့် ထမင်းစားပြီး လက်ဖက်ရည်၊ ကော်ဖီ၊ ရေနွေးကြမ်းသောက်ခြင်းတို့ကို ရှောင်ကြဉ်သင့်သည်။

နွားနို့နှင့် ဒိန်ချဉ်တို့တွင်ပါဝင်သော ထုံးဓာတ် (ကယ်လ်ဆီယမ်)သည်လည်း သံဓာတ်စုပ်ယူနိုင်ခြင်းကို လျော့နည်းစေသည်။ ထို့အတူ ထုံးဓာတ်ပါဝင်မှုမြင့်မားသော တွင်းရေကိုသောက်သုံးခြင်းသည်လည်း ခန္ဓာကိုယ်မှ သံဓာတ်ရယူနိုင်မှုကို အဟန့်အတားဖြစ်စေသည်။

သို့သော် ဗီတာမင်စီသည် သံဓာတ်စုပ်ယူနိုင်ရန် များစွာအထောက်အကူပေးသော ဗီတာမင်ဖြစ်သည်။ ထို့ကြောင့် ဗီတာမင်စီပါဝင်မှုမြင့်မားသော သံပုရာသီး၊ ရှောက်သီး၊ ခရမ်းချဉ်သီး၊ ငရုတ်သီးစိမ်း တို့ကို တွဲဖက်စားသောက်သင့်သည်။ အရည်ရွှမ်းသော အသီးအနှံတစ်မျိုး(လိမ္မော်သီး၊ ရှောက်ချိုသီး၊ နာနတ်သီး၊ သဘော်သီး၊ ကီဝီသီး)ကိုလည်း ထမင်းစားပြီး စားသင့်သည်။ အချဉ်ဓာတ်ဖြစ်သော ရှာလကာရည်သည်လည်း သံဓာတ်ကို လွယ်ကူစွာစုပ်ယူနိုင်ရန် အားပေးသည်။

အသား၊ ငါးတို့တွင်ပါဝင်သော သံဓာတ်သည် ဟင်းသီးဟင်းရွက်နှင့် ပဲများတွင်ပါဝင်သော သံဓာတ်စုပ်ယူမှုကို အားပေးနေကြောင်းလည်း တွေ့ရှိရသည်။ ထို့ကြောင့် ပဲဟင်းချက်သည့်အခါ အမဲသား၊ ဆိတ်သား ရောနှောချက်ခြင်း၊ ဟင်းရွက်ကြော်သည့်အခါ အသား၊ ဥတစ်မျိုးမျိုး ရောနှော၍ကြော်ခြင်းတို့သည် အသားမှ သံဓာတ်ကို ရရှိစေသလို ဟင်းရွက်မှ သံဓာတ်စုပ်ယူမှုကိုလည်း ပိုကောင်းလာစေသည်။

**ဟင်းခတ် သံငါးကလေး**

ကနေဒါနိုင်ငံသား ခရစ်တိုဖါချာလ်းစ်သည် ၂၀၀၈ ခုနှစ်တွင် ကမ္ဘောဒီးယားနိုင်ငံသို့ ရောက်လာခဲ့သည်။ သူ၏ ရည်ရွယ်ချက်မှာ မဟာသိပ္ပံဘွဲ့အတွက် သုတေသနပြုလုပ်ရန် ဖြစ်သည်။

သူရောက်ရှိလာသော "ကန်ဒါး"ပြည်နယ်၏ကျေးရွာများတွင် တွေ့မြင်လိုက်ရသော ကလေးသူငယ်များနှင့် အမျိုးသမီးများ၏ မြင်ကွင်းသည် သူ၏နှလုံးသားကို ထိခိုက်သွားစေသည်။ ကလေးအများစုသည် ပျော်ရွှင်စွာ ပြေးလွှားဆော့ကစားနေရမည့်အစား သွေးအားနည်းရောဂါကြောင့် ကြုံလှီ၍ အင်အားချည့်နဲ့နေကြသည်။ အမျိုးသမီးအများစုမှာလည်း ဖြူရော်၍ နွမ်းနယ်နေပြီး အလုပ်လုပ်နိုင်စွမ်း မရှိကြချေ။ တွေ့မြင်ခံစားလိုက်ရသော ထိုပုံရိပ်သည် သူ၏သုတေသနလုပ်ငန်း ဦးတည်ချက်ကို ဆုံးဖြတ်ပေးလိုက်သည်။ သွေးအားနည်းရောဂါ ခံစားနေရသော ထိုသူများအတွက် အဖြေတစ်ခုရှာဖွေပေးရန် ဖြစ်သည်။

ကောင်းမြတ်သော စေတနာ၏ စေ့ဆော်တိုက်တွန်းမှုသည် ခရစ်တိုဖာအား လမ်းစတစ်ခု ဖော်ဆောင်ပေးလိုက်သည်။ သံအိုးဖြင့် ချက်ပြုတ်သော ထမင်းဟင်းများသည် ဒန်အိုး၊ မြေအိုးတို့ဖြင့် ချက်ပြုတ်ခြင်းထက် သံဓာတ်ပါဝင်မှု ပိုမိုမြင့်မားနေကြောင်း ယခင်ကပြုလုပ်ထားပြီးသော သုတေသနအထောက်အထားများက ဖော်ပြထားသည်။ ထိုအချက်အပေါ်အခြေခံ၍ "ဟင်းခတ်သံငါးကလေး"ကို သူတီထွင်လိုက်သည်။

"ဟင်းခတ်သံငါးကလေး"သည် သံရိုင်းနှင့် ပြုလုပ်ထားပြီး သုံးလက်မအရွယ်ရှိသည်။ အလေးချိန် တစ်ဆယ့်နှစ်ကျပ်သား ခန့်ရှိသည်။ ထိုသံငါးကလေးကို ဟင်းချက်ရာတွင် ဟင်းအိုးထဲသို့ သံပုရာရည် (သို့မဟုတ်) ရှောက်ရည် (သို့မဟုတ်) ရှာလကာရည် နှစ်စက်၊ သုံးစက်နှင့်အတူ ဆယ်မိနစ်ခန့် ထည့်ချက်၍ ပြန်လည်ဆယ်ယူထားလိုက်ခြင်းအားဖြင့် ဟင်းထဲတွင် သံဓာတ်ပါဝင်မှုကို မြင့်မားလာစေရန် ဖြစ်သည်။

ခရစ်တိုဖာသည် သူ၏ဟင်းခတ်သံငါးကလေးကို အသုံးပြု၍ ကမ္ဘောဒီးယားနိုင်ငံ ကန်ဒါးပြည်နယ်၏ ကျေးရွာ သုံးရွာတွင် သုတေသနပြုလုပ်လိုက်သည်။ သွေးအားနည်းသော အမျိုးသမီးပေါင်း ၃၀၄ ဦးပေါ်တွင် ပြုလုပ်သောတွေ့ရှိချက်ကို Tropical Medicine & Surgery, 2015 August တွင် ဖော်ပြခဲ့သည်။ အမျိုးသမီးများ၏ ၄၆ ရာခိုင်နှုန်းသည် သွေးအားပြည့်မီလာကြကြောင်း ဟေမိုဂလိုဘင်ပမာဏကိုတိုင်းတာ၍ ဖော်ပြခဲ့သည်။ ကောက်ချက်မှာ ဟင်းခတ်သံငါးကလေးသည် အစားအစာများတွင်ပါဝင်သော သံဓာတ်ကို ဖြည့်တင်းပေးနိုင်ပြီး သွေးအား(ဟေမိုဂလိုဘင်)ကို မြှင့်တင်ပေးနိုင်သည်ဟူ၍ ဖြစ်သည်။

အလားတူ သုတေသနလုပ်ငန်းကို မြောက်အမေရိကတိုက် ဂွါတီမာလာနိုင်ငံတွင် Dr Ana Maria က ဦးဆောင်၍ ပြုလုပ်ခဲ့သည်။ သွေးအားနည်းသူအမျိုးသမီး ၃၀၂ ဦးတို့အား ဟင်းခတ်သံငါးကလေးကို တစ်နှစ်ကြာအောင် အသုံးပြုစေပြီးနောက် ဟေမိုဂလိုဘင်ကို တိုင်းကြည့်ခဲ့သည်။ ရှစ်ဆယ်ရာခိုင်နှုန်းမှာ ဟေမိုဂလိုဘင်ပြည့်မီလာကြောင်း တွေ့ရှိခဲ့သည်။ ကောက်ချက်မှာ ဟင်းခတ်သံငါးကလေးသည် သွေးအားနည်းရောဂါကို ကုသနိုင်သည်ဟု ဖြစ်သည်။ သူ၏တွေ့ရှိချက်ကို Journal of Global Health Report, 2018. Vol 2တွင် ဖော်ပြခဲ့သည်။

Dr Armstrong နှင့်အဖွဲ့သည် ဟင်းခတ်သံငါးကလေးကို အသုံးပြုခြင်းဖြင့် အန္တရာယ် ရှိ၊ မရှိ လေ့လာခဲ့ကြသည်။ Asia Pacific Journal of Clinical Nutrition. 2017 Jan; 26(1):148-155တွင် ထုတ်ပြန်သော သူ၏တွေ့ရှိချက်တွင် ဟင်းခတ်သံငါးကလေးကို အန္တရာယ်ကင်းစွာ သုံးနိုင်ကြောင်းနှင့် ဟင်းအနံ့အရသာတို့ ပြောင်းလဲမှုမရှိကြောင်း ဖော်ပြထားသည်။

သို့ရာတွင် အခြားသုတေသန နှစ်ခုတွင် ဟင်းခတ်သံငါးကိုသုံးခြင်းဖြင့် အကျိုးမရှိနိုင်ကြောင်း ဖော်ပြထားသည်။ တစ်ခုမှာ ဟင်းချက်ရာတွင် တွင်းရေကို အသုံးပြုလျှင် တွင်းရေတွင်ပါဝင်သော အချို့ဒြပ်စင်နှင့် ဓာတ်ပေါင်းများသည် သံငါးအတွင်းမှထွက်လာသော သံဓာတ်အား အစားအစာထံသို့မရောက်ရှိအောင် ဟန့်တားထားကြောင်း ဖော်ပြထားသည်။ အခြားတစ်ခုမှာ သွေးအားနည်းခြင်းသည် အာဟာရတွင်ပါဝင်သော သံဓာတ်ချို့တဲ့ခြင်းကြောင့်မဟုတ်ဘဲ အခြားအကြောင်းကြောင့်ဖြစ်လျှင် ဟင်းခတ်သံငါးကိုသုံးခြင်းဖြင့် အကျိုးမရှိနိုင်ကြောင်း ဖြစ်သည်။

**မျှဝေလိုသည်မှာ**

ဤဆောင်းပါးဖြင့် မျှဝေလိုသည်မှာ အာဟာရချို့တဲ့မှုကြောင့် ဖြစ်ပေါ်လာသော သွေးအားနည်းရောဂါသည် မြန်မာနိုင်ငံတွင်သာမက ကမ္ဘာနှင့်အဝှမ်းတွင် ကြီးမားသော ကျန်းမာရေးပြဿနာတစ်ရပ် ဖြစ်နေသည်။

အစားအစာထဲမှ သံဓာတ်အလုံအလောက် မရရှိသောကြောင့်ဖြစ်သော သွေးအားနည်းခြင်းကို သံဓာတ်ပြည့်ဝသော အာဟာရများကို မှန်ကန်စွာစားသောက်ခြင်းဖြင့် ထိရောက်စွာ ကာကွယ်ထားနိုင်သည်။

ဟင်းခတ်သံငါးကလေးသည် အာဟာရထဲတွင် သံဓာတ်ချို့တဲ့မှုကြောင့် ဖြစ်ပေါ်လာသော သွေးအားနည်းရောဂါကို ကုသနိုင်ကြောင်း သုတေသနအထောက်အထားအရ တွေ့ရှိထားကြောင်း ဖော်ပြလိုရင်းဖြစ်ပါသည်။

**ကျမ်းကိုးစာရင်း**

1.Worldwide prevalence of anaemia. 1993-2005. WHO Global Database on Anaemia.

2. National Plan of Action for Food and Nutrition (2011-2015).

3. Lucky iron fish. https://en.wikipedia.org/wiki/Lucky_Iron_fish

4. A Randomized Control Trial Using a Fish-Shaped Iron Ingot for the Amelioration of Iron Deficiency Anaemia in Rural Cambodian Women.

Charles, et al., Trop Med Surg 2015, Vol 3; Issue 3.

http://dx.doi.org/10.4172/2329-9088.1000195

5. Testing the efficacy of Lucky Iron Fish in reversing iron deficiency anemia in rural, impoverished regions of Guatemala.

http://www.joghr.org/article/2/joghr-02-e2018014

6. Iron release from the Lucky Iron Fish: safety considerations.

https://www.ncbi.nlm.nih.gov/pubmed/28049274#

7. Why an iron fish can make you stronger?. BBC News. 17 May, 2015.

8. Lucky Iron Fish is a Natural Source of Iron. https://luckyironfish.com

# သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ ၂၀ နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားကျင်းပ

နေပြည်တော် ဧပြီ ၇

**ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ ၂၀ နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော် ဇေယျာသီရိမြို့နယ် ခရေပင်လမ်းခွဲရှိ နေပြည်တော်သတင်းစာတိုက် ဘိုးဝဇီရခန်းမ၌ ကျင်းပသည်။**





ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ ၂၀ နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

အခမ်းအနားတွင် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဖေမြင့်က အဖွင့်အမှာစကားပြောကြားရာတွင် သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းမှ ထုတ်ဝေနေသည့် သတင်းစာသုံးစောင်သည် တိုင်းပြည်အတွက် တန်ဖိုးရှိသော၊ အများပြည်သူကို သတင်းအချက်အလက်ပေးသော တာဝန်များကို ထမ်းဆောင်နေပါကြောင်း၊ ထိုသို့ သတင်းအချက်အလက်ပေးရာတွင် အစိုးရမှ ဆောင်ရွက်နေသည့် အကြောင်းအရာများကို ပြည်သူထံ အစီရင်ခံတင်ပြခြင်းနှင့် အရပ်ရပ်မှ ဖြစ်ပေါ်နေသည့် သတင်းများကို အများပြည်သူထံ အသိပေးခြင်းဟူသော တာဝန်နှစ်ခုကို ကျေပွန်စွာ ထမ်းဆောင်လျက်ရှိပါကြောင်း။

**လိုက်ပါပြောင်းလဲရမည်ဖြစ်**

နိုင်ငံပိုင်သတင်းစာများအနေဖြင့် သတင်းစာဖတ်ပရိသတ်များ အသိပညာ၊ ဗဟုသုတများရရှိစေပြီး အများပြည်သူ၏ဆန္ဒနှင့် တစ်သားတည်းရှိသည့် သတင်းစာများဖြစ်စေရန် ဆက်လက်ကြိုးပမ်း ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း။

ယနေ့ကမ္ဘာတွင် ပုံနှိပ်သတင်းစာများ ဖတ်ရှုမှု လျော့နည်းကျဆင်းလာပါကြောင်း၊ ပုံနှိပ်သတင်းစာများအစား အီလက်ထရွန်နစ် စာအုပ်စာစောင်များ၊ သတင်းများကိုသာ ဖတ်ရှုမှုများလာပါကြောင်း၊ နည်းပညာ ပြောင်းလဲလာသည့်အတွက် သတင်းများကို အွန်လိုင်းမှတစ်ဆင့် အချိန်နှင့် တစ်ပြေးညီ နေရာပေါင်း မြောက်မြားစွာကို ပေးပို့နိုင်ပြီး သတင်းဖြန့်ချိမှု ပုံစံပြောင်းလဲနေပြီ ဖြစ်ပါကြောင်း၊ ပြောင်းလဲလာသည့် အနေအထားတွင် မိမိတို့သည်လည်း လိုက်ပါ ပြောင်းလဲရမည်ဖြစ်ပါကြောင်း၊ ထို့သို့ ပြောင်းလဲနိုင်ရန်အတွက် လိုအပ်သည်များကို ပြုပြင်ပြောင်းလဲ လုပ်ဆောင်ကြရမည်ဖြစ်ပါကြောင်း။

**မဖြစ်မနေလိုအပ်လာ**

သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း အနေဖြင့် သတင်းများ မှန်ကန်ရန်၊ မြန်ဆန်ရန်နှင့် မျှတရန်တို့အတွက် အချိန်နှင့်တစ်ပြေးညီ လုပ်ဆောင်ကြသည့်အခါ ခေတ်၏တောင်းဆိုချက်အရ ဒစ်ဂျစ်တယ်သတင်းကဏ္ဍသည် မဖြစ်မနေ လိုအပ်လာပါကြောင်း၊ ပုံနှိပ်သတင်းစာများသည် တစ်နိုင်ငံလုံး၊ တစ်ကမ္ဘာလုံးပျံ့နှံ့ရန် အကန့်အသတ်ရှိသည့်အတွက် ယင်းကို ဒစ်ဂျစ်တယ်နည်းပညာနှင့် ကျော်လွှားရမည်ဖြစ်ပါကြောင်း။

ဒစ်ဂျစ်တယ် နည်းပညာနှင့် ဆောင်ရွက်မှသာ ထိရောက်မည်ဖြစ်သည့်အတွက် သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းက သတင်းပိုင်းဆိုင်ရာ ဝန်ထမ်းများအားလုံး ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။

ယခုအခါ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းအနေဖြင့် Myanmar Digital News (MDN) ဒစ်ဂျစ်တယ်သတင်းစာကို စတင်မိတ်ဆက်ပေးထားပြီးဖြစ်ပါကြောင်း၊ ဒစ်ဂျစ်တယ်သတင်းစာကို အသစ်အသစ်သော နည်းပညာများအပေါ်တွင်အခြေခံပြီး လိုက်ပါပြောင်းလဲ လုပ်ဆောင်သွားရန် လိုအပ်ကြောင်း၊ နည်းပညာအသစ် အသုံးပြုနိုင်ရန်အတွက် လုပ်ငန်းစဉ်များကိုလည်း ပြောင်းလဲဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း။

**အနှစ်သာရပြည့်ဝစေရေးလိုအပ်**

ထို့ပြင် လက်ရှိအချိန်တွင် ပုံနှိပ်ထုတ်ဝေနေသည့် မြန်မာ့အလင်း၊ ကြေးမုံ သတင်းစာနှစ်စောင်နှင့် The Global New Light of Myanmar သတင်းစာများကိုလည်း အသွင်သဏ္ဌာန်၊ အနှစ်သာရ ပိုမိုပြည့်ဝစေရေး လုပ်ဆောင်ရန် လိုအပ်ပါကြောင်း၊ သတင်းများကိုလည်း မတူညီသော ရှုထောင့်အမြင်များဖြင့် ချဉ်းကပ်ရေးသားသည့်ပုံစံဖြင့် ပြုပြင်ပြောင်းလဲဖော်ပြရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ သို့မှသာ အသွင်သဏ္ဌာန်ကွဲပြားသည့် သတင်းစာများ ဖြစ်လာမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက မြန်မာ့အလင်းသတင်းစာတိုက်မှ ပေးအပ်သည့် သတင်းထူးချွန်ဆုရရှိသူ ပိန်းဇလုပ်သိန်းညွန့်၊ ရဲခေါင်ညွန့်နှင့် ဇင်ဦး (မြန်မာ့အလင်း) တို့အား ဆုများ ပေးအပ်ချီးမြှင့်သည်။

**ဆုများပေးအပ်ချီးမြှင့်**

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးအောင်လှထွန်းက ကြေးမုံသတင်းစာတိုက်မှပေးအပ်သည့် သတင်းထူးချွန်ဆုရရှိသူ ဇော်ကြီး(ပဏ္ဍိတ)၊ ဝင်းနိုင်(ကချင်မြေ)နှင့် ဝင်းဦး (ဇေယျာတိုင်း)တို့ကို ဆုများပေးအပ်ချီးမြှင့်သည်။

ထို့နောက် အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်က ကြေးမုံသတင်းစာတိုက်မှ ပေးအပ်သည့် ဓာတ်ပုံထူးချွန်ဆု ရရှိသူ စိုးညွန့်၊ မောင်ယဉ်ကျေးနှင့် အောင်မင်း(မြောင်းမြ)တို့အား ဆုများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ်က မြန်မာ့အလင်း သတင်းစာတိုက်မှ ပေးအပ်သည့် သတင်းဆောင်းပါး ထူးချွန်ဆုရရှိသူ မင်းထက်အောင် (မန်းကိုယ်ပွား)နှင့် ရှင်မင်းတို့ကိုလည်းကောင်း၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က မြန်မာ့အလင်းသတင်းစာတိုက်မှပေးအပ်သည့် သတင်းဆောင်းပါးထူးချွန်ဆုရသူ သန်းထိုက် (လှိုင်သာယာ)နှင့် ကြေးမုံသတင်းစာတိုက်မှပေးအပ်သည့် ဆောင်းပါး ထူးချွန်ဆုရရှိသူ ကိုရင်ဩတို့အား လည်းကောင်း၊ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က မြန်မာအလင်း သတင်းစာတိုက်မှ ပေးအပ်သည့် သတင်းဓာတ်ပုံ ထူးချွန်ဆုရရှိသူ ချမ်းသာ(မိတ္ထီလာ) နှင့် သန်းဇော်မင်း (ပြန်/ဆက်)တို့အား လည်းကောင်း ဆုများပေးအပ်ချီးမြှင့်ကြသည်။

**ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်**

ထို့နောက် သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း ခေတ္တဦးဆောင်ညွှန်ကြားရေးမှူးက ပြည်သူ့ဝန်ထမ်းကောင်းတံဆိပ်ရရှိသူများ၊ သင်တန်းထူးချွန်ဆုနှင့် ကြော်ငြာအများဆုံး ထည့်သွင်းသည့် ကုမ္ပဏီများအား ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်သည်။

ယင်းနောက် ဦးဆောင်ညွှန်ကြားရေးမှူး(ငြိမ်း) ဦးသန်းမောင်၊ ဟံသာဝတီ ဦးအုန်းကြိုင်၊ ဦးကျော်ကျော်လှိုင်(Smart)နှင့် ကြေးမုံသတင်းစာတိုက် စာတည်းမှူးချုပ် (ငြိမ်း) ဦးမြင့်ဆွေတို့က မုဒိတာစကား ပြောကြားကြသည်။

ထို့နောက် ပြည်သူ့အကျိုးပြု နိုင်ငံ့သတင်းစာ ဗီဒီယိုမှတ်တမ်းကို ပြသပြီး နှစ်ပတ်လည်နေ့အထိမ်းအမှတ် ဗလာမပါကံစမ်းမဲ ဖောက်ပေးသည့် အစီအစဉ်ကို ကျင်းပရာ ကံစမ်းမဲဆုကြီးများ ကံထူးသည့် ဝန်ထမ်းများအား ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် အမြဲတမ်းအတွင်းဝန်တို့က ဆုများပေးအပ်ကြသည်။

**မှတ်တမ်းတင်ဓာတ်ပုံရိုက်**

နှစ်ပတ်လည်နေ့ အထိမ်းအမှတ် အခမ်းအနားအပြီးတွင် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးတို့သည် တက်ရောက်လာကြသူများ၊ ဆုရရှိသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းသည် ၁၉၇၂ ခုနှစ်တွင် သတင်းနှင့် စာနယ်ဇင်းကော်ပိုရေးရှင်းအဖြစ် စတင်သန္ဓေတည်ခဲ့ပြီး ၁၉၉၈ ခုနှစ် ဧပြီ ၁ ရက်တွင် သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းအဖြစ် ပြောင်းလဲဖွဲ့စည်း ဖြစ်တည်လာခဲ့ရာ ယခုဆိုလျှင် ၂၀ နှစ် ပြည့်မြောက်ခဲ့ပြီဖြစ်သည်။

**သတင်းစဉ်**



ဒုတိယဝန်ကြီး ဦးအောင်လှထွန်း ကြေးမုံသတင်းစာတိုက်မှ ပေးအပ်သည့် သတင်းထူးချွန်ဆုရရှိသူ ဝင်းဦး(ဇေယျာတိုင်း)အား ဆုပေးအပ်ချီးမြှင့်စဉ်။

# ရေကြီးနစ်မြုပ်မှုကြောင့် ပျက်စီးသွားသော သီးနှံစိုက်ခင်းများအတွက် ပြည်ထောင်စုရန်ပုံငွေဖြင့် ထောက်ပံ့ပေးအပ်

**မြဝတီ ဧပြီ ၇**

ကရင်ပြည်နယ် မြဝတီခရိုင် မြဝတီမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနတွင် ၂၀၁၈ ခုနှစ် ရေကြီးနစ်မြုပ်မှုကြောင့်ပျက်စီးသွားသော မိုးစပါး၊ မိုးအစေ့ထုတ်ပြောင်းနှင့် မိုးမြေပဲ ပျက်စီးဧကများအား စိုက်ပျိုးရေးဦးစီးဌာန နေပြည်တော်(ရုံးချုပ်) မှ ပြည်ထောင်စုရန်ပုံငွေဖြင့် တစ်ဧကလျှင် ငွေကျပ်တစ်သောင်းနှုန်း ပံ့ပိုးပစ္စည်းများ ထောက်ပံ့ပေးအပ်သည့်အခမ်းအနားကို ဧပြီ ၇ ရက် နံနက် ၉ နာရီက ကျင်းပခဲ့သည်။

**ပျက်စီးဆုံးရှုံး**

ရေကြီးနစ်မြုပ်မှုကြောင့် ပျက်စီးသွားသော စိုက်ဧက ၁၈၂၉ ဧကမှာ ၂၀၁၈ ခုနှစ် ဇူလိုင်လ တတိယပတ်အတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မြဝတီခရိုင်အတွင်းရှိ မိုးစပါးစိုက်ဧက ၁၅၆ ဧက၊ မိုးအစေ့ထုတ်ပြောင်းစိုက်ဧက ၁၆၆၃ ဧကနှင့် မိုးမြေပဲတစ်ဧက ရေနစ်မြုပ် ပျက်စီးဆုံးရှုံးခဲ့ရခြင်းဖြစ်ပြီး တစ်ဧကလျှင် ငွေကျပ် တစ်သောင်းတန်ဖိုးရှိ ကောမက်ရွက်ဖျန်းမြေဩဇာနှင့် ပိုးသတ်ဆေးများ ပေးအပ်ခဲ့ကြောင်း၊ ပျက်စီးဆုံးရှုံးခြင်းများအတွက် ကွန်ပေါင်းမြေဩဇာ ၃၆၄ အိတ်၊ အစေ့ထုတ်ပြောင်း ၅ ကီလိုအိတ် ၉၈ အိတ်နှင့် ငွေကျပ်နှစ်ရာ့လေးသိန်းခြောက်သောင်းကို ၂၀၁၈ ခုနှစ် အောက်တိုဘာလအတွင်းက ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးမှ ထောက်ပံ့ပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**သိန်းသန်း (ပြန်/ဆက်)**



# ရန်ကုန်-မန္တလေး အမြန်လမ်းအသုံးပြုယာဉ်များကြပ်ခိုင်မှုကို ယနေ့ စတင်စစ်ဆေးမည်

ရန်ကုန်-မန္တလေးအမြန်လမ်းကို အသုံးပြုနေသည့် ခရီးသည်တင် Express ယာဉ်များ၊ Mini Bus များ၊ ဘုရားဖူးယာဉ်များ၊ Telematic စနစ် တပ်ဆင်ထားသောယာဉ်များနှင့် Light Truck ယာဉ်များ ကြပ်ခိုင်မှုရှိစေရန်နှင့် ယာဉ်အန္တရာယ်ဖြစ်ပွားမှု လျော့နည်းစေရန် ယာဉ်လိုင်းများ၊ ယာဉ်မောင်းများနှင့် ယာဉ်အကူများ လိုက်နာရမည့် ထုတ်ပြန်ချက်များကို ရန်ကုန်-မန္တလေး အမြန်လမ်း အသုံးပြုယာဉ်များ၏ ကြပ်ခိုင်မှုပူးပေါင်းစစ်ဆေးရေးအဖွဲ့က ထုတ်ပြန်ထားသည်။

ထိုသို့ ထုတ်ပြန်ထားမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့်လုပ်ငန်းစဉ် အခြေအနေများကို သိရှိနိုင်ရန် အမြန်လမ်းမကြီး ထိန်းသိမ်းပြုပြင်ရေးနှင့်ကြီးကြပ်ရေးအဖွဲ့မှ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ) ဦးစိုးနိုင်ဦး၊ အမြန်လမ်းမကြီး ရဲတပ်ဖွဲ့မှူးရုံးမှ ရဲမှူးဇော်နည်မောင်တို့နှင့် တွေ့ဆုံမေးမြန်းခဲ့မှုများကို ကောက်နုတ်ဖော်ပြလိုက်ပါသည်-

**ဦးစိုးနိုင်ဦး**
**လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)**
**အမြန်လမ်းမကြီးထိန်းသိမ်းပြုပြင်ရေးနှင့် ကြီးကြပ်ရေးအဖွဲ့**

**မေး။ ။ ရန်ကုန်-မန္တလေးအမြန်လမ်းကို အသုံးပြုတဲ့ ယာဉ်တွေ လိုက်နာရမယ့်စည်းကမ်းချက်တွေကို ပြီးခဲ့တဲ့ ရက်ပိုင်းအတွင်းက ထုတ်ပြန်လိုက်တာ တွေ့ရပါတယ်။ ဘာကြောင့် ဒီလိုထုတ်ပြန်ရတာလဲဆိုတာနဲ့ ရည်ရွယ်ချက်က ဘာလဲဆိုတာ သိပါရစေ။**

ဖြေ။ ။ အမြန်လမ်းမှာ Express ကားတွေ၊ Mini Bus တွေ၊ ဘုရားဖူးယာဉ်တွေ၊ Telematic စနစ် တပ်ဆင်ထားတဲ့ ယာဉ်တွေအတွက် စည်းကမ်းချက် အချက် ၂၀ ပါတဲ့ ထုတ်ပြန်ချက် တစ်စောင်နဲ့ Light Truck ယာဉ်တွေအတွက် စည်းကမ်းချက် ၁၈ ချက်ပါတဲ့ ထုတ်ပြန်ချက်တစ်စောင်ကို ထုတ်ပြန်ထားပါတယ်။ အမြန်လမ်းမကြီးတစ်လျှောက် ယာဉ်မတော်တဆဖြစ်ပွားမှု လျော့ကျကာ ခရီးသွားပြည်သူတွေ ဘေးအန္တရာယ်ကင်းရှင်းစွာသွားလာနိုင်ဖို့ ရည်ရွယ်ပြီး ထုတ်ပြန်ခဲ့တာဖြစ်ပါတယ်။

**မေး။ ။ထုတ်ပြန်ချက်မှာပါတဲ့ စည်းကမ်းချက်တွေအတိုင်း လိုက်နာမှု ရှိ၊မရှိ ဘယ်တော့လောက်စစ်ဆေးသွားဖို့ရှိပါသလဲ။ ဒီထုတ်ပြန်ချက်ပါ အချက်တွေကိုရော ယာဉ်လိုင်းတွေ၊ ယာဉ်မောင်းတွေအပါအဝင်၊ ပြည်သူတွေ ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်ဖို့ ဘာတွေလုပ်ဆောင်ထားပါသလဲခင်ဗျာ။**

ဖြေ။ ။ ဒီလိုထုတ်ပြန်ထားတဲ့အတိုင်း စည်းကမ်းချက်တွေကို လိုက်နာမှု ရှိ၊ မရှိ ပူးပေါင်းအဖွဲ့တွေအနေနဲ့ ၂၀၁၉ ခုနှစ် ဧပြီ ၈ ရက်ကနေစပြီး စစ်ဆေးသွားမှာဖြစ်ပါတယ်။ အနည်းဆုံး တစ်ပတ်ကို သုံးကြိမ် စစ်ဆေးသွားဖို့ရှိပါတယ်။ ပထမ တစ်လကို ပညာပေးကာလအနေနဲ့ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ နောက်ပိုင်းမှာ အရေးယူမှုတွေ ပါလာမှာဖြစ်ပါတယ်။ ဒီစည်းကမ်းချက်တွေကို အများပြည်သူသိရှိစေဖို့၊ နိုင်ငံပိုင်သတင်းစာတွေနဲ့ တိုးဂိတ်တွေမှာ ထည့်သွင်းကြော်ငြာထားပါတယ်။ လက်ရှိ နီးစပ်ရာယာဉ်လိုင်းတွေကို စည်းကမ်းချက်တွေ ဖြန့်ဝေပေးထားပြီး ဖြစ်ပါတယ်။ တိုးဂိတ်ကနေ လက်ကမ်းစာစောင်တွေ ဖြန့်ဝေပေးသွားမှာဖြစ်ပါတယ်။

**မေး။ ။နှစ်အလိုက် ယာဉ်မတော်ဆဖြစ်ပွားမှုနဲ့ ၂၀၁၉ ခုနှစ်အတွင်း ယာဉ်မတော်ဆမှု ဘယ်လောက်များရှိသလဲဆိုတာ ပြောပြပေးပါဦး။**

ဖြေ။ ။ ရန်ကုန်-မန္တလေး အမြန်လမ်းမှာ ယာဉ် မတော်တဆမှု ဖြစ်ပွားခဲ့တာကတော့ ၂၀၁၆ ခုနှစ်မှာ ၇၄၅ မှု၊ ၂၀၁၇ ခုနှစ်မှာ ၅၅၅ မှု၊ ၂၀၁၈ ခုနှစ်မှာ ၄၇၃မှု ဖြစ်ပွားခဲ့ပါတယ်။ ၂၀၁၉ ခုနှစ်အတွင်းမှာတော့ မတ်လ အထိ ၁၃၅ မှုရှိပါပြီ။

**မေး။ ။ *Telematic* စနစ်ရဲ့ လုပ်ဆောင်ချက်က ဘာတွေပါလဲ။ ဒီစနစ် တပ်ဆင်လိုက်တဲ့အတွက် ဘယ်လိုအကျိုးတွေ ရရှိနိုင်သလဲဆိုတာ ရှင်းပြပေးစေလိုပါတယ်။**

ဖြေ။ ။ *Telematic* စနစ်ကို ဟင်းသီးဟင်းရွက်၊ အသားငါး၊ ပန်း စတဲ့ ပျက်စီးလွယ်တဲ့ကုန်ကားတွေမှာ အဓိက တပ်ဆင်ထားပါတယ်။ အချို့ Express တွေမှာ လည်း တပ်ဆင်ထားတာရှိပါတယ်။ အမြန်လမ်းပေါ်သွားနေတဲ့ ယာဉ်တွေအနေနဲ့ Telematic စနစ်ကို တပ်ဆင်ထားသင့်ပါတယ်။

Telematic စနစ် တပ်ဆင်ထားတဲ့ ယာဉ်တွေဟာဆိုရင် ယာဉ်သွားလာရာလမ်းကြောင်းတွေကို မြေပုံနဲ့တကွ ပြန်လည်ကြည့်ရှုနိုင်မယ်။ ယာဉ်အားလုံးရဲ့စက်နှိုး၊ စက်ရပ်၊ အရှိန်နဲ့ ရောက်ရှိရာနေရာတွေကို အချိန်နဲ့ တစ်ပြေးညီ သိရှိနိုင်မယ်။ ယာဉ်တွေအသုံးပြုခဲ့တဲ့ ခရီးစဉ်တွေ အသေးစိတ် ပြန်လည်ကြည့်ရှုနိုင်မယ်၊ သတ်မှတ်အမြန်နှုန်းထက် ကျော်လွန်မောင်းနှင်ရင် အချိန်နဲ့တစ်ပြေးညီသိရှိနိုင်မယ်၊ ကြမ်းတမ်းစွာမောင်းနှင်ခြင်း၊ ရုတ်တရက် ဘရိတ်နင်းခြင်း၊ အရှိန်လွန်မောင်းနှင်ခြင်းတွေ ပြုလုပ်ရင် ယာဉ်ပေါ်မှာ အချက်ပေးအသံမြည်ပြီး ယာဉ်မောင်းကို သတိပေးနိုင်တယ်။ မော်တော်ယာဉ်တွေရဲ့ နေ့စဉ်၊ လစဉ် အသုံးပြုထားတဲ့ စာရင်းတွေကို ထုတ်ယူကြည့်ရှုနိုင်မယ်။ ယာဉ်မတော်တဆမှုဖြစ်စဉ် အသေးစိတ် အချက်အလက်တွေကို Black Box နဲ့ ပြန်လည်စိစစ်ပေးနိုင်မယ်။ မောင်းနှင်ခဲ့တဲ့ ကီလိုမီတာ၊ ကြာမြင့်ချိန်တွေ ပြန်လည်ကြည့်ရှုနိုင်မယ်၊ တစ်နေ့တာ အလုပ်လုပ်ချိန်နဲ့မောင်းနှင်ချိန်တွေကို ပြန်လည်ကြည့်ရှုနိုင်မယ်၊ Mobile Application အသုံးပြုပြီး ယာဉ်ပိုင်ရှင်တွေက မိမိတို့ရဲ့ မော်တော်ယာဉ်တွေကို စီမံခန့်ခွဲနိုင်မယ်၊ Traffic Command and Control Center က စည်းကမ်းလိုက်နာမှုမရှိတဲ့ ယာဉ်တွေကို အချိန်နဲ့တစ်ပြေးညီ ယာဉ်မောင်းထံသို့ ဆက်သွယ်သတိပေးနိုင်မယ်၊ အရေးပေါ်အခြေအနေတွေမှာ စောင့်ကြည့်ထိန်းချုပ်တဲ့ Command Center ကို Panic Buton (အရေးပေါ် ခလုတ်နှိပ်ခြင်းဖြင့်) ဆက်သွယ်နိုင်မယ် စတဲ့အကျိုးတွေ ရှိမှာဖြစ်ပါတယ်။

**မေး။ ။ ပူးပေါင်းအဖွဲ့နဲ့ စစ်ဆေးမယ်ဆိုတော့ ဘယ် အဖွဲ့တွေ ပူးပေါင်းပါဝင်ကြမလဲဆိုတာ သိပါရစေ။**

ဖြေ။ ။ ပူးပေါင်းအဖွဲ့မှာ အမြန်လမ်းမကြီးရဲတပ်ဖွဲ့က အဖွဲ့ခေါင်းဆောင်အနေနဲ့ ဆောင်ရွက်ပါမယ်။ နောက် ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန၊ လုပ်ငန်းလိုင်စင်နဲ့ သယ်ယူပို့ဆောင်ရေးကြီးကြပ်ညှိနှိုင်းမှုဌာန၊ အမြန်လမ်းမကြီးထိန်းသိမ်းပြုပြင်ရေးနဲ့ ကြီးကြပ်ရေးအဖွဲ့၊ အမြန်လမ်းမီးသတ်တပ်ဖွဲ့၊ အမြန်လမ်းကြက်ခြေနီအဖွဲ့ စတဲ့အဖွဲ့တွေ ပါဝင်ကြမှာဖြစ်ပါတယ်။

**မေး။ ။ ထုတ်ပြန်ချက်မှာ ပါဝင်တဲ့အချက်တွေက ယာဉ်လိုင်းတွေနဲ့ ယာဉ်မောင်းတွေ လိုက်နာနိုင်တဲ့ အချက်တွေဖြစ်ရဲ့လားဆိုတာ ရှင်းပြပေးပါဦး။**

ဖြေ။ ။ ထုတ်ပြန်ချက် နှစ်စောင်လုံးမှာ ပါတဲ့အချက်တွေက ယာဉ်တစ်စီးမှာ ရှိသင့်၊ ရှိထိုက်တဲ့ အချက်တွေ ဖြစ်ပါတယ်။ ယာဉ်လိုင်းတွေနဲ့ယာဉ်မောင်းတွေ လိုက်နာနိုင်မယ့်အချက်တွေဖြစ်ပါတယ်။ အန္တရာယ်ကင်းဖို့အတွက် ဒါတွေကို မဖြစ်မနေ လိုက်နာဖို့ လိုအပ်ပါတယ်။

**မေး။ ။အမြန်လမ်းမှာ ဘယ်လိုအကြောင်းအရာတွေကြောင့် ယာဉ်မတော်တဆမှုအဖြစ်များပါသလဲ။**

ဖြေ။ ။ အမြန်လမ်းမှာ ယာဉ်တိမ်းမှောက်မှု အဖြစ်များတာက Over Speed မောင်းတဲ့ယာဉ်တွေ၊ ယာဉ်မောင်းအိပ်ငိုက်တဲ့ ယာဉ်တွေ၊ ဘီးပေါက်ပြီးဖြစ်တဲ့ ယာဉ်တွေပဲ အများဆုံးဖြစ်တာ တွေ့ရပါတယ်။ အခုလောလောဆယ်မှာတော့ အိမ်စီးကားတွေ အဖြစ်များနေပါတယ်။ အိမ်စီးကားတွေအတွက်ကိုလည်း ထပ်မံဆောင်ရွက်သွားဖို့ ရှိပါတယ်။

**မေး။ ။ တစ်နေ့တစ်နေ့ အမြန်လမ်းအသုံးပြုတဲ့ ယာဉ်အစီးရေ ဘယ်လောက်ရှိပါသလဲ။**

ဖြေ။ ။ အမြန်လမ်းအသုံးပြုတဲ့ တစ်နေ့ပျမ်းမျှ ယာဉ်စီးရေဟာ ၄၅၀၀ နဲ့ ၅၀၀၀ အကြားရှိပါတယ်။ အခုလို ထုတ်ပြန်ချက်တွေထုတ်ပြီး ဆောင်ရွက်ရတာက ခရီးသွားပြည်သူတွေ အန္တရာယ်ကင်းစွာနဲ့သွားလာနိုင်ဖို့အတွက် အဓိကဆောင်ရွက်ခြင်းဖြစ်ပါတယ်။ ယာဉ်တွေအနေနဲ့လည်း အန္တရာယ်ကင်းရှင်းဖို့အတွက် ကျွန်တော်တို့နဲ့အတူ ပူးပေါင်းပါဝင်စေလိုပါတယ်။

**ရဲမှူးဇော်နည်မောင်**
**အမြန်လမ်းမကြီး ရဲတပ်ဖွဲ့မှူးရုံး**

**မေး။ ။ရန်ကုန်-မန္တလေး အမြန်လမ်းအသုံးပြုယာဉ်တွေရဲ့ကြပ်ခိုင်မှုကို ပူးပေါင်းအဖွဲ့အနေနဲ့ ဧပြီ ၈ ရက်က စပြီး စစ်ဆေးသွားမယ်လို့ သိရပါတယ်။ ဘယ်နေရာတွေမှာ ဘယ်လိုစစ်ဆေးသွားမှာပါလဲ။**

ဖြေ။ ။ရန်ကုန် - မန္တလေးအမြန်လမ်းမကြီးမှာ နေရာသုံးနေရာသတ်မှတ်ပြီး ယာဉ်ကြပ်ခိုင်မှုကို စစ်ဆေးသွားမှာ ဖြစ်ပါတယ်။ စစ်ဆေးမယ့် နေရာတွေကတော့ အမှတ်(၃) လမ်းဆုံတိုးဂိတ်၊ နေပြည်တော်တိုးဂိတ်၊ စကားအင်းတိုးဂိတ်တွေမှာ မနက်တစ်ကြိမ်၊ ညနေတစ်ကြိမ် စစ်ဆေးသွားဖို့ရှိပါတယ်။ တစ်ပတ်ကို သုံးကြိမ် အနည်းဆုံး စစ်ဆေးဆောင်ရွက်သွားဖို့ရှိပါတယ်။

**မေး။ ။စစ်ဆေးတဲ့အခါမှာ အချိန်ဘယ်လောက်ယူဖို့ရှိပါသလဲ။ ခရီးသွားပြည်သူတွေ ခရီးကြန့်ကြာမှု မရှိအောင် ဘယ်လိုများလုပ်ဆောင်သွားပါမလဲ။ စည်းကမ်းချက်နဲ့ မကိုက်ညီတဲ့ယာဉ်တွေကို ဘယ်လိုဆောင်ရွက်သွားဖို့ရှိသလဲဆိုတာ ရှင်းပြပေးပါဦး။**

ဖြေ။ ။ စစ်ဆေးတဲ့အခါမှာ ပြည်သူတွေ ခရီးကြန့်ကြာမှု၊ နှောင့်နှေးမှုတွေ မဖြစ်ရအောင် အဖွဲ့တွေ၊

**စာမျက်နှာ ၉ သို့ ❖**



ဦးစိုးနိုင်ဦး
လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)



ရဲမှူးဇော်နည်မောင်
အမြန်လမ်းမကြီး ရဲတပ်ဖွဲ့မှူးရုံး



ရန်ကုန်-မန္တလေးအမြန်လမ်း တိုးဂိတ်တစ်ခုတွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထုတ်ပြန်ချက်များ ဖော်ပြထားသည်ကို တွေ့ရစဉ်။

**“ထုတ်ပြန်ထားတဲ့အတိုင်း စည်းကမ်းချက်တွေကို လိုက်နာမှု ရှိ၊ မရှိ ပူးပေါင်းအဖွဲ့တွေအနေနဲ့ ၂၀၁၉ ခုနှစ် ဧပြီ ၈ ရက်ကနေစပြီး စစ်ဆေးသွားမှာ ဖြစ်ပါတယ်။ အနည်းဆုံး တစ်ပတ်ကို သုံးကြိမ် စစ်ဆေးသွားဖို့ရှိပါတယ်။ ပထမတစ်လကို ပညာပေးကာလအနေနဲ့ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ နောက်ပိုင်းမှာ အရေးယူမှုတွေ ပါလာမှာဖြစ်ပါတယ်။ ဒီစည်းကမ်းချက်တွေကို အများပြည်သူသိရှိစေဖို့၊ နိုင်ငံပိုင်သတင်းစာတွေနဲ့ တိုးဂိတ်တွေမှာ ထည့်သွင်းကြော်ငြာထားပါတယ်။ လက်ရှိ နီးစပ်ရာယာဉ်လိုင်းတွေကို စည်းကမ်းချက်တွေ ဖြန့်ဝေပေးထားပြီး ဖြစ်ပါတယ်။ တိုးဂိတ်ကနေ လက်ကမ်းစာစောင်တွေ ဖြန့်ဝေပေးသွားမှာဖြစ်ပါတယ်”**

❖ စာမျက်နှာ ၈ မှ

အဆိုင်းတွေခွဲပြီး အမြန်ဆုံးစစ်ဆေးသွားမှာဖြစ်ပါတယ်။ သတ်မှတ်ထားတဲ့ ပစ္စည်းတွေ၊ ပြည့်စုံရမယ့်အချက်တွေ မရှိဘူးဆိုရင်တော့ ယာဉ်တွေကို အမြန်လမ်းမကြီးပေါ် ဖြတ်သန်းခွင့်ပြုမှာ မဟုတ်ပါဘူး။

**မေး။ ။ အခုလိုစစ်ဆေးရတဲ့ ရည်ရွယ်ချက်ကိုလည်း ပြောပြပေးစေလိုပါတယ်။**

ဖြေ။ ။ အခုလိုစစ်ဆေးရတဲ့ ရည်ရွယ်ချက်ကတော့ ရန်ကုန် - မန္တလေး အမြန်လမ်းမကြီးမှာ ခရီးသွား ယာဉ်တွေဟာ တစ်နေ့ကို ပျမ်းမျှအားဖြင့် အစီးရေ လေးထောင်ကနေ ငါးထောင်ပတ်ဝန်းကျင် ဖြတ်သန်းသွား လာနေတာဖြစ်တဲ့အတွက် ယာဉ်မတော်တဆမှုတွေ နေ့စဉ်နဲ့အမျှ ဖြစ်နေတာတွေ့ရပါတယ်။ ဒီအတွက်ကြောင့် ယာဉ်မှာပါရမယ့် ပစ္စည်းတွေ၊ ပြည့်စုံရမယ့်အချက်တွေကို သတ်မှတ်ပြီး စစ်ဆေးခြင်းဖြစ်ပါတယ်။ အဓိကအားဖြင့် ရန်ကုန်- မန္တလေး အမြန်လမ်းမကြီးတစ်လျှောက်မှာရှိ

> **“ရန်ကုန် - မန္တလေး အမြန်လမ်းမကြီးမှာ ခရီးသွားယာဉ်တွေဟာ တစ်နေ့ကို ပျမ်းမျှအားဖြင့် အစီးရေ လေးထောင်ကနေ ငါးထောင်ပတ်ဝန်းကျင် ဖြတ်သန်းသွားလာနေတာဖြစ်တဲ့အတွက် ယာဉ်မတော်တဆမှုတွေ နေ့စဉ်နဲ့အမျှ ဖြစ်နေတာတွေ့ရပါတယ်။ ဒီအတွက်ကြောင့်ယာဉ်မှာပါရမယ့် ပစ္စည်းတွေ၊ ပြည့်စုံရမယ့် အချက်တွေကို သတ်မှတ်ပြီး စစ်ဆေးခြင်းဖြစ်ပါတယ်။ အဓိကအားဖြင့် ရန်ကုန်- မန္တလေး အမြန်လမ်းမကြီး တစ်လျှောက်မှာရှိတဲ့ ခရီးသွားပြည်သူတွေ လုံခြုံချောမွေ့စွာ ခရီးသွားလာနိုင်ရေး၊ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး”**

တဲ့ ခရီးသွားပြည်သူတွေ လုံခြုံချောမွေ့စွာ ခရီးသွားလာနိုင်ရေး၊ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး၊ တရားဥပဒေစိုးမိုးရေးအပိုင်းတွေကို အမြန်လမ်းမကြီးရဲတပ်ဖွဲ့က အဓိကထားပြီး ဆောင်ရွက်လျက်ရှိပါတယ်။

**မေး။ ။ တခြားရော ဘယ်လိုကူညီဆောင်ရွက်ပေးမှုတွေ ဆောင်ရွက်နေပါသလဲ။**

ဖြေ။ ။ အမြန်လမ်းမကြီးမှာ ယာဉ်မတော်တဆမှု ဖြစ်ပွားတဲ့အခါမှာလည်း ဆေးရုံ၊ ဆေးခန်းတွေကို အမြန်ဆုံးရောက်ရှိနိုင်ရေးအတွက် ကူညီကယ်ဆယ်ရေး ဆောင်ရွက်ပေးလျက်ရှိပါတယ်။ နောက်ပြီး ခရီးသွားပြည်သူတွေ လမ်းမှာ ကားစက်ချို့ယွင်းတာပဲဖြစ်ဖြစ်၊ ဘီးပေါက်တာပဲဖြစ်ဖြစ်၊ ဆီပြတ်လို့ ယာဉ်ဆက်ထွက်မရတာတွေကို အမြန်လမ်းမကြီး ရဲတပ်ဖွဲ့အနေနဲ့ အမြန်ဆုံး ယာဉ်မတော်တဆမှုတွေ လျော့နည်းဖို့အတွက် အမြန်လမ်းမကြီးရဲတပ်ဖွဲ့အနေနဲ့ ခေတ်မီအရှိန်ထိန်းစက်တွေနဲ့ တိုင်းတာပြီး ခရီးသွားပြည်သူတွေ၊ ယာဉ်မောင်းတွေ သတ်မှတ်တဲ့ မိုင်နှုန်းအတိုင်း မောင်းနှင်ဖို့အတွက် စစ်ဆေးကြပ်မတ် အရေးယူဆောင်ရွက်လျက်ရှိပါတယ်။ အရက်သေစာသောက်စား မောင်းနှင်မှု မရှိစေဖို့ Alcohol Tester တွေနဲ့ တိုင်းတာပြီး စစ်ဆေးအရေးယူ ဆောင်ရွက်လျက်ရှိပါတယ်။ တိုးဂိတ် (၅)ဂိတ်မှာလည်း ယာဉ်မောင်းနဲ့ ခရီးသွားပြည်သူတွေကို ခါးပတ်ပတ်ဖို့ ပညာပေးတာတွေ လိုက်လံစစ်ဆေးကြပ်မတ်တာတွေ ပြုလုပ်ပါတယ်။ နောက်ပြီး ယာဉ်ပေါ်မှာ မီးသတ်ဆေးဘူး တွေ ကောင်းမကောင်းလည်း စစ်ဆေးမှုတွေလုပ်ပါတယ်။

အမြန်လမ်းမကြီးတစ်လျှောက်မှာ ကျေးရွာအများ အပြားရှိတာဖြစ်တဲ့အတွက် ဆိုင်ကယ်၊ နွား၊ တိရစ္ဆာန်တွေနဲ့ ယာဉ်မတော်တဆမှုတွေ မဖြစ်ပွားအောင်လည်း ရဲစခန်းအပိုင်းအလိုက် စခန်းမှူးများကနေပြီး ပညာပေးခြင်းတွေ ဆောင်ရွက်လျက်ရှိပါတယ်။ ပညာပေးခြင်း အပိုင်းနဲ့ စစ်ဆေးအရေးယူတဲ့အပိုင်းတွေကို ဆောင်ရွက်လျက်ရှိပါတယ်။

**မေး။ ။ အမြန်လမ်းမှာ ဖြစ်ပွားတဲ့ ယာဉ်မတော်တဆမှုတွေက လူ့ပယောဂကြောင့် ဖြစ်တာများတယ်လို့ သိရပါတယ်။ ယာဉ်မကြံ့ခိုင်မှုကြောင့်ရော ဘယ်လောက်အထိ ဖြစ်ပွားနေသလဲဆိုတာ ရှင်းပြပေးစေလိုပါတယ်။**

ဖြေ။ ။ ယာဉ်မတော်တဆမှု ဖြစ်ပွားရတဲ့ အကြောင်းအရင်း (၄)ချက်အနေနဲ့ လူ၊ ယာဉ်၊ လမ်း၊ ရာသီဥတုဆိုပြီး သတ်မှတ်ထားပါတယ်။ ၂၀၁၈ ခုနှစ်မှာ လူကြောင့်ဖြစ်ပွားတာက ၃၆၇ မှု၊ ယာဉ်ကြောင့်ဖြစ်ပွားတာ ၄၈ မှု၊ လမ်းကြောင့်ဖြစ်ပွားတာ ၉ မှုရှိပြီး ရာသီဥတုကြောင့် ဖြစ်ပွားတာမရှိပါဘူး။ ယာဉ်မတော်တဆမှု ဖြစ်ပွားတာတွေကိုကြည့်ရင် လူကြောင့် ဖြစ်ပွားမှုများပါတယ်။

လူကြောင့် ဖြစ်ပွားမှုတွေမှာ အဓိကအားဖြင့် အရှိန်ပြင်းတဲ့အတွက် ယာဉ်မတော်တဆမှုတွေ များပြားနေခြင်း ဖြစ်ပါတယ်။ ဒါကြောင့် အရှိန်ထိန်းဖမ်းစက်တွေနဲ့ စစ်ဆေးဆောင်ရွက်တာရှိသလို Alcohol Tester တွေနဲ့လည်း အရက်သေစာသောက်စားမှု ရှိမရှိ စစ်ဆေးတဲ့အတွက် နှစ်စဉ်နှစ်စဉ် ယာဉ်မတော်တဆမှုတွေ လျော့နည်းလာတာလည်း ဖြစ်ပါတယ်။ အခုယာဉ်ကြံ့ခိုင်မှုအပိုင်းတွေပါ ထပ်မံစစ်ဆေးတာတွေ ဆောင်ရွက်လာပြီဆိုရင် တဖြည်းဖြည်းနဲ့ ယာဉ်အန္တရာယ်တွေ လျော့နည်းသွားမှာ ဖြစ်ပါတယ်။

**မေး-ရေး-ကျော်ရဲသွင်၊ ဓာတ်ပုံ-ထန်းဖုန်**

## သင်္ကြန်ပွဲတော်ကာလအတွင်း ယာဉ်မောင်းသူများ လိုက်နာရန်

၂၀၁၈ ခုနှစ် မဟာသင်္ကြန်ကာလအတွင်း တစ်နိုင်ငံလုံး အနေဖြင့် ယာဉ်မတော်တဆမှု ၃၅၀ မှု ဖြစ်ပွားခဲ့ကာ ဒဏ်ရာရသူ ၆၉၀၊ သေဆုံးသူ ၁၃၃ ဦးရှိခဲ့ပြီး မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် ယာဉ်မတော်တဆမှု အများဆုံးဖြစ်ပွားခဲ့ကြောင်း တွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ ၂၀၁၉ ခုနှစ်၊ မဟာသင်္ကြန်ကာလအတွင်း မိဘပြည်သူများယာဉ်မတော်တဆမှုကြောင့် ထိခိုက်နစ်နာမှုမရှိစေရေး၊ ယာဉ်အန္တရာယ် မဖြစ်ပွားစေရေးတို့အတွက် ယာဉ်မောင်းသူများအနေဖြင့် အောက်ပါစည်းကမ်းချက်များအား တိကျစွာလိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်-

၁။ မူးယစ်သောက်စား၍ ယာဉ်မောင်းနှင်ခြင်း မပြုရ။

၂။ အပျော်လွန်ကျူး စည်းကမ်းမဲ့ပြိုင်မောင်းခြင်း၊ လုမောင်းခြင်း၊ အရှိန်ပြင်းမောင်းခြင်းမပြုရ။

၃။ ယာဉ်နံပါတ်ပြားမပါဘဲ မောင်းနှင်ခြင်းမပြုရ။

၄။ ယာဉ်၏ ဘေးတံခါးများ၊ နောက်ဖုံးများဖြုတ်၍ မောင်းနှင်ခြင်းမပြုရ။

၅။ ဖျက်သိမ်းထားသော ယာဉ်အို၊ ယာဉ်ဟောင်းများနှင့် ပြုပြင်ဆဲယာဉ်များအား မောင်းနှင်ခြင်းမပြုရ။

၆။ ယာဉ်ကြောပြောင်းပြန် စီးနင်းမောင်းနှင်ခြင်း မပြုရ။

၇။ ထော်လာဂျီကဲ့သို့ အနေးယာဉ်များကို အသုံးပြု၍ ရေကစားခြင်းမပြုရ။

၈။ မော်တော်ဆိုင်ကယ်များ အိတ်ဇောပိုက်ဖြုတ်၍ စီးခြင်း၊ အသံကျယ်လောင်စွာစီးခြင်း၊ နံပါတ်မမြင်အောင် တွန့်ခေါက်၍ စီးခြင်း၊ ရှေ့/နောက် နံပါတ်ပြားမပါဘဲစီးခြင်း၊ နှစ်ဦးထက်ပို၍ စီးခြင်း၊ ဆိုင်ကယ်စီးဦးထုပ်မပါဘဲ စီးခြင်းများမပြုရ။

၉။ သံစုံဟွန်းများ တပ်ဆင်ကာ အသုံးမပြုရ။

၁၀။ မော်တော်ယာဉ်များတွင် ညစ်ညမ်းသော စာသားများ၊ ဆိုင်းဘုတ်၊ ပန်းချီ၊ ရုပ်ပုံ၊ အခြားမသင့်လျော်သော ပစ္စည်းများ ရေးသားချိတ်ဆွဲ၍ မောင်းနှင်ခြင်းမပြုရ။

**(ယာဉ်ထိန်းရဲတပ်ဖွဲ့)**

## ရေဘေးကြောင့်ပြောင်းရွှေ့ရသည့် ကျွန်းစုတောကျေးရွာ ရွှေ့ပြောင်းစရိတ်ပေးအပ်ပွဲသို့ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် တက်ရောက်

**ရေတာရှည် ဧပြီ ၇**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် သိုင်းဝကျေးရွာအုပ်စု ဆွာချောင်းတမံ ပင်မရေပိုလွှဲကျိုးပေါက်မှုဖြစ်စဉ်တွင် ရွာလုံးကျွတ်နီးပါး ဆုံးရှုံးပျက်စီးခဲ့ရသော ကျွန်းစုတောကျေးရွာအား ဆွာချောင်းတောင်ဘက်ခြမ်း သိုင်းဝကျေးရွာနှင့် တုံးကြီးကျေးရွာအကြားသို့ ပြောင်းရွှေ့ပေးခဲ့သည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက အိမ်ထောင်စုတစ်စုလျှင် ကျပ် တစ်သိန်းနှုန်းဖြင့် ပြောင်းရွှေ့အိမ်ထောင်စုပေါင်း ၂၃၆ လုံးအတွက် ကျပ် ၂၃၆ သိန်း ထောက်ပံ့ပေးအပ်ပွဲအခမ်းအနားကို ဧပြီ ၇ ရက် မွန်းလွဲ ၁ နာရီက ရွှေ့ပြောင်းရွာသစ်ရှင်းလင်းဆောင်၌ ပြုလုပ်ခဲ့သည်။

ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းဒေသကြီး ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးသိန်းအောင်က ထောက်ပံ့ပေးအပ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် ဝန်ကြီးချုပ်က ထောက်ပံ့ငွေများ ပေးအပ်ခဲ့ရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းနိုင်အောင်က လက်ခံရယူခဲ့ပြီး ကျွန်းတောစုကျေးရွာနေဒေသခံများကိုယ်စား ဒေသခံ ဦးထွန်းထွန်းက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

**သန်းလွင်**

## ၈-၄-၂၀၁၉ ရက်နေ့မှစ၍ ခရီးသည်တင် Express ယာဉ်များ၊ Mini Bus များ၊ ဘုရားဖူးယာဉ်များနှင့် Telematic စနစ် တပ်ဆင်ထားသောယာဉ်များသည် အောက်ပါအချက်များ မပြည့်စုံပါက ရန်ကုန်-မန္တလေးအမြန်လမ်းပေါ် ဖြတ်သန်းမောင်းနှင်ခွင့်မရှိ

၁။ ယာဉ်၏အစိတ်အပိုင်းများ ကောင်းမွန်စွာအလုပ်လုပ်သုံးစွဲနိုင်ရမည်။
၂။ ယာဉ်၏ကိုယ်ထည် ကြံ့ခိုင်ကောင်းမွန်မှုရှိရမည်။
၃။ တာယာများစံချိန်စံညွှန်းနှင့်အညီ ကောင်းမွန်ကြံ့ခိုင်မှုရှိရမည်။
၄။ အင်ဂျင်၏ မီးခိုးထွက်နှုန်းသည် (၅၀%) Bosch Unit ထက်မပိုရ။
၅။ သတ်မှတ်လူစီးထိုင်ခုံအရေအတွက်ထက် ပိုမိုတပ်ဆင်ထားခြင်း မရှိရ။
၆။ ခရီးသည်အရေအတွက်နှင့် ကုန်ပစ္စည်းတင်ဆောင်မှု သတ်မှတ်ချက်များနှင့် ကိုက်ညီမှုရှိရမည်။
၇။ မီးသတ်ဆေးဘူး (3Kg) (၂ ဘူး)တပ်ဆင်ထားရှိရမည်။
၈။ အရေးပေါ်ထွက်ပေါက်အသုံးပြုနိုင်မှု ရှိရမည်။ (အရေးပေါ်ထွက်ပေါက်နေရာအား ထိုင်ခုံဖြင့် ပိတ်ဆို့တားဆီးခြင်း မရှိစေရ)
၉။ လေကာမှန်၊ ရေသုတ်တံ၊ (Wiper) များ ကောင်းမွန်မှုရှိရမည်။
၁၀။ ရောင်ပြန်ပြားများ သတ်မှတ်ချက်အတိုင်း တပ်ဆင်ထားရှိရမည်။
၁၁။ ယာဉ်ရပ်နားစဉ်တွင် အသုံးပြုသည့် တြိဂံရောင်ပြန်ပါရှိရမည်။
၁၂။ အရေးပေါ်အချိန်တွင် မှန်ခွဲသည့်တူ (Emergency Hammer) များအား ခရီးသည်များ အလွယ်တကူအသုံးပြုနိုင်သောနေရာတွင် တပ်ဆင်ထားရှိရမည်။
၁၃။ ရှေ့လေကာမှန်နှင့် ဘေးပြူတင်းမှန်များ(Safety Glass) ဖြစ်ပြီး ကောင်းမွန်ပြည့်စုံမှုရှိရမည်။
၁၄။ နောက်မြင်ကွင်းအား လွယ်ကူရှင်းလင်းစွာ တွေ့မြင်နိုင်ရမည်။
၁၅။ ယာဉ်မောင်းနှင့် ခရီးသည်များအားလုံး ထိုင်ခုံခါးပတ် ပတ်ဆင်ထားရမည်။
၁၆။ လုပ်ငန်းလိုင်စင်စည်းကမ်းများနှင့် ကိုက်ညီရမည်။ (င)ယာဉ်မောင်းလိုင်စင် ကိုင်ဆောင်ထားသူသာ မောင်းနှင်ခွင့်ပြုမည်။
၁၇။ ယာဉ်မောင်း၊ ယာဉ်အကူနှင့် ယာဉ်လုပ်သားများ အရက်သေစာမသောက်စားရ။
၁၈။ ယာဉ်မောင်းချိန် (၈)နာရီထက်ကျော်လွန်သော ခရီးစဉ်တွင် ယာဉ်မောင်း(၂)ဦး ပါရှိရမည်။
၁၉။ အမြန်လမ်းအားအသုံးပြုသည့် မည်သည့်ယာဉ်မဆို ခေါင်မိုးပေါ်တွင် လူနှင့်ပစ္စည်းများ တင်ဆောင်ခြင်း မပြုလုပ်ရ။
၂၀။ Telematic စနစ်တပ်ဆင်ထားသော ကုန်စည်တင်ယာဉ်များသည် အမိုးအကာ၊ တာလပတ်များဖြင့် စနစ်တကျ အုပ်ဆိုင်းချည်နှောင်ထားရမည်။

**ရန်ကုန်-မန္တလေးအမြန်လမ်းအသုံးပြုယာဉ်များ၏ ကြံ့ခိုင်မှုပူးပေါင်းစစ်ဆေးရေးအဖွဲ့**

# ကျိုက်ထိုမြို့ ဘုရားသုံးဆူတောင်ပေါ်ရှိ ရှေးဟောင်းသမိုင်းဝင် ထိုင်တော်မူဘုရားကြီး၏ ဗုဒ္ဓါဘိသေကအနေကဇာတင် အောင်ပွဲမင်္ဂလာကုသိုလ်တော်အခမ်းအနား ကျင်းပ

**နေပြည်တော် မေ ၇**

မွန်ပြည်နယ် ကျိုက်ထိုမြို့ ဘုရားသုံးဆူတောင်ပေါ်ရှိ ရှေးဟောင်းသမိုင်းဝင် ထိုင်တော်မူ ဂေါတမဗုဒ္ဓမြတ်စွာဘုရားကြီး၏ ဗုဒ္ဓါဘိသေကအနေကဇာတင် အောင်ပွဲမင်္ဂလာကုသိုလ်တော်အခမ်းအနားကို ယနေ့နံနက် ၄ နာရီခွဲတွင် ကျင်းပသည်။

**တက်ရောက်**

အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယက ဒုတိယဥက္ကဋ္ဌ မန္တလေးမစိုးရိမ်တိုက်သစ် မဟာနာယက အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကေသရာဘိဝံသ၊ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ၏ အဓိပတိ၊ အဘိဓဇမဟာရဋ္ဌဂုရု၊ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဒေါက်တာဘဒ္ဒန္တဉာဏိဿရ ဆရာတော်ကြီးတို့ အမှူးပြုသော ဆရာတော်သံဃာတော်များ ကြွရောက်တော်မူကြပြီး တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်၊ မွန်ပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာအေးဇံ၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကြည်မင်း၊ မွန်ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။



ရှေးဦးစွာ အခမ်းအနားအစီအစဉ် ပထမပိုင်းကို ကျင်းပရာ ဆရာတော် သံဃာတော်များက ရုပ်ပွားတော်မြတ်ကြီးအား ဗုဒ္ဓါဘိသေကအနေကဇာတင်ပြီး ပဋ္ဌာန်းပစ္စယုဒ္ဒေသကို ရွတ်ဖတ်ပူဇော်ကြသည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့ဝင်များသည် ဆရာတော်အရှင်သူမြတ်များအား နဝကမ္မအလှူတော်ငွေများနှင့် အရုဏ်ဆွမ်းများ ဆက်ကပ်လှူဒါန်းကြသည်။

အခမ်းအနား အစီအစဉ် ဒုတိယပိုင်းတွင် မန္တလေးမစိုးရိမ်တိုက်သစ် မဟာနာယက ဆရာတော်ကြီးထံမှ ကိုးပါးသီလ ခံယူကြကာ ဆရာတော် သံဃာတော်များထံမှ ပရိတ်တရားတော်များ နာယူကြသည်။

**ဆက်ကပ်လှူဒါန်း**

ဆက်လက်၍ ကျိုက်ထိုမြို့ ဘုရားသုံးဆူတောင် ဆရာတော် ဘဒ္ဒန္တတေဇဝန္တက ကမ္ဘာ့အကြီးဆုံး ထိုင်တော်မူ ရုပ်ပွားတော်ကြီး အောင်မြင်စွာ တည်ထားကိုးကွယ်နိုင်ခဲ့ခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းလျှောက်ထားပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကြည်မင်းက သာသနာရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းလျှောက်ထားသည်။ ထို့နောက် အခမ်းအနားကျင်းပရေးကော်မတီဥက္ကဋ္ဌကိုယ်စား ဦးအောင်စိုးက ကျေးဇူးတင်စကားလျှောက်ထားပြီး ဆရာတော်သံဃာတော်များအား ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့ဝင်များက လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် သီတဂူဆရာတော်ကြီးထံမှ ပြည်ထောင်စုဝန်ကြီး၊ မွန်ပြည်နယ်ဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးနှင့် ဧည့်ပရိသတ်များက အနုမောဒနာတရားနာယူ၍ ရေစက်သွန်းချ အမျှပေးဝေခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ဓမ္မဗျူဟာသာသနမာမကအဖွဲ့(နေပြည်တော်) လူပုဂ္ဂိုလ်များဆိုင်ရာ ဓမ္မစာပေသင်တန်းကျောင်းတစ်ထပ်ဆောင် ပန္နက်တင်

**နေပြည်တော် မေ ၇**

နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ဗလသိဒ္ဓိရပ်ကွက် ဇေယျာအောင်လမ်းနှင့် ရွှေကြာပင်လမ်းထောင့်တွင် ဆောက်လုပ်မည့် ဓမ္မဗျူဟာသာသနမာမကအဖွဲ့(နေပြည်တော်) လူပုဂ္ဂိုလ်များဆိုင်ရာ ဓမ္မစာပေသင်တန်းကျောင်း အနောက်ဘက် တစ်ထပ်ဆောင်ပန္နက်တင် မင်္ဂလာအခမ်းအနားကို ယနေ့နံနက် ၉ နာရီက အဆိုပါမြေကွက်လပ်တွင် ပြုလုပ်သည်။

အခမ်းအနားသို့ နေပြည်တော် ဇမ္ဗူသီရိမြို့နယ်လုံးဆိုင်ရာ ဩဝါဒစရိယဆရာတော်ကြီးများ၊ နေပြည်တော်ကောင်စီနှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ အလှူရှင်များ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဧည့်ပရိသတ်များက သံဃာတော်များ၏ ရွတ်ဖတ်သရဇ္ဈာယ်သော ပရိတ်တရားတော်များကို နာယူကြသည်။

ယင်းနောက် တာဝန်ရှိသူများက သတ်မှတ်ထားသော နေရာအသီးသီးတွင် သင်တန်းကျောင်းအဆောက်အအုံတည်ဆောက်မည့် နေရာတွင် ပန္နက်တင်ပေးခဲ့ကြောင်း သိရသည်။

**မောင်လူမော်**

# ပါဠိပထမပြန်စာမေးပွဲ ဆဋ္ဌမနေ့ ကျင်းပ

**နေပြည်တော် မေ ၇**

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနကကြီးမှူး၍ နှစ်စဉ်ကျင်းပသော ၂၀၁၉ ခုနှစ် ပါဠိပထမပြန်စာမေးပွဲကို ယနေ့ မွန်းလွဲပိုင်းတွင် နိုင်ငံတစ်ဝန်းလုံးရှိ စာဖြေဌာန ၂၄၂ ခုတို့၌ (ဆဋ္ဌမနေ့)အဖြစ် ဖြေဆိုကြပြီး ပါဠိပထမပြန်စာမေးပွဲ (ပထမကြီး၊ ပထမလတ်) စာရင်းသွင်းသံဃာနှင့် သီလရှင် စုစုပေါင်းအပါး ၂၂၉၄၀ အနက် ၁၈၈၄၇ ပါး ဖြေဆိုကြ၍ ၈၂ ဒသမ ၁၆ ရာခိုင်နှုန်း ဖြေဆိုကြကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးကျော်တင် မလေးရှားနိုင်ငံခြားရေး ဝန်ကြီးနှင့်အဖွဲ့အား ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံ

**ရန်ကုန် မေ ၇**

မလေးရှားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E.Mr.Dato' Saifuddin Abdullah ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့သည် ယနေ့ညပိုင်းတွင် ရန်ကုန်မြို့မှ တစ်ဆင့် နေပြည်တော်သို့ လေကြောင်းခရီးဖြင့် ရောက်ရှိလာသည်။

ဧည့်သည်တော်ကိုယ်စားလှယ်အဖွဲ့အား နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ မလေးရှားနိုင်ငံသံရုံးမှ တာဝန်ရှိသူများက နေပြည်တော် လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် မလေးရှားနိုင်ငံခြားရေးဝန်ကြီးနှင့်အဖွဲ့အား အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်က နေပြည်တော်ရှိ Hilton ဟိုတယ်၌ ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

**သတင်းစဉ်**





# အုတ်တွင်းမြို့နယ်၌ ချမ်းသာကြီးသဗ္ဗသုခဆုတောင်းပြည့် စေတီတော်မြတ်ကြီး ရွှေထီးတော်တင်လှူပွဲကျင်းပ

**တောင်ငူ မေ ၇**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် အုတ်တွင်းမြို့နယ် ညောင်ပင်ကြီးရွာ ဗောဓိရတနာ စာသင်တိုက်အတွင်း၌ မေ ၇ ရက် နံနက်ပိုင်းကအသစ်တဖန် ပြန်လည် ပြုပြင်ပူဇော်ထားသော ချမ်းသာကြီး သဗ္ဗသုခဆုတောင်းပြည့် စေတီတော်မြတ်ကြီး၊ ချမ်းသာရသဗ္ဗသုခ ဆုတောင်းပြည့်စေတီတော် နှစ်ဆူတို့အား ရွှေထီးတော်အထွတ်တင် လှူပူဇော်ပွဲနှင့် ဗောဓိပင်ရင်း၌ ပူဇော်ထားရှိသော ဂြိုဟ်ပြေနံ့ပြေဗုဒ္ဓရုပ်ပွားတော်မြတ် ရှစ်ဆူတို့အား ဗုဒ္ဓါဘိသေက အနေကဇာ တင်လှူပူဇော်ပွဲကို အဆိုပါ ကျောင်းတိုက်ဝန်းအတွင်း၌ ကျင်းပသည်။ **(အပေါ်ပုံ)**

ရှေးဦးစွာ ဗောဓိရတနာစာသင်တိုက် ဦးစီးပဓာနနာယကဆရာတော် အရှင်ကေသရဦးဆောင်ပြီး ထေရ်ကြီးဝါကြီး၊ ဆရာတော်ကြီးများ၊ ဘုရားဒါယကာ ဦးလှအေး- ဘုရားဒါယိကာမ ဒေါ်ဌေးဌေးမိသားစုနှင့် အလှူရှင်များမှ စိန်ဖူးတော်၊ ရတနာငှက်မြတ်နားတော်၊ ရွှေထီးတော်ဘုံအဆင့်များ၊ ဆည်းလည်းတော်တို့ကို မင်္ဂလာရထားပျံဖြင့် တင်လှူပူဇော်ခဲ့ကြသည်။

**၁၂၉**




✱ ကျောဖုံးမှ

"အများပြည်သူ ပျော်ရွှင်ဖို့အတွက် ပြုလုပ်ပေးခြင်းဖြစ်ပါတယ်။ မနှစ်ကလည်း ဒီလိုကျင်းပခဲ့ပါတယ်။ Unplugged Show ပွဲတွေ၊ မျက်လှည့်ပြပွဲတွေ၊ တိရစ္ဆာန် ကပြဖျော်ဖြေပွဲတွေ၊ ပျော်ရွှင်စရာ ဂိမ်းကစားနည်းတွေ၊ မျက်နှာဆေးရေးပန်းချီ၊ ပုဂံခေတ်ဆေးရေးပန်းချီနဲ့ ရုပ်သေးအပြင် အဆင်အဖွဲ့တွေ ပါပါတယ်။ ဒါ့အပြင် ဆင်တွေ၊ မြင်းတွေလည်း စီးနိုင်ပါတယ်။ ဆင်းစီးခကတော့ ၅၀၀၀ ပါ။ မြင်းပုလေးကတော့ တစ်ယောက်ကို ၅၀၀ ပါ။ နောက်ပြီးတော့ ဈေးရောင်းပွဲတော်မှာ စားသောက်ကုန်နဲ့ အဝတ်အစားတွေလည်း ပါပါတယ်။ ဆိုင်ခန်းပေါင်း ၃၅ ခန်း စီစဉ်ပေးထားပါတယ်" ဟု Assistance Operation Manager ဦးစောအောင်ကြီးက ပြောသည်။

**လာရောက်လည်ပတ်**

ပွဲတော်တွင် ဆင်၊ မျောက်၊ ဝက်ဝံတို့၏ ကပြဖျော်ဖြေပွဲများ၊ ပညာပေးပြခန်းများ၊ လူသုံးကုန်နှင့် စားသောက်ကုန်များ၊ မျက်လှည့်ပြပွဲများ၊ ဆေးရေးပန်းချီများ၊ ဂီတဖျော်ဖြေပွဲများနှင့် လာရောက်လည်ပတ်သူများအတွက် တိရစ္ဆာန်အရုပ်များနှင့် ဓာတ်ပုံရိုက်လို့ရအောင် စီစဉ်ပေးထားကြောင်း သိရသည်။

တိရစ္ဆာန်ဥယျာဉ်(ရတနာပုံ)ကို ၁၉၈၉ ခုနှစ် ဧပြီ ၈ ရက်မှစတင်ဖွင့်လှစ်ခဲ့ရာ ယခုနှစ် ဧပြီ ၈ ရက်တွင် နှစ် ၃၀ ပြည့်မြောက်ပြီ ဖြစ်သည်။ တိရစ္ဆာန်ဥယျာဉ်(ရတနာပုံ)၌ တိရစ္ဆာန်အမျိုးအစား ၉၉ မျိုး ပြသထားရာ လာရောက်အပန်းဖြေမည့် ပြည်သူများအနေဖြင့် ပိတ်ရက်မရှိ ဖွင့်လှစ်ထားပြီး ဝင်ကြေးလူကြီး ၁၀၀၀ နှင့် ကလေး ၅၀၀ သတ်မှတ်ထားကြောင်း သိရသည်။

**အောင်ဖြိုးကျော်**













# ဗင်နီဇွဲလားအရေး ဆွေးနွေးပွဲပြန်လည်လုပ်ဆောင်နိုင်ရန် သမ္မတ မာဒူရို ၎င်း၏မဟာမိတ်နိုင်ငံများအား တိုက်တွန်း




**ကာရာကတ်စ် မေ ၇**

ဗင်နီဇွဲလားသမ္မတ နီကိုလပ်စ် မာဒူရိုက ဗင်နီဇွဲလားအရေး ဆွေးနွေးပွဲ ပြန်လည်လုပ်ဆောင်နိုင်ရန်အတွက် မက္ကဆီကို၊ ဘိုလီးဗီးယား၊ ဥရုဂွေးနှင့် ကာရေဘီယန်နိုင်ငံများအား တိုက်တွန်းပြောကြားခဲ့ကြောင်း ယနေ့ဆင်ဟွာ သတင်းတစ်ရပ်အရ သိရသည်။

နှစ်လအကြာက ဥရုဂွေးနိုင်ငံမြို့တော် မွန်တီဗီဒီယိုမြို့တွင် အဆိုပါနိုင်ငံများက ဗင်နီဇွဲလားအရေးနှင့်ပတ်သက်ပြီး ဆွေးနွေးခဲ့ကြသည်။ အဆိုပါဆွေးနွေးမှုများကို ပြန်လည်အသက်ဝင်လာစေရန် သမ္မတမာဒူရိုက တိုက်တွန်းပြောကြားခဲ့ခြင်းဖြစ်သည်။ နိုင်ငံရေးကိစ္စရပ်များကို ဆွေးနွေးပွဲစကားဝိုင်းများနှင့် စေ့စပ်ညှိနှိုင်းမှုများမှတစ်ဆင့် ထွက်ပေါ်လာသော ရလဒ်များကို သဘောတူညီမှုရယူကာ ဗင်နီဇွဲလားနိုင်ငံကောင်းကျိုးအတွက် ငြိမ်းချမ်းရေးရရှိရန် ကြိုးပမ်းမည်ဖြစ်ကြောင်း သမ္မတမာဒူရိုက ဆိုသည်။

သမ္မတ မာဒူရိုနှင့်မဟာမိတ်နိုင်ငံများက ဆွေးနွေးပွဲစကားဝိုင်းဆီသို့ စေ့စပ်ညှိနှိုင်းမှုများလုပ်ဆောင်ရန် အတိုက်အခံခေါင်းဆောင် ဂွါအီဒိုအား ဖိတ်ခေါ်ခဲ့သော်လည်း အတိုက်အခံခေါင်းဆောင် ဂွါအီဒိုက ငြင်းဆန်ခဲ့ကြောင်း သိရသည်။

ဇန်နဝါရီ ၂၃ ရက်တွင် အတိုက်အခံခေါင်းဆောင် ဂွါအီဒိုက ၎င်းကိုယ်ကို ဗင်နီဇွဲလား တရားဝင်သမ္မတအဖြစ် ကြေညာခဲ့ပြီးနောက် ဗင်နီဇွဲလားအရေးနှင့်ပတ်သက်ပြီး နိုင်ငံတကာဆွေးနွေးပွဲ ကျင်းပခဲ့သည်။ အဆိုပါဆွေးနွေးပွဲကို အမေရိကန်နှင့် အခြားသောနိုင်ငံများက အသိအမှတ်ပြုခဲ့သည်။

**ဆင်ဟွာ**

## လိုဏ်ဂူအတွင်းပိတ်မိကာ အသက်ရှင်လွတ်မြောက်လာသော ထိုင်းလူငယ်ဘောလုံးသမားများ ဂျပန်နိုင်ငံသို့ လေ့လာရေးခရီးသွားရောက်

**ကျိုတို မေ ၇**

ပြီးခဲ့သော ဇွန်လအတွင်းက လိုဏ်ဂူအတွင်းပိတ်မိကာ ပြန်လည်အသက်ရှင်လွတ်မြောက်လာခဲ့သည့် ထိုင်းလူငယ်ဘောလုံးအသင်းအဖွဲ့ဝင်များသည် ဂျပန်နိုင်ငံ ဖူကူရှီးမားစီရင်စုရှိ ဂျပန်လူငယ်ဘောလုံးသမားများနှင့် ချစ်ကြည်ရေးခြေစမ်းပွဲ ယှဉ်ပြိုင်ကစားခဲ့ကြောင်း ယနေ့ အင်န်အိတ်ချ်ကေ သတင်းတစ်ရပ်အရ သိရသည်။

အဆိုပါဘောလုံးအသင်းသားများနှင့် နည်းပြတစ်ဦးတို့၏ ဂျပန်နိုင်ငံခရီးစဉ်ကို အိုဆာကာမြို့အခြေစိုက် အသက်ကယ်ပစ္စည်းထုတ်လုပ်ရေးကုမ္ပဏီက စီစဉ်ပေးခဲ့ခြင်းဖြစ်သည်။

အဆိုပါဘောလုံးသမားများသည် ထိုင်းနိုင်ငံ မြောက်ပိုင်းစီရင်စုတစ်ခုရှိ လိုဏ်ဂူတစ်ခုအတွင်း၌ ၁၈ ရက်ကြာ ပိတ်မိခဲ့သည်။ ၎င်းတို့အား ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေကို ကမ္ဘာတစ်ဝန်းလုံးက စိတ်ဝင်စားခဲ့ကြသည်။

မေ ၆ ရက်တွင် ၎င်းတို့သည် ဂျပန်နိုင်ငံ၏ ချယ်ရီပန်းများပွင့်ဖူးဝေဆာမှုများကို လိုက်လံကြည့်ရှုခဲ့ကြသည်။ ထို့နောက် J-Village ဘောလုံးလေ့ကျင့်ရေးကျောင်း၌ ကျောင်းသားများနှင့် ခြေစမ်းပွဲကစားခဲ့သည်။


ထိုင်းလူငယ်ဘောလုံးအသင်းခေါင်းဆောင်က ဂျပန်လူငယ်များနှင့် ဘောလုံးကစားရသည်ကို ပီတိဖြစ်မိပါကြောင်း ပြောကြားခဲ့သည်။

ထို့နောက် ၎င်းတို့အဖွဲ့ ဂူအတွင်းပိတ်မိစဉ်က ကယ်ဆယ်ပေးခဲ့သော ကယ်ဆယ်ရေးသမားများအား ကျေးဇူးတင်ကြောင်း ပြောကြားခဲ့ပြီး ဖူကူရှီးမားမြို့ရှိ ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်များတွင် ၎င်းတို့အနေဖြင့် ကူညီထောက်ပံ့မှုများ ပြုလုပ်ရန် ဆန္ဒရှိကြောင်း အသင်းခေါင်းဆောင်က ဆက်လက်ပြောကြားခဲ့သည်။

**အင်န်အိတ်ချ်ကေ**




# ဘရာဇီးနိုင်ငံတွင် တံတားတစ်စင်းကျိုးကျ အနည်းဆုံးလူငါးဦးပျောက်ဆုံး



**ဘရာဇီးလီးယား မေ ၇**

ဘရာဇီးနိုင်ငံမြောက်ပိုင်း ပါရာပြည်နယ်အတွင်းရှိ တံတားတစ်စင်းအား သင်္ဘောတစ်စီးက ဝင်တိုက်မိခဲ့ရာ အဆိုပါတံတားကျိုးကျခဲ့ပြီး အနည်းဆုံးလူငါးဦး ပျောက်ဆုံးလျက်ရှိကြောင်း အင်န်အိတ်ချ်ကေ သတင်းတစ်ရပ်အရ သိရသည်။

ပြောင်းဖူးနှင့်ပဲများတင်ဆောင်လာသော သင်္ဘောတစ်စင်းသည် အဆိုပါတံတား၏ ထောက်တိုင်တစ်တိုင်အား ဝင်တိုက်မိခဲ့ရာ တံတားကျိုးကျခဲ့ပြီး တံတားပေါ်ဖြတ်သန်းသွားလာနေသော ယာဉ်နှစ်စီး မြစ်အတွင်းသို့ ထိုးကျသွားခဲ့သည်။

အဆိုပါ တံတားကျိုးကျမှုကြောင့် ယာဉ်ပေါ်လိုက်ပါစီးနင်းခဲ့သော လူငါးဦးအနည်းဆုံး ပျောက်ဆုံးလျက်ရှိကြောင်း ဒေသန္တရမီဒီယာက ဆိုသည်။

အဆိုပါတံတားသည် ဘရာဇီးနိုင်ငံ၏ ပြောင်းဖူးများထွက်ရှိရာဒေသများနှင့် ဘီလမ်မြို့ကို ဆက်စပ်ပေးထားသော တံတားတစ်စင်းဖြစ်ပြီး အမေဇုန်မြစ်လက်တက်တစ်ခုကို ဖြတ်သန်းထားကြောင်း သိရသည်။

တံတားကျိုးကျမှုကြောင့် ဒေသန္တရအစိုးရအဖွဲ့က အရေးပေါ်အခြေအနေ ကြေညာထားသည်။ မြစ်အတွင်း ကျဆင်းသွားသော ယာဉ်များအား ဝမ်းပြားရေယာဉ်များ အသုံးပြုကာ ပြန်လည်ဆယ်ယူသွားမည်ဖြစ်ကြောင်း တာဝန်ရှိသူများက ဆိုသည်။

အဆိုပါတံတား၏ ထောက်တိုင်များသည် သံချေးတက်နေပြီဖြစ်ကြောင်း ဇန်နဝါရီလအတွင်းက ဆောက်လုပ်ရေးကျွမ်းကျင်ပညာရှင်များက အကြံပြုပြောကြားခဲ့သော်လည်း အာဏာပိုင်များက မည်သည့်ပြန်လည်ပြုပြင်မွမ်းမံမှုမျိုးကိုမျှ လုပ်ဆောင်ခဲ့ခြင်းမရှိကြောင်း သိရသည်။

ယခုဖြစ်ပွားခဲ့သော မတော်တဆမှုသည် ဘရာဇီးနိုင်ငံအတွင်းရှိ အခြေခံအဆောက်အအုံအများအပြား သက်တမ်းရင့်ရော်နေပြီဖြစ်သည်ကို မီးမောင်းထိုးပြသလိုက်ခြင်းပင်ဖြစ်သည်ဟု ကျွမ်းကျင်ပညာရှင်များက ဆိုသည်။

**အင်န်အိတ်ချ်ကေ**

# ဆူဒန်သမ္မတ ဘာရှာအား နုတ်ထွက်ရန် ပြည်သူများ ဆန္ဒထုတ်ဖော်

**ခါတွမ်း မေ ၇**

ဆူဒန်နိုင်ငံတွင် ဆန္ဒထုတ်ဖော်ပြည်သူထောင်ပေါင်းများစွာက မေ ၇ ရက်တွင် ခါတွမ်းမြို့ရှိ ကာကွယ်ရေးဝန်ကြီးဌာနရုံးချုပ်အပြင်ဘက်တွင် စုဝေးကာ ၎င်းတို့၏ တောင်းဆိုချက်များကို သဘောတူညီပြီး ပူးပေါင်းပါဝင်ကြရန် တပ်မတော်သားများအား တောင်းဆိုကာ ဆန္ဒထုတ်ဖော်ခဲ့သည်ဟု ယနေ့အေအက်ဖ်ပီသတင်းတစ်ရပ်အရ သိရသည်။

အဆိုပါဆန္ဒထုတ်ဖော်သူများက သမ္မတ အိုမာအယ်လ်ဘာရှာအား ရာထူးမှ နုတ်ထွက်ပေးရန် တောင်းဆိုခဲ့ကြသည်။

ကာကွယ်ရေးဝန်ကြီးဌာနရုံးချုပ်အပြင်ဘက်တွင် ဆန္ဒထုတ်ဖော်သူများက ညအိပ်စခန်းချကာ တောင်းဆိုခဲ့ကြသည်ဟု မျက်မြင်သက်သေများက ဆိုသည်။

တပ်မတော်သားများအနေဖြင့် ၎င်းတို့တောင်းဆိုမှုကို လက်ခံမှုမပြုမချင်း ဌာနချုပ်၏ အပြင်ဘက်တွင် စခန်းချဆန္ဒထုတ်ဖော်နေဦးမည်ဖြစ်ကြောင်း ဆန္ဒထုတ်ဖော်သူများက ဆိုသည်။

ထို့ပြင် ရဲအရာရှိများက ဆန္ဒထုတ်ဖော်သူများအား မျက်ရည်ယိုဗုံးများအသုံးပြုကာ လူစုခွဲလျက်ရှိသော်လည်း သမ္မတဘာရှာ၏ အာဏာရှင်ဆန်သော အုပ်ချုပ်မှုစနစ်ကို ကြိုက်နှစ်သက်ခြင်းမရှိသည့်အတွက် ၎င်းရာထူးမှ နုတ်ထွက်ပေးသည့်အချိန်ထိတိုင် ဆန္ဒထုတ်ဖော်မှုများကို ဆက်လက်လုပ်ဆောင်မည်ဖြစ်သည်ဟု ဆန္ဒထုတ်ဖော်သူများက ဆိုသည်။ ကာကွယ်ရေးဌာနချုပ်အတွင်းသို့ ဝင်ရောက်လာသည့် လုံခြုံရေးတပ်ဖွဲ့ကားများကို ဆန္ဒထုတ်ဖော်သူများက လက်ဝှေ့ယမ်းပြကာ ၎င်းတို့နှင့်ပူးပေါင်းရန် တောင်းဆိုခဲ့ကြကြောင်း သိရသည်။

**အေအက်ဖ်ပီ**

# ရှမ်းယူနိုက်တက်၊ ရောဝတီ၊ ရန်ကုန်အသင်းတို့ နိုင်ပွဲများရရှိ




ရှမ်းအသင်းတိုက်စစ်မှူး မေကွန်၏ ဂိုးသွင်းရန် ကြိုးပမ်းမှုကို မကွေးဂိုးသမား စိုးအာကာ ကာကွယ်နေစဉ်။

**ရန်ကုန် ဧပြီ ၇**

၂၀၁၉ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၇) ဒုတိယနေ့ကို ယနေ့ညနေပိုင်းက ဆက်လက်ကျင်းပရာ ရှမ်းယူနိုက်တက်၊ ရောဝတီနှင့် ရန်ကုန်အသင်းတို့ နိုင်ပွဲရခဲ့ပြီး ရှမ်းယူနိုက်တက်အသင်း ထိပ်ဆုံးနေရာသို့ ရောက်ရှိလာသည်။

**(သုဝဏ္ဏကွင်း)**

**ရှမ်းယူနိုက်တက် -တစ်ဂိုး**

**မကွေး -ဂိုးမရှိ**

ရှမ်းယူနိုက်တက်အသင်းသည် သုံးပွဲဆက်အနိုင်ရခဲ့သလို ပွဲစဉ် (၆) အပြီး ဦးဆောင်ခဲ့သည့် ဟံသာဝတီအသင်းမှာလည်း ရှုံးပွဲကြုံတွေ့ခဲ့သောကြောင့် ထိပ်ဆုံးနေရာကို ရောဝတီအသင်းအား ဂိုးကွာခြားချက်အသာဖြင့် ရယူ နိုင်ခဲ့သည်။ မကွေးအသင်းနှင့် တွေ့ဆုံတိုင်း ရှုန်းကန်ရလေ့ရှိသည့် ရှမ်းယူနိုက်တက်အသင်းသည် နိုင်ပွဲရခဲ့သော်လည်း ခက်ခက်ခဲခဲကစားခဲ့ရသည်။

ရှမ်းယူနိုက်တက်အသင်း၏ ပွဲထွက်လူစာရင်းတွင် ဒဏ်ရာရကစားသမားများဖြစ်သည့် သီဟစည်သူ၊ ဒီဒီမာ၊ ဟိန်းသီဟဇော်တို့မှလွဲ၍ လူစုံပါဝင်ခဲ့ပြီး မကွေးအသင်းကိုမူ ယူ-၂၂ လက်ရွေးစင်ကစားသမားများဖြစ်သည့် ဝင်းမိုးကျော်၊ စိုးအာကာ (ဂိုး)နှင့် စိုးလွင်လွင်တို့ ဦးဆောင်ကစားခဲ့သည်။ ရှမ်းယူနိုက်တက်အသင်းသည် ပွဲစကတည်းက ဖိကစားနိုင်သော်လည်း မကွေးအသင်းသည် ခပ်မာမာ တုံ့ပြန်ကစားခဲ့သောကြောင့် ရှမ်းယူနိုက်တက်အသင်း စိတ်ကြိုက်ထိုးဖောက်ခွင့် မရခဲ့ပေ။ မကွေးအသင်းသည် ခံစစ်ကို စနစ်တကျပြင်ဆင်ပြီး ကစားခဲ့သလို ရှမ်းယူနိုက်တက်အသင်း၏ တိုက်စစ်တွဲလုံးများမှာလည်း လွဲချော်နေ၍ ပထမပိုင်းတွင် ဂိုးရရန် ရုန်းကန်ခဲ့ရကာ ဂိုးမရှိသရေကျနေသည်။ ဒုတိယပိုင်းတွင် ရှမ်းယူနိုက်တက်အသင်းက တိုက်စစ်မြင့်လာပြီး ၆၄ မိနစ်တွင် ကွင်းလယ်တိုက်စစ်ကစားသမား ဂူစတာဗိုက ခေါင်းတိုက်သွင်းယူခဲ့သောကြောင့် အနိုင်ဂိုးရခဲ့သည်။ ယင်းနောက်ပိုင်းတွင် မကွေးအသင်း ချေပဂိုးပြန်ရရန် ကြိုးပမ်းခဲ့သော်လည်း ရှမ်းယူနိုက်တက်အသင်းက အနိုင်ရလဒ်ကို ထိန်းကစားခဲ့သည်။

ပုသိမ်ကွင်း၌ ကျင်းပသည့်ပွဲတွင် ရောဝတီအသင်းက ဟံသာဝတီအသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ဟံသာဝတီအသင်းသည် ထိပ်ဆုံးနေရာတွင် ဆက်လက်ရပ်တည်နိုင်ရန် ကြိုးပမ်းသော်လည်း ရှုံးပွဲကြုံတွေ့ကာ ထိပ်ဆုံးမှ ဖယ်ပေးခဲ့ရသည်။ရောဝတီအသင်းသည် နည်းပြဦးမျိုးလှိုင်ဝင်းလက်ထက်တွင် ရလဒ်ကောင်းများရရှိနေပြီး အမှတ်ပေးဇယားဒုတိယနေရာသို့ တက်လှမ်းနိုင်ခဲ့သည်။ ရောဝတီအသင်းအတွက် ဂိုးများကို ၇ မိနစ်တွင် မာတူနာ၊ ၁၆၊ ၉၀+၂ မိနစ်တွင် အောင်ကျော်နိုင်တို့က သွင်းယူခဲ့ပြီး ဟံသာဝတီအတွက် ချေပဂိုးတစ်ဂိုးကို ၂၆ မိနစ်တွင် အောင်မျိုးသူရက သွင်းယူခဲ့သည်။ YUSC ကွင်း၌ ကျင်းပသည့်ပွဲတွင် ရန်ကုန်အသင်းက Southern အသင်းကို လေးဂိုးပြတ်အနိုင်ရခဲ့သည်။ လက်ရှိချန်ပီယံ ရန်ကုန်အသင်းသည် အိမ်ကွင်း၌ နိုင်ပွဲပြန်ရခဲ့ပြီး Southern အသင်းမှာမူ အဝေးကွင်းရှုံးပွဲ ထပ်မံရင်ဆိုင်ခဲ့ရသည်။ ရန်ကုန်အသင်းအတွက် အနိုင်ဂိုးများကို ၁၂ မိနစ်တွင် ဆယ်လာ၊ ၁၆ မိနစ်တွင် မောင်မောင်လွင်၊ ၃၆၊ ၆၆ မိနစ်တွင် စိုးမင်းနိုင်က သွင်းယူခဲ့သည်။ ဝေသာလီကွင်း၌ ကျင်းပသည့်ပွဲတွင် ရခိုင်နှင့် Chinland အသင်းတို့ ဂိုးမရှိသရေကျခဲ့သည်။

**သတင်း-ရှိုင်းထက်ဇော်၊ဓာတ်ပုံ-ဖိုးသော်ဇင်**

# ဖေဖော်ဝါရီလနှင့် မတ်လအတွက် အကောင်းဆုံးဆုကို ဦးငွေထွန်း (ဟံသာဝတီ) နှင့် လှိုင်းဘိုဘို (ရတနာပုံ) ရရှိ

**ရန်ကုန် ဧပြီ ၇**

ဖေဖော်ဝါရီနှင့် မတ်လအတွင်း ကစားခဲ့သည့် ၂၀၁၉ ရာသီ MNL အမှတ်ပေးပြိုင်ပွဲအတွက် အကောင်းဆုံးဆုများကို ဟံသာဝတီအသင်းနည်းပြချုပ် ဦးငွေထွန်းနှင့် ရတနာပုံအသင်း ကွင်းလယ်ကစားသမား လှိုင်းဘိုဘိုတို့က ရရှိခဲ့ပြီး ဧပြီ ၆၊ ၇ ရက်က ကျင်းပသည့် ပွဲစဉ် (၇) တွင် ချီးမြှင့်ခဲ့သည်။

မြန်မာနေရှင်နယ်လိဂ်ကော်မတီသည် ဖေဖော်ဝါရီလက ကစားခဲ့သည့် တစ်ပွဲ၊ မတ်လက ကစားခဲ့သည့်နှစ်ပွဲမှ စွမ်းဆောင်ရည်များအပေါ် တွက်ချက်ကာ ဆုများရွေးချယ်ခဲ့ခြင်းဖြစ်သည်။ အကောင်းဆုံး ကစားသမားဆုကို ရတနာပုံကွင်းလယ်လူ လှိုင်းဘိုဘိုက ရရှိခဲ့ပြီး ဆုတံဆိပ်နှင့် ဆုကြေးငွေကျပ်တစ်သိန်းခွဲ ရရှိခဲ့ကာ ဧပြီ ၆ ရက်က ကျင်းပသည့် ဇွဲကပင်နှင့် ရတနာပုံပွဲမတိုင်မီ ချီးမြှင့်ခဲ့သည်။ လှိုင်းဘိုဘိုသည် ယင်းသုံးပွဲတွင် ဂိုးသွင်းနိုင်ခြင်းမရှိသော်လည်း ကစားသမားများတွင် အမှတ်အများဆုံးရသောကြောင့် ရွေးချယ်ခံရခြင်းဖြစ်ကြောင်း မြန်မာနေရှင်နယ်လိဂ်ကော်မတီက ထုတ်ပြန်ခဲ့သည်။ ဟံသာဝတီအသင်းသည် ယင်းသုံးပွဲတွင် နှစ်ပွဲနိုင်၊ တစ်ပွဲသရေကျပြီး ပွဲစဉ် (၆) အပြီး ဇယားထိပ်ဆုံးသို့ ရောက်ခဲ့သောကြောင့် နည်းပြချုပ် ဦးငွေထွန်းမှာ အကောင်းဆုံး နည်းပြဆုရခဲ့ခြင်း ဖြစ်သည်။ ယင်းဆုကို ဧပြီ ၇ ရက်က ပုသိမ်မြို့၌ ကျင်းပသည့် ရောဝတီနှင့် ဟံသာဝတီပွဲမတိုင်မီ ချီးမြှင့်ခဲ့ပြီး ဆုတံဆိပ်နှင့် ဆုကြေးငွေကျပ်တစ်သိန်း ချီးမြှင့်ခဲ့သည်။

ယခုရာသီတွင် လအလိုက်အကောင်းဆုံးဆု နှစ်ကြိမ်သာ ချီးမြှင့်ရသေးပြီး ဇန်နဝါရီလအတွက် အကောင်းဆုံးဆုများကို ရတနာပုံအသင်းမှ ဦးအောင်ကျော်မိုးနှင့် တိုက်စစ်မှူး ဝင်းနိုင်ထွန်းတို့က ရရှိခဲ့သည်။ မြန်မာနေရှင်နယ်လိဂ်ကော်မတီသည် တစ်လအတွင်း ပွဲစဉ်သုံးပွဲရှိပါက တစ်လချင်းချီးမြှင့်ပြီး ပွဲနည်းပါက နှစ်လပေါင်း၍ ချီးမြှင့်ခြင်းဖြစ်ကြောင်း သိရသည်။

**သတင်း-ရှိုင်းထက်ဇော်၊ဓာတ်ပုံ-ဖိုးသော်ဇင်**




အကောင်းဆုံးကစားသမားဆုရ လှိုင်းဘိုဘိုအား ဆုချီးမြှင့်စဉ်။

**❍ အိုလံပစ်မှ**

အနိုင်ရခဲ့ခြင်းသည်။ ခြေစွမ်းအရ အသာရထားသည့် မြန်မာအမျိုးသမီးအသင်းသည် အင်ဒိုနီးရှားကို အသာစီးမှ ကစားကာ ပထမပိုင်းတွင် သုံးဂိုး၊ ဒုတိယပိုင်းတွင် သုံးဂိုး သွင်းယူခဲ့သည်။ မြန်မာအမျိုးသမီးအသင်းအတွက် ဂိုးများကို ရီရီဦးက သုံးဂိုး၊ ခင်မာလာထွန်းက နှစ်ဂိုးနှင့် ဝင်းသိင်္ဂီထွန်းက တစ်ဂိုးသွင်းယူခဲ့သည်။ ယခုပွဲအပြီးတွင် မြန်မာအသင်းနှင့် အိန္ဒိယအသင်းက နှစ်ပွဲနိုင် ခြောက်မှတ်စီရထားပြီး နီပေါနှင့် အင်ဒိုနီးရှားအသင်းမှာ နှစ်ပွဲစလုံးရှုံးကာ အမှတ်မရသေးပေ။ အုပ်စုတစ်ခုစီမှ ထိပ်ဆုံးတစ်သင်းသာ နောက်ဆုံးအဆင့်သို့ တက်ရောက်မည်ဖြစ်သောကြောင့် မြန်မာအသင်းအနေဖြင့် နောက်ဆုံးပွဲတွင် ရလဒ်ကောင်းရန် လိုအပ်နေပြီး ဂိုးကွာခြားချက်တွင် အသာရထားသောကြောင့် သရေကစားရုံဖြင့် တတိယအဆင့်ခြေစစ်ပွဲသို့ တက်ရောက်မည်ဖြစ်သည်။ မြန်မာအသင်းသည် ပထမအဆင့်ခြေစစ်ပွဲတွင်လည်း အိန္ဒိယအသင်းနှင့် နောက်ဆုံးပွဲ ယှဉ်ပြိုင်ကစားခဲ့ရပြီး နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

အုပ်စုနောက်ဆုံးပွဲများကို ဧပြီ ၉ ရက်တွင် ကျင်းပမည်ဖြစ်ပြီး မြန်မာနှင့် အိန္ဒိယအသင်းတို့၏ တွေ့ဆုံမှုမှာ ပြိုင်ဆိုင်မှုပြင်းထန်ဖွယ်ရှိနေသည်။

**သတင်း-ရှိုင်းထက်ဇော်**

**ဓာတ်ပုံ-MFF**

# ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးချုပ်ဖလား စစ်တုရင်ပြိုင်ပွဲ မူဆယ်မြို့၌ ကျင်းပ

**မူဆယ် ဧပြီ ၇**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့တွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား မြို့နယ်အလိုက်အလွတ်တန်းနှင့် အသက်(၂၀)နှစ်အောက် စစ်တုရင်ပြိုင်ပွဲကို ဧပြီ ၇ရက်တွင် မူဆယ်မြို့မင်္ဂလာမူဆယ် (ဘုံဆောင်ခန်းမ) ၌ ကျင်းပသည်။

ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးချုပ်ဖလားကျင်းပရခြင်းအပေါ် မူဆယ်စစ်တုရင်အသင်း ဥက္ကဋ္ဌ ဦးကျော်ကျော်မိုးက “ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးချုပ်ဖလား ကျင်းပရခြင်းရည်ရွယ်ချက်ကတော့ ၂၀၁၉ ခုနှစ် မေလမှာ ပြုလုပ်မယ့် တိုင်းဒေသကြီးနှင့်ပြည်နယ်ပြိုင်ပွဲမှာ လူရွေးဖို့၊ မျိုးဆက်သစ်ကစားသမားများ ပေါ်ထွက်လာဖို့၊ ဒီပြိုင်ပွဲမှာ ပြိုင်ပွဲဝင်ကစားသမားတွေ တိုးတက်လာဖို့၊ ခုလိုပြိုင်ပွဲတွေ ကျင်းပရတဲ့ ပြိုင်ပွဲတွေကနေတစ်ဆင့် နိုင်ငံကိုယ်စားပြုအားကစားသမားများပေါ်ထွက်လာပြီး နိုင်ငံတော်ရဲ့အကျိုးတွေကို စစ်တုရင်အားကစားနည်းကနေ တစ်ဖက်တစ်လမ်း ပါဝင်ဆောင်ရွက်နိုင်ဖို့ ထောက်ပံ့ပေးနိုင်မယ်လို့ယူဆပြီးတော့ ဒီပြိုင်ပွဲကို ကျင်းပရခြင်းဖြစ်ပါတယ်၊ ကျွန်တော်တို့အနေနဲ့ကတော့ ဒီစစ်တုရင်ပြိုင်ပွဲကျင်းပရခြင်းအားဖြင့် မျိုးဆက်သစ်လူငယ်ကစားသမားများ ပေါ်ထွက်လာဖို့ ရည်ရွယ်သလို ဒီကလေးတွေ တခြားနေရာတွေမှာ အချိန်သွားဖြုန်းမယ့်အစား ဒီစစ်တုရင်ကစားပွဲကို ကစားခြင်းအားဖြင့် သူတို့ရဲ့ တွေးခေါ်နိုင်မှု ဉာဏ်ရည်ဉာဏ်စွမ်းတွေတိုးတက်လာမယ်လို့ မျှော်လင့်ပါတယ်” ဟု ပြောကြားသည်။



**ဝင်ရောက်ယှဉ်ပြိုင်မည်**

မူဆယ်မြို့တွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးချုပ်ဖလား စစ်တုရင်ပြိုင်ပွဲကို ပထမအကြိမ် ကျင်းပခြင်းဖြစ်ပြီး ယခုပြိုင်ပွဲတွင် အဆင့် (၁)မှ အဆင့်(၄) ရရှိသူများကို ၂၀၁၉ ခုနှစ် မေလတွင် နေပြည်တော်၌ ကျင်းပမည့် စစ်တုရင်ပြိုင်ပွဲ၌ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သိရသည်။

အခမ်းအနားတွင် ရှမ်းပြည်နယ်လူမှုရေးဝန်ကြီး ရှမ်းပြည်နယ်အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌ ဒေါက်တာမျိုးထွန်းက အဖွင့်အမှာစကားပြောကြားပြီး အားကစားသမားများက အားကစားသမားသစ္စာ အဓိဋ္ဌာန်ရွတ်ဆိုခဲ့သည်။ ဆက်လက်၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများက ပြိုင်ပွဲဝင်အားကစားသမားများကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ခဲ့ပြီး ရှမ်းပြည်နယ် သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဒေါက်တာ ညီညီအောင်က ဘင်ခရာအဖွဲ့အား ဂုဏ်ပြုဆုချီးမြှင့်ခဲ့သည်။ ထို့နောက် စစ်တုရင်ပြိုင်ပွဲကို ဆက်လက်ကျင်းပခဲ့ကြောင်း သိရသည်။

**ဗန်ရိုးထန်(ပြန်/ဆက်)**

# မောင်တောမြို့နယ်အတွင်း၌ ဘင်္ဂလားဒေ့ရှ်နိုင်ငံသား တရားမဝင် ဝင်ရောက်လာသူတစ်ဦးနှင့် ARSA အဖွဲ့ဝင်တစ်ဦး ဖမ်းဆီးရမိ

**နေပြည်တော် ဧပြီ ၇**
မောင်တောမြို့နယ်အတွင်း မတ် ၂၉ ရက်နှင့် ၃၀ ရက်တို့တွင် တစ်ဖက်နိုင်ငံမှ ခိုးဝင်လာသူ တစ်ဦးနှင့် ARSA အဖွဲ့ဝင်တစ်ဦးတို့အား ဖမ်းဆီးရမိသဖြင့် ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မောင်တောမြို့နယ်မြောက်ပိုင်း၊ အောင်သပြေကျေးရွာ၏ အနောက်ဘက်တွင် မတ် ၂၉ ရက် နံနက်ပိုင်းက လုံခြုံရေးတပ်ဖွဲ့ဝင်များ နယ်မြေလုံခြုံရေး ဆောင်ရွက်စဉ် ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်မှ မြန်မာနိုင်ငံဘက်သို့ တရားမဝင် ဝင်ရောက်လာသည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသား ရှာဟဲလ်၊ နိုဟာအာလီကျေးရွာ၊ ရန်ကာမာတီ မြို့နယ်နေသူအား ဖမ်းဆီးရမိခဲ့ပြီး စစ်ကြောချက်အရ ၎င်းသည် လိမ္မော်ချယ်ရီကျေးရွာသား (၅)ဦးနှင့်အတူ လူစု၍ မတ် ၂၈ ရက် နံနက်ပိုင်းတွင် နွားများ ခိုးယူရန်ရည်ရွယ်ချက်ဖြင့် နှစ်နိုင်ငံ နယ်စပ်ခြံစည်းရိုးကို ဖြတ်ကျော်ကာ မြန်မာနိုင်ငံဘက်ခြမ်းသို့ တရားမဝင် ဝင်ရောက်ခဲ့ပြီး လမ်းမှားလူစုကွဲ၍ ဖမ်းဆီးခံခဲ့ရခြင်းဖြစ်ကြောင်း သိရသည်။

အလားတူ မောင်တောမြို့နယ်မြောက်ပိုင်း၊ နယ်မြေ(၂)အတွင်း မတ် ၃၀ ရက် မွန်းလွဲပိုင်းတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များ နယ်မြေလုံခြုံရေး ဆောင်ရွက်စဉ် နယ်စပ်မှတ်တိုင်(၄၀) နယ်ခြားစောင့် ရဲကင်းစခန်းအနီး လျှိုအတွင်းမှ မသင်္ကာဖွယ်လူ (၁)ဦး တွေ့ရှိဖမ်းဆီးရမိခဲ့ပြီး စစ်ကြောချက်အရ ၎င်းမှာ အိုစမန်ဂေါ်နီ(ခ)အိုစမာ၊ တောင်ဘဇာကျေးရွာအုပ်စု၊ ယင်းမကျောင်းတောင်ကျေးရွာ၊ ဘူးသီးတောင်မြို့နယ်နေသူဖြစ်ကြောင်း၊ ၎င်းသည် ၂၀၁၇ ခုနှစ်၊ ဩဂုတ် ၂၅ ရက်တွင် တောင်ဘဇာနယ်မြေရဲစခန်းအား ဝင်ရောက်တိုက်ခိုက်ရာတွင် ပါဝင်ခဲ့သောကြောင့် အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၀(က)အမှုမှ တရားခံပြေး (၁)ဦးဖြစ်ကြောင်း၊ ၎င်းသည် တောင်ဘဇာနယ်မြေရဲစခန်းအား အခြားသူများနှင့်အတူ ဝိုင်းဝန်းတိုက်ခိုက်ပြီးနောက် တစ်ဖက်နိုင်ငံ ကူတူပါလောင်ဒုက္ခသည်စခန်းသို့ သွားရောက်နေထိုင်တိမ်းရှောင်ခဲ့ကြောင်း။

ယင်းနောက် အကြမ်းဖက်သင်တန်းတက်ရန် စည်းရုံးခံရမှုကြောင့် ARSA အဖွဲ့သို့ဝင်ရောက်၍ ၂၀၁၈ ခုနှစ် နှစ်ဆန်းပိုင်းတွင် အကြမ်းဖက်သင်တန်း (၂)လခန့်တက်ရောက်ခဲ့ကြောင်း၊ အကြမ်းဖက်သင်တန်းအား ကူတူပါလောင် ဒုက္ခသည်စခန်း၊ ဘာလူခါလီဒုက္ခသည်စခန်း၊ မူတူးဆရမ် ဒုက္ခသည်စခန်းတို့၏


ရှာဟဲလ်(၃၅)နှစ်
(ဘင်္ဂလားဒေ့ရှ်နိုင်ငံသား)


အိုစမန်ဂေါ်နီ(ခ)အိုစမာ(၂၀)နှစ်
အဖွဲ့ဝင်

အနီးဝန်းကျင် တောအတွင်းနှင့် ယာယီတဲအိမ်အလွတ်များအတွင်း၌ ည ၁၀ နာရီမှ နံနက် ၁ နာရီအထိ ARSA အဖွဲ့မှ စည်းရုံးထားသော သင်တန်းသား(၅၀) ဦးစီဖြင့် တစ်ပြိုင်တည်း ဖွင့်လှစ်ခဲ့ကြောင်း၊ သင်တန်းကာလအတွင်း (၁)လလျှင် တာကာငွေ ၅၀၀၀ ထောက်ပံ့ရရှိကြောင်း၊ ယခုအချိန်တွင် သင်တန်းတက်ရောက်ပြီးသူများသည် နယ်စပ်ဒေသရဲကင်းစခန်းများနှင့် နယ်ခြားစောင့်ရဲတပ်ဖွဲ့ဝင်များ၏ သွားလာလှုပ်ရှားမှုအား မပြတ်ထောက်လှမ်းပြီး ချောင်းမြောင်းတိုက်ခိုက်ရန် အစီအစဉ်ရှိကြောင်း။

မောင်တောမြို့နယ်၊ ဝက်ကျိန်းကျေးရွာတံတားအနီး၌ ဇန်နဝါရီ ၁၆ ရက်က နယ်ခြားစောင့်ရဲတပ်ဖွဲ့ဝင်များလိုက်ပါသော ယာဉ်အား ARSA အဖွဲ့မှ ပစ်ခတ်တိုက်ခိုက်မှုတွင် မောင်တောမြို့နယ်၊ သက္ကယ်ပြင်ရွာသား ဇူပိုင်(စိစစ်ဆဲ) ဦးဆောင်သည့် ၁၂ ဦးအဖွဲ့က တိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း၊ ထိုသို့ပစ်ခတ်တိုက်ခိုက်ပြီး ပြန်လာသူများကို ARSA အဖွဲ့ခေါင်းဆောင်များမှ (၁)ဦးလျှင် တာကာငွေ ၅၀၀၀ စီဆုကြေးပေးကြောင်း၊ ၎င်းအနေဖြင့် မတ် ၂၉ ရက်နေ့ ညတွင် (၁)ဖွဲ့လျှင် ၅၀ ဦးခန့်ပါဝင်သည့်အဖွဲ့ (၃)ဖွဲ့ခွဲပြီး နယ်စပ်မှတ်တိုင်(၄၁)အနီးမှ နယ်စပ်ခြံစည်းရိုးအားဖျက်ဆီး၍ မြန်မာနိုင်ငံဘက်အခြမ်းသို့ ဝင်ရောက်ခဲ့ကာ ငါးရံ့ချောင်းရဲကင်းစခန်းအပါအဝင် ရဲကင်းစခန်း(၃)ခုအား တိုက်ခိုက်ရန် တောတွင်း၌ ခေတ္တအခြေပြုခဲ့ကြောင်း၊ အနီးပတ်ဝန်းကျင်လမ်းကြောင်းနှင့် နယ်မြေအခြေအနေအား စုံစမ်းရန် ထွက်ခွာလာစဉ် လုံခြုံရေးအဖွဲ့များနှင့် တွေ့ရှိဖမ်းဆီးခံရခြင်းဖြစ်ကြောင်း သိရသည်။

ARSA အဖွဲ့၏ ရည်ရွယ်ချက်မှာ ရခိုင်ပြည်နယ်(မြောက်ပိုင်း)၊ မောင်တောဒေသအား အကြမ်းဖက်တိုက်ခိုက်သိမ်းပိုက်ပြီး ပြည်နယ်တစ်ခု အဖြစ်ထူထောင်ရန်ဖြစ်ကြောင်း၊ နိုင်ငံသားဖြစ်ခွင့်မရခြင်းကြောင့် မြန်မာနိုင်ငံဘက်ခြမ်းရှိ ပြန်လည်လက်ခံရေးစခန်းများသို့ ပြန်မသွားရန် ဒုက္ခသည်စခန်းများ၌ စည်းရုံးပြောဆိုလျက်ရှိကြောင်းနှင့် ၎င်းတို့ခေတ္တအခြေပြုသည့် နေရာတစ်ဝိုက်အား လုံခြုံရေးတပ်ဖွဲ့ဝင်များက အင်အားသုံးအသေးစိတ် ဖြန့်ခွဲရှင်းလင်းရာ ထိတွေ့ပစ်ခတ်မှု၊ ထူးခြားမှုတစ်စုံတစ်ရာမရှိကြောင်းနှင့် ဖမ်းဆီးရမိသူအား ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်၍ ကွင်းဆက်ဆက်လက်စိစစ်ဖော်ထုတ်လျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သတင်းရရှိသည်။

**သတင်းစဉ်**

# မြိုင်မြို့နယ် ပုသိမ်-မုံရွာကားလမ်းပေါ်တွင် ယာဉ်တိုက်မှုဖြစ် ခုနစ်ဦးသေဆုံးပြီး အများအပြား ဒဏ်ရာရ

**မြိုင် ဧပြီ ၇**
မကွေးတိုင်းဒေသကြီး မြိုင်မြို့နယ် ပုသိမ်-မုံရွာကားလမ်း လင်းကတောကျေးရွာအနီး မိုင်တိုင် ၄၁၆/၇ နှင့် ၄၁၇/၀ ကြားတွင် ယနေ့ နံနက်ပိုင်းက ယာဉ်တိုက်မှုဖြစ်ပွားရာ ခုနစ်ဦး သေဆုံးပြီး အများအပြား ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မြိုင်မြို့နယ် လင်းကတောနယ်မြေရဲစခန်းအပိုင် ပုသိမ်-မုံရွာကားလမ်း မိုင်တိုင် ၄၁၆/၇ နှင့် ၄၁၇/၀ ကြား၌ ယာဉ်တိုက်မှု ဖြစ်ပွားကြောင်း သတင်းအရ လင်းကတောနယ်မြေရဲစခန်းမှူး ရဲအုပ်အောင်ကျော်မိုးနှင့်အဖွဲ့ သွားရောက်စစ်ဆေးရာ ယာဉ်မောင်းဦးကျော်မြင့် မောင်းနှင်လာသော 7K/---- လိုက်ထရပ် ယာဉ်ပေါ်တွင် လိုက်ပါစီးနင်းလာသူများအနက် ခုနစ်ဦးသေဆုံးပြီး ဒဏ်ရာအသီးသီးရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မုံရွာမြို့မှ မအူပင်မြို့သို့(မြောက်မှတောင်အတိုင်း)ယာဉ်မောင်း ချစ်မွှေး ချောက်မြို့နေသူ မောင်းနှင်လာသော YGN 9B/---- ရှစ်ဘီး ဆီဘောက်ဆာယာဉ်သည် မုံရွာဘက်သို့ ကားခေါင်းအား ပြန်လည်ချိုးကွေ့ရာ လမ်းလယ်၌ ကန့်လန့်ဖြစ်နေစဉ် ကျော်မြင့်မောင်းနှင်လာသည့် လိုက်ထရပ်ယာဉ်က အရှိန်မထိန်းနိုင်ဘဲ ဆီဘောက်ဆာယာဉ်အား ဝင်တိုက်မိခဲ့ခြင်းဖြစ်ပြီး ယာဉ်မောင်းများအား အမှုဖွင့်ထားကြောင်း သိရသည်။

**စိန်မြိုင်(မြိုင်)**


ဒေါ်နန်းခမ်းပေးအား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

# တောင်ကြီးနှင့် တာချီလိတ်မြို့တို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် ဧပြီ ၇**
မူးယစ်တပ်ဖွဲ့စု(၂၅)တောင်ကြီးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဧပြီ ၆ ရက် မွန်းလွဲပိုင်းတွင် တောင်ကြီးမြို့ ကံကြီးရပ်ကွက် နယ်မြေ(၃) မြို့ရှောင်လမ်းနေ ဒေါ်နန်းခမ်းပေး၏နေအိမ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀ သိမ်းဆည်းရမိခဲ့သည်။

အလားတူ မူးယစ်တပ်ဖွဲ့စု(၃၀)တာချီလိတ်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် တာချီလိတ်မြို့ ဆေခမ်းရပ်ကွက် စက်မှုဇုန်အနီးရှိ လေယာဉ်ကွင်းလမ်းဆုံတွင် စောမွန်(ခ)အားမွန် မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၈၀၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို လည်းကောင်း၊ အလားတူ တာချီလိတ်မြို့နယ် ဝေ့လေလန် ပူးပေါင်းစစ်ဆေးရေးဂိတ်၌ အားညီမောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်ကိုရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား အကြေမှုန့် ၂၀၀ ဂရမ် သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

# မံစီမြို့နယ်၌ ငါးရှော့တိုက်သူ သေဆုံး

**မံစီ ဧပြီ ၇**
ကချင်ပြည်နယ် မံစီမြို့နယ်၌ ဧပြီ ၆ ရက်က ချောင်းအတွင်း ဘက်ထရီဖြင့် ငါးရှော့တိုက်သည့် အမျိုးသားတစ်ဦး သေဆုံးမှုဖြစ်ပွားခဲ့ကြောင်း မံစီမြို့မရဲစခန်းမှ သိရသည်။

ဖြစ်စဉ်မှာ ဧပြီ ၆ ရက် မွန်းတည့် ၁၂ နာရီက မံစီမြို့နယ် စင်းခန်းချောင်းအတွင်း အမျိုးသားတစ်ဦး သေဆုံးနေကြောင်း သတင်းအရ မံစီမြို့မရဲစခန်းမှ ဒုတိယရဲအုပ် အောင်မျိုးထွန်း ဦးစီးတပ်ဖွဲ့ဝင်များက သွားရောက်ကြည့်ရှုစစ်ဆေးရာ သေဆုံးသူမှာ မံစီမြို့နယ် စီကော်ကျေးရွာနေ မြင့်ထွန်းမောင် ဖြစ်ပြီး ၎င်း၏လက်ထဲ၌ ငါးရှာကိရိယာအား ကိုင်ဆောင်လျက် သေဆုံးနေသည်ကို စစ်ဆေးတွေ့ရှိရ၍ မံစီမြို့မရဲစခန်းတွင် သေမှုသေခင်းရေး ဖွင့်ထားကြောင်း သိရသည်။

**ဝင်းနိုင်(ကချင်မြေ)**

ရန်ကင်းမြို့နယ် အမှတ် ၈ ရပ်ကွက် နှင်း ဆီ လမ်း သာသနာ့ ဂုဏ်ဆောင် ဓမ္မာရုံတွင် ဧပြီ ၇ ရက်က ရန်ကင်းမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူး သိန်းထွန်းအောင်က မှုခင်းကျဆင်းရေးနှင့် သက်ငယ် မုဒိမ်းမှုကျဆင်းရေးဟော ပြောစဉ်။
အောင်ငွေး



**တန်ဖိုးရှိလှ လူငယ်ဘဝ**
**မူးယစ်ကင်းစင် ကျန်းမာမှု**

# ဗန်းမောက်မြို့နယ်တွင် ရွှေကျင်စဉ် ကျောက်တုံးမြေစာများပိကျသဖြင့် အမျိုးသမီးတစ်ဦး သေဆုံး

**ဗန်းမောက် ဧပြီ ၇**
စစ်ကိုင်းတိုင်းဒေသကြီး ဗန်းမောက်မြို့နယ် အင်းပေါက်အုပ်စု၌ ရွှေကျင်နေရာမှ ကျောက်တုံးမြေစာများပိ၍ အမျိုးသမီးတစ်ဦးသေဆုံးကြောင်း ဗန်းမောက်မြို့မရဲစခန်းမှ သိရသည်။

ဖြစ်စဉ်မှာ ဧပြီ ၆ ရက် ညနေ ၃ နာရီခွဲက ဘူးတောင်းကျေးရွာနေ ဒေါ်ဝင်းရီသည် တစ်ရွာတည်းနေသူနှစ်ဦးတို့နှင့်အတူ ဘူးတောင်းကျေးရွာတောင်ဘက် တစ်မိုင်ခန့်အကွာ ရွှေတွင်းတွင် အင်ဝိုင်းဖြင့် ရွှေကျင်နေရာ ချောက်ကမ်းပါးပေါ်မှ ကျောက်တုံးမြေစာများ ပိကျသဖြင့် ဒေါ်ဝင်းရီ၏ဦးခေါင်းတွင် ဒဏ်ရာများရရှိပြီး ဗန်းမောက်ဆေးရုံမှ မန္တလေးဆေးရုံကြီးသို့ မော်တော်ယာဉ်ဖြင့်ပို့ဆောင်စဉ် လမ်း၌သေဆုံးသွားခဲ့ကြောင်း သိရသည်။

**နီတိုး**

# စံရာတောင်ကျွန်းမှသည် မြို့မှော်ဝေကင်းသို့

ခဲဆူးငှက်

အားလုံးက အသံကြားရာ နားစွင့်လိုက်ကြသည်။

"သကြၤန်အခါတော်......." ဟူသောအသံနှင့်အတူ အရှေ့ဦးထိပ်တံခါးဆီမှ အမြောက်သံသုံးချက်ကို စတင်ကြားလိုက်ရ၏။ ဝမ်းမြောက် ပျော်ရွှင်ခြင်း၏ အသံလှိုင်းတစ်ခုက ရွှေမြို့တော်၏ ကောင်းကင်ယံဆီ လှိုက်ခါ သွားသည်။

"ဒုန်း........"

" ဒုန်း "

" ဒုန်း "

### သကြၤန်အခါတော်

ဦးထိပ်တံခါးမှ အမြောက်သံက 'သောင်းညွတ်' တံခါးဆီပြောင်းသွား၏။ ထို့နောက် တောင်ဘက်မျက်နှာ အင်္ဂါထောင့်က "ကျွန်းလုံးယူ" ၊ ပြီးတော့ "ကျော်မိုး" ခေါ် "မင်္ဂလာ" တံခါး.....။ ဤသို့ဖြင့် တံခါး ၁၂ ရပ်တိုင်း၌ အမြောက်သံသုံးချက်စီဖြင့် အမြောက်သံ ၃၆ ချက်တိတိကြားပြီးနောက် သကြၤန်တော်ကျချေပြီ။ ထိုအခါမှစ၍ 'အစဉ်ထုံးစံ' ရှိသည့်အတိုင်း ရေကစားကြရသည်။ နံနက်နှင့် ညနေအချိန်မှသာ ရေကြည်ရေအေးအမွှေးအထုံရည်တို့ဖြင့် ဖျန်းပက်ကြသည်။ ဤသို့သာ ဖျန်းပက်ကြရန်ကိုလည်း သကြၤန်မကျမီကတည်းက မြို့တွင်း၊ မြို့ပြင်ရပ်စုကွက်စုများ၌ မောင်းကြေးနင်းခတ်ကာ အသိပေးပြီးဖြစ်၏။ ရွှေနန်းတော်ကြီးအတွင်း၌လည်း စောင်းညှင်းပတ်သာသံများ ညှင်းညှင်းတွဲ့တွဲ့ကြားကြရ၏။ ရွှေမြို့တော်ကြီးအတွင်း အပြင်တံခါး ၁၂ ရပ်နှင့်အပြိုင် ဖောက်သွယ်ထားသော လမ်းမတွေပေါ်မှာ လုလင်ပျိုများက ငွေဖလားတွင် ထည့်ထားသော ရေသန့်ရေစင်များအား သပြေခက်ဖြင့်နှစ်ပြီး တူရူမှလာသော လုံမပျိုလေးများကို ယဉ်ကျေးစွာခွင့်တောင်းပြီး ပက်ဖျန်းကြသည်။ အတွင်းတော်မှ တီးခတ်လိုက်သော စောင်းသံနွဲ့နွဲ့က တံခါးနီကိုကျော်ဖြတ်ပြီးမှ မင်းလမ်းမကြီးများအတိုင်း လေးဘက်လေးတန် ပျံ့လွင့်လာ၏။ အဆောင်ဆောင် အခန်းခန်းကလည်း ထိုစောင်းသံနှင့်ထပ်တူမျှလိုက်ပါတီးခတ်ကြလေသောအခါ သာယာသော အသံလှိုင်းက ရွှေမြို့တော်ကြီးအား ဖြည်းဖြည်းချင်း ဖုံးလွှမ်းသွားလေသယောင်.......။

"စံရာတောင် ကျွန်းလုံးသူ့ဥသျှောင် ကျင်ငယ်လေ.....
မင်းများထိပ်ခေါင်တင်။
စံရာတောင် ကျွန်းလုံးသူ့ဥသျှောင် ကျင်ငယ်လေ.....
မင်းများထိပ်ခေါင်တင်...."

### ရေကန်တော့ပူဇော်

အမရပူရနန်းစံ ရွှေဘိုမင်းလက်ထက်ကတည်းက မြဝတီမင်းကြီးဦးစရေးသားခဲ့သော 'စံရာတောင်ကျွန်း' အစချီဘုန်းတော်ဘွဲ့ ကြိုးသီချင်းအား သံပြိုင်တီးခတ်နေသည့် စောင်းသံတွင် အတာသကြၤန်ပွဲတော်ကို ရွှေမြို့တော်သူမြို့တော်သားတို့ ဆင်နွှဲနေကြသည်မှာ ယဉ်ကျေး ပါဘိတောင်း...။ အလွန်မွန်မြတ်၍ ကျက်သရေ ရှိလှစွာသော နှစ်သစ်နှစ်ကူးအခါတော်တွင် မင်္ဂလာရှိသော စကား၊ မင်္ဂလာရှိသော အပြုအမူ၊ မင်္ဂလာရှိသော အသံတို့ကိုသာ ပြုမူလေ့ရှိသည့်အတိုင်း မြို့တော်သူမြို့တော်သားတို့က သရီရဓာတ်တော် မွေတော်မြတ် ကိန်းဝပ်တော်မူသည့် ရုပ်ပွားတော်၊ ပုခန်းစည်သူရှင်ဘုရား၊ ရှင်မတောင်မြတ်ပေါင်း မဥ္စူဘုရား၊ ဒက္ခိဏသာခါဘုရား၊ သီဟတောဘုရား၊ ရှင်ဖြူဘုရား၊ နဂါးရုံဘုရား၊ ဆုတောင်းပြည့်ဘုရားရှင်တို့အား ရေမြေ့ရှင်မင်းတရားကြီးကိုယ်တော်တိုင် မွန်မြတ်သော ရေမွှေးရည်တို့ဖြင့် သပ္ပာယ်ပူဇော်ကာ ဆွမ်းတော်ကြီး အဖွယ်အရာစုံလင် ခင်းကျင်းကပ်လှူတော်မူသည်။ ရွှေမြို့တော်သူ မြို့တော်သားတို့ကလည်း မြို့တော်၏ပြလမ်းတစ်လျှောက် ဝေကိုင်းဝါညွတ် နေအောင် ပွင့်ဖူးကြသည့် ပိတောက်ခိုင်၊ ပိတောက်ခက်တို့ကို ခူးဆွတ်ယူငင်ကြ၏။ ထို့နောက် အိုးစည်ပန်းကုံး၌ ထိုးစိုက်ပတ်ခွေပြီး ဗေထုံ ဗေထုံ အယိုင်တီး၍ ကခုန်ကြသည်။ ငွေဖလားတွင် သပြေခက်စိုက်၍ ပျော်ပျော်ရွှင်ရွှင်ရေကစားကြပြီး အလားတူ ဘုရားစေတီများသို့ တစုတဝေး တည်းသွားရောက်ကာ ရေကန်တော့ ပူဇော်ကြလေသည်။



### သောင်းမြေပြင်ငယ်လေ

အရှင်နှစ်ပါး၏ နံတော်သင့် မဟာမုနိဘုရား၊ လောကမာရဇိန်ဘုရားရှင်တို့၌လည်း ဆွမ်းတော်ကြီး အဖွယ်အရာအစုံ၊ ပကတိရေ၊ အမွှေးအထုံရေစသောရေမျိုးစုံများကို အစီအစဉ်အခမ်းအနားနှင့်တကွ မှူးတော်မတ်တော်တို့အသီးသီးကြီးကြပ်စေ၍ သကြၤန်အခါရက်များအတွင်း နေ့စဉ်သွားရောက် ပူဇော်လှူဒါန်းကြသည်။ မင်းညီမင်းသား၊ မှူးတော်မတ်တော်အရာရှိ၊ လက်သုံးတော်၊ လက်ဖက်ရည်၊ ကွမ်းရေ၊ ထီးထားလက်စွဲ အဆောင်မြဲတို့နှင့် အနောက်အတွင်းတော်ရှိ မင်းသမီး၊ မြို့စား၊ ရွာစား၊ အပျိုတော်၊ ကတော်မယားပါဦးရေတစ်ထောင်ကျော်တို့ကိုလည်း လွန်းများလက်ချိတ်၊ လွန်းများစပ်၊ ဗလာပိုးဖဲ၊ ပုဆိုး၊ ထဘီ၊ ခေါင်းပေါင်းအုပ်၊ ပိတ်အုပ်၊ ပဝါအုပ်များကို ရာထူးဌာနန္တရ အလျောက် အသီးသီးသနားတော်မူခဲ့သည်။ ရွှေနန်းတော်ကြီးအတွင်း၌သာမက မြို့တွင်းမြို့ပြင်ပြလမ်းများ၌ သကြၤန်ထမင်း အချိုအဆိမ့်များကို အရှင်နန်းမတော်ဘုရား၊ ဝန်၊ စာရေးကြီးတို့က ကြပ်မတ်ကျွေးမွေးပြန်ရာ ကျိတ်ကျိတ်တိုး စည်ကားပျော်ပါး ရွှင်မြူးသာယာလှသည်ဟု ဆိုကြ၏။

"သောင်းမြေပြင်ငယ်လေ....ထီးဆူဆူကိုလေ.....
စိုးလို့မိုးတော်မူ
သောင်းမြေပြင်ငယ်လေ.....ထီးဆူဆူကိုလေ.....
စိုးလို့မိုးတော်မူ
ဘုန်းပန်းငယ်ကြိုင်မွှေး၊ မြတ်လေးငယ် အတူ....
ကြူပင်ကြူချည့်လေ......."

### စံရာတောင်ကျွန်း

'စံရာတောင်ကျွန်း' စောင်းသံညှင်းက စည်းချက်ကျကျထွက်ပေါ်နေဆဲဖြစ်သည်။ ကြိုကြားကြိုကြား ပေါ်လာသော အိုးစည်သံနှင့်အတူ ရွှေမြို့တော်အနှံ့ အတာသကြၤန်ပွဲကား မင်္ဂလာရှိစွာ ဆင်နွှဲလျက်ရှိကုန်၏။ မင်းဘုရင်နှင့်မိဖုရားတို့မှာ မြောက်ဥယျာဉ်တော်၊ အရှေ့မြောက်ထောင့်၊ အနောက်မြောက်ထောင့်တို့၌ သကြၤန်တန်ဆောင်းပွဲခံ ကန္နားကဖျင်းများ ဆောက်၍ သကြၤန်မတိုင်မီကတည်းက မင်းညီမင်းသား၊ မှူးတော်မတ်တော်တို့ဗောင်းနားငွေါင်းဝတ်လုံ စလွယ်ဆင်ယင်ပြီး ဝင်ထွက်ခစားစေ၏။ ထို့နောက် သကြၤန်အခါတော်နီးသည်နှင့် ကုန်းတပ်ရေတပ် ခင်းကျင်းကာ မင်္ဂလာမြောင်းတော်က ရေကြောင်းထွက်တော်မူခဲ့သေးသည်။

ယခုသကြၤန်အခါတော်အတွင်း၌ ရွှေနန်းတော်သို့တက်တော်မူပြီး အငြိမ့်တော်များ၊ အတွင်းဆိုင်း၊ မွန်ဆိုင်း၊ ယိုးဒယားဇာတ်ကြီး အဆိုအကများကို အခါသုံးရက်အတွက် နေ့ညမပြတ် ကခုန်သီကြူး တီးမှုတ်သံများ၊ ရတနာပုံ နေပြည်တော်တစ်ဝှမ်း ပျံ့ထုံလွှမ်းခဲ့သည်။ မြို့စား၊ ရွာစား၊ အပျိုတော်တို့နှင့် လက်သုံးတော် လက်ဖက်ရည်တော်တို့ အမိန့်တော်မြတ်နှင့် တစ်ဦးကိုတစ်ဦး ပျော်ပါးစွာ ရေစင်သွန်းလောင်း ကစားကြသည်။ ရွှေမြို့တော်တွင်းရှိ နန်းတော်၊ အဆောင်၊ အိမ်ရာများမကျန် အိမ်တိုင်းစေ့တွင် မြေအိုး၌ သပြေညွှန့်၊ တမာညွှန့်၊ သီးညွှန့်၊ အုန်းလက်နှင့် မြေစာမြက်တို့ စုစည်းထိုးဆိုက်ထားသည့် အတာအိုးများကား နုသစ်လန်းဆန်းလျက်.....။

### ဂျစ်ကားဘောနက်ပေါ်၌ မုန်စီရွှေချအုပ်

သပြေညွှန့်၊ တမာညွှန့်၊ သီးညွှန့်၊ အုန်းလက်နှင့် မြေစာမြက်တို့ စုစည်းထိုးစိုက်ထားသော အတာအိုးကို အိမ်ရှေ့တွင် သေချာစွာ ပြင်ဆင်ချထားလိုက်သည်။ သပြေညွှန့်လေးမှာ ရေစက်ရေပေါက်လေးများပင် သီးနေ၏။ နေရောင်တွင် ရေစက်တို့က ပန်းစကြာမီးပွင့်တို့ လင်းလက်စေသည်။ အုန်းလက်၏ စိမ်းနုသွေးက ကျောက်စိမ်းရောင် တောက်နေ၏။ သပြေရွက်တွေ..... အုန်းလက်တွေ....ရှုပ်ထွေးဝေဝါးသွားသည်။ နေခြည်သွေးက ဆည်းဆာတွင် ပန်းနုသွေးသန်းချေပြီ။ ကတော့ထိုးထားသော ငှက်ပျောဖက်များက ပန်းနုဆည်းဆာတွင် နုသောအသွေး ဖက်လုနေသည်။ ငှက်ပျောဖက်ညွှန့်ကတော့လေးတွင် ဖြည်းဖြည်းချင်းအပေါ်သို့ အဖျားရှူးသွားသည်။ သပြေရွက်ညွှန့်များနှင့်အတူ ရောင်ပြား ရွှေငွေစက္ကူပန်းကလေးများကို ခပ်ဖြောက်ဖြောက်ထိုးထားသည့် ကန်တော့ပွဲညွှန့်ကြီးက ဂျစ်ကားဘောနက်ပေါ်၌ မုန်စီရွှေချအုပ်ကြီးဖြင့် ခံ့ထည်လှဘိ....။ ခမ်းခမ်းနားနားပြင်ဆင်ထားသည့် ကန်တော့ပွဲအုပ်ကြီးကား အဖျားရှူးကာ ဖြည်းဖြည်းချင်းမြင့်တက်သွားပုံက နောက်ခံကျော်မိုး တံခါးပြာသာဒ်ကြီးနှင့် ပုံသဏ္ဍာန်ချင်းတူလှသည်။

### ရိုးရာအတာသကြၤန် အလှပြကားတွေ

ကျော်မိုးတံခါး (ဝါ)မင်္ဂလာတံခါးရှေ့ကျုံးကူးတံတားကြီးထိပ်မှ ကန်တော့ပွဲညွှန့်ထိုးထားသည့် မဟာအတာသကြၤန်ပွဲတော် ရှေ့ပြေးကားက အဆင်သင့်နေရာယူထားသည်။ သူ့နောက်မှာ ရိုးရာအတာသကြၤန် အလှပြကားတွေက အစီအရီ....။ မင်္ဂလာတံတားပေါ်....။ မင်္ဂလာတံခါးအောက်.....။ ထို့နောက် နန်းတွင်းအင်္ဂါထောင့် ကွင်းပြင်ကြီးထဲအထိ....။ မန္တလေးတွင် ထွန်းကားခဲ့သော စပ်ပန်းချီမဏ္ဍပ် ရုပ်လုံးအတတ်၊ ဆေးရေးပန်းချီ အတတ်များဖြင့် အစွမ်းကုန်ခြယ်သထားသည့် အလှပြယာဉ်များသည် နဂါးရုပ်၊ ခြင်္သေ့ရုပ်၊ နယားရုပ်၊ ဟင်္သာရုပ်၊ ဇာမဏီရုပ်၊ ပဥ္စရူပရုပ်၊ ဥဒေါင်းရုပ်၊ ငန်းရုပ်၊ ကြက်ရုပ်၊ နန်းမြင့်ပုံ၊ နန်းဆောင်ပုံများဖြင့် ရွှေပြားငွေပြားပန်းချီထည်များ စပ်ဟပ်ခြယ်သကာ အလှကြီးလှလျက်ရှိနေသည်။

အရှင်နှစ်ပါးပါတော်မူပြီး ထီးကျိုးစည်ပေါက်ဖြစ်ကာ တိုင်းတစ်ပါး ဘာသာခြားလက်အောက် ကျွန်သဘောက်ဘဝ ရောက်ခဲ့ရသော်လည်း ကိုယ့်အမျိုး၊ ကိုယ့်ဘာသာ၊ ကိုယ့်ရိုးရာ၊ ကိုယ့်ယဉ်ကျေးမှုကို အပျက်အစီး အထိအပါးမခံဘဲ မန္တလေး၌ ကျန်ကောင်းကျန်ရာ ကျန်သင့်သော ဆွေတော်မျိုးတော်၊ မှူးတော်မတ်တော် ဟောင်းကြီးများနှင့် ဂုဏ်သရေရှိသော မြို့မိမြို့ဖများက တာဝန်တစ်ရပ်ကဲ့သို့ စွမ်းစွမ်းတမံဆောင်ရွက်ကြရင်း ယဉ်ကျေးမှု မဟာသကြၤန်ပွဲတော်ကြီးအား ဆင်နွှဲခဲ့ကြခြင်းဖြစ်၏။

### ခေတ်ပေါ်လေမှုတ်တူရိယာများဖြင့်

ရှေးယခင်ကလို လေးပြင်လေးရပ်၌ ခတ်တံခါး၊ မိတ်တံခါးများမှ သကြၤန်အမြောက် သုံးချက်စီကို တံခါး ၁၂ ရပ်အပြည့်ပစ်ဖောက်ခြင်းမျိုးမတတ်နိုင်ငြား....၊ အရှင်နှစ်ပါးမှအစပြု၍ မဟာသကြၤန်ပွဲကို ရှေးထုံးရှေးနည်းများအတိုင်း စောင်းသံ၊ အငြိမ့်သံ၊ ဆိုင်းသံ ခြိမ့်ခြိမ့်ဖြင့် မကျင်းပနိုင်ငြား....၊ ပြောင်းလဲလာသော ခေတ်အခြေအနေအရ တွင်ကျယ်စွာသုံးစွဲလာသော လော်ရီကုန်ကားကြီးများအား ပန်းချီမဏ္ဍပ်ရုပ်လုံးရုပ်ကြွ အပြင်အဆင်များဖြင့် ခြယ်သကြသည်။ စောင်းညှင်း ပတ်သာများအစား ခေတ်ပေါ်လေမှုတ်တူရိယာများဖြင့် ခေတ်မီခံ့ညားထည်ဝါစွာ သကြၤန်ပွဲတော်ကို ဆင်နွှဲပျော်ခဲ့ကြကုန်၏။

မြို့မိမြို့ဖများဦးဆောင်သည့် မဟာသကြၤန်ပွဲတော်ကျင်းပရေးကော်မီတီ၏ အချက်ပေးသံနှင့်အတူ ခေတ်ပေါ်တူရိယာများဖြင့် စတင်တီးမှုတ်လိုက်သော အသံက ကြက်သီးမွေးညင်းထမျှ ထွက်ပေါ်လာ၏။ ကိုယ့်အရှင်ကိုယ့်သခင် ရှိစဉ်ကာလ သကြၤန်တော်ကျသည်နှင့် မြဝတီမင်းကြီးဦးစရေးသားခဲ့သည့် "စံရာတောင်ကျွန်းလုံးဥသျှောင် ကျင်ငယ်လေ" အစချီ 'ဘုန်းတော်ဘွဲ့' ကြိုးသီချင်းသံကို စောင်းသံနွဲ့ညှင်းဖြင့် သာယာနာပျော်ဖွယ်ကြားခဲ့ရသည်လေ....။

အခု....မဟာအတာသကြၤန်ပွဲတော်အကြိုနေ့ ညနေဆည်းဆာတွင် 'စံရာတောင်ကျွန်း' ကြိုးသီချင်းအလိုက်တွင် စာသားများရေးစပ် ထည့်သွင်းထားသည့် "အေးတဲ့ရေ" ဟူသော သီချင်း......။ နားဆင်ကြည့်ပါဘိ.......။

### မြို့မှော်ဝေကင်း

မန္တလေးဆိုင်းတန်းရပ်က မြို့မဇုဒ္ဓဝေယျာဝစ္စ တူရိယာအသင်းမှ ကိုရင်လေး ရေးစပ်ကာ အသင်းသားများ မြိုင်မြိုင်ဆိုင်ဆိုင်တီးမှုတ်ထားကြပုံက မန္တလေးမူ၊ မန္တလေးဟန်နှင့် ထီးဆန်နန်းဆန်လိုက်ပါဘိ.....။

ပလုတ်တုတ်ဗုံတောင်သံနှင့်အတူ အနောက်တိုင်းလေမှုတ်တူရိယာများဖြင့် တီးမှုတ်သောသီချင်းသွားက တငြိမ့်ငြိမ့် ထွက်ပေါ်လာသည်။ ကန်တော့ပွဲညွှန့်တင်ဆောင်မည့် ရှေ့ပြေးကားနှင့် နောက်မှ အလှပြယာဉ်တန်းကြီးက သီချင်း တေးသွားသံနှင့်အတူ မဟာမုနိဘုရားကြီးထံ သကြၤန်ကြို ကန်တော့ပန်း ပန်ဆင်ရန် စီတန်းလှည့်လည်ကြပါပကော......။ ပိတောက်တွေပွင့်နေသည့် လမ်းတစ်လျှောက်တွင် မြို့လူထုက လမ်းလုံးပြည့်မျှမက အိမ်ရှေ့၊ အိမ်ပေါ် ဝရံတာ၊ ပြတင်းပေါက်များမှာထိ တိုးဝှေ့ထွက်ပြူ ကြည့်ရှုသြဘာပေးကြသံများလည်း ညံမစဲ.....။

"......သင်းပျံ့နေ.....ရွှေမန်းပိတောက်တွေ တွဲရရွဲနဲ့လေ....

ဆင်မြဲမြန်းကာ လှတဲ့မေ...... ငွေငန်းမောင့်ကို လောင်းတဲ့ရေ.......

ဘေးဘယာဝေးကွာ ကင်းစင်ပမယ်......

သည်ရေပွဲ......သကြၤန်ရေ....." တဲ့လေ......။

'စံရာတောင်ကျွန်း' ကြိုးသီချင်းအလိုက် 'အေးတဲ့ရေ' ခေါ် 'မြို့မှော်ဝေကင်း' သီချင်းသံက လမ်းလုံးညွတ်မျှ အပြည့်အလျှံ.....။ ၁၉၄၀ ဝန်းကျင်သကြၤန်.....။

# မန္တလေးမြို့၌ လူငယ်များတီထွင်သော နည်းပညာပစ္စည်းများပြပွဲကျင်းပ

**မန္တလေး မေ ၇**

လူငယ်များ တီထွင်ဖန်တီးထားသော နည်းပညာပစ္စည်းများနှင့် လက်မှုပညာပစ္စည်းများ ပါဝင်ပြသထားသည့် Maker Fest Myanmar 2019 ပွဲတော်ကို မေ ၆ ရက် နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ မန္တလေးမြို့ ၂၆ လမ်းနှင့် ၇၁ လမ်းထောင့်ရှိ ဂျက်ဖာဆင်စင်တာတွင် ကျင်းပသည်။

မြန်မာနိုင်ငံအတွင်းရှိ လူငယ်များအနေဖြင့် ကိုယ်ပိုင်တီထွင်ဖန်တီးမှုများ အကောင်အထည်ပေါ်လာစေပြီး တီထွင်ဖန်တီးထားသည့် လူငယ်များအချင်းချင်း တစ်နေရာတည်းတွင် တစုတစည်းတည်း အတွေးအခေါ် အကြံဉာဏ်များ အပြန်အလှန် ဖလှယ်နိုင်ရန်နှင့် တီထွင်ဖန်တီးလိုသော လူငယ်များကို မြေတောင်မြှောက်ပေးရန် ရည်ရွယ်၍ ကျင်းပခြင်းဖြစ်သည်။

"ကျွန်တော်တို့ ပြီးခဲ့တဲ့ဖေဖော်ဝါရီလတုန်းက အမေရိကန်စင်တာ(ရန်ကုန်)မှာ တစ်ပွဲလုပ်ခဲ့ပါတယ်။ အခု မြန်မာပြည်အထက်ပိုင်းက လူငယ်တွေအတွက် မန္တလေးမှာလာပြီးတော့ လုပ်ပေးတာပါ။ ထူးခြားတာကတော့ ရန်ကုန်နဲ့ မန္တလေးနည်းနည်းတော့ ကွာပါတယ်။ ရန်ကုန်က နည်းပညာပိုဆန်တယ်။ မန္တလေးကတော့ တီထွင်ဖန်တီးနိုင်မှုမှာ ပိုများတယ်။ မိတ္ထီလာက အစ်ကိုတစ်ယောက် တီထွင်ထားတဲ့ ဆိုင်ကယ်အင်ဂျင်ကို သုံးပြီးတော့ ပြုလုပ်ထားတဲ့ ကားတစ်စီး ပါဝင်ပြသထားပါတယ်။ ကလေးတွေလုပ်ထားတာက ဆိုင်ကယ် ရိုးရိုး lock ကို Romote lock ပြောင်းလဲတီထွင်ဖန်တီးပြသထားတာ တွေ့ရပါတယ်။ အချို့ကျောင်းသားတွေကလည်း သူတို့ ပြုလုပ်ထားတဲ့ Project တွေကို လာပြီးတော့ ပြသကြပါတယ်။ ဒီကိုလာရောက်ကြတဲ့ကလေးတွေဟာ သင်ယူလို့လည်းရမယ်။ လေ့လာလို့လည်းရမယ်။ မျှဝေလို့လည်းရမယ်။ ဒါကြောင့် ဒီလိုပွဲမျိုး ပြုလုပ်ပေးတာဖြစ်ပါတယ်" ဟု အမေရိကန်စင်တာ(ရန်ကုန်)မှ Library Director ကိုကျော်ခိုင်က ပြောသည်။

အဆိုပါပွဲတွင် လူငယ်အဖွဲ့ ၃၀ ကျော်မှ ကိုယ်တိုင်တီထွင်ဖန်တီးထားသည့် နည်းပညာနှင့် လက်မှုပညာပစ္စည်းများ၊ ဇီဝဗေဒနှင့် ပတ်သက်သည့်ပစ္စည်းများ၊ စွန့်ပစ်ပစ္စည်းများကို အသုံးပြု၍ ဖန်တီးပြုလုပ်ထားသော ပစ္စည်းများ၊ အီလက်ထရွန်နစ်ပစ္စည်းများကို ပြသခဲ့ပြီး လာရောက် လေ့လာ ကြည့်ရှုသူများအတွက်လည်း TALK, Workshop နှင့် Robot Game ပြိုင်ပွဲများ စသည့်ကဏ္ဍများကိုလည်း ထည့်သွင်းကျင်းပခဲ့ကြောင်း သိရသည်။ **အောင်ဖြိုးကျော်**



# မင်္ဂလာမန္တလေးသင်္ကြန် အကြိုပွဲတော် ယိမ်းအကအလှုပြိုင်ပွဲကျင်းပ




**မန္တလေး မေ ၇**

မင်္ဂလာမန္တလေး မြန်မာ့ရိုးရာသင်္ကြန်ပွဲတော်အကြို ပဋ္ဌမအကြိမ် ရေသဘင်ပွဲတော် ယိမ်းအကအလှုပြိုင်ပွဲ ဖွင့်ပွဲကို မေ ၆ ရက် ညနေ ၆ နာရီက မင်္ဂလာမန္တလေး လမ်းလျှောက်ဈေးတွင်ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်နှင့် အစိုးရအဖွဲ့ဝင်များ တက်ရောက်အားပေးကြသည်။

မင်္ဂလာမန္တလေး မြန်မာ့ရိုးရာအတာသင်္ကြန်အကြိုပွဲတော်ကို မန္တလေးတိုင်းဒေသကြီး အမျိုးသမီးကော်မတီနာယက ဒေါက်တာယုယုမေနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး အလင်းသစ်ယဉ်ကျေးမှုအဖွဲ့က တိုင်းရင်းသားတို့ပျော်ရာပြည်ထောင်စု သင်္ကြန်သီချင်းဖြင့် ကပြဖျော်ဖြေသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်များ၊ တရုတ်နိုင်ငံ ကောင်စစ်ဝန်နှင့်ဖိတ်ကြားထားသူများသည် ငွေဖလားမှ ရေကိုသပြေခက်ဖြင့် အပြန်အလှန်ရေပက်ကြသည်။

ဆက်လက်၍ ယိမ်းအကပြိုင်ပွဲကျင်းပရာ ပညာရှင်အဆင့်တွင် ခြောက်ဖွဲ့၊ ဝါသနာရှင်အဆင့်တွင် ၁၅ ဖွဲ့ ယှဉ်ပြိုင်ကြသည်။

**မောင်ပြည်သူ (မန္တလေး)**

## သထုံခရိုင်အတွင်း နွေရာသီ သောက်သုံးရေ လုံလောက်စွာရရှိရေး ဆောင်ရွက်

**သထုံ မေ ၇**

နွေရာသီကာလတွင် သထုံခရိုင်အတွင်း မြို့နယ်လေးမြို့နယ်ရှိ ကျေးရွာများ သောက်သုံးရေရှားပါးခြင်း၊ ပြတ်လပ်ခြင်းမရှိစေရေး၊ လုံလောက်စွာရရှိရေးအတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် နှစ်စဉ်ရေရရှိရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် သထုံခရိုင်အတွင်း မြို့နယ်လေးမြို့နယ်ရှိ ကျေးရွာ ၄၁ ရွာတွင် မူလခွင့်ပြုငွေကျပ် ၃၃၆ ဒသမ ၂၇ သန်း၊ မွမ်းမံရန်ပုံငွေကျပ် ၄၀ ဒသမ ၅၅ သန်း၊ ယူနီဆက်ထောက်ပံ့ရင်းနှီးမြှုပ်နှံမှုဖြင့် နိုင်ငံတော်ထောက်ပံ့ငွေကျပ်သန်း ၄၀၊ ပြည်သူထည့်ဝင်ငွေကျပ် ၅ ဒသမ ၁၅ သန်းနှင့် ယူနီဆက် (ပြင်/ ထိန်း)ရန်ပုံငွေကျပ် ၇ ဒသမ ၆၅ သန်း စုစုပေါင်းငွေကျပ် ၄၂၉ ဒသမ ၆၂ သန်း လုပ်ငန်းပေါင်း ၄၉ ခုတို့ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

သထုံမြို့နယ်ရှိ ကျေးရွာငါးရွာတွင် စုစုပေါင်းရန်ပုံငွေကျပ် ၆၁ ဒသမ ၆သန်းဖြင့် တွင်းနက်တစ်ခု၊ မြေသားရေကန်တစ်ခု၊ စိမ့်စမ်းရေသွယ်နှစ်ခု၊ အခြားရေပေးရေးတစ်ခု၊ ကျိုက်ထိုမြို့နယ်ရှိ ကျေးရွာ ၁၀ ရွာတွင် စုစုပေါင်းရန်ပုံငွေကျပ် ၇၁ ဒသမ ၆၇ သန်းဖြင့် လက်တူးတွင်းတစ်ခု၊ အခြားရေပေးရေး ကိုးခု အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ ဘီးလင်းမြို့နယ်ရှိ ကျေးရွာ ၁၀ ရွာတွင် စုစုပေါင်းရန်ပုံငွေကျပ် ၇၀ ဒသမ ၃ သန်းဖြင့် လက်တူးတွင်းကျယ် တစ်ခု၊ လက်တွင်းတူး (တွင်းဆေးတွင်းမှုတ်ခြင်း) ၁၀ ခု၊ မြေသား ရေကန်နှစ်ခု၊ စိမ့်စမ်းရေသွယ်နှစ်ခု၊ အခြားရေပေးရေးတစ်ခုနှင့် ပေါင်မြို့နယ်ရှိ ကျေးရွာ ၁၆ ရွာတွင် စုစုပေါင်းရန်ပုံငွေကျပ် ၂၂၆ ဒသမ ၀၅ သန်းဖြင့် တွင်းနက်ရှစ်ခု၊ မြေသားရေကန်ငါးခု၊ အခြားရေပေးရေးခြောက်ခုကို ဆောင်ရွက်လျက်ရှိသည်။

အဆိုပါလုပ်ငန်းများအပြင် နွေရာသီတွင် ရေပြတ်လပ်နိုင်သည့်ကျေးရွာများ သောက်သုံးရေ လိုအပ်လာပါက အချိန်နှင့်တစ်ပြေးညီ ပေးပို့နိုင်ရေးဆောင်ရွက်ထားရှိကြောင်း သိရသည်။

**သထုံကျေးလက်**

## ကျောင်းဆောင်သစ်ဖွင့်ပွဲ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် တက်ရောက်

**ရေတာရှည် မေ ၇**

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်းနှင့် တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် တာဝန်ရှိသူများသည် မေ ၇ ရက် နံနက် ၉ နာရီက ရေတာရှည်မြို့နယ် ဆွာမင်းလမ်းကျေးရွာနှင့် တံတားကြီးကျေးရွာတို့တွင် စာသင်ကျောင်းများဖွင့်ပွဲသို့ တက်ရောက်သည်။

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်းက ဆွာချောင်းဆည်တမံပင်မ ရေပိုလွှဲကျိုးပေါက်မှုကြောင့် ရေကြီးရေလျှံမှုဖြစ်ပွားခဲ့ရာ လူ့အသက် သေဆုံးမှုများရှိခဲ့သလို အိုးအိမ်၊ အဆောက်အအုံများစွာ ထိခိုက် ဆုံးရှုံးခဲ့ရသည့်အတွက် ရုပ်ပိုင်းဆိုင်ရာ စိတ်ဓာတ်ပိုင်းဆိုင်ရာ ထိခိုက်ခဲ့ကြရသည်ကို သိရှိရပါကြောင်း၊ အနာဂတ်အတွက် ကောင်းမွန်သော စိတ်ဓာတ်၊ စည်းကမ်း၊ ပညာအစရှိသည်တို့ကို ပုံဖော်ထုဆစ်သည့်နေရာများဖြစ်သည့် စာသင်ကျောင်းများ ပြန်လည်တည်ဆောက်ပေးနိုင်သည့်အတွက် များစွာဂုဏ်ယူဝမ်းမြောက်ရပါကြောင်း ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်းနှင့် တာဝန်ရှိသူများသည် တံတားကြီးကျေးရွာ မူလတန်းလွန်ကျောင်း စာသင်ကျောင်းဆောင်အား ဖွင့်လှစ်ပေး၍ စာသင်ကျောင်းအား လိုက်လံကြည့်ရှုခဲ့ သည်။

**သန်းလွင်**

## ရန်ကုန်တက္ကသိုလ်နယ်မြေ စိန်ရတုခန်းမ၌ ပြည်သူ့နီတိစကားဝိုင်း ကျင်းပ

**ရန်ကုန် မေ ၇**

မြန်မာနိုင်ငံ အဆင့်မြင့်ပညာဦးစီးဌာန မြန်မာစာရေးဆရာကလပ်နှင့် ရွှင်ရယ်မြန်မာတီးမစ်တို့ ပူးပေါင်းတင်ဆက်သော ပြည်သူ့နီတိစကားဝိုင်းကို ယနေ့ မွန်းလွဲ ၁ နာရီမှစတင်၍ ရန်ကုန်တက္ကသိုလ်နယ်မြေ စိန်ရတုခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးအတွင်း ၄၂ မြို့နယ်ရှိ အဆင့်မြင့်ပညာဦးစီးဌာနများမှ ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများ၊ စာပေသဘင် ဂီတရုပ်ရှင်အလွှာအသီးသီးမှ မြန်မာစာ၊ မြန်မာစကား လေ့လာလိုက်စားကြသူများ၊ အသိပညာရှင် အတတ်ပညာရှင်များ စုစုပေါင်းအင်အား တစ်ထောင်ကျော် တက်ရောက်ခဲ့ကြသည်။

အဆိုပါစကားဝိုင်းကို မြန်မာစာရေးဆရာကလပ်မှ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် ဆရာမင်းခိုက်စိုးစန်ဦးဆောင်၍ စာရေးဆရာများဖြစ်ကြသော ဆရာမောင်သာချို၊ စာရေးဆရာမသန်းမြင့်အောင်၊ ဆရာထင်လင်းဦး နိုင်ငံကျော်အဆိုတော် ဇော်ဝင်းထွဋ်၊ ရုပ်ရှင်သရုပ်ဆောင်နေမင်းတို့က အားဖြည့်ဆွေးနွေးခဲ့သည်။ ဆွေးနွေးပွဲအပြီး တက်ရောက်လာကြသူများက ပြည်သူ့နီတိတွင်ရှိသော စည်းကမ်း၊ လိမ္မာယဉ်ကျေးမှု၊ အပြောအဆိုအနေအထိုင် အသွားအလာ၊ စာနာခွင့်လွှတ်ဆက်ဆံတတ်ခြင်းတို့နှင့်စပ်လျဉ်းသော မေးခွန်းများပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြသည်။

**သတင်း-မျိုးမင်းသိန်း(မရမ်းကုန်း)**

## ကနီမြို့နယ်တွင် လေပြင်းတိုက်ခတ်မှုဖြစ်ပွား

**ကနီ မေ ၇**

စစ်ကိုင်းတိုင်းဒေသကြီး ကနီမြို့နယ်တွင် မေ ၆ ရက် ညနေ ၅ နာရီခွဲက လေပြင်းတိုက်ခတ်မှုကြောင့် ကျေးရွာ ၂၁ ရွာမှ လူနေအိမ် ၆၉ လုံး၊ နွားတဲ သုံးလုံး၊ စာသင်ကျောင်းနှစ်ကျောင်း၊ ဘုန်းတော်ကြီးကျောင်း နှစ်ကျောင်း၊ ဇရပ်တစ်ဆောင်အမိုးလန်ခြင်း၊ လူနေအိမ် သုံးလုံးပြိုကျခြင်းများ ဖြစ်ပွားခဲ့ကြောင်း သိရသည်။

**ခင်ဝင်းကြည်(ပြန်/ဆက်)**

# ကမ္ဘာ့ကျန်းမာရေးနေ့အထိမ်းအမှတ်အခမ်းအနား ထားဝယ်မြို့၌ကျင်းပ



**ထားဝယ် ဧပြီ ၇**
အရည်အသွေးပြည့်ကျန်းမာရေး လူတိုင်းရအောင် ဆောင်ရွက်ပေး ဆောင်ပုဒ်နှင့်အညီ ၂၀၁၉ ခုနှစ် ကမ္ဘာ့ကျန်းမာရေးနေ့အထိမ်းအမှတ်အခမ်းအနားကို တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့မြို့တော်ခန်းမ၌ နံနက် ၉ နာရီက ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး လူမှုရေးနှင့် စည်ပင်သာယာရေးဝန်ကြီး ဦးဟိုပင်က ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့် အမျိုးသားကျန်းမာရေးစီမံကိန်း (၂၀၁၇-၂၀၂၁) တွင် လူတိုင်းလက်လှမ်းမီ ကျန်းမာရေးစောင့်ရှောက်မှုများကို ရရှိဆောင်ရွက်နိုင်ရန်၊ လူ့စွမ်းအားအရင်းအမြစ်၊ အခြေခံအဆောက်အအုံ၊ ကျန်းမာရေးဝန်ဆောင်မှုနှင့် ကျန်းမာရေးဆိုင်ရာဘဏ္ဍာရေးစီမံခန့်ခွဲထောက်ပံ့မှုတို့ကို အားဖြည့်ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်သူလူထု၏ကျန်းမာရေးစောင့်ရှောက်မှုပေးရာတွင် ကျန်းမာရေးဝန်ထမ်းများ၊ ကျန်းမာရေးစောင့်ရှောက်မှုပေးသူများ လုံလောက်မှု၊ အခြေခံအဆောက်အအုံများ ပြည့်စုံမှုနှင့် ကျန်းမာရေးစောင့်ရှောက်ပေးနိုင်ရန် အရည်အသွေးများကောင်းမွန်မှုတို့ရှိရန် လိုအပ်ကြောင်း၊ အရည်အသွေးပြည့်ကျန်းမာရေး လူတိုင်းရအောင် ဆောင်ရွက်ပေးနိုင်ရန် အားလုံးဝိုင်းဝန်းကြိုးပမ်းကြရန်လိုကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ကျန်းမာရေးဦးစီးမှူး ဒေါက်တာထွန်းမင်းက WHO ( South East Asia ) Regional Director Dr Poonam Khetrapal Singh ၏ ၂၀၁၉ ခုနှစ် ကမ္ဘာ့ကျန်းမာရေးနေ့ သဝဏ်လွှာကို ဖတ်ကြားပြီး တာဝန်ရှိသူများက ၂၀၁၈ ခုနှစ် စံပြမြို့နယ်ဆုရ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးမှူးများအား ဆုချီးမြှင့်ကာ ကမ္ဘာ့ကျန်းမာရေးနေ့အထိမ်းအမှတ်ပြခန်းကို ကြည့်ရှုအားပေးကြသည်။ **ထားဝယ်ခရိုင် (ပြန်/ဆက်)**

# ပုသိမ်မြို့တွင် ကမ္ဘာ့ကျန်းမာရေးနေ့အထိမ်းအမှတ် စုပေါင်းစက်ဘီးနင်းပြိုင်ပွဲကျင်းပ

**ပုသိမ် ဧပြီ ၇**
ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့တွင် ကမ္ဘာ့ကျန်းမာရေးနေ့ အထိမ်းအမှတ် လူထုစုပေါင်းစက်ဘီးနင်းပြိုင်ပွဲကို ဧပြီ ၇ ရက် နံနက်ပိုင်းကကျင်းပရာ နာရီစင်အဝိုင်းမှ စတင်တာလွှတ်သည်။

ပြိုင်ပွဲဝင်များသည် မဟာဗန္ဓုလလမ်း ရုပ်တုအဝိုင်းမှပတ်၍ မဟာဗန္ဓုလလမ်းအတိုင်း ကုန်သည်လမ်း၊ ရွှေစေတီလမ်း၊ ကမ်းနားလမ်းအတိုင်း မြို့တော်ခန်းမရှေ့တွင် ပန်းဝင်ကြသည်။

အမျိုးသား အမျိုးသမီး၊ ကလေး စုစုပေါင်း ၆၅၀ ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး ဆုရရှိသူများအား တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြသည်။
**မောင်မောင်မြင့် ( ပြန်/ဆက်)**



# ကမ္ဘာ့ကျန်းမာရေးနေ့အထိမ်းအမှတ် စုပေါင်းအမှိုက်ကောက်ပွဲပြုလုပ်

**ပခုက္ကူ ဧပြီ ၇**
ကမ္ဘာ့ကျန်းမာရေးနေ့အထိမ်းအမှတ် လူထုစက်ဘီးစီးပွဲနှင့် ဆေးရုံကြီးအတွင်း စုပေါင်းအမှိုက်ကောက်ပွဲကို ပခုက္ကူ-စက်ဘီးအသင်းက ဧပြီ ၇ ရက် နံနက် ၅ နာရီခွဲက ကျင်းပသည်။



စက်ဘီးစီးပွဲကို မြို့မလမ်းမှစတင်ထွက်ခွာပြီး ပခုက္ကူ-ရေစကြိုလမ်းမှ မြို့ရှောင်လမ်းနောက်ဆုံးဆုံးရပ်အပြင် ပခုက္ကူဆေးရုံကြီးရှေ့တွင် ရပ်နားကြသည်။

ဆက်လက်၍ စက်ဘီးစီးပွဲကိုပါဝင်ဆင်နွှဲသူများက ပခုက္ကူဆေးရုံကြီးတွင် ကမ္ဘာ့ကျန်းမာရေးနေ့အထိမ်းအမှတ် စုပေါင်းအမှိုက်ကောက်ကြရာ ပခုက္ကူခရိုင်ဆေးရုံအုပ်ကြီး ဒေါက်တာမြတ်မြတ်မိုးနှင့် ပခုက္ကူဆေးရုံကြီးဝန်ထမ်းများ ပူးပေါင်းပါဝင်ဆင်နွှဲကြသည်။

ပခုက္ကူစက်ဘီးအသင်းအနေဖြင့် (၁၈) ကြိမ်မြောက် လူထုစက်ဘီးစီးပွဲ ကျင်းပရခြင်းဖြစ်ကြောင်း၊ အခါအားလျော်စွာ လူထုစက်ဘီးစီးပွဲများ ကျင်းပပေးနေကြောင်းကို ပခုက္ကူစက်ဘီးအသင်းမှ ဦးသိန်းထွန်းနိုင်က ရှင်းပြသည်။

ယင်းနေ့ လူထုစက်ဘီးစီးပွဲတွင် ပါဝင်ဆင်နွှဲသူ ၄၀၀ ကျော်ရှိကြောင်း သိရသည်။

ပခုက္ကူစက်ဘီးအသင်းမှ တံတားဦးတွင်ကျင်းပသော စက်ဘီးစီးပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်၍ စတုတ္ထရရှိသူတစ်ဦးအား မကွေးတိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာခင်မောင်အေးက ဂုဏ်ပြုလွှာနှင့် ဂုဏ်ပြုမှတ်တမ်းပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **ကိုတမာ**

**တိုတိုထွာထွာဖတ်စရာ**

## ယာဉ်စည်းကမ်းလိုက်နာရေး အသိပညာပေး

**လွိုင်လင်**
အတာရေသဘင်ပွဲတော်ဆင်နွှဲရာတွင် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် မဖြစ်စေရန် လွိုင်လင်မြို့ယာဉ်ထိန်းရဲတပ်ဖွဲ့စုအမှတ် (၁၁၇)မှ တပ်ဖွဲ့စုမှူး ဒုရဲမှူးမြတ်ထွန်းနှင့် တပ်ဖွဲ့ဝင်များက ဧပြီ ၇ ရက် နံနက် ၈ နာရီတွင် မြို့၏အချက်အချာဖြစ်သောနေရာများတွင် ပညာပေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

မော်တော်ဆိုင်ကယ်စီးနင်းရာတွင် မူးယစ်ရမ်းကား၍ မောင်းနှင်ခြင်းမပြုရန်၊ နှစ်ယောက်ထက်ပို၍မစီးရန်၊ ဆိုင်ကယ်စီးဦးထုပ်ဆောင်းရန်၊ မေးသိုင်းကြိုးတပ်ရန်၊ ဆူညံသံအိတ်ဇောများမတပ်ဆင်ရန်၊ ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် စနစ်တကျမောင်းနှင်ကြရန် စသည့်ပညာပေးလုပ်ငန်းများ ဟောပြောခြင်း၊ ပညာပေးလက်ကမ်းစာစောင်များဖြန့်ဝေခြင်းများ ဆောင်ရွက်ကြကြောင်း သိရသည်။ **လွိုင်လင်မိုး**

## သီပေါတွင် မဟာသင်္ကြန်ပွဲတော် စည်ကားစွာကျင်းပမည်

**သီပေါ**
ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့နယ်တွင် မဟာသင်္ကြန်ပွဲတော်ကို စည်ကားသိုက်မြိုက်စွာကျင်းပရေး ညှိနှိုင်းအစည်းအဝေးကို ဧပြီ ၃ ရက် မွန်းလွဲ ၂ နာရီက မြို့နယ်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဖျော်ဖြေရေးဗဟိုမဏ္ဍပ်ကို မြို့လယ်ရှိ လမ်းမတော်လမ်းနှင့် မိုင်းပွန်လမ်းမီးပွိုင့်အနီးတွင် ထားရှိမည်ဖြစ်ပြီး မဟာသင်္ကြန်ပွဲတော်အတွင်း ရပ်ကွက်၊ ကျေးရွာအုပ်စုများ၊ နယ်မြေခံတပ်ရင်းတပ်ဖွဲ့များမှ ရိုးရာယဉ်ကျေးမှုအကများ၊ ယိမ်းအကများနှင့် ရှမ်းရိုးရာယဉ်ကျေးမှုအကများ စသည်ဖြင့် ဖျော်ဖြေရေးအစီအစဉ်များ ပါဝင်မည်ဖြစ်ပြီး မြန်မာနှစ်ဆန်း ၁ ရက်နေ့တွင် သက်ကြီးပူဇော်ပွဲနှင့် အန္တရာယ်ကင်းပရိတ်ရွတ်ဖတ်ပူဇော်မှုများလည်း ထည့်သွင်းပြုလုပ်ပေးမည်ဖြစ်ကြောင်း သိရသည်။ **စိုင်း (သီပေါ)**

## မီးဘေးအန္တရာယ် အသိပညာပေး လက်တွေ့သရုပ်ပြ

**ရန်ကုန်**
ဗိုလ်တထောင်မြို့နယ် ရဲတပ်ဖွဲ့မှူးရုံးခန်းမ၌ တာမွေမြို့နယ် မီးသတ်ဦးစီးဌာနမှ ဒုတိယမြို့နယ်ဦးစီးမှူး ဦးငြိမ်းချမ်းဦးဆောင်၍ ဧပြီ ၆ ရက် နံနက်က မီးဘေးအန္တရာယ် အသိပညာပေးဟောပြောပွဲနှင့် လက်တွေ့သရုပ်ပြသခြင်းများ ဆောင်ရွက်ခဲ့ရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးနေဝင်း ဦးစီးသော တပ်ဖွဲ့ဝင်မိသားစု ၅၀ တက်ရောက်ခဲ့ကြောင်း သိရသည်။ **မီးမီး(လှိုင်)**





(၇၃)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုသောအားဖြင့် ဧပြီ ၆ ရက် နံနက် ၈ နာရီခွဲက နတ်တလင်းမြို့ သာဇီရပ်ကွက်ရေလှောင်ကန်အတွင်းရှိ ဗေဒါပင်၊ ရေမှော်ပင်များအား မြို့နယ်ဌာနဆိုင်ရာများပါဝင်သော ပူးပေါင်းအဖွဲ့က စုပေါင်းရှင်းလင်းခြင်း၊ ရေဆိုးရေပုပ်များမဖြစ်စေရန် ထုံးအိတ်များထည့်ခြင်း၊ စွန့်ပစ်ခြင်းလုပ်ငန်းများကို စုပေါင်းဆောင်ရွက်ကြကြောင်း သိရသည်။ **တင်မြင့် (နတ်တလင်း)**



## သင်္ကြန်မတိုင်မီ ကော့သောင်းမြို့အနီး ပင်လယ်ကျွန်းအပန်းဖြေခရီးလာရောက်သူများဖြင့်စည်ကား

**ကော့သောင်း ဧပြီ ၇**

မြန်မာ့နှစ်သစ်ကူးသင်္ကြန်ပွဲတော်မတိုင်မီ ယခုရက်ပိုင်းအတွင်း မြန်မာနိုင်ငံတစ်နံတစ်လျားမှ ပြည်တွင်းခရီးသွားဧည့်သည်များနှင့် ထိုင်းနိုင်ငံမှတစ်ဆင့် ဝင်ရောက်လာကြသည့် ပြည်ပခရီးသွားဧည့်သည်များ ကော့သောင်းမြို့အနီးပင်လယ်ကျွန်းများသို့ အပန်းဖြေခရီး လာရောက်လည်ပတ်သူများဖြင့်စည်ကားလျက်ရှိသည်ကို ဧပြီ ၇ ရက် နံနက်ပိုင်းက မြို့မဆိပ်ကမ်းတံတားတွင်တွေ့မြင်ရသည်။

တနင်္သာရီတိုင်းဒေသကြီး၏ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်လာမှုနှင့်အတူ မြန်မာနိုင်ငံအရပ်ရပ်မှ ပြည်တွင်းခရီးသွားဧည့်သည်များ ထူးကဲစွာ လာရောက်လည်ပတ်ကြပြီး သာယာလှပဖွယ် ကမ်းခြေသဲသောင်များ၊ အပန်းဖြေဟိုတယ်များရှိရာ အက်ဒမန်ပင်လယ်အတွင်း ကျွန်းများဆီသို့ သင်္ကြန်အားလပ်ရက်မတိုင်မီ ခရီးသွားဧည့်သည်များမိသားစုအလိုက်၊ အစုအဖွဲ့များအလိုက် ကြိုတင်လာရောက်နေကြပြီဖြစ်ပြီး မိမိသွားရောက်လည်ပတ်ကြမည့် ပင်လယ်ကျွန်းများရှိ ခရီးသွားလုပ်ငန်း ကုမ္ပဏီ၏ ပို့ဆောင်ပေးမည့် Speed Boat များ၊ ခရီးသွားဧည့်သည်များဖြင့် ကော့သောင်းမြို့၏ မြို့မဆိပ်ကမ်းတံတားတွင် စည်ကားလှသည်ကိုတွေ့မြင်ရသည်။

လာရောက်လည်ပတ်ကြသည့် ခရီးသွားဧည့်သည်များ များပြားသည်နှင့်အမျှ မြို့တွင်းလမ်းများတွင် ယာဉ်အန္တရာယ်များမဖြစ်ပေါ်ရေး မြို့နယ်ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှ မော်တော်ယာဉ်များဖြင့် ယာဉ်အန္တရာယ်သတိပြုကြရေးလိုက်လံနှိုးဆော်အသိပေးလျက်ရှိပြီး ခရီးစဉ်အလိုက် အဆင်ပြေလွယ်ကူချောမွေ့စေရေး ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှ တာဝန်ရှိသူများနှင့် ခရီးသွားလုပ်ငန်းကုမ္ပဏီများဖြင့်ပေါင်းစပ်ညှိနှိုင်းကာ လိုအပ်သည့် စီမံခန့်ခွဲမှုများ ဆောင်ရွက်ပေးလျက်ရှိသည်။

ပင်လယ်ပြင်အတွင်း Speed Boat များ ခရီးသွားလာရခြင်းဖြစ်၍ ခရီးသွားဧည့်သည်များ မမျှော်မှန်းနိုင်သည့် ဘေးအန္တရာယ်များကျရောက်ပါက အရေးပေါ်ကူညီကယ်ဆယ်နိုင်ရေးအတွက် မြန်မာနိုင်ငံရေကြောင်း ရဲတပ်ဖွဲ့မှ ပင်လယ်ပြင်လုံခြုံရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးလုပ်ငန်းများ ကြိုတင်စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ကျော်စိုး (ကော့သောင်း)**

## လေပြင်းတိုက်ခတ်မှုကြောင့် ပျက်စီးသွားသောဘုန်းတော်ကြီးကျောင်းနှင့် လူနေအိမ်များအတွက် ထောက်ပံ့ငွေများပေးအပ်

**ရေတာရှည် ဧပြီ ၇**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပဲခူးတိုင်းဒေသကြီး ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနရုံးမှ တာဝန်ရှိသူများသည် ဧပြီ ၆ ရက် နံနက်ပိုင်းက ရေတာရှည်မြို့နယ်အတွင်း ကြာအင်းကုန်းကျေးရွာအုပ်စုအတွင်းရှိ ကြာအင်းကုန်း၊ ကိုးတန်းကျေးရွာတို့တွင် လေပြင်းတိုက်ခတ်မှုကြောင့် အမိုးလန် ပျက်စီးသွားခဲ့သော ဘုန်းတော်ကြီးကျောင်း တစ်ကျောင်းနှင့် လူနေအိမ်လေးလုံးတို့အတွက် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးတွင် ထောက်ပံ့ငွေများပေးအပ်ခဲ့ကြောင်း သိရသည်။

ဘုန်းတော်ကြီးကျောင်းတစ်ကျောင်းအတွက် ကျောင်းဆောက်ပစ္စည်းတန်ဖိုးနှင့် အမိုးလန်နေအိမ်လေးလုံးအတွက် အိမ်ဆောက်ပစ္စည်းတန်ဖိုး စုစုပေါင်းကျပ် ၂၈၀၀၀၀ တို့ကို ဘေးသင့်ပြည်သူများလက်ဝယ်သို့ ပေးအပ်ခဲ့ကြောင်း သိရသည်။ ယင်းနေ့ မွန်းလွဲပိုင်းတွင် မိကျောင်းအိုင်ကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာနှစ်ရွာအား သဘာဝဘေးအန္တရာယ်မဖြစ်ပွားမီနှင့် ဖြစ်ပွားလာပါက ဆုံးရှုံးမှုအနည်းဆုံးဖြစ်စေရန် ကြိုတင်ကာကွယ်ခြင်းနှင့် ပညာပေးလုပ်ငန်းများဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**






## ချင်းတွင်းသင်္ကြန် ကွင်းပတ်လည် ခြံစည်းရိုးကာရံမည်

**မုံရွာ ဧပြီ ၇**

မုံရွာမြို့ ချင်းတွင်းမြစ်သဲသောင်တွင် ကျင်းပမည့် ချင်းတွင်းသင်္ကြန်ကွင်းပတ်လည်ကို လုံခြုံရေးအရခြံစည်းရိုး ကာရံကာ ဝင်ပေါက်၊ ထွက်ပေါက်တွင် စစ်ဆေးပြီးမှသာ ဝင်၊ ထွက်ခွင့်ပြုသွားမည်ဖြစ်ကြောင်း မုံရွာမြို့တော်သင်္ကြန်လုံခြုံရေးကင်မရာတပ်ဆင်ရေး တာဝန်ခံကိုသန်းမင်းဦးထံမှ သိရသည်။

“မနှစ်ကတော့ ချင်းတွင်းသင်္ကြန်ကွင်းကြီးကို ဖွင့်ထားခဲ့တယ်။ ဒီနှစ်တော့ လုံခြုံရေးရဲတပ်ဖွဲ့ဝင်တွေက ကွင်းကြီးပတ်လည်ကို လုံခြုံရေးအတွက် ခြံစည်းရိုးခတ်လိုက်တယ်။ ဘာလို့ခတ်လဲဆိုတော့မနှစ်က ကား၊ဆိုင်ကယ် ဆင်းခွင့်မပေးတော့တဲ့ အပေါ်မှာပဲ တုတ်၊ ဓား၊ လက်နက် စစ်တယ်။ ဒီနှစ်ကားနဲ့ ဆိုင်ကယ် ကွင်းအရောက်ဆင်းခွင့်ပြုမှာဖြစ်တဲ့အတွက် တုတ်၊ ဓား၊ လက်နက် စစ်မရမှာစိုးရိမ်တဲ့အတွက် ခြံစည်းရိုးခတ်လိုက်ပါတယ်။ ဝင်ပေါက်၊ ထွက်ပေါက် နှစ်ပေါက်ထားမယ်။အဲဒီနှစ်ပေါက်ကဝင်လာတဲ့သူတွေကို တုတ်၊ ဓား၊ လက်နက်စစ်ပြီးမှ ကွင်းထဲအဝင်ခံမယ်။ မနှစ်ကထက် လုံခြုံရေးအတွက် စီမံထားတာ အားသာတယ်။ ဂိတ်ပေါက်တွေမှာ အဆင့်မြင့် စီစီတီဗွီတွေ ထားပေးထားတယ်” ဟု ကိုသန်းမင်းဦးက ပြောသည်။

ဒုတိယအကြိမ် ချင်းတွင်းသင်္ကြန်တွင် မနှစ်ကထက် စီစီတီဗွီအလုံးရေ ပိုမိုတပ်ဆင်နေရာ မနှစ်က စီစီတီဗွီအလုံးရေ ၅၀ တပ်ခဲ့ရာမှ ယခုနှစ်တွင် ချင်းတွင်းသင်္ကြန်ကွင်းမှာ ပိုကျယ်ပြန့်လာသည့်အတွက် စီစီတီဗွီအလုံးရေ ၆၀ ကျော်တပ်ဆင်နေကြောင်း သိရသည်။

ချင်းတွင်းသင်္ကြန်အပြင် လုံခြုံရေးအရဗဟိုမဏ္ဍပ်တွင် စီစီတီဗွီကင်မရာ ၁၀ လုံးတပ်ရန် လျာထားပြီး ကန်သာယာလမ်းလျှောက်သင်္ကြန်တွင် စီစီတီဗွီကင်မရာ ၁၀ လုံးတပ်ဆင်ရန် လျာထားကြောင်း သိရသည်။

ချင်းတွင်းသင်္ကြန်ကွင်းကြီးကို Net World ကင်မရာများ ၃၆၀ ဒီဂရီလှည့်နိုင်သည့် ကင်မရာများ ပေ ၁၅၀၀ မှ ၂၀၀၀ အထိ ဆွဲရိုက်နိုင်သော Zoom ကင်မရာများကို တပ်ဆင်ထားမည်ဖြစ်ကြောင်း သိရသည်။ **မျိုးဝင်းထွန်း**

## အခြေခံစာတတ်မြောက်ရေးလုပ်ငန်း နည်းပြသင်တန်းဖွင့်

**မန္တလေး ဧပြီ ၇**

ပညာရေးဝန်ကြီးဌာနနှင့် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့တို့ပူးပေါင်း၍၂၀၁၉ ခုနှစ် မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် အခြေခံစာတတ်မြောက်ရေးလုပ်ငန်းနည်းပြသင်တန်းဖွင့်ပွဲကို ဧပြီ ၆ ရက် နံနက် ၉ နာရီက မန္တလေးပညာရေးကောလိပ်ပညာတန်ဆောင်ခန်းမ၌ ကျင်းပသည်။

မန္တလေးတိုင်းဒေသကြီး အခြေခံစာတတ်မြောက်ရေးလုပ်ငန်းကြီးကြပ်မှုကော်မတီ ဒုတိယဥက္ကဋ္ဌ မန္တလေးတက္ကသိုလ် ပါမောက္ခချုပ်ဒေါက်တာသီတာဝင်းက အဖွင့်အမှာစကားပြောကြားပြီး မန္တလေးနည်းပညာတက္ကသိုလ် ဒုတိယပါမောက္ခချုပ်ဒေါက်တာခင်ခင်လေးက စာတတ်မြောက်ရေးလုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက်ပညာရေးဝန်ကြီးဌာန ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါက်တာဝင်းဝင်းကြွယ်က နည်းပြသင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များ၊ ညောင်ဦးမြို့နယ်သို့ သွားရောက်သင်ကြားရမည့် အစီအစဉ်များ၊ တည်းခိုနေထိုင်ရေး ပြင်ဆင်ဆောင်ရွက်ထားမှုများကို ရှင်းလင်းပြောကြားသည်။

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် အခြေခံစာတတ်မြောက်ရေးအတွက် မန္တလေးတက္ကသိုလ်မှ အုပ်ချုပ်သူ ဆရာ ဆရာမ ငါးဦး၊ ကျောင်းသား ကျောင်းသူ ၁၅၁ ဦး၊ မန္တလေးနည်းပညာတက္ကသိုလ်မှ အုပ်ချုပ်သူဆရာ ဆရာမ ခြောက်ဦးနှင့် ကျောင်းသား ကျောင်းသူ ၅၉ ဦးတို့က ရက် ၄၀ ကြာ တစ်နေ့ သုံးနာရီနှုန်းဖြင့် အခြေခံစာတတ်မြောက်ရေး သင်ကြားပေးမည်ဖြစ်သည်။

ညောင်ဦးခရိုင်တွင် ညောင်ဦးမြို့နယ်နှင့် ကျောက်ပန်းတောင်းမြို့နယ်ရှိပြီး စာသင်ဝိုင်း ၈၂၅ ဝိုင်းဖြင့် မြန်မာစာ၊ သင်္ချာအရေး၊ အဖတ်၊ အတွက်များတတ်မြောက်အောင် သင်ကြားပေးမည်ဖြစ်သည်။

**မောင်ပြည်သူ(မန္တလေး)**



သန်လျင်မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးထွန်းထွန်းဦးသည် ဘုရားကုန်းကျေးရွာ ၁၅ ပေ ကွက်သစ် ဆေးရိုးပင်ဓမ္မာရုံ၌ ဧပြီ ၆ ရက် ည ၇ နာရီက ကျေးရွာနေပြည်သူများအား သက်ငယ်မုဒိမ်းမှုပပျောက်ရေး၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေး၊ မူးယစ်ဆေးဝါးကင်းရှင်းရေး အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

**သက်ခိုင် (သန်လျင်)**



ရန်ကုန်မြောက်ပိုင်းခရိုင် ရွှေပြည်သာမြို့နယ် မင်းကွန်းတိပိဋက နိကာယ အဖွဲ့၏ ရာသက်ပန်ဆွမ်းပဒေသာပင် ငါးနှစ်မြောက်အဖြစ် ဧပြီ ၆ ရက်တွင် ရွှေပြည်သာ ပရိယတ္တိစာသင်တိုက် ဒွိပိဋကဓရ ဆရာတော်ဘဒ္ဒန္တနာဂိတ အမှူးပြုသော သံဃာတော်များအား နေ့ဆွမ်းနှင့် လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းခဲ့ကြသည်။ **မျိုးမင်းသိန်း(မရမ်းကုန်း)**

## ပဲခူးမြို့နယ်တွင် ခေါင်းဆေးကျွန်းချောင်းအောက်ပိုင်း ရေနုတ်မြောင်းတူးဖော်

**ပဲခူး ဧပြီ ၇**

ပဲခူးမြို့နယ်အတွင်းရှိ ခေါင်းဆေးကျွန်းချောင်းအောက်ပိုင်း ရေနုတ်မြောင်းတူးဖော်ခြင်းလုပ်ငန်းကို ၂၀၁၈-၂၀၁၉ ခုနှစ် တိုင်းဒေသကြီးရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသည်။

ခေါင်းဆေးကျွန်းချောင်း အောက်ပိုင်းသည် ရေနက်ကွင်းဖြစ်သည့်အတွက် နှစ်စဉ် ပဲခူးမြစ်ရေ အတက်အကျရေဝင်ရောက်မှုနှင့်အတူ နုန်းထိုင်တိမ်ကောခြင်း၊ ကိုင်းပင်၊ မြက်ပင်၊ ရေဆူးပုတ်ပင်များ ထူထပ်စွာ ပေါက်ရောက်ခြင်းကြောင့် မိုးရာသီအတွင်း ပဲခူးမြို့ရပ်ကွက်ကြီး (၇) ရန်ကုန်-မန္တလေးကားလမ်း အထက်ပိုင်းမှ စီးဆင်းလာသောရေများ၊ ခေါင်းဆေးကျွန်းကန်မှ စီးဆင်းလာသောရေများနှင့် ကျွန်းသာယာရပ်ကွက်အတွင်းမှ စီးဆင်းလာသောရေများ ပေါင်းဆုံဝင်ရောက်လာသောအခါ ချောင်းအတွင်း ရေထုတ်နုတ်မှုအားနည်း၍ အဆိုပါရပ်ကွက်များ ရေကြီးနစ်မြုပ်မှုကို နှစ်စဉ်ခံစားခဲ့ကြရသဖြင့် ခေါင်းဆေးကျွန်းချောင်းအောက်ပိုင်း ရေနုတ်မြောင်းအား ပဲခူးမြစ်နှင့်အဆုံမှ အထက်ဘက်သို့ အလျားသုညဒသမ ၄၇မိုင်၊ အောက်ခြေအကျယ် ၄၅ ပေ၊ ပျမ်းမျှအနက် ခြောက်ပေဖြင့် မြေကြီးကျင်းပေါင်း ၄၀၀၀ ကျော် တူးဖော်မည်ဖြစ်ကြောင်း သိရသည်။

ဧပြီတတိယပတ်အတွင်း အပြီးဆောင်ရွက်သွားမည် ဖြစ်ပြီး ပြီးစီးပါက မိုးရာသီရေကြီးနစ်မြုပ်မှုမှ လျော့ပါးသက်သာစေမည်ဖြစ်ကြောင်း သိရသည်။ **တင်စိုး(ပဲခူး)**



## မိုင်းဖြတ်မြို့နယ်၌ ကျေးရွာချင်းဆက်ကြိုးတံတား တည်ဆောက်ပြီးစီး

**မိုင်းဖြတ် ဧပြီ ၇**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဖြတ်မြို့နယ် နမ့်လုံချောင်းပေါ်တွင် ကြိုးတံတားကို ဧပြီ ၆ ရက်တွင်ဆောင်ရွက်ပြီးစီးပြီဖြစ်ရာ ယခုအခါတွင် ကျေးရွာနေပြည်သူများ အချိန်မရွေးသွားလာနိုင်ပြီဖြစ်သည်။

တံတားအရှည်မှာ၅၄မီတာ၊အကျယ်၁ ဒသမ၇မီတာဖြစ်သည်။ ယခုအခါ အဆိုပါကြိုးတံတား တည်ဆောက်ပြီးစီးပြီဖြစ်၍ အိုက်လုံအုပ်စုမှဟာကြားဒီပ၊ ဟာကြားဟုန်ကျေးရွာ၊ အိုက်ငို့အုပ်စုမှ ဝမ်ပိန်းကျေးရွာများနှင့် တောညအုပ်စုမှ ဆွပ်ပန်းကျေးရွာများရှိ လူဦးရေ ၁၄၂၈ ဦးတို့၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးကိစ္စများကို အချိန်တိုအတွင်း သွားလာနိုင်တော့မည်ဖြစ်သည်။

ယခုအခါ ကြိုးတံတားတည်ဆောက် ပြီးစီးပြီဖြစ်သည့်အတွက် "ကျွန်တော်တို့ကျေးရွာနေ ပြည်သူများ၏ အဓိကအားထားရတဲ့ စိုက်ပျိုးရေးလုပ်ငန်းများ၊ လူမှုရေးလုပ်ငန်းများဆောင်ရွက်ရာမှာ အကျိုးပြုပါတယ်။ ယခင်ကဆိုရင် ကျေးရွာတစ်ရွာနဲ့တစ်ရွာကိုသွားမယ်ဆိုရင် ချောင်းထဲကတစ်ဆင့်ဝါးဖောင်၊ ဘောက္ကျတ်များစီးပြီး သွားလာရတဲ့အတွက် အသက်အန္တရာယ်များဆုံးရှုံးသည်အထိ ဖြစ်ခဲ့ရပါတယ်၊ ဒါကြောင့် ယခုအခါမှာ ဒီကြိုးတံတားဆောင်ရွက်ပြီးစီးသွားပြီ ဖြစ်တဲ့အတွက် ကျွန်တော်တို့ ကျေးရွာနေပြည်သူများ၏ လူမှုဘဝများ ဖွံ့ဖြိုးလာတော့မှာဖြစ်ပါတယ်" ဟု တောညအုပ်စုအုပ်ချုပ်ရေးမှူး ဦးယောဟန်က ပြောသည်။

**သန်းထွန်းအေး(ပြန်/ဆက်)**



## ရေတာရှည်တွင် နှမ်းစပါးများ အောင်မြင်ဖြစ်ထွန်း

**ရေတာရှည် ဧပြီ ၇**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်တွင် ဆွာချောင်းဆည်တမံမှရေပေးဝေမှုဖြင့် ယခုနှစ် နွေစပါးရာသီတွင် ဧက ၅၀၀၀ လျာထားသော်လည်း အမှန်တကယ်စိုက်ပျိုးရာတွင် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ဒေသခံတောင်သူများပူးပေါင်းဆောင်ရွက်ခဲ့ခြင်းကြောင့် စိုက်ပျိုးဧကပေါင်း ၆၉၇၃ ဧက တိုးချဲ့စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

လက်ရှိစိုက်ပျိုးထားသည့် နွေစပါးစိုက်ခင်းများမှာ အောင်ရေအတွက်အဆင်ပြေလျက်ရှိ၍ ယခုဧပြီလ ဒုတိယပတ်အတွင်း စတင်ရိတ်သိမ်းနိုင်တော့မည်ဖြစ်ကြောင်း ဇလုပ်ကြီးကျေးရွာနေ ဒေသခံတောင်သူတစ်ဦးကပြောသည်။

"ကျွန်တော်တို့ဘက်ကြတော့ အပေါ်ကတောင်သူတွေ လွှတ်လိုက်တဲ့ ပိုလျှံရေနဲ့ စိုက်ရတာလျာထားချက်ထဲမှာမပါဘူး။ ဒါပေမယ့် ဆည်မြောင်းဝန်ထမ်းတွေက ကွင်းဆင်းကြည့်တဲ့အခါမှာ အောင်ရေရရှိရေးအတွက်သေချာစီမံဆောင်ရွက်ပေးတော့ ဒီဘက်ကွင်းကတောင်သူတွေအားလုံး အဆင်ပြေကြပါတယ်"ဟု ဝါးရုံတောကျေးရွာနေ နွေစပါးစိုက်တောင်သူတစ်ဦးကပြောသည်။ **ကိုလွင်(ဆွာ)**

## အပြည်ပြည်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်အဖွဲ့ကွင်းဆင်း

**တနင်္သာရီ ဧပြီ ၇**

နယ်သာလန်နိုင်ငံစည်ပင်သာယာရေးအသင်းမှ International Communication Driven Development Specialist (အပြည်ပြည်ဆိုင်ရာ စီမံကိန်းကျွမ်းကျင်ပညာရှင်) Ms.Coren Mariolein သည် ပြည်တွင်းစီမံကိန်းနည်းပညာအကြံပေး ဦးငွေဒွေးနှင့်အတူ ဧပြီ ၆ ရက်နံနက် ၁၀ နာရီ ခွဲက တနင်္သာရီမြို့နယ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော လူထုဗဟိုပြုစီမံကိန်း(စတုတ္ထစက်ဝန်း)လုပ်ငန်းများကို ကွင်းဆင်းစစ်ဆေးသည်။

အဆိုပါ Ms. Coren Mariolein နှင့်အဖွဲ့သည် တနင်္သာရီမြို့နယ် တကူကျေးရွာအုပ်စု တကူသံတိုက်ကျေးရွာ၌ ဆောင်ရွက်လျက်ရှိသည့် အလျား ၄၅ ပေ၊ အကျယ် ၅၆ ပေ၊ အမြင့် ၁၂ပေ RCကွန်ကရစ်တစ်ထပ် ဘက်စုံသုံး ခန်းမဆောင် ဆောက်လုပ်နေမှုကိုလည်းကောင်း၊ သာရဘွင်ကျေးရွာအုပ်စု သာရဘွင်ရွာမ၌ အလျား ၅၀၀ ၊ အကျယ် ၁၂ ပေနှင့် ဒ ခြောက်လက်မအား ခွင့်ပြုရန်ပုံငွေကျပ် ၈၇ သိန်းကျော်ဖြင့် ရွာတွင်းကွန်ကရစ်လမ်းခင်းနေမှုတို့ကို ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြသည်။

**နန်းသာရီ-ထိန်ဝင်း (ပြန်/ဆက်)**

## ညောင်ဦး၌ လူမှုရေးပင်စင်များ ထောက်ပံ့

**ညောင်ဦး ဧပြီ ၇**

ညောင်ဦးမြို့နယ် ဒါန်းကျေးရွာအုပ်စုအတွင်းရှိ အသက် ၈၅ နှစ်အထက် အဘိုးအဘွား ၁၂ ဦးအား လူမှုရေးပင်စင် (ဇန်နဝါရီ၊ ဖေဖော်ဝါရီ၊ မတ်) အတွက် တစ်လလျှင်ထောက်ပံ့ငွေကျပ် ၁၀၀၀၀ နှုန်းဖြင့် သုံးလစာ ငွေကျပ် ၃၀၀၀၀ အား ညောင်ဦးမြို့နယ်မဲဆန္ဒနယ်မြေ (၁) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမြင့်ခိုင်၊ ညောင်ဦးမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကိုဝင်းနှင့် ခရိုင်၊ မြို့နယ် လူမှုဝန်ထမ်းဦးစီးဌာနမှ တာဝန်ရှိသူများက ဧပြီ ၆ ရက် မွန်းလွဲ ၂ နာရီက အိမ်တိုင်ရာရောက် ထောက်ပံ့ပေးအပ်ခဲ့သည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

### တိုတိုထွာထွာဖတ်စရာ

## ရှေးဟောင်းပြည်လုံးအေးစေတီ ဗုဒ္ဓပူဇနိယပွဲနှင့် စုပေါင်းရဟန်းခံပွဲ ကျင်းပမည်

**မော်လမြိုင်ကျွန်း**

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့အဝင် မြောက်ပိုင်းရပ်တွင် လွန်ခဲ့သောရှေးနှစ်ပေါင်း ၁၀၅ နှစ်က တည်ထားကိုးကွယ်ခဲ့သော ရှေးဟောင်းပြည်လုံးအေး ဆုတောင်းပြည့်စေတီတော်မြတ်၏ ငါးကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်နှင့် စုပေါင်းရဟန်းခံရှင်ပြုပွဲကို မော်လမြိုင်ကျွန်းမြို့မုဒိတာနှလုံးသားပရဟိတအကျိုးဆောင် လူငယ်အဖွဲ့နှင့် ပွဲတော် ကျင်းပရေးအဖွဲ့မှ ကြီးမှူး၍ ဧပြီ ၇ ရက်မှ ၁၀ ရက်အထိ ဂျုံးဂျုံးကျကျေးရွာ ပြည်လုံးအေးဆုတောင်း ပြည့်စေတီတော်ဝင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။ **မော်ကျွန်းမြင့်အောင်**

## သာသနာ့ဂုဏ်ရည်သီလရှင်စာသင်တိုက်သို့ ကျပ်သိန်း ၂၀ လှူဒါန်း

**မကွေး**

ကျောင်းသား ၇၅၀ ပညာသင်ကြားပေးနေသော မကွေးမြို့ သာသနာ့ဂုဏ်ရည် သီလရှင်စာသင်တိုက်ကြီးကို မကွေးတိုင်းဒေသကြီး မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း (MPT မိသားစု)က ဧပြီ ၅ ရက် ညနေ ၃ နာရီခွဲက နှစ်သစ်ကူးအကြိုကျပ်သိန်း ၂၀ လှူဒါန်းခဲ့ကြောင်း သိရသည်။

သာသနာ့ဂုဏ်ရည်ပညာသင်ကျောင်း၌ ၂၀၁၈-၂၀၁၉ ပညာသင်နှစ်၌ KG တန်းမှ ၁၀ တန်းအထိ ကိုရင်၊ သီလရှင်ဆရာလေးများ ကျောင်းသား ကျောင်းသူ ၇၅၀ နှင့် ဆရာဆရာမ ၂၈ ဦးဖြင့် ပရဟိတပညာသင်ကြားပေးနေကြောင်း သိရသည်။ **ဇွဲထက်ရှင်**

## ရေဖြူမြို့ ပုဂေါဇွန်းကျေးရွာ၌ ယဉ်ကျေးလိမ္မာ ဗုဒ္ဓဘာသာ သင်တန်းဆင်းပွဲ ကျင်းပ

**ရေဖြူ**

နွေရာသီ ယဉ်ကျေးလိမ္မာ ဗုဒ္ဓဘာသာ သင်တန်းဆင်းပွဲနှင့် ဆုချီးမြှင့်ပွဲကို တနင်္သာရီတိုင်းဒေသကြီး ရေဖြူမြို့နယ် ပုဂေါဇွန်းကျေးရွာ ပုဂေါဇွန်းကျောင်းကြီးဓမ္မာရုံ၌ ယမန်နေ့နံနက်ပိုင်းက ကျင်းပသည်။

အခမ်းအနားတွင် သင်တန်းအတွက် လှူဒါန်းပေးခဲ့သော အလှူရှင်များနှင့် ဆရာ ဆရာမများအား ဂုဏ်ပြုလွှာပေးအပ်ပြီး ထူးချွန်ကြသော ပထမအဆင့် ဂုဏ်ထူးရ လေးဦး၊ ဒုတိယအဆင့် ဂုဏ်ထူးရ လေးဦးနှင့် တတိယအဆင့် ဂုဏ်ထူးရ သုံးဦး၊ ဆုရရှိသူများနှင့် သင်တန်းဆင်းလက်မှတ်များကို တာဝန်ရှိသူများက ပေးအပ်ကြသည်။

အဆိုပါ သင်တန်းကို ဖေဖော်ဝါရီ ၂၅ ရက်မှ ဧပြီ ၄ ရက်အထိဖွင့်လှစ်ခဲ့ပြီး သင်တန်းသား သင်တန်းသူ ၁၉၁ ဦး တက်ရောက်ခဲ့ကြောင်းသိရသည်။ **စန်းလွင်ဦး**

# မြို့နယ်များ၌ ပြည်သူ့စကားဝိုင်းများကျင်းပ



**အိမ်မဲ**

ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့ လှည်းဆိပ်တူးမြောင်းကျေးရွာ သုတကမ္ဘာစာကြည့်တိုက်၌ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကို ဧပြီ ၄ ရက် မွန်းလွဲ ၁ နာရီက ကျင်းပသည်။

အိမ်မဲမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်သန္တာ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှမင်းသူ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးစိုးမြင့်အောင်၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ဦးစီးမှူး ဦးလှဝင်းမြင့်၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ (နည်းပညာ) ဦးဇေယျာလင်း၊ မြို့နယ်ကျေးလက်လမ်းဦးစီးဌာန တာဝန်ခံ ဦးဟိန်းလင်းဇော်တို့က ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရန်နည်းလမ်းများ၊ လယ်ယာမြေဥပဒေများ၊ ကျေးလက်ဒေသ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး၊ ကျေးလက်လမ်း၊ တံတားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ခေါင်းစဉ်များဖြင့် ဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ တက်ရောက်လာသူများက မိမိတို့သိရှိလိုသည့်မေးခွန်းများကို မေးမြန်းခဲ့ရာ သက်ဆိုင်ရာကဏ္ဍအသီးသီးအလိုက် ပြန်လည်ဖြေကြားပေးခဲ့ကြောင်း သိရသည်။

**အိမ်မဲ (ပြန်/ဆက်)**

**ပုလော**

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ပြည်သူ့စကားဝိုင်းကို ဧပြီ ၆ ရက် မွန်းလွဲ ၁ နာရီက ပုလောမြို့နယ် ရှပ်ပုံကျေးရွာ ပြည်တော်သာဘုန်းတော်ကြီးကျောင်းတွင် ကျင်းပသည်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအုန်းခင်နှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကင်းရှိန်တို့က ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတင့်နိုင်က ဆည်၊ တာတမံများ တည်ဆောက်ခြင်းကြောင့် ရရှိနိုင်သည့် အကျိုးကျေးဇူးများ၊ မြို့နယ်လယ်ယာမြေနှင့် စာရင်းအင်းဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသက်အောင်ဆွေက ၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေအကြောင်းနှင့် မြေလွတ်၊ မြေလပ်၊ မြေရိုင်း ဥပဒေများအကြောင်း ဆွေးနွေးခဲ့သည်။

ထို့နောက် တက်ရောက်လာသူများက သိရှိလိုသည့် အကြောင်းအရာများကို မေးမြန်းခဲ့ပြီး တာဝန်ရှိသူများက ကဏ္ဍအလိုက် ဖြေကြားပေးခဲ့သည်။

**ထူးဝေယံ(ပြန်/ဆက်)**

**မုဒုံ**

မုဒုံမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူးကျင်းပသော ကျေးလက်ဒေသဖွံ့ဖြိုးရေးခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်း ဆွေးနွေးပွဲကို ဧပြီ ၆ ရက် နံနက် ၁၀ နာရီက ကလော့သော့ကျေးရွာလယ် ဓမ္မာရုံ၌ ကျင်းပသည်။

ထို့နောက် ဆွေးနွေးပွဲကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဖေတင်၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဇင်ဦး၊ ဒုတိယမြို့နယ်ပညာရေးမှူး ဦးထွန်းဝေ၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာမြင့်သိန်းဦး၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမိုးရန်နိုင်၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါက်တာနန်းကြူကြူအောင်၊ စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းမြင့်ဇော်တို့က မိမိတို့ဌာန၏လုပ်ငန်းများကို ကဏ္ဍအလိုက် ရှင်းလင်းဆွေးနွေးခဲ့ပြီးနောက် တက်ရောက်လာကြသော ကျေးလက်နေပြည်သူများက စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကျန်းမာရေး၊ ပညာရေးတို့နှင့်ပတ်သက်ပြီးသိရှိလိုသည်များကို မေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့ကြကြောင်း သိရသည်။

မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးစန္ဒာထွန်းက ပြည်သူ့စကားဝိုင်းပြုလုပ်ရခြင်းဖြင့် မိမိတို့ပတ်ဝန်းကျင်တွင် အကြောင်းကိစ္စများကို ဆွေးနွေးပြောကြားနိုင်သော အခွင့်အလမ်းများရရှိစေရန်၊ အတွေးအခေါ်အယူအဆများ မြင့်တက်လာစေရန်၊ လူအများကြားတွင် ပြောရဲဆိုရဲတတ်စေရန်၊ အများနှင့်ပူးပေါင်းဆောင်ရွက်တတ်သော အလေ့အထကောင်းများ ရရှိစေရန် စသည့်ရည်ရွယ်ချက်ဖြင့် ကျင်းပရခြင်းဖြစ်ကြောင်း ပြောကြားသည်။

**မြို့နယ်(ပြန်/ဆက်)**

**ကောလင်း**

ကျေးလက်ဒေသဖွံ့ဖြိုးရေးခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်း ဆွေးနွေးပွဲကို ဧပြီ ၆ ရက် နံနက် ၁၁ နာရီက ကောလင်းမြို့နယ် နှောခုံအုပ်စု နှောခုံကျေးရွာ ဘုန်းတော်ကြီးကျောင်းဓမ္မာရုံတွင် ကျင်းပသည်။

မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးကိုကိုမောင်က ပြည်သူ့စကားဝိုင်းများ ပြုလုပ်ပေးရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းတင်ပြခဲ့ပြီး တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်ဖြူဖြူဝင်းနှင့် ဦးတင်စိုး၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးဇော်ဝင်းနှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးမှုအခြေအနေများကို ဆွေးနွေးကြသည်။

ထို့နောက် တက်ရောက်လာသည့် ဒေသခံပြည်သူများက ပညာရေးကိစ္စရပ်များ၊ လမ်းပန်းဆက်သွယ်ရေး၊ လယ်ယာမြေကိစ္စရပ်များနှင့် မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေး စသည့်တို့ကို မေးမြန်းကြရာ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားပေးခဲ့သည်။

မိမိရပ်ရွာဒေသများတွင် ဖြစ်ပေါ်နေသည့် အကြောင်းအရာများကို အများပြည်သူကြားတွင် ဆွေးနွေးမှုများရှိလာစေရန်၊ ပြည်သူလူထု၏ စဉ်းစားတွေးခေါ်မှုများ မြင့်မားလာပြီး ဆွေးနွေးပွဲများတွင် ပါဝင်ဆွေးနွေးတတ်သည့် အလေ့အထများ ဖြစ်ပေါ်လာစေရန် ရည်ရွယ်၍ ကျင်းပခြင်းဖြစ်သည်။ **မြို့နယ်(ပြန်/ဆက်)**

## သင်္ကြန်တွင် မှုခင်းများမဖြစ်ပွားစေရေး ပညာပေး

**မင်းတုန်း ဧပြီ ၇**

သရက်ခရိုင် မင်းတုန်းမြို့နယ်တွင် သင်္ကြန်ကာလ မှုခင်းများမဖြစ်ပွားစေရေးအတွက် ပညာပေးဟောပြောပွဲကို ဧပြီ ၆ ရက် မွန်းလွဲ ၂ နာရီက ကင်းမွန်းဒေါင့်ကျေးရွာတွင် ကျင်းပသည်။

မင်းတုန်းမြို့မစခန်းမှူး ဒုရဲမှူးစိန်သောင်းက သင်္ကြန်ကာလ၌ မူးယစ်သောက်စားပြီး မော်တော်ယာဉ်များ မမောင်းရန်၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများနှင့် ပြစ်မှုပြစ်ဒဏ်များ၊ ရခိုင်ရိုးမထိစပ်နေသည့်အတွက် မသင်္ကာဖွယ်လူစိမ်းများ တွေ့ရှိပါက အမြန်ဆုံးသတင်းပေးရန်တို့ကို ပညာပေးဟောပြောခဲ့ကြောင်း သိရသည်။ **ချင်းကလေး(မင်းတုန်း)**

## သန်လျင်တွင် စုပေါင်းအမှိုက်ကောက်

**ရန်ကုန် ဧပြီ ၇**

ရန်ကုန် (တောင်ပိုင်း) ခရိုင် သန်လျင်မြို့နယ် သန့်ရှင်းသာယာလှပရေးနှင့် ရေစီးရေလာကောင်းမွန်စေရေးအတွက် ဧပြီ ၆ ရက် နံနက် ၆ နာရီက သန်လျင်မြို့ အုတ်ဖိုစုရပ်ကွက် သဲလမ်းမကြီးနှင့် သနပ္ပင်လမ်းထောင့် ကျောက်စီရေမြောင်းအတွင်းရှိ အမှိုက်များအား စုပေါင်းကောက်ယူရှင်းလင်းခဲ့သည်။

အဆိုပါစုပေါင်းအဖွဲ့သည် ရေမြောင်းအတွင်းမှ အမှိုက်များအား ကောက်ယူကာ အမှိုက်အိတ်၊ အမှိုက်ခြင်းများဖြင့် ဆယ်ယူ၍ စည်ပင်သာယာရေးအဖွဲ့ အမှိုက်သိမ်းယာဉ်ဖြင့် စနစ်တကျသယ်ယူကာ သတ်မှတ်အမှိုက်စွန့်ပစ်နေရာသို့ သွားရောက်ကာ အမှိုက်များအား စနစ်တကျစွန့်ပစ်ခြင်းတို့ကို စုပေါင်းဆောင်ရွက်ခဲ့ကြသည်။

သန်လျင်မြို့တွင်းနေထိုင်သူ ပြည်သူများအနေဖြင့် အမှိုက်စွန့်ပစ်ရာတွင် သတ်မှတ်ထားသော အမှိုက်စွန့်ပစ်နေရာများသို့ စနစ်တကျအမှိုက်စွန့်ပစ်မှုကို ပူးပေါင်းဆောင်ရွက်ပေးကြစေလိုပါကြောင်း၊ ရေမြောင်းများအတွင်း စည်းကမ်းမဲ့ အမှိုက်များစွန့်ပစ်မှုကြောင့် မိုးဦးကျတွင် ရေမြောင်းများပိတ်ဆို့ကာ ရေကြီး ရေလျှံမှုများ ဖြစ်ပွားနိုင်သည့်အတွက် သန်လျင်မြို့သန့်ရှင်းသာယာလှပရေးနှင့် ရေစီးရေလာကောင်းမွန်စေရေး ဝိုင်းဝန်းကူညီ ပူးပေါင်းဆောင်ရွက်ပေးခြင်းဖြင့် မြို့၏ဂုဏ်ကို ဖော်ဆောင်နိုင်မည်ဖြစ်ကြောင်း စုပေါင်းအမှိုက်ကောက်ဆောင်ရွက်ရာတွင် ပါဝင်သူတစ်ဦးက ပြောသည်။ **သန်လျင် (ပြန်/ဆက်)**

## မြန်မာနှစ်သစ်ကူး သင်္ကြန်ကာလ နေရပ်ပြန်ပြည်သူများပြား



**ကော့သောင်း ဧပြီ ၇**

မြန်မာ-ထိုင်းနယ်စပ်မြို့ဖြစ်သည့် ကော့သောင်းမြို့တွင် မြန်မာနှစ်ကူးအလုပ်ပိတ်ရက်ရှည် သင်္ကြန်ကာလအတွင်း မိမိနိုင်ငံရှိ နေရပ်အသီးသီးသို့ ပြန်ကြမည့် ထိုင်းနိုင်ငံတစ်ဝန်း သွားရောက်အလုပ်လုပ်ကိုင်နေကြသည့် မြန်မာအလုပ်သမားမိသားစုများ ထိုင်းနိုင်ငံ ရနောင်းမြို့မှတစ်ဆင့် ကော့သောင်းမြို့သို့ ယခုရက်ပိုင်းအတွင်း နေ့စဉ်ပြန်လည်ဝင်ရောက်လာနေသည်ကို မြို့မဆိပ်ကမ်းတံတားနှင့် ကော့သောင်း-ရနောင်း ကူးတို့လှေဆိပ်တွင် ဧပြီ ၆ ရက်နံနက်ပိုင်းက အများအပြား တွေ့မြင်ရသည်။

သင်္ကြန်အလုပ်ပိတ်ရက်ရှည်ကာလအတွင်း မြန်မာနိုင်ငံ ကော့သောင်းမြို့မှတစ်ဆင့် မိမိတို့၏နေရပ်ဒေသအသီးသီးသို့ အများစုမှာ အဝေးပြေးမော်တော်ယာဉ်လိုင်းများဖြင့် ပြန်ကြမည်ဖြစ်ရာ ကော့သောင်းမြို့မှ မြိတ်၊ ထားဝယ်၊ မော်လမြိုင်၊ ရန်ကုန်ပြေးဆွဲပေးလျက်ရှိသည့် အဝေးပြေးမော်တော်ယာဉ်လိုင်းများ၊ ခရီးသွားမိသားစုများဘေးအန္တရာယ်ကင်းရှင်းပြီး လွယ်ကူအဆင်ပြေစွာနေရပ်ပြန်နိုင်ရေး သက်ဆိုင်ရာအဖွဲ့အစည်းများက ကြီးကြပ်ဆောင်ရွက်ပေးလျက်ရှိသည်။

လေယာဉ်ခရီးစဉ်ဖြင့် နေရပ်ဒေသအသီးသီးသို့ ပြန်လည်ထွက်ခွာကြမည့် မိသားစုများနှင့် သင်္ကြန်ကာလ လာရောက်လည်ပတ်ကြမည့် ခရီးသွားဧည့်သည်များ အဆင်ပြေလွယ်ကူစေရေးအတွက် မြန်မာအမျိုးသားလေကြောင်းလိုင်းမှ ခရီးစဉ်များ ပြေးဆွဲပေးလျက်ရှိကြောင်း သိရသည်။ **ကျော်စိုး(ကော့သောင်း)**

## သင်္ကြန်ကာလတွင် မှုခင်းလျော့နည်းကျဆင်းရေး အသိပညာပေး

**မင်းဘူး ဧပြီ ၇**

မကွေးတိုင်းဒေသကြီး မင်းဘူးမြို့တွင် သင်္ကြန်ကာလအတွင်း ပြည်သူများယာဉ်အန္တရာယ်ကင်းဝေးစေရန်နှင့် မှုခင်းလျော့နည်းကျဆင်းစေရန် ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များ၊ ရဲတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်း၍ အသိပညာပေးလုပ်ငန်းများ ဧပြီ ၆ ရက် နံနက်ပိုင်းက ဆောင်ရွက်ခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် အမှတ် (၁၈) ယာဉ်ထိန်းရဲတပ်ဖွဲ့စု (မင်းဘူး) မှ ဒုရဲမှူးမောင်မောင်သန်းဦးဆောင်သော ပူးပေါင်းအဖွဲ့သည် မင်းဘူးမြို့ အမှတ် (၃) ရပ်ကွက် ကုလားကုန်းထိပ်အနီး မင်းဘူး-မကွေး ကားလမ်းတွင်လည်းကောင်း၊ တောင်လှည်းကောက်လမ်းဆုံတွင်လည်းကောင်း၊ ဧရာဝတီတံတား(မကွေး) မင်းဘူးဘက်ခြမ်း လမ်းတံတားအသုံးပြုခ ကောက်ခံရေးဂိတ်အနီးတွင်လည်းကောင်း မဟာသင်္ကြန်ကာလအတွင်း မှုခင်းများလျော့နည်းကျဆင်းရေးအတွက် အသိပညာပေး ဆွေးနွေးပြောကြားခဲ့ပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း သိရသည်။

**မျိုးမြတ်(မင်းဘူး)**

# နေပြည်တော်ရှိ လက်လုပ်တောင် ဇောဓိဟိတကာရီအဖွဲ့မှ ယောဂီ ၃၅၀ ဟင်္သာတသို့ ဘုရားဖူးထွက်၊ စက္ခုပါလအလှူငွေများ ဆက်ကပ်လှူဒါန်းမှုပြု

**နေပြည်တော် ဧပြီ ၇**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ရာဇဌာနီလမ်းမကြီး ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး အနီးတွင်ရှိသည့် လက်လုပ်တောင်တောရ ရွှေနန်းသွင်းစေတီတော်တွင် အခြေပြုထားသည့် ဇောဓိဟိတကာရီ သာသနာပြုအဖွဲ့၏ ဒုတိယခရီးစဉ်အဖြစ် လက်လုပ်တောင်မှ ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် ဂမ္ဘီတိုက်နယ် မအူကုန်းကျေးရွာရှိ မဟာနေဘုရင်ဘုရားသို့ ဧပြီ ၅ ရက်က ယောဂီအင်အား ၃၅၀ ကျော်ဖြင့် ဘုရားဖူးနှင့် စက္ခုပါလအလှူအတွက် ဝတ္ထုငွေများ လှူဒါန်းခဲ့ကြောင်း သိရသည်။



အဆိုပါဘုရားဖူးအဖွဲ့ အနေဖြင့် ဇလွန်ပြည်တော်ပြန် ဘုရားကြီးနှင့် ဟင်္သာတမြို့ရှိ နဝဓုတင်္ဂါစာရမဟာထေရ်ဆရာတော်ကြီးနှင့် ဗုဒ္ဓ၏ စွယ်တော်၊ အံတော်များ ထားရှိရာ ဒေသိကပြတိုက်သို့လည်း ဝင်ရောက်ဖူးမြော်ကြည်ညိုခဲ့ကြပြီး မဟာနေဘုရင်ဘုရားကြီးသည် ဇောဓိရိပ်ငြိမ် ဆရာတော်၊ မဟာကမ္မဋ္ဌာနာစရိယ အရှင်ဣန္ဒာစရိယမှ ၂၀၁၄ ခုနှစ် ဧပြီလတွင် သစ္စာမှန် ကုန်းမြေတွင် ဇောဓိရိပ်ငြိမ် ဆရာတော်ကြီးက ဉာဏ်တော် ၁၈ ပေရှိ စကျင်ကျောက်ဆင်းတုအဖြစ် ပင့်ဆောင်ပူဇော်ထားသည့် အလွန်ထူးမြတ်သည့် ဗုဒ္ဓဆင်းတုတစ်ဆူဖြစ်ကြောင်း သိရသည်။

ဇောဓိဟိတကာရီ အဖွဲ့အား ဦးအောင်ဘိုဘို ဦးစီး၍ ယောဂီ ၃၅၀ ကျော်ဖြင့် အဆိုပါ မဟာနေဘုရင်ဘုရားဖူးခရီးစဉ်အား စီစဉ်ခဲ့ခြင်းဖြစ်ပြီး မဟာနေဘုရင်ဘုရားကြီးတွင် ဇောဓိရိပ်ငြိမ် ဆရာတော်မှ ဆောင်ရွက်ပေးနေသည့် စက္ခုပါလအလှူတော်အတွက် အလှူငွေကျပ် ၃၁ သိန်းအား လှူဒါန်းခြင်း၊ ဇလွန်ပြည်တော်ပြန်ဘုရားတွင် ခင်ပွန်းကြီးဆယ်ပါးအား ကန်တော့ခြင်းနှင့် အလှူငွေများ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

လက်လုပ်တောင်တောရ ရွှေနန်းသွင်း စေတီတော်မှ ဇောဓိဟိတကာရီ သာသနာပြု အဖွဲ့သည် နေပြည်တော် ကောင်စီနယ်မြေတွင် အခြေပြုနေသည့်အဖွဲ့ဖြစ်ပြီး အပတ်စဉ် (ဗုဒ္ဓဟူးနေ့နှင့် တနင်္ဂနွေနေ့များ) တွင် ည ၇ နာရီမှ ၉ နာရီ အတွင်း ခင်ပွန်းကြီးဆယ်ပါးအား စုပေါင်းကန်တော့ခြင်းနှင့် တရားရှုမှတ်ခြင်း အစီအစဉ်ကိုလည်း မပျက်မကွက် ပြုလုပ်လျက်ရှိကြောင်း သိရသည်။

**ကိုကိုရှူပ (နေပြည်တော်)**

# မေတ္တာမြို့၌ အပူဒဏ်အန္တရာယ်ကာကွယ်နိုင်ရေး အသိပညာပေးဟောပြော

**မေတ္တာ ဧပြီ ၇**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် မေတ္တာမြို့ ကျေးလက်ကျန်းမာရေးဌာနခွဲ၌ အပူဒဏ်အန္တရာယ်ကာကွယ်နိုင်ရေး အသိပညာပေးဟောပြောခြင်းနှင့် ပုံမှန်ကာကွယ်ဆေးထိုးခြင်းလုပ်ငန်းများကို ဧပြီ ၇ ရက် နံနက် ၉ နာရီခွဲက ကျင်းပသည်။

မေတ္တာမြို့ ကျေးလက်ကျန်းမာရေးဌာနခွဲမှ ဆရာမ ဒေါ်မြတ်သူမိုးက အပူဒဏ်ကာကွယ်နိုင်ရေး အသိပညာပေးသိကောင်းစရာများကို ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ နှစ်လမှ တစ်နှစ်ခွဲအထိ ကလေးငယ်များအား ပုံမှန်ကာကွယ်ဆေးများထိုးပေးခဲ့ရာ မြို့အုပ်ချုပ်ရေးမှူး ဦးနေမျိုးအောင်နှင့် ဇနီးဒေါ်စုစုဝင်းတို့က ကာကွယ်ဆေးထိုးရန် ရောက်ရှိလာသော ကလေးငယ်များအား အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**မေတ္တာ (ပြန်/ဆက်)**



# လယ်ယာမြေနှင့် ကိုင်းမြေများအတွက် သီးနှံနစ်နာကြေးနှင့် မြေယာလျော်ကြေးငွေများ တောင်သူများထံပေးအပ်

**ပွင့်ဖြူ ဧပြီ ၇**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် မုန်းချောင်းတံတားဆောက်လုပ်ရာတွင်ပါဝင်ခဲ့သော လယ်မြေနှင့် ကိုင်းမြေများအတွက် သီးနှံနစ်နာကြေးနှင့် မြေယာလျော်ကြေးငွေများ ပေးအပ်ပွဲကို ဧပြီ ၄ ရက် မွန်းလွဲ ၂ နာရီခွဲက အဆိုပါ မုန်းချောင်းတံတားအနီး တည်ဆောက်ရေးရှင်းလင်းဆောင်ခန်းမတွင် ကျင်းပသည်။

ပွင့်ဖြူမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းထွန်းက သီးနှံနစ်နာကြေးနှင့်မြေယာလျော်ကြေးငွေများ တောင်သူများထံ ပေးအပ်ရခြင်း၏ရည်ရွယ်ချက်နှင့် မုန်းချောင်းတံတားကြီး အောင်မြင်စွာတည်ဆောက်နိုင်ရေးအတွက် ဝိုင်းဝန်းပံ့ပိုး ကူညီဆောင်ရွက်ပေးမှုများအပေါ် ရှင်းလင်းဆွေးနွေးပြောကြားသည်။

ဆက်လက်၍ ပွင့်ဖြူမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းထွန်း၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးတင့်ဆန်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းရွှေနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားတည်ဆောက်ရေး(၂) တံတားအထူးအဖွဲ့-၅ (ဆိပ်ဖြူ)မှ မုန်းချောင်းတံတား(ပွင့်ဖြူ)တည်ဆောက်ခြင်းလုပ်ငန်း စီမံကိန်းတာဝန်ခံ ဦးညီညီဇော်နှင့် တာဝန်ရှိသူများက မုန်းချောင်းတံတားတည်ဆောက်ရာတွင် ပါဝင်သွားခဲ့သော တောင်သူငါးဦး၏ လယ်မြေနှင့် ကိုင်းမြေ ၁ ဒသမ ၀၇ ဧကအတွက် သီးနှံနစ်နာကြေးနှင့် မြေယာလျော်ကြေးငွေကျပ် ၄၆၄၀၀၀၀ အား တောင်သူများထံ လက်ဝယ်အရောက် လွှဲပြောင်းပေးအပ်ခဲ့ရာ တောင်သူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

ထို့နောက် လွှတ်တော်ကိုယ်စားလှယ်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက မုန်းချောင်းတံတား(ပွင့်ဖြူ) တည်ဆောက်ပြီးစီးမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။ တံတားအရှည်ပေ ၁၃၀၀၊ တံတားအကျယ် ၂၄ ပေ၊ တံတားအမျိုးအစား သံကူကွန်ကရစ်ကြမ်းခင်းနှင့် လက်ရန်းတို့ဖြစ်ပြီး လုပ်ငန်းပြီးစီးမှု ၉၃ ဒသမ ၅ ရာခိုင်နှုန်း တည်ဆောက်ပြီးစီးသွားပြီဖြစ်ကြောင်း အဆိုပါတံတားတည်ဆောက်ရေးစီမံကိန်းမှ ဦးစီးအရာရှိ (မြို့ပြ) ဦးညွန့်လွင်ထံမှ သိရသည်။

**ရဲဝင်းနိုင် (ညောင်ဦး)**

# လယ်ယာမြေများတွင် မြေဆီလွှာကောင်းမွန်ရေး ပညာပေးဟောပြော

**ဂန့်ဂေါ ဧပြီ ၇**

လယ်ယာမြေများတွင် မြေဆီလွှာတိုးတက်ကောင်းမွန်ရေးအတွက် သဘာဝမြေဩဇာ ပြုလုပ်သုံးစွဲနည်းများ လက်တွေ့ပြုလုပ်ပြသ ပညာပေးပွဲများကို ဂန့်ဂေါမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ဧပြီ ၇ ရက် နံနက်ပိုင်းတွင် ဂန့်ဂေါမြို့နယ် နှမ်းခါးကျေးရွာတွင်လည်းကောင်း၊ မွန်းလွဲပိုင်းတွင် တောင်ခင်ရန်းကျေးရွာနှင့် သာလင်းကျေးရွာတွင်လည်းကောင်း ပြုလုပ်သည်။

မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများက သဘာဝမြေဆွေးပြုလုပ်နည်းများ၊ ထရိုင်ကိုဒါးမားမှို အသုံးပြုနည်းများနှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားကြပြီး အကျိုးပြုအဏုဇီဝ IMO ဖြင့်လည်းကောင်း၊ ထရိုင်ကိုဒါးမားမှိုဖြင့်လည်းကောင်း သဘာဝမြေဆွေးများ လက်တွေ့ပြုလုပ်ပြသကာ တက်ရောက်လာသော တောင်သူများအား လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း သိရသည်။

**ကျော်သန်းဆွေ (ဂန့်ဂေါ)**

## တိုတိုထွာထွာဖတ်စရာ

### ဒေးဒရဲမြို့၌ အခြေခံပုံဆွဲသင်တန်းဆင်းပွဲကျင်းပ

**ဒေးဒရဲ**

ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံးတွင် ဧပြီ ၇ ရက် နံနက် ၁၀ နာရီက အခြေခံပုံဆွဲသင်တန်းဆင်းပွဲ ကျင်းပသည်။

အဆိုပါသင်တန်းကို ဧပြီ ၁ ရက်မှ ၇ ရက်ထိ ခုနစ်ရက်ကြာ ဖွင့်လှစ်ခဲ့ပြီး သင်တန်းသား သင်တန်းသူ ၅၃ ဦး တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**မြင့်မြင့်ခိုင်(ပြန်/ဆက်)**

### စာအုပ်စာစောင်များ ပေးအပ်လှူဒါန်း

**မော်လမြိုင်ကျွန်း**

လပွတ္တာခရိုင် မော်လမြိုင်ကျွန်းမြို့နယ် ကျွဲခြံချောင်းဖျားကျေးရွာ ဖိုးရာဇာကိုယ့်အားကိုယ်ကိုးကျေးရွာစာကြည့်တိုက်တွင် နယ်လှည့်စာကြည့်တိုက်၊ စာဖတ်ဝိုင်းနှင့် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းခြင်းကို ဧပြီ ၇ ရက် နံနက် ၉ နာရီက ကျင်းပသည်။

ကျေးလက်နေ ကျောင်းသားလူငယ်ကလေးများ အသိပညာဖွံ့ဖြိုးတိုးတက်စေရေးနှင့် စာဖတ်သည့်အလေ့အထကောင်းများ ရရှိလာစေရန် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံဦးစီးဌာနမှရုပ်သံကျွမ်းကျင်-သုံး ဦးမြင့်လှိုင်နှင့် စာပေဝါသနာရှင် ဦးဟုတ်ကြိုင်တို့က ဟောပြောဆွေးနွေးကြပြီး ကျောင်းသားလူငယ်လေးများ စာဖတ်ဝိုင်းကျင်းပသည်။

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် စာအုပ်အလှူရှင်အသီးသီးတို့မှ စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းကာ ရပ်မိရပ်ဖ ဦးသန်းအောင်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

**အောင်အောင်(ပြန်/ဆက်)**

### နွေရာသီ ပန်းချီသင်တန်းဆင်းပွဲကျင်းပ

**မြင်းခြံ**

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ်တွင် နွေရာသီ ပန်းချီအခြေခံသင်တန်းဆင်းပွဲကို ကိုးဆောင်ကျောင်းတိုက်ရှိ ဇေယျသုခကျောင်းဆောင်တွင် ဧပြီ ၇ ရက် နံနက် ၈ နာရီက ကျင်းပသည်။

သင်တန်းတွင် သင်တန်းသား ၆၅ ဦး တက်ရောက်ကာ သင်တန်းကို ၁၂ ရက်ကြာ ဖွင့်လှစ်သင်ကြားပေးခဲ့ကြောင်း သိရသည်။

**ဇော်မင်းနိုင်(မြင်းခြံ)**

# မန္တလေးတွင် စုပေါင်းသွေးလှူဒါန်း

**ချမ်းအေးသာစံ ဧပြီ ၇**

မန္တလေးတွင် သွေးလှူရှင်အသင်းများကွန်ရက်မှ ဒုတိယအကြိမ်မြောက် စုပေါင်းသွေးလှူဒါန်းပွဲကို ဧပြီ ၇ ရက်က မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ၈၅ လမ်း၊ ၃၄ လမ်းနှင့် ၃၅ လမ်းကြားရှိ ပရိယတ္တိ သာသနာ့ဟိတဗိမာန်တော်တွင် ကျင်းပရာ သွေးလှူရှင် ၁၅၀၀ ကျော် လာရောက်လှူဒါန်းခဲ့ကြသည်။

ဒုတိယအကြိမ် စုပေါင်းသွေးလှူဒါန်းပွဲကို မန္တလေးမြို့ သွေးလှူရှင်အသင်းများကွန်ရက်မှ ဓမ္မပါလဆရာတော် ဦးဝဏ္ဏဓဇ၊ မြတ်ပါရမီဆရာတော် ဦးသုမန တို့က ဦးဆောင်၍ မန္တလေးသွေးလှူရှင်အသင်း ၂၀ တို့က သွေးလှူရှင်များ၊ စေတနာအလျောက် လာရောက်လှူဒါန်းသည့် တစ်ဦးချင်းသွေးလှူရှင်များ စုစုပေါင်း ၁၅၀၀ ကျော်တို့ ပါဝင်လှူဒါန်းကြသည်။

“အခုလို စုပေါင်းလှူဒါန်းတာကြောင့် သင်္ကြန်ကာလမှာ ကျွန်မတို့ သွေးလှူဘဏ်အနေနဲ့ သွေးလိုအပ်မှု မရှိနိုင်တော့ပါဘူး။ သင်္ကြန်တွင်း အရေးပေါ်လိုအပ်သူများအတွက် လိုအပ်တဲ့သွေးအမျိုးအစားအလိုက် အပြည့်အဝ ပေးနိုင်မှာပါ။ မနှစ်က ပထမအကြိမ် လှူဒါန်းမှုအတွေ့အကြုံအရ ဒီနှစ်လည်း လူဦးရေ ၁၅၀၀ ကျော် လှူဒါန်းတာမို့ ညနေပိုင်းအချိန်ကုန်သည်အထိ ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်” ဟု မန္တလေးသွေးလှူဘဏ် တာဝန်ခံဆရာဝန်ကြီး ဒေါက်တာခင်မြတ်မွန်က ပြောသည်။

**ဘဦး**



# ကျောက်ကြီးမြို့နယ်တွင် လေဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်

**ကျောက်ကြီး မေ ၇**
ပဲခူးတိုင်းဒေသကြီး ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဒေါ်နော်ပွယ်ဆေးနှင့် တိုင်းဒေသကြီး ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနတို့မှ ဦးဆောင်ကာ ကျောက်ကြီးမြို့နယ် နတ်သံကွင်းဒေသ စစ်တောင်မြစ်ကမ်းဘေးရှိ အိမ်ထောင်စုဝင်များအား မေ ၆ ရက် ညနေပိုင်းက လေဘေးကြိုတင်ကာကွယ်ရေး အသေးစားပြင်ဆင်မှုလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ပဲခူးတိုင်းဒေသကြီး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနရုံး ဦးစီးမှူး ဦးသန်းထွန်းအောင်က "အရင်တုန်းကတော့ လေဘေးကြိုတင်ပြင်ဆင်ရေးကို ဟောပြောပွဲတွေ၊ ဆွေးနွေးပွဲတွေလုပ်ပြီး အသိပညာပေးပါတယ်။ အခုကတော့ လက်တွေ့လုပ်ငန်းတွေနဲ့ လေဘေးကြိုတင်ပြင်ဆင်ရေးလုပ်ငန်းကို မိုးဦးလေဦးမလာခင် သင်္ကြန်မတိုင်ခင် နမူနာပြကွင်းဆင်းဆောင်ရွက်ခြင်းဖြစ်ပါတယ်။ မနှစ်ကတော့ ပဲခူးတိုင်းဒေသကြီးတစ်တိုင်းလုံးမှာ ခြောက်မြို့နယ်ပဲ လုပ်နိုင်ပါတယ်။ ဒီနှစ်တော့ ၂၈ မြို့နယ်ရှိတဲ့အထဲမှာ ၁၆ မြို့နယ်ကိုရွေးချယ်တယ်။ မနှစ်က လေဘေးဖြစ်ပွားမှုအကြိမ်ရေအပေါ်မူတည်စာရင်းကောက်ပြီး မြို့နယ်တွေ ရွေးချယ်တဲ့နေရာမှာ ကျောက်ကြီးမြို့နယ်ပါဝင်လာပါတယ်။ ကျောက်ကြီးမြို့နယ်က ကျေးရွာသုံးရွာကို ထောက်ပံ့ပေးသွားမှာပါ" ဟု ပြောသည်။



မြန်မာနိုင်ငံတွင် နှစ်စဉ် မတ်လ၊ ဧပြီလနှင့် မေလများ၌ မိုးတိမ်တောင်များဖြစ်ပေါ်ပြီး လေပြင်းတိုက်ခတ်ခြင်း၊ မိုးသည်းထန်စွာရွာသွန်းခြင်း၊ မိုးကြိုးပစ်ခြင်းနှင့် မိုးသီးကြွေခြင်းများ ဖြစ်ပေါ်လေ့ရှိသည်။ ၂၀၁၆ ခုနှစ်အတွင်း လေပြင်းတိုက်ခတ်ခြင်း၊ မိုးသီးကြွေကျခြင်း၊ ပြိုကျပျက်စီးခြင်း၊ အမိုးလန်ခြင်းများကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၅ ခု၊ မြို့နယ်ပေါင်း ၅၉ မြို့နယ်မှ လူဦးရေ တစ်သိန်းခွဲဘေးဒုက္ခကြုံတွေ့ခဲ့ပြီး ၄၄ ဦး သေဆုံးခဲ့ကာ ဒဏ်ရာရရှိမှုများရှိခဲ့ကြောင်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ ထောက်ပံ့မှုမှတ်တမ်းများအရ သိရသည်။

**ကိုသားကြီး(ကျောက်ကြီး)**



## ရွှေမော်ဓောစေတီတော်မြတ်ကြီး ဗုဒ္ဓပူဇနီယပွဲတော်ကျင်းပမည်

**ပဲခူး မေ ၇**
ပဲခူးမြို့ရှိ ရွှေမော်ဓောစေတီတော်မြတ်ကြီး၏ ၂၀၆၁ နှစ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်ကြီးအား တန်ခူးလဆန်း ၁၀ ရက် (မေ ၁၄ ရက်)မှ တန်ခူးလဆုတ် ၄ ရက် (မေ ၂၃ ရက်အထိ) ၁၀ ရက်တိုင် စည်ကားစွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ရွှေမော်ဓောစေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနီယပွဲတော်အား ပွဲတော်ကျင်းပရေးဦးစီးကော်မတီမှ လုပ်ငန်း သုံးခုကို စီမံချက်ရေးဆွဲဆောင်ရွက်ထားရှိရာ ပထမလုပ်ငန်းသည် ကုသိုလ်ကောင်းမှုအစီအစဉ်ဖြစ်ပြီး ဒုတိယလုပ်ငန်းသည် မြန်မာ့ရိုးရာကုန်ပစ္စည်းများနှင့် စက်ရုံအလုပ်ရုံထွက်ကုန်ပစ္စည်းများကို ရောင်းဝယ်ရေးအစီအစဉ်ဖြစ်သည်။ တတိယလုပ်ငန်းသည် ပျော်ပွဲရွှင်ပွဲအစီအစဉ်ဖြစ်ကြောင်း သိရသည်။

ရွှေမော်ဓောစေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနီယပွဲတော်ကာလအတွင်း စေတီတော်မြတ်ကြီးအား ညလုံးပေါက်လျှပ်စစ်မီးပူဇော်ခြင်း၊ တန်ခူးလပြည့်နေ့ (မေ ၁၉ ရက်) အရုဏ်တက်ချိန်တွင် ဆွမ်းတော်ကြီးကပ်လှူခြင်း၊ အဆိုပါနေ့ညနေပိုင်းတွင် ဘုရားအမှူးပြုသော သံဃာတော်အရှင်သူမြတ်အပါး ၅၀၀ အား ဆွမ်းဆန်စိမ်းလောင်းလှူခြင်း၊ ပွဲတော်ပြီးနောက်တစ်နေ့တွင် ပွဲတော်အတွင်းပြုလုပ်ခဲ့သော အလှူရှင်များ၏ ကုသိုလ်ကောင်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေခြင်းတို့ ပါဝင်ဆောင်ရွက်သွားမည် ဖြစ်သည့်အပြင် ပျော်ပွဲရွှင်ပွဲများအနေဖြင့် ဖိုးချစ်၊ စွမ်းဇာနည်၊ ဟံဇာမိုးဝင်းစသည့် ဇာတ်သဘင်များ၊ မိုးကြိုးငှက်ငယ်၊ ဆပ်ကပ်နှင့် အခြားပျော်ပွဲရွှင်ပွဲများ၊ အနယ်နယ်အရပ်ရပ်မှ ကုန်ပစ္စည်းများရောင်းချခြင်းများပါဝင်မည်ဖြစ်ကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**

## လမ်းလျှောက်သင်္ကြန်ပွဲကို လွိုင်လင်မြို့၌ စည်ကားစွာကျင်းပမည်

**လွိုင်လင် မေ ၇**
၁၃၈၀ ပြည့်နှစ် မဟာသင်္ကြန်ပွဲတော်ကို ရှမ်းပြည်နယ်(တောင်ပိုင်း)လွိုင်လင်မြို့၌ ပထမအကြိမ် တိုင်းရင်းသားသင်္ကြန်၊ လမ်းလျှောက်သင်္ကြန်ပွဲတော်ကို စည်ကားစွာ ကျင်းပသွားမည်ဖြစ်ကြောင်း ပွဲတော်ကျင်းပရေးကော်မတီထံမှ သိရသည်။

တိုင်းရင်းသားသင်္ကြန်ဆိုသည်မှာ လွိုင်လင်ခရိုင်အတွင်းရှိ ရှမ်း၊ ပအိုဝ်း၊ ပလောင်၊ တောင်ရိုး၊ လီဆူ၊ ယင်းနက်၊ ယင်းကြား၊ ကိုးကန့်၊ မုန်းဝန်း စသည့် တိုင်းရင်းသားရေကစားမဏ္ဍပ်များတွင် တိုင်းရင်းသားအသုံးအဆောင်ပစ္စည်းများ ချိတ်ဆွဲထားပြီး ပျော်ရွှင်စွာ ရေကစားကြကာ စတုဒိသာများဖြင့် နေ့စဉ် ဧည့်ခံကျွေးမွေးခြင်းဖြစ်ကြောင်း၊ လမ်းလျှောက်သင်္ကြန်ကိုယခုနှစ်တွင် ပထမဆုံးအကြိမ် ကျင်းပခြင်းဖြစ်ကြောင်း၊ လမ်းလျှောက်သင်္ကြန်ကို လွိုင်လင်မြို့ မင်းလမ်းပေါ်တွင် ကျင်းပမည်ဖြစ်ကြောင်း၊ အလားတူ တိုင်းရင်းသားအသုံးအဆောင်ပစ္စည်းများကိုလည်း မြို့တွင်းမင်းလမ်း လမ်းမကြီးတစ်လျှောက်ချိတ်ဆွဲထားမည် ဖြစ်ကြောင်း၊ ရေကစားမဏ္ဍပ်၊ စတုဒိသာမဏ္ဍပ်စာရင်း အတိအကျမသိရသေးသော်လည်း မဏ္ဍပ် ၂၀ နီးပါး ရှိမည်ဖြစ်ကြောင်း၊ ဗဟိုမဏ္ဍပ်ကို မြို့မဈေးကြီးရှေ့



နာရီစင်အနီးတွင် တည်ဆောက်နေကြောင်း၊ ယိမ်းအကပြိုင်ပွဲ၊ ခေတ်ဟောင်း၊ ကာလပေါ်တေးဂီတပြိုင်ပွဲများ၊ ဖျော်ဖြေရေးအစီအစဉ်များနှင့် ယခုနှစ်မှ ထူးထူးခြားခြား စည်ကားစွာ ကျင်းပသွားမည်ဖြစ်ကြောင်း ပွဲတော်ကျင်းပရေးကော်မတီတာဝန်ရှိသူများထံမှ သိရသည်။ **လွိုင်လင်မိုး**



## ကမ္ဘာ့ကျန်းမာရေးနေ့အထိမ်းအမှတ် လူထုစက်ဘီးစီးပွဲပြုလုပ်

**မြိုင် မေ ၇**
ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန မြိုင်မြို့နယ် ကျန်းမာရေးဦးစီးဌာနနှင့် မြို့နယ်စက်ဘီးစီးအသင်းတို့ပူးပေါင်းကျင်းပသော ကမ္ဘာ့ကျန်းမာရေးနေ့အထိမ်းအမှတ်လူထုစက်ဘီးစီးပွဲကို မေ ၆ ရက် နံနက် ၅ နာရီက ရွှေမြင်းတင်ဘုရားကြီးမုခ်ဦးတွင် စတင်ကျင်းပသည်။

လူထုစက်ဘီးစီးပွဲကို မြိုင်မြို့ ရွှေမြင်းတင်ဘုရားကြီးမုခ်ဦးမှ ရှင်မတောင်တောင်သို့လည်းကောင်း၊ ရှင်မတောင်တောင်မှ မြိုင်မြို့ဆီသို့ စုစုပေါင်း ၃၈ မိုင်ကို စက်ဘီးစီးနင်းသူ ၃၀ တို့က အသွားအပြန် စီးနင်းကြသည်။ အဆိုပါ စက်ဘီးစီးနင်းပွဲသို့ မြို့နယ်ကုသရေးဦးစီးမှူး ဒေါက်တာသူရဇော်နှင့် ကျန်းမာရေးဝန်ထမ်းများက လိုက်လံအားပေးခဲ့ကြသည်။

"မြိုင်မှာ စက်ဘီးစီးနေတဲ့လူတွေ အရွယ်စုံပေါ့။ သူ့အဖွဲ့နဲ့သူစီးနေရာကနေ အခုလိုခရီးဝေးကို တစုတစည်းတည်းသွားလိုက်တော့ အဖွဲ့ရဲ့စည်းလုံးမှုလေး မြင်ရတယ်။ ရှင်မတောင်တောင်တက်ခရီးစဉ်ဆိုတဲ့အတိုင်း အခက်အခဲတွေကြားထဲကနေ အောင်မြင်စွာနဲ့ တောင်ထိပ်ထိတက်နိုင်ခဲ့တယ်။ ကမ္ဘာ့ကျန်းမာရေးနေ့မှာ အခုလိုတောင်တက်စက်ဘီးစီးပြီး ကမ္ဘာကြီးပူနွေးလာမှုကို လျှော့ချနိုင်ခဲ့သလို ကျွန်တော်တို့အဖွဲ့ရဲ့စက်ဘီးစီးနင်းလှုပ်ရှားမှုလေးကနေ တခြားသူတွေလည်း စက်ဘီးစီးနင်းလာစေဖို့ရည်ရွယ်ပါတယ်"ဟု စက်ဘီးစီးနင်းသူ ကိုခိုင်မင်းထွန်းက ပြောသည်။

**ဖြိုးမွန်ကျော်(မြိုင်)**

## မင်းလှမြို့နယ်၌ တိုင်းရင်းဆေးဖြင့် အခမဲ့ကွင်းဆင်းဆေးကုသ

**အထက်မင်းလှ မေ ၇**
မကွေးတိုင်းဒေသကြီး မင်းလှမြို့နယ် တိုင်းရင်းဆေးကုဌာနမှ ကုန်းကြီးကျေးရွာတွင် ယနေ့ နံနက်ပိုင်းက ကျေးရွာအုပ်ချုပ်ရေးမှူးရုံး၌ တိုင်းရင်းဆေးဝါးဖြင့် အခမဲ့ကွင်းဆင်းဆေးကုသခြင်း ဆောင်ရွက်ခဲ့သည်။

ရှေးဦးစွာ မင်းလှမြို့နယ် တိုင်းရင်းဆေးကုဌာန လက်ထောက်တိုင်းရင်းဆေးမှူး ဒေါ်ဇာနည်ဌေးက တိုင်းရင်းဆေးဝါးအကြောင်း သိကောင်းစရာများ၊ နွေရာသီတွင် ဖြစ်ပွားတတ်သောရောဂါများအကြောင်း သိကောင်းစရာများ အသိပညာပေးဟောပြောခဲ့သည်။ ထို့နောက် ကျေးရွာနေပြည်သူများအား တိုင်းရင်းဆေးဝါးဖြင့် အခမဲ့ဆေးကုသပေးရာ သွေးတိုးရောဂါ၊ အစာမကြေရောဂါ၊ ဒူးနာရောဂါ၊ အကြောတက်ရောဂါ၊ လေငန်းရောဂါ၊ လေးဘက်နာရောဂါ၊ မျက်စိရောဂါ စသည့်ရောဂါဝေဒနာရှင် ၄၅ ဦးတို့အား တိုင်းရင်းဆေးဝါးဖြင့် အခမဲ့ဆေးကုသပေးခဲ့ကြောင်း သိရသည်။ **ဇာဇာ(အထက်မင်းလှ)**



## အခြေခံကွန်ပျူတာ ပညာဒါနသင်တန်းဆင်း

**မြင်းခြံ မေ ၇**
မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ရုံး၏ လူထုအခြေပြုဗဟိုဌာနတွင် အခြေခံကွန်ပျူတာ ပညာဒါနသင်တန်းဆင်းပွဲကို ယနေ့ မွန်းတည့် ၁၂ နာရီက ပြုလုပ်ခဲ့ကြောင်း သိရသည် ။

အခြေခံကွန်ပျူတာ ပညာဒါနသင်တန်းဆင်းပွဲတွင် သင်တန်းနည်းပြဆရာဦးဖြိုးဝေလင်း(MCC)က ကွန်ပျူတာသင်တန်းမှ သင်ကြားပေးလိုက်သော သင်ခန်းစာများကို တတ်နိုင်သရွေ့ လေ့ကျင့်ပေးစေလိုကြောင်း၊ ယခုခေတ်အခါတွင် ဝန်ထမ်းများလျှောက်ထားပါက ကွန်ပျူတာသင်တန်းတက်ရောက်အောင်မြင်မှုကို အချက်တစ်ချက်အဖြစ် ရွေးချယ်ပါကြောင်း စသည်ဖြင့်ပြောကြားခဲ့ပြီး မြင်းခြံခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးအရာရှိ ဒေါ်နန်းမြင့်က သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်များ၊ ထပ်မံဖွင့်လှစ်မည့်သင်တန်းများဖြစ်သော ပန်းချီပညာသင်တန်း၊ စာစီစာကုံးရေးသားနည်းသင်တန်း၊ English စာဘာသာရပ်အကြောင်းများကို ရှင်းလင်းပြောကြားခဲ့သည်။ ဆက်လက်ပြီး သင်တန်းနည်းပြဆရာဦးဖြိုးဝေလင်းနှင့် ခရိုင်ဦးစီးအရာရှိ ဒေါ်နန်းမြင့်တို့က သင်တန်းသား သင်တန်းသူများအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့ကြသည်။

အဆိုပါအခြေခံကွန်ပျူတာပညာသင်တန်းကို မြင်းခြံခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် MCC ကွန်ပျူတာသင်တန်းတို့ ပူးပေါင်းဖွင့်လှစ်ခြင်းဖြစ်ပြီး သင်တန်းကို အခမဲ့သင်ကြားပေးခဲ့ခြင်း ဖြစ်သည်။ သင်တန်းသို့ သင်တန်းသား ၂၀ တက်ရောက်ခဲ့ကြပြီး စနေ၊ တနင်္ဂနွေနေ့များတွင် ဖွင့်လှစ်ပို့ချပေးခဲ့ကြောင်း သိရသည်။

**ဇော်မင်းနိုင်(မြင်းခြံ)**

# ပညာရေးဟာ ပြည်သူတွေအချင်းချင်း နားလည်မှုရှိဖို့နဲ့ အတူတကွ ပူးပေါင်းနေထိုင်နိုင်ဖို့အတွက် အကောင်းမွန်ဆုံးအရာတစ်ခုဖြစ်ပါတယ်

## မြန်မာနိုင်ငံဆိုင်ရာ ဥရောပသမဂ္ဂသံအမတ်ကြီး Mr. Kristian Schmidth

မတ်လ ၃၁ ရက်နေ့ထုတ် The Global New Light of Myanmar သတင်းစာတွင် ဖော်ပြထားသည့် မြန်မာနိုင်ငံဆိုင်ရာ ဥရောပသမဂ္ဂသံအမတ်ကြီး Mr. Kristian Schmidth အား သီးသန့်တွေ့ဆုံမေးမြန်းထားသည်များကို ဆီလျော်အောင် ဘာသာပြန်ဆိုထားပါသည်။

**မေး။ ။ သံအမတ်ကြီးတို့အနေနဲ့ မြန်မာနိုင်ငံဆိုင်ရာ ဥရောပသမဂ္ဂရဲ့ပညာရေး ဘတ်ဂျက် အထောက်အကူပြုအစီအစဉ်ကို ချမှတ်ထားတယ်လို့ သိရပါတယ်။ အဲဒီအစီအစဉ်က ကျွန်တော်တို့ မြန်မာပြည်သူတွေအတွက် အလွန်ဝမ်းမြောက်စရာကောင်းလှပါတယ်။ အဲဒီအထောက်အကူပြုအစီအစဉ်ရဲ့အဓိကရည်မှန်းချက်တွေကို သိရှိလိုပါတယ်။**

ဖြေ။ ။ ဒီအစီအစဉ်ကတော့ မြန်မာနိုင်ငံနဲ့ မိတ်ဖက်ဖြစ်ရေး လုပ်ဆောင်ရာမှာ ကဏ္ဍသစ်တစ်ခုကို ဖွင့်လှစ်လိုက်တာ ဖြစ်ပါတယ်။ ကျွန်တော်တို့အနေနဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နဲ့ ဒီမိုကရေစီအသွင်ကူးပြောင်းရေးကို အမြဲထောက်ပံ့ ပေးလျက်ရှိပါတယ်။ ယခု ပညာရေးအတွက် နောက်ထပ်အထောက်အပံ့တစ်ခုနဲ့အတူ မြန်မာနိုင်ငံမှာရှိတဲ့လူငယ်တွေရဲ့ အနာဂတ်အတွက် ရင်းနှီးမြှုပ်နှံလိုက်တာဖြစ်ပါတယ်။ ဒါဟာ သိသာထင်ရှားလှတဲ့ စီမံကိန်းတစ်ခုတော့ မဟုတ်ပါဘူး။ ပညာရေးဝန်ကြီးဌာနကို တိုက်ရိုက်ပံ့ပိုးလိုက်ခြင်းအားဖြင့် ဥရောပသမဂ္ဂကနေ မြန်မာနိုင်ငံကို ပံ့ပိုးကူညီသွားမှာဖြစ်ပါတယ်။ ဒီအစီအစဉ်ဟာ ဥရောပသမဂ္ဂရဲ့ စည်းလုံးညီညွတ်မှုကို ပြသလိုက်ရုံသာမက မြန်မာအစိုးရရဲ့မူဝါဒရေးရာတွေမှာ အပြည့်အဝယုံကြည်ပံ့ပိုးပေးတာကို ပြသလိုက်တာဖြစ်ပါတယ်။ ဒါဟာ ဥရောပသမဂ္ဂအတွက် မင်္ဂလာရှိတဲ့နေ့တစ်နေ့ပါပဲ။

**မေး။ ။ မြန်မာနိုင်ငံ ပညာရေးကဏ္ဍမှာ ပံ့ပိုးလိုက်တဲ့ ဒီအစီအစဉ်ဟာ ယူရို ၂၂၁ သန်းရှိပြီး ဥရောပသမဂ္ဂရဲ့ပထမဆုံးအကြိမ် ဖြစ်တယ်လို့ သိရပါတယ်။ အင်မတန်မှ ကြီးမားထင်ရှားတဲ့ အထောက်အပံ့ဖြစ်ပါတယ်။ ဒီအစီအစဉ်ရဲ့ဘတ်ဂျက်ခွဲဝေမှုအစီအစဉ်ကို သိလိုပါတယ်။**

ဖြေ။ ။ မြန်မာနိုင်ငံရဲ့ ပညာရေးကဏ္ဍလိုအပ်ချက်ဟာ ရေရှည်ဖြစ်ပြီး အစိုးရကလည်း ငါးနှစ်စီမံကိန်း၊ ၁၀ နှစ်စီမံကိန်းကို ချမှတ်အကောင်အထည်ဖော်လျက်ရှိပါတယ်။ ဒါကြောင့် မိတ်ဖက်ကောင်းတစ်ဦးအနေနဲ့ဖြစ်ချင်တယ် ဆိုရင် ရေရှည်ကတိကဝတ်နဲ့အညီ ရှိရမှာဖြစ်ပါတယ်။ လာမယ့် နှစ်နှစ်၊ သုံးနှစ်အတွင်းမှာ နိုင်ငံရေးအခြေအနေ ဘယ်လိုပြောင်းလဲလာမလဲဆိုတာ ကျွန်တော်တို့ မသိနိုင်ပါဘူး။ သို့သော်လည်း ဥရောပသမဂ္ဂအနေနဲ့ လာမယ့် ငါးနှစ်တာကာလအထိ မြန်မာနိုင်ငံရဲ့ပညာရေးစနစ်ကို ပံ့ပိုးသွားမှာဖြစ်ပါတယ်။

မြန်မာနိုင်ငံအနေနဲ့ နိုင်ငံတကာနဲ့ ရင်ပေါင်တန်းနိုင်ဖို့ လိုအပ်ချက်များစွာရှိနေတယ်ဆိုတာ ကျွန်တော်တို့ သိရှိထားပါတယ်။ အရင်က ပညာရေးကို ဦးစားပေးမှုနည်းပါးခဲ့ပါတယ်။ ကမ္ဘာ့စီးပွားရေးတောင့်တင်းတဲ့နိုင်ငံများနဲ့ ရင်ပေါင်တန်းနိုင်ဖို့အတွက် မြန်မာနိုင်ငံဟာ အတတ်ပညာပိုင်းကျွမ်းကျင်မှုအသစ်တွေ လိုအပ်ပါတယ်။ ဒီအခြေအနေကို ကျွန်တော်သိရှိထားပါတယ်။

ကျွန်တော်တို့ဟာ အပြင်လူအနေနဲ့ ဝင်ရောက်အမြတ်ထုတ်တာ မဟုတ်ပါဘူး။ ပညာရေးကဏ္ဍ ပြုပြင်ပြောင်းလဲမှုဟာ မြန်မာအစိုးရအပေါ်မှာ မူတည်ပါတယ်။ ဥရောပသမဂ္ဂဟာ အခြားကဏ္ဍတွေနဲ့အပြိုင် ကူညီထောက်ပံ့မယ့်အစားပညာရေးကဏ္ဍကို တိုက်ရိုက်ပံ့ပိုးချင်ပါတယ်။ ဒီလိုအစိုးရနဲ့ ပူးပေါင်းဆောင်ရွက်ခြင်းအားဖြင့် ပြည်နယ်၊ တိုင်းဒေသကြီး၊ မြို့နယ်အဆင့်အထိ ပညာရေးစနစ်ကို မြှင့်တင်သွားမှာဖြစ်ပါတယ်။ ဒါဟာ ဒီအစီအစဉ်ရဲ့ အဓိကရည်ရွယ်ချက်ဖြစ်ပါတယ်။

**မေး။ ။ ဥရောပသမဂ္ဂအနေနဲ့ မြန်မာ့ပညာရေးကဏ္ဍအတွက် ငွေကြေးပံ့ပိုးမှုအပြင် နည်းပညာအကူအညီပါ ပေးအပ်မယ်လို့သိရပါတယ်။ အဲဒီ ပေးအပ်မယ့် နည်းပညာအကူအညီကိုလည်း သိချင်ပါတယ်။**

ဖြေ။ ။ ငါးနှစ်တာကာလအတွင်း ဥရောပသမဂ္ဂက ပေးအပ်မယ့် အကူအညီက စုစုပေါင်း ယူရို ၂၂၁ သန်းဖြစ်ပြီး မြန်မာငွေတန်ဖိုးအားဖြင့် ငွေကျပ် ဘီလီယံ ၃၈၀ ရှိပါတယ်။ အဲဒီငွေကြေးထဲက အများစုကတော့ အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်းကို အကောင်အထည်ဖော်မယ့် ပညာရေးဝန်ကြီးဌာနကို ပေးအပ်သွားမှာဖြစ်ပါတယ်။ ပညာရေးကဏ္ဍက ဆရာ ဆရာမတွေကို သင်တန်း ပေးဖို့၊ သက်မွေးဝမ်းကျောင်းပညာရေးဆိုင်ရာ သင်တန်းပေးဖို့နဲ့ စွမ်းဆောင်ရည် မြှင့်တင်ဖို့အတွက် အာရှဖွံ့ဖြိုးရေးဘဏ်ကနေတစ်ဆင့် နည်းပညာအကူအညီ ပံ့ပိုးပေးသွားမှာဖြစ်ပါတယ်။ ဒီငွေတွေကို ထိထိရောက်ရောက်အသုံးပြုနိုင်ဖို့နဲ့ တာဝန်ယူမှု၊ တာဝန်ခံမှုရှိဖို့အတွက် ကမ္ဘာ့ဘဏ်ကနေ ငွေကြေးစီမံခန့်ခွဲမှု အပေါ် ပံ့ပိုးပေးမှာဖြစ်ပါတယ်။ ထို့အပြင် International IDEA ကနေတစ်ဆင့် လွှတ်တော်အမတ်တွေကိုလည်း နည်းပညာအထောက်အပံ့ ပေးအပ်သွားမှာဖြစ်ပါတယ်။ ဒါဟာ သာမန်ထောက်ပံ့မှုမဟုတ်ဘဲ ထူးခြားတဲ့ ကူညီပံ့ပိုးမှုတစ်ရပ်ဖြစ်ပါတယ်။

**မေး။ ။ ဥရောပသမဂ္ဂအနေနဲ့ တိုင်းရင်းသားဒေသတွေက ပညာရေး အဆင့်အတန်း မြှင့်တင်ရေးအတွက် အစီအစဉ်လည်းရှိတယ်ဆိုတာ သိရပါတယ်။ အဲဒီအစီအစဉ်ကို သိလိုပါတယ်။**

ဖြေ။ ။ မြန်မာနိုင်ငံဟာ ငြိမ်းချမ်းရေးအစီအစဉ်နဲ့ နိုင်ငံတည်ဆောက်ရေးကို တစ်ပြိုင်နက် လုပ်ဆောင်နေတဲ့အချိန်ဖြစ်ပါတယ်။ ဒီလိုအချိန်အခါ



မျိုးမှာ အနာဂတ်မျိုးဆက်သစ်တွေရဲ့ စိတ်နေစိတ်ထားတွေကို ပြောင်းလဲပစ်ဖို့ရာ အထူးအရေးကြီးပါတယ်။ ကျွန်တော်တို့ပေးတဲ့ အကူအညီတွေဟာ မြန်မာနိုင်ငံက ဒေသအသီးသီးမှာရှိတဲ့ ပြည်သူတွေဆီ ညီတူမျှတူမရောက်ဘူး။ သူတို့ရဲ့ ပညာရေးအတွက် အထောက်အကူမပြုဘူးဆိုရင် မမျှတဘူးလို့ ကျွန်တော်ထင်ပါတယ်။

ဥရောပသမဂ္ဂအနေနဲ့ မြန်မာအစိုးရရဲ့မူဝါဒနဲ့အညီ အစိုးရရော၊ တိုင်းရင်းသားတွေနဲ့ပါ ပူးပေါင်းဆောင်ရွက်ရတာဟာ လွန်စွာအဆင်ပြေပါတယ်။ အစိုးရရဲ့ မဟာဗျူဟာမှာလည်း ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်ရာမှာ တိုင်းရင်းသားဘာသာစကား၊ ယဉ်ကျေးမှုနဲ့ ရှမ်း၊ ကချင်နဲ့ အခြားသောလူမျိုးစုများကို ပံ့ပိုးကူညီပေးဖို့လိုအပ်ကြောင်း ဖော်ပြထားပါတယ်။

ဖက်ဒရယ်ပြည်ထောင်စုတစ်ခု သက်ဝင်လှုပ်ရှားလာဖို့အတွက် ကျောင်းသား ကျောင်းသူတွေက နေရာဒေသမရွေး သွားရောက်ပညာသင်ကြားနိုင်ခွင့်ရှိရပါမယ်။ အဲဒါမှ တိုင်းရင်းသားအချင်းချင်း တွေ့ဆုံရင်းနှီးကျွမ်းဝင်ခွင့်ရပြီး အဲဒီကနေတစ်ဆင့် ဖက်ဒရယ်စနစ်ဆီ လျှောက်လှမ်းနိုင်မှာပဲဖြစ်ပါတယ်။ ဥရောပသမဂ္ဂအနေနဲ့ ဗဟိုအစိုးရကို ကူညီပံ့ပိုးတဲ့အခါမှာ သာတူညီမျှရှိဖို့ တိုင်းရင်းသားဒေသက ပညာရေးကိုလည်း တစ်ချိန်တည်းမြှင့်တင်ဖို့လိုအပ်ကြောင်း သိရှိထားပါတယ်။

**မေး။ ။ ဒီအစီအစဉ်ဟာ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက် အထောက်အကူပြုတဲ့ လုပ်ငန်းတစ်ရပ်ဖြစ်ပါသလား။**

ဖြေ။ ။ ဟုတ်ပါတယ်။ မြန်မာမိတ်ဆွေတွေ၊ အခြားတွေ့ဆုံခဲ့ဖူးသူတွေ၊ ဝန်ကြီးတွေနဲ့ တွေ့ဆုံတဲ့အခါမှာ ငြိမ်းချမ်းရေးရရှိဖို့က စိတ်နေစိတ်ထားနဲ့ပဲဆိုင်တယ်လို့ သူတို့တွေကပြောပါတယ်။ နှစ် ၇၀ ကြာ ပြည်တွင်းစစ်အကြောင်းနဲ့ပတ်သက်ပြီး ကျောင်းသင်ခန်းစာထဲမှာ ကိုယ်ရဲ့သမိုင်းကြောင်းကိုသာ အလေးထားဖော်ပြထားပြီး တိုင်းရင်းသားတွေရဲ့ သမိုင်းကြောင်းကို မေ့မှိန်အောင်ဖော်ပြထားတဲ့အတွက် ဒီအတိုင်းသာဆက်သွားမယ်ဆိုရင် ငြိမ်းချမ်းရေးနဲ့ အလှမ်းဝေးနေမှာဖြစ်ပါတယ်။

မြန်မာလူငယ်တွေနဲ့တွေ့တဲ့အခါမှာ သူတို့တွေဟာ သူတို့ပြည်နယ်တွေသာမက နိုင်ငံတစ်ဝန်းလုံး ငြိမ်းချမ်းရေးနဲ့ အခွင့်အလမ်းတွေ လိုချင်ကြတာကို ကျွန်တော်တွေ့ခဲ့ရပါတယ်။ အခုအချိန်ခါမှာ မြန်မာနိုင်ငံအနေနဲ့ တံခါးဖွင့်လှစ်ထားပြီဖြစ်တဲ့အတွက် မြန်မာလူငယ်တွေဟာ ကမ္ဘာအနှံ့ခြေဆန့်ချင်ကြပါတယ်။ ဒါကြောင့် မြန်မာလူငယ်တွေ ဒေသတွင်းသာမက ဥရောပတိုက်အထိ ပညာသင်ကြားနိုင်တဲ့ အခွင့်အရေးရရှိဖို့အတွက် မြန်မာကျောင်းသားတွေအတွက် ပညာတော်သင်ဆုတွေ တိုးချဲ့ဖော်ဆောင်လျက်ရှိပါတယ်။ ပညာရေးဟာ ပြည်သူတွေအချင်းချင်း နားလည်မှုရှိဖို့နဲ့ အတူတကွ ပူးပေါင်းနေထိုင်နိုင်ဖို့အတွက် အကောင်းမွန်ဆုံးအရာတစ်ခုဖြစ်ပါတယ်။

**မေး။ ။ ပညာရေးဟာ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး၊ ဆင်းရဲမွဲတေမှုလျှော့ချရေးနဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက် မရှိမဖြစ်လိုအပ်ပါ တယ်။ ဥရောပသမဂ္ဂကစီစဉ်တဲ့ နည်းပညာနဲ့ သက်မွေးဝမ်းကျောင်း ပညာရေးသင်တန်းတစ်ခုရှိတယ်လို့ သိရပါတယ်။ အဲဒီသင်တန်းက ဒီအစီအစဉ်ထဲမှာ အကျုံးဝင်ပါသလား။**

ဖြေ။ ။ မြန်မာနိုင်ငံအနေနဲ့ တံခါးဖွင့်ဝါဒ စတင်ကျင့်သုံးပြီး ပြင်ပကမ္ဘာက အထောက်အပံ့တွေ စတင်ရရှိချိန်မှာ မြန်မာနိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ မိတ်ဖက်အများအပြားဟာ မြန်မာနိုင်ငံမှာ မရှိမဖြစ်လိုအပ်တဲ့ မူလတန်းပညာရေးအပေါ် အလေးထားဆောင်ရွက်ခဲ့ပါတယ်။ မူလတန်းပညာရေးဟာ အခြေခံအုတ်မြစ်ဖြစ်ပါတယ်။ သို့သော်လည်း မိတ်ဖက်အနည်းစုကတော့ အလယ်တန်းပညာရေးနဲ့ သက်မွေးပညာတွေမှာ အာရုံစိုက်ခဲ့ပါတယ်။ ကျွန်တော်တို့တွေ့ရှိတဲ့ အချက်အလက်တွေအရတော့ ကျောင်းထွက်နှုန်းတွေ မြင့်တက်လာတာ တွေ့ရပါတယ်။

ပညာရေးအရည်အသွေးပိုင်းနဲ့ ပတ်သက်ပြီးတော့လည်း ပြောဆိုတာတွေ ရှိလာပါတယ်။ ပညာရေးဝန်ကြီးဌာနကနေသိရတဲ့ အချက်အလက်များအရ မြန်မာနိုင်ငံရဲ့ပညာရေးဟာ လုပ်သားဈေးကွက်နဲ့ သဟဇာတမဖြစ်တဲ့ ကျွမ်းကျင်မှုကိုဘဲ အလေးထားတာသိရပါတယ်။ ခေတ်အဆက်ဆက်က နိမ့်ကျခဲ့တဲ့ ပညာရေးအဆင့်အတန်းကြောင့် ယနေ့ လူငယ်အများစုဟာ အလုပ်အကိုင်ရရှိဖို့ လိုအပ်တဲ့ကျွမ်းကျင်မှုတွေ မရှိကြတော့ပါဘူး။ ဒီလူငယ်တွေကို နောက်ထပ်တစ်ခါ ပညာပြန်သင်ပေးဖို့ ဘယ်လိုမှ မဖြစ်နိုင်တော့ပါဘူး။ ဒါကြောင့်မို့ လုပ်သားဈေးကွက်မှာ ဝင်ရောက်လုပ်ကိုင်နိုင်ဖို့အတွက် ဒီလူငယ်တွေကို သက်မွေးဝမ်းကျောင်းသင်တန်းတွေ ဖွင့်လှစ်ပေးဖို့လိုအပ်ပါတယ်။

လွန်ခဲ့တဲ့ တစ်နှစ်ခွဲက ကျွန်တော်မြန်မာနိုင်ငံကို ရောက်ရှိလာပြီးတဲ့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နဲ့ ပထမဦးဆုံး တွေ့ဆုံချိန်မှာ ဥရောပသမဂ္ဂအနေနဲ့ ဘာအကူအညီတွေပေးရမလဲလို့ ကျွန်တော်က မေးတဲ့အခါမှာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ပညာရေးကဏ္ဍကို အကူအညီပေးဖို့ ပြောကြားခဲ့ပါတယ်။ ဘယ်လိုပညာရေးမျိုးလဲလို့ ကျွန်တော်က ထပ်မေးတဲ့အခါမှာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က သက်မွေးဝမ်းကျောင်းပညာလို့ ပြောပါတယ်။ အခုလိုကူညီရမယ့်ကဏ္ဍကို တိတိကျကျသိရလို့ ကျွန် တော်တို့ ဝမ်းမြောက်ရပါတယ်။ သက်မွေးဝမ်းကျောင်းသင်တန်းဟာ ယနေ့မြန်မာ လူငယ်တွေအတွက် ပိုပြီး အရေးပါလာပြီဖြစ်ပါတယ်။

**မေး။ ။ ဒီလိုကြီးမားတဲ့ ကူညီပံ့ပိုးမှုအစီအစဉ်ဖြစ်လာဖို့ဆိုတာ တွေ့ဆုံဆွေးနွေးမှုတွေ များစွာလိုအပ်မယ်လို့ ထင်ရပါတယ်။ ဒီအစီအစဉ်ကြီး အထမြောက်ဖို့အတွက် သံအမတ်ကြီးအနေနဲ့ ဘယ်လိုကြိုးပမ်းခဲ့ပါသလဲ။**

ဖြေ။ ။ ဒီလို ကြီးမားတဲ့အစီအစဉ်တစ်ခု စနစ်တကျအထမြောက်သွားပြီဆိုရင်တော့ မြန် မာနိုင်ငံအနေနဲ့ ၁၀ နှစ်တာကာလအတွင်း အထိုက်အလျောက် တိုးတက်ပြီလို့ထင်ပါတယ်။ ၁၀ နှစ်တာကာလအထိ မြန်မာနိုင်ငံရဲ့ ပညာရေး ကဏ္ဍဟာ ဥရောပသမဂ္ဂရဲ့အကူအညီကို လိုအပ်တော့မှာမဟုတ်ပါဘူး။ သို့သော် အခုအရပ်သားအစိုးရအနေနဲ့ အခွန်ဝင်ငွေကနေ လုံလောက်တဲ့ နိုင်ငံတော်ဘဏ္ဍာငွေ မရရှိနိုင်သေးပါဘူး။ မြန်မာနိုင်ငံဟာ ကမ္ဘာပေါ်မှာ အခွန်ငွေကနေ နိုင်ငံတော်ဘဏ္ဍာငွေ အနည်းဆုံးရရှိတဲ့ နိုင်ငံထဲက တစ်နိုင်ငံဖြစ်ပါတယ်။ အခွန်ငွေကနေ နိုင်ငံတော်ဘဏ္ဍာငွေ ၁၁ ရာခိုင်နှုန်းလောက်သာ ရရှိနေပါတယ်။ ဘာကြောင့်လဲဆိုတော့ သဘာဝအရင်းအမြစ်ကရနေတဲ့ အခွန်ငွေများစွာက တရားမဝင်ကုန်သွယ်ရေးဆီ ရောက်ရှိသွားလို့ဖြစ်ပါတယ်။ ပညာရေး၊ လူမှုရေးလုပ်ငန်းများ၊ ဆေးရုံဆေးခန်းများကိုထောက်ပံ့ဖို့ ကောက်ခံရမယ့် ကျောက်မျက်နဲ့ သစ်လုပ်ငန်းက အခွန်ဝင်ငွေတွေကို ကောက်ခံနိုင်ခဲ့ခြင်း မရှိပါဘူး။ ဒီကိစ္စတွေဟာ သက်ဆိုင်ရာ အာဏာပိုင်များက အကောင်အထည်ဖော်ဆောင်ရွက်ရမှာဖြစ်ပါတယ်။ သို့မှသာ ၁၀ နှစ်တာကာလအတွင်း မြန်မာနိုင်ငံဟာ ပြင်ပက ထောက်ပံ့မှုတွေမလိုတော့ဘဲ မိမိတို့ရဲ့ပညာရေးစနစ်ကို မြှင့်တင်နိုင်သွားမှာဖြစ်ပါတယ်။

ယခုအခါ မြန်မာပြည်သူတွေရဲ့ စွမ်းဆောင်ရည်တွေကိုမြှင့်တင်ဖို့ လိုအပ်နေတဲ့အချိန်ဖြစ်ပါတယ်။ လာမယ့် ငါးနှစ်တာကာလအတွင်း ဥရောပသမဂ္ဂအနေနဲ့ စွမ်းဆောင်ရည်မြှင့်တင်ရေးကဏ္ဍမှာ ပါဝင်ကူညီနိုင်မယ်လို့ မျှော်လင့်ပါတယ်။ မြန်မာနိုင်ငံဟာ ဖွံ့ဖြိုးတိုးတက်လာပြီး အမှီအခိုကင်းတဲ့ နိုင်ငံတစ်နိုင်ငံဖြစ်လာမယ်လို့ ကျွန်တော်ယုံကြည်ပါတယ်။

**မေး။ ။ ဒီကတိကဝတ်တွေကို အကောင်အထည်ဖော်ဆောင်နိုင်ဖို့အတွက် စည်းကမ်းချက်တွေ ဘယ်လိုသတ်မှတ်ထားပါသလဲ။**

ဖြေ။ ။ မြန်မာအစိုးရကိုယ်တိုင် ချမှတ်ထားတဲ့ ပညာရေးမူဝါဒရည်မှန်းချက်တွေ ပြည့်မီအောင် ဖော်ပြပါငွေပမာဏကို ထုတ်ပေးသွားမှာဖြစ်ပါတယ်။

ဥပမာ ပညာရေးဝန်ကြီးဌာနက ကျောင်းသုံးပုံနှိပ်စာအုပ်အသစ်တွေ ဖြန့်ချိမယ့်အချိန်မှာ ဥရောပသမဂ္ဂက ငွေထပ်မံထုတ်ပေးသွားမှာဖြစ်ပါတယ်။ ဆရာ ဆရာမတွေကို သင်တန်းပေးတဲ့အချိန်ကျရင်လည်း နောက်တစ်ကြိမ် ငွေထုတ်ပေးသွားမှာဖြစ်ပါတယ်။ ဒါဟာ အကျိုးရလဒ်ကြီးမားတဲ့ ပူးပေါင်းဆောင်ရွက်မှုဖြစ်ပါတယ်။ ကျွန်တော် ထပ်ပြီးပြောကြားချင်တာကတော့ ဥရောပသမဂ္ဂက ကဏ္ဍတိုင်းမှာ ငွေကြေးကူညီနိုင်တဲ့ သဘောမျိုးမဟုတ်ဘူးလို့ ကျွန်တော်ပြောချင်ပါတယ်။ အရေးကြီးတဲ့ စည်းကမ်းချက်ကတော့ မြန်မာနိုင်ငံရဲ့ ပညာရေးကဏ္ဍမှာ ဘတ်ဂျက်တိုးမြှင့်သုံးစွဲဖို့ဆိုတဲ့ ကတိကဝတ်ကို အကောင်အထည်ဖော်နိုင်ဖို့ပဲ ဖြစ်ပါတယ်။ မြန်မာအစိုးရအနေနဲ့ တစ်နှစ်ထက်တစ်နှစ် ပညာရေးကဏ္ဍအသုံးစရိတ်ကို ၂၂ ရာခိုင်နှုန်း တိုးမြှင့်နိုင်ခဲ့တာ တွေ့ရပါတယ်။ အရင်ကထက်စာရင်တော့ ၂၂ ရာခိုင်နှုန်းဟာ များတယ်လို့ ကောက်ချက်ချနိုင်ပါတယ်။ မြန်မာအစိုးရအနေနဲ့ ပညာရေးကဏ္ဍ အသုံးစရိတ်ကို တိုးမြှင့်သုံးစွဲမှုရှိမှ ဥရောပသမဂ္ဂရဲ့ပံ့ပိုးကူညီမှုရမှာဖြစ်ပါတယ်။ ဒါဟာ အစိုးရကဖော်ဆောင်နေတဲ့ ပညာရေးကဏ္ဍ ပြုပြင်ပြောင်းလဲမှုရဲ့ တိုးတက်မှုအချိုးပဲဖြစ်ပါတယ်။

**စာမျက်နှာ ၂၄ သို့** ❐

❒ စာမျက်နှာ ၂၃ မှ


**မေး။ ။ မြန်မာနိုင်ငံမှာ သံအမတ်ကြီးရှိနေစဉ်ကာလအတွင်း ပြောင်းလဲမှုအတိုင်းအတာနဲ့ ပြုပြင်ပြောင်းလဲရေးအရှိန်အဟုန် ဘယ်လောက်ရှိတယ်လို့ ထင်ပါသလဲ။**

**ဖြေ။** ။မီတာ ၄၀၀ ပြေးလမ်းမှာ အားကုန်ပြေးနေတဲ့ လူတွေကိုပဲ ဥပမာပြုရရင် သူတို့တွေဟာ အားသွန်ခွန်စိုက်ပြေးလို့ ပြိုင်ပွဲကို အနိုင်ရရှိတဲ့အချိန်မှာ သူတို့ကို နောက်ထပ်ပြိုင်ပွဲတစ်ခုကို ထပ်ပြေးခိုင်းသလိုမျိုး ဖြစ်နေပါတယ်။ ဒါဟာ ဘာနဲ့တူသလဲဆိုတော့ လွန်ခဲ့တဲ့ ၁၀ နှစ်အတွင်းက မြန်မာနိုင်ငံရဲ့အခြေအနေနဲ့ တူနေပါတယ်။ မြန်မာနိုင်ငံက ပြုပြင်ပြောင်းလဲမှုဟာလည်း အတိုင်း အတာတစ်ခုအထိ ရောက်ရှိနေပါပြီ။ အခုချိန်မှာ ပြုပြင်ပြောင်းလဲမှုရဲ့ အသီးအပွင့်တွေကို စတင်ခံစားကြရပါပြီ။ နောက်လာမယ့်မျိုးဆက်သစ်တွေကတော့ သူတို့ရဲ့စိတ်နေစိတ်ထားတွေကို ပြောင်းလဲဖို့ လိုအပ်မှာပဲ ဖြစ်ပါတယ်။ မြန်မာ လူငယ်တွေဟာ ပွင့်လင်းမြင်သာမှုရှိရေး၊ တရားဥပဒေစိုးမိုးရေးနဲ့ အဂတိ တိုက်ဖျက်ရေးတွေမှာ ပူးပေါင်းပါဝင်ဆောင်ရွက်ရမှာဖြစ်ပါတယ်။

တစ်ခါတစ်ရံ ရှုံးနိမ့်တဲ့အချိန်ရှိသော်လည်း နောက်ထပ်ပြိုင်ပွဲအတွက် အင်အားကို ပြန်လည်မွေးမြူဖို့ လိုအပ်ပါတယ်။ မြန်မာနိုင်ငံရဲ့ အသွင်ကူးပြောင်းရေးဟာ မြန်မာပြည်သူတွေသတ်မှတ်ထားတဲ့ ရည်မှန်းချက်တစ်ရပ်ဖြစ်ပြီး နှစ်များစွာကြာမြင့်နိုင်တဲ့အတွက် ဥရောပသမဂ္ဂအနေနဲ့ ဒီရည်မှန်းချက်အောင်မြင်သည်အထိ မြန်မာနိုင်ငံနဲ့ ပူးပေါင်းဆောင်ရွက်မှုဟာ အချိန်ကာလအားဖြင့် ကြာမြင့်နေမှာပဲဖြစ်ပါတယ်။

**ဘာသာပြန်- ဒေါက်တာသာစိန်၊ ကျော်ထိုက်စိုး**

# မုံရွာမြို့ ချင်းတွင်းမြစ်သဲသောင်ပြင်တွင် ကျင်းပမည့် ချင်းတွင်းသင်္ကြန်ပွဲတော်အတွက် သဲပန်းပုများ ပြုလုပ်ထားမှုမြင်ကွင်းများ








ဓာတ်ပုံ -သင်းသင်းကြူ

# မင်းဘူးမြို့နယ်အတွင်းရှိ ကျေးရွာသုံးရွာတွင် သောက်သုံးရေရှားပါးမှုမရှိစေရေး စက်ရေတွင်းများ တူးဖော်ပေးလျက်ရှိ

**မင်းဘူး ဧပြီ ၇**

မကွေးတိုင်းဒေသကြီး မင်းဘူးမြို့နယ်အတွင်းရှိ ကျေးရွာသုံးရွာတွင် နွေရာသီကာလသောက်သုံးရေ ရှားပါးပြတ်လပ်မှုမရှိစေရေးအတွက် စက်ရေတွင်းတူးဖော်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

အဆိုပါကျေးရွာသုံးရွာမှာ မကျီးပင်ကျေးရွာ၊ ရွာသစ်ကျေးရွာနှင့် ရေငံကျေးရွာတို့ဖြစ်ပြီး လေးလက်မ စက်ရေတွင်း သုံးတွင်း၊ ဂါလန် ၂၄၀၀ ဆံ့ စင်မြင့် ရေစင်သုံးခု၊ ရေစက်ရုံသုံးခု တည်ဆောက်ခြင်းလုပ်ငန်းများအား ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မူလခွင့်ပြုရန်ပုံငွေ ၄၂ ဒသမ ၇၀၅ သန်းဖြင့် လုပ်ငန်းဆောင်ရွက်နေမှုများကို ယနေ့နံနက်ပိုင်းက မင်းဘူးခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ခံအင်ဂျင်နီယာ ဒေါ်မြသက်ထွေး (လက်ထောက်ညွှန်ကြားရေးမှူး)၊ မင်းဘူးမြို့နယ် ကျေးလက်ဦးစီးမှူး ဦးအောင်ဘုန်းလင်းနှင့်ဝန်ထမ်းများက ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ကွင်းဆင်းကြည့်ရှုစစ်ဆေးရာတွင် လုပ်ငန်းများအားလုံးသတ်မှတ်စံချိန်စံညွှန်းများနှင့် ကိုက်ညီအောင် ဆောင်ရွက်သွားကြရန်နှင့် သတ်မှတ်အချိန်ကာလအတွင်း ပြီးစီးရေး တွန်းအားပေးဆောင်ရွက်သွားကြရန် လမ်းညွှန်မှာကြားခဲ့သည်။

ဆက်လက်၍ စက်ရေတွင်းသုံးတွင်း အောင်မြင်စွာတူးဖော်ပြီးစီးနေပြီး ရေဂါလန် ၁၅၀၀ ထွက်ရှိခြင်း၊ ရေစက်ရုံနှင့် စင်မြင့်ရေစင်များမှာလည်း ၈၀ ရာခိုင်နှုန်းအထိ ပြီးစီးနေပြီဖြစ်ကြောင်း မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ဘုန်းလင်းက ပြောသည်။

ယခု တူးဖော်ဆောင်ရွက်နေသည့် စက်ရေတွင်းနှင့် ဆက်စပ်လုပ်ငန်းများအားလုံး ပြီးစီးသွားပါက ကျေးရွာသုံးရွာရှိ အိမ်ခြေ ၃၂၉ အိမ်မှ လူဦးရေ ၁၄၆၀ တို့မှာ သောက်သုံးရေဖူလုံစွာ ရရှိလာတော့မည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူးက ပြောသည်။

**ငြိမ်းသူ(စလင်း)**



**Asia Dragon**
01 707062, 09 300 300 30, 09 799 100 100

## အီစတာ(ရှင်ပြန်ထမြောက်တော်မူရာနေ့) အာရုံတက်စုပေါင်းဝတ်ပြုခြင်းဖိတ်ကြားလွှာ

ရန်ကုန်ခရစ်ယာန်အသင်းတော်များကောင်စီနှင့် မြန်မာနိုင်ငံနှစ်ခြင်းခရစ်ယာန်အသင်းချုပ်တို့ စီစဉ်ညှိနှိုင်း၍ နှစ်စဉ်ကျင်းမြဲဖြစ်သော အီစတာ(ရှင်ပြန်ထမြောက်တော်မူရာနေ့) (Easter Sunday) အာရုံတက်စုပေါင်းဝတ်ပြုကိုးကွယ်ခြင်းအစီအစဉ်ကို အောက်ပါအတိုင်းကျင်းပမည်ဖြစ်ပါ၍ ရန်ကုန်မြို့ရှိအသင်းတော်များမှ အင်တိုက်အားတိုက် တက်ရောက်စုပေါင်းဝတ်ပြုနိုင်ပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

နေ့ရက်။ ။ ၂၀၁၉ခုနှစ်၊ ဧပြီလ ၂၁ ရက် (အီစတာ တနင်္ဂနွေနေ့)
အချိန်။ ။ နံနက်(၅း၀၀)နာရီ ချီးမွမ်းသီဆိုခြင်း
ဝတ်ပြုခြင်း နံနက်(၅း၃၀)နာရီမှ (၆း၃၀)နာရီအထိ
နေရာ။ ။ မြန်မာနိုင်ငံ နှစ်ခြင်းခရစ်ယာန်အသင်းချုပ်ဝင်း
အမှတ်(၁၄၃)၊ မင်းရဲကျော်စွာလမ်း၊ လမ်းမတော်မြို့နယ်၊
ရန်ကုန်မြို့။

(နှစ်စဉ်နယ်မြေ/အသင်းတော်အလိုက် အာရုံတက်ဝတ်ပြုခြင်းများကိုလည်း နီးစပ်ရာနေရာများတွင် ဆက်လက်ကျင်းပရန် နှိုးဆော်အပ်ပါသည်။)

**ရန်ကုန်ခရစ်ယာန်အသင်းတော်များကောင်စီ**

ကြယ်စင်အောင်
April 12 65000
09-451301117, 09-250366204

ရွှေလမ်းညွှန်
87000
09-420087371, 09-262705136

အောင်မင်္ဂလာ
အိမ်ပြောင်း/ရွှေ့လုပ်ငန်း
မြို့တွင်း/နယ်ဝေး
09428773300
09428773355

OD TOUR
ORIENTAL DRAGON TRAVELS & TOURS Co., Ltd
Apr 14 · Apr 13 · Apr 13 · Apr 26 · Apr 27 · Apr 28 · Apr 28
01-523187, 504808, 09-444477129
01-536855, 09-774554205, 09-5187045
www.facebook.com/ODTour

ATTOLLO Travel & Tours
APR 12
Find us on Facebook
01-381067, 09-32109138, 09-795418474

Yangon University of Distance Education
YUDE
KMD Institute

ပညာရေးဝန်ကြီးဌာန ရန်ကုန်အဝေးသင်တက္ကသိုလ်နှင့် KMD Computer Group တို့ ပူးပေါင်းဖွင့်လှစ်သည့် သင်တန်းများအတွက် လျှောက်လွှာခေါ်ယူခြင်း

ရန်ကုန်အဝေးသင်တက္ကသိုလ်နှင့် KMD Computer Group တို့ပူးပေါင်း၍ အောက်ဖော်ပြပါသင်တန်းများကို ဖွင့်လှစ်မည်ဖြစ်ပါသည်။

- Diploma in Business Information System
- Diploma in Network Communication
- Diploma in Web Development

၁။ တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီးသူများ တက်ရောက်နိုင်ပါသည်။
၂။ သင်တန်းကာလ(၉)လဖြစ်ပြီး ပညာရေးဝန်ကြီးဌာနမှ ပေးအပ်ချီးမြှင့်သော ဒီပလိုမာ အောင်လက်မှတ် ရရှိပါမည်။
၃။ Diploma in Network Communication သင်တန်းအတွက် Microsoft မှ စစ်ဆေးသော 70-410 စာမေးပွဲဖြေဆိုနိုင်သည်အထိ သင်ကြားပေးမည်ဖြစ်ပါသည်။
၄။ လုပ်ငန်းခွင်ဝင်ရောက်လိုသူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ စီစဉ်ထားပါသည်။
၅။ အဝေးရောက်ဝန်ထမ်းများ၊ ဝန်ထမ်းသား/သမီးများ အတွက် ပညာသင်ထောက်ပံ့ကြေးများ ရရှိနိုင်ပါသည်။

**သင်တန်းဖွင့်လှစ်မည့်နေရာ ။ ။ အဆောင်(၈)၊ သထုံလမ်း၊ ရန်ကုန်အဝေးသင်တက္ကသိုလ်၊**
**သင်တန်းဖွင့်လှစ်မည့်နေ့ရက်။ ။ ဧပြီလ၊ (၂၉)ရက်၊ ၂၀၁၉ ခုနှစ်။**

☎ ဆက်သွယ်ရန်ဖုန်း
၀၉-၂၆၂၆၀၁၃၀၁၊ ၉၆၆၁၄၈၂၅၂၊ ၀၁-၃၉၁၂၈၆၊
၃၉၁၂၈၇၊ ၃၈၄၂၆၈၊ ၅၀၂၂၁၁၊ ၅၀၂၂၃၃၊ ၅၄၁၃၂၈၊ ၂၂၀၅၅၅

သင်တန်းကြေးများ။ Computer နှင့် Mobile ပစ္စည်းများကို အရစ်ကျစနစ်ဖြင့်ပေးသွင်းနိုင်ပါသည်။

မင်္ဂလာပါ
အိမ်ပြောင်း/အိမ်ရွှေ့လုပ်ငန်း
09-450042704
09-250095116
09-420096296

ရွှေမဟာ
ဒိုင်နာ အဌားပိုင်း
09-5106146
09-775106146

ရောင်ခြည်ထိပ်
အိမ်ပြောင်း/အိမ်ရွှေ့လုပ်ငန်း
10', 14', 15' ကားများဖြင့်
Ph: 09-450454771
09-450454772
09-450454773

## မြန်မာနိုင်ငံ သစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းနှင့် မြန်မာနိုင်ငံ သရက်စိုက်ပျိုးထုတ်လုပ်တင်ပို့ ရောင်းချသူများ အသင်းတို့မှ ကြီးမှူးကျင်းပသော ပဉ္စမအကြိမ်မြောက် မြန်မာ့သရက်ပွဲတော် ၂၀၁၉ ခုနှစ် (မန္တလေး)

MFVP

ကျင်းပမည့်နေ့ရက် - ၁၁၊ ၁၂ ရက် မေလ ၂၀၁၉ ခုနှစ်
ကျင်းပမည့်အချိန် - နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ
ကျင်းပမည့်နေရာ - HOTEL HAZEL
၅၃ လမ်းနှင့် ၃၇လမ်းထောင့်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။

ပြိုင်ပွဲဝင် သရက်သီးအမျိုးအစားများမှာ (၁)စိန်တလုံး၊ (၂)မြကျောက်၊ (၃)ပတ္တမြားငမောက်၊ (၄)ရွှေဟင်္သာ၊ (၅)ရင်ခွဲ၊ (၆)အခြားသရက်(ပြည်တွင်း)၊ (၇)အခြားသရက်(ပြည်ပ) ပြိုင်ပွဲဝင်သရက်သီးများသည် အညှာ ၄လက်မရှိရန်နှင့် နမူနာ ၅ လုံး ပေးပို့ရမည်ဖြစ်သည်။ ပြိုင်ပွဲဝင်သရက်သီးများကို အောက်ပါအတိုင်း ဆုချီးမြှင့်မည်ဖြစ်ပါသည်-

ပထမဆု-၂၀၀၀၀၀ကျပ်၊ ဒုတိယဆု-၁၅၀၀၀၀ကျပ်၊ တတိယဆု-၁၀၀၀၀၀ကျပ် နှစ်သိမ့်ဆု-၅၀၀၀၀ကျပ်

ပြိုင်ပွဲဝင်သရက်သီးများကို ၁၀-၅-၂၀၁၉ရက် နံနက်(၉း၀၀)နာရီမှ ညနေ(၅း၀၀)နာရီအတွင်း ပြိုင်ပွဲကျင်းပရာနေရာသို့ နောက်ဆုံးထားပေးပို့ရမည်။

သရက်သီးစားပြိုင်ပွဲ (အချို/အချဉ်)၊ အခွံနွှာပြိုင်ပွဲ၊ ဂျစ်တွန်းပြိုင်ပွဲနှင့် ဆားဖတ်ခြောက်ခုတ်ပြိုင်ပွဲပါဝင်မည်ဖြစ်ပြီး မည်သူမဆို (ပြည်နယ်နှင့်တိုင်းဒေသကြီးအားလုံး)ပါဝင်ယှဉ်ပြိုင်နိုင်ကြောင်း ဖိတ်ခေါ်အပ်ပါသည်။


လူကြီးမင်းတို့၏ စီးပွားရေးလုပ်ငန်းများ တိုးတက်ကြီးပွားအောင်မြင်စေနိုင်မည့် အခွင့်အရေးများရရှိစေနိုင်သော ပွဲတော်သို့ ပူးပေါင်းပါဝင်ကြပါရန် ဖိတ်ခေါ်အပ်ပါသည်။ အရောင်းပြခန်း ဝယ်ယူလိုသူများနှင့် စပွန်ဆာ(ပံ့ပိုးကူညီလိုသူ)များအနေဖြင့် ၂၀၁၉ခုနှစ်၊ ဧပြီလ ၁၅ ရက် နောက်ဆုံးထားဆက်သွယ်နိုင်ပါကြောင်း အသိပေးနှိုးဆော်လိုက်ပါသည်။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ဖုန်း-၀၉-၄၄၀၀၂၂၆၂၃၊ ၀၉-၄၃၁၁၇၄၁၇၊ ၀၉-၄၃၀၃၄၈၉၄သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။ စိတ်ဝင်စားသူ မည်သူမဆိုအခမဲ့ လာရောက်လေ့လာနိုင်ပါသည်။

မြင့်မိုရ် CAR RENTAL
Mark II, ALPHARD, YUTONG (4-7-10-15-35 ယောက်စီး)
09-5191361, 09-765191361


ဒိုက်မြို့သစ်
(ဆိပ်ကမ်း)(တောင်ပိုင်း)
(အရှေ့ပိုင်း) မြေကွက်များ
ဝယ်လိုသည်။
Ph: 0943075129

SYM Engineering Co., Ltd.
Air-Con, Servicing
09-5191361, 09-73033344,
09-73033355, 09-73033366

မြင့် အင် ဆန်း
အရေပြားနှင့် အလှအပဆေးခန်း



၂၀၁၇ ခုနှစ်အတွက် အမျိုးသားစာပေဆုရရှိခဲ့သော
သစ်သီးများနှင့် ကျန်းမာရေး
ဒေါက်တာခင်မောင်လွင် (FAME)
01-3682199, 3685083, 3685609



ရဟန်း ဒါယကာကြီး

## ဦးအောင်သင်း တပ်ကြပ်ကြီး(ငြိမ်း)

### အသက်(၈၅)နှစ်

ရန်ကုန်မြို့ မြောက်ဥက္ကလာပမြို့နယ်၊ ဝေဘာဂီမြို့သစ်၊ (၃)ရပ်ကွက်၊ မြို့ပတ်လမ်း၊ အမှတ်(၃၃)နေ ဦးကျော်စိုး-ဒေါ်ခင်ခင်ဝင်း(ခ)မချော၊ (ဦးမြင့်ဇော်)၊ (ဦးမောင်မောင်မြင့်)-ဒေါ်ပပလွင်၊ ဗိုလ်မှူးအောင်မြင့် (ငြိမ်း) (ညွှန်ကြားရေးမှူး၊ အလုပ်သမားလူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန၊ နေပြည်တော်)-ဒေါ်ခင်သန်းဌေး၊ ဦးထွန်းဝင်းလှိုင်-ဒေါ်ခင်မြင့်ဝင်း (ဆေး-၂၊ စီမံရေးရာဌာန)၊ တပ်ကြပ်ကြီး တင်ထွေး(အမှတ်-၁၊ဆေးသိုလှောင်ရေးတပ်၊ နေပြည်တော်)တို့၏ ဖခင်၊ ဒေါ်တင်ရီ၏ ခင်ပွန်း၊ မြေးကိုးယောက်၊ မြစ်သုံးယောက်တို့၏ အဘိုးသည် ၇-၄-၂၀၁၉ (တနင်္ဂနွေနေ့) နံနက် ၂ နာရီတွင် မြောက်ဥက္ကလာပ ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၉-၄-၂၀၁၉ (အင်္ဂါနေ့) ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၃-၄-၂၀၁၉ (စနေနေ့) နံနက်တွင် မြောက်ဥက္ကလာပမြို့နယ်၊ ဝေဘာဂီမြို့သစ်၊ မြို့ပတ်လမ်း၊ အမှတ်(၃/၃၃)နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်ခင်အုံးမြင့် (ဖြူး)

ရန်ကုန်မြို့

### အသက်(၈၂)နှစ်

ဖြူးမြို့နေ (ဦးအုံးမောင်-ဒေါ်ရီ)တို့၏ သမီးကြီး၊ ကြို့ပင်ကောက်မြို့နေ (ဦးထွန်းဝေ-ဒေါ်သန်း)တို့၏ သမီးချွေးမ၊ ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ်၊ (၃၀)ရပ်ကွက်၊ ဂန္ဓမာလမ်း၊ အမှတ်(၂)၊ သုဝဏ္ဏ မြို့ဦးစေတီအနီးနေ ဒုတိယဗိုလ်မှူးကြီး သန်းတင့်(ငြိမ်း) (အထူးအရာရှိ၊ နယကရုံး)၏ ဇနီး၊ ဗိုလ်မှူးအုန်းဖေ(ငြိမ်း)-ဒေါ်ခင်ဝင်းကြည်၊ ဒေါ်ခင်ဝင်းရွှေ (ဒေါ်စန်းစန်းရီ)တို့၏ အစ်မကြီး၊ ဗိုလ်မှူးချုပ် ဦးကျော်(ငြိမ်း)-ဒေါ်ခင်စန်းကြည်၊ ဗိုလ်မှူးလေးဦး-ဒေါ်ခင်လေးနွယ်တို့၏ မိခင်၊ မောင်အောင်ကိုကိုဦး-မမြတ်ရည်လွင်စိုး၊ မောင်ကျော်စွာဟိန်း-မနှင်းဝေတင့်တို့၏ ဘွားဘွား၊ မောင်ဟိဏ်းထက်ဦး၊ မောင်အောင်ကောင်းမြတ်၊ မောင်စွမ်းထက်ရဲဝင့်၊ မအိမ့်သက်မှူးခင်တို့၏ ဘွားဘွားကြီးသည် ၆-၄-၂၀၁၉ (စနေနေ့) ည ၇း၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၄-၂၀၁၉ (တနင်္လာနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၂-၄-၂၀၁၉ (သောကြာနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်လှရီ (မြိတ်)

### အသက် (၈၂) နှစ်

ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်သစ်ရပ်ကွက်၊ ဘုရင့်နောင် (၁၁)လမ်း၊ အမှတ်(၁၇)နေ (ဦးရှိတ်-ဒေါ်ရွှေကြည်)တို့၏ သမီး၊ ဦးမောင်မြ၏ဇနီး၊ ဦးအောင်မော်-ဒေါ်သီတာလွင်၊ ဦးခင်ဇော်-ဒေါ်ခင်မေစု၊ ဦးတင်မောင်သော်-ဒေါ်လဲ့လဲ့မျိုးတို့၏မိခင်၊ မသန္တာရွှေရည်၊ မဟေမာရွှေရည်တို့၏ အဘွား ဒေါ်လှရီ(မြိတ်)သည် ၆-၄-၂၀၁၉ ရက် နံနက် ၇း၅၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၄-၂၀၁၉ (တနင်္လာနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါ ကြောင်း ရပ်ဝေးရပ်နီးမှ မိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါ သည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## အထူးကျေးဇူးတင်ရှိခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး

## ဆရာမကြီး ဒေါ်ခင်မေ

ပညာရေးတက္ကသိုလ်လေ့ကျင့်ရေးကျောင်း (TTC)၊ ကမာရွတ်

အ.ထ.က(၅) ကမာရွတ် (ငြိမ်း)

### အသက် (၈၃)နှစ်

၃၁-၃-၂၀၁၉ရက် (တနင်္ဂနွေနေ့) ညနေ ၆း၃၅ နာရီတွင် ရန်ကုန်မြို့ ပင်လုံအထူးကုဆေးရုံ၌ ကွယ်လွန်သွားသော ဆရာမကြီး ဒေါ်ခင်မေအား မကွယ်လွန်မီ ကျန်းမာရေးအတွက် စောင့်ရှောက်ကုသ ပေးခဲ့ကြပါသော အထူးကုဆရာဝန်ကြီးများ၊ ဆရာဝန်များ၊ သူနာပြု ဆရာ/ဆရာမများ၊ ဝန်ထမ်းများ၊ အဘက်ဘက်မှ ကူညီဆောင်ရွက်ပေးခဲ့ကြပါသော သက်ကြီးဆရာ/ဆရာမကြီးများ၊ ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့ (TTC)ကျောင်းသား/သူ ချစ်တပည့်များ၊ ရပ်နီး/ရပ်ဝေးမှ မိတ်ဆွေ ညီအစ်ကိုမောင်နှမများ၊ မေတ္တာဖြင့် တယ်လီဖုန်းဆက်သွယ်၍ သော်လည်းကောင်း၊ လူကိုယ်တိုင်လာရောက်နှစ်သိမ့်အားပေးခဲ့ကြသည့် အားလုံးကိုလည်းကောင်း ကျေးဇူးတင်ထိုက်သူအားလုံးတို့အား ကျန်ရစ်သူမိသားစုမှ အထူးကျေးဇူးဥပကာရတင်ရှိပါသည်။

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဒေါ်ခင်အုံးမြင့် (ဖြူး)

### အသက်(၈၂)နှစ်

ဒုတိယဗိုလ်မှူးကြီးသန်းတင့်(ငြိမ်း) (အထူးအရာရှိ၊ နယကရုံး)၏ ဇနီး ဒေါ်ခင်အုံးမြင့် သည် ၆-၄-၂၀၁၉ (စနေနေ့) ည ၇း၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်အတူ ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**သမ္မတနိဗ္ဗာန်ကုန်သက်န်းတိုက်မိသားစု**

## ဝမ်းနည်းကြေကွဲခြင်း

## ဒေါ်လှရီ(မြိတ်)

### အသက်(၈၂)နှစ်

သူငယ်ချင်း ဦးအောင်မော် (Master Mariner FG)နှင့် ဒေါ်သီတာလွင်တို့၏ ချစ်လှစွာသောမိခင်ကြီး ဒေါ်လှရီသည် ၆-၄-၂၀၁၉ ရက် နံနက် ၇း၅၅ နာရီတွင် ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**စစ်တက္ကသိုလ်အမှတ်စဉ်(၂၇)မှ သူငယ်ချင်းများနှင့် မိသားစုများ**

## အနိစ္စ

ပုလောမြို့နယ်အသင်း(ရန်ကုန်)

## ဒေါ်လှတင်

(သက်ကြီးကန်တော့ခံ)

### အသက်(၈၅)နှစ်

အသင်းဝင်အမှတ်-၄၃၁

ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ်၊ (၁၃)ရပ်ကွက်၊ ယဿဝတီလမ်း၊ အမှတ် (၄၀၂)နေ ဒေါ်လှတင်သည် ၆-၃-၂၀၁၉ (စနေနေ့) မွန်းလွဲ ၂ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၃-၂၀၁၉ (တနင်္လာနေ့) ညနေ ၄ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် သင်္ဂြိုဟ်ပါမည်။ (အသင်းမှကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ပါမည်။)

အမှုဆောင်အဖွဲ့

## ဒေါ်လှရီ (မြိတ်)

### အသက် (၈၂) နှစ်

ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်သစ်ရပ်ကွက်၊ ဘုရင့်နောင် (၁၁)လမ်း၊ အမှတ်(၁၇)နေ (ဦးရှိတ်-ဒေါ်ရွှေကြည်)တို့၏ သမီး၊ (ဦးဟန်တင်)-ဒေါ်လှတီတို့၏ညီမ၊ (ဦးသန်းဇော်)၊ ဦးမောင်မောင်နိုင်-ဒေါ်စိန်စိန်၊ ဒေါ်ခင်ဆုံ၊ (ဦးရှန်သိန်း)၊ ဒေါ်တင်တင်စီတို့၏ အစ်မ၊ ဦးမောင်မြ၏ဇနီး ဒေါ်လှရီ(မြိတ်)သည် ၆-၄-၂၀၁၉ ရက် နံနက် ၇း၅၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၄-၂၀၁၉ (တနင်္လာနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး မိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး

## ဦးမြင့်ဆွေ (ဆိပ်ခွန်)

### အသက်(၇၂)နှစ်

ရွှေဘိုမြို့နယ်၊ ဆိပ်ခွန်ရွာနေ (ဦးအောင်စိန်-ဒေါ်ဦး)တို့၏ သား၊ အမှတ်(၁၅)၊ အောင်ဇေယျ(၄)လမ်း၊ ရန်ကုန်သစ်ရပ်ကွက်၊ သုဝဏ္ဏ၊ သဃ်န်းကျွန်းမြို့နယ်နေ ဒေါ်တင်တင်မြ (C-31၊ ယုဇနပလာဇာ)၏ ခင်ပွန်း၊ (ဦးအောင်လွင်ဦး)-ဒေါ်ကေသီမြင့် (F-27၊ ယုဇနပလာဇာ)၊ ဦးမြတ်ကိုကို-ဒေါ်အေးမွန်ထိုက် (B-8၊ ယုဇနပလာဇာ)၊ ဦးညီညီစိုး (အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ မြို့နယ်အလုပ်အမှုဆောင်၊ တာမွေမြို့နယ်)-ဒေါ်မြင့်မြင့်နွယ် (C-27၊ ယုဇနပလာဇာ)၊ ဦးတင်ဇော်ထွန်း-ဒေါ်မင်းမင်းဆွေ (C-25၊ ယုဇနပလာဇာ)တို့၏ ဖခင်၊ မြေး ၁၀ ယောက်တို့၏ အဘိုးသည် ၇-၄-၂၀၁၉ (တနင်္ဂနွေနေ့) နံနက် ၅း၁၀ နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၉-၄-၂၀၁၉ (အင်္ဂါနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပါမည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၁-၄-၂၀၁၉ (ကြာသပတေးနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်တင်လှ

### အသက် (၈၃) နှစ်

ရန်ကုန်မြို့ စမ်းချောင်းမြို့နယ်၊ မြေနီကုန်း(မြောက်)၊ သီရိမင်္ဂလာလမ်း၊ အမှတ်(၈)နေ (ဦးဘိုးဉာဏ်-ဒေါ်သန့်)တို့၏သမီး၊ ဒေါ်အုန်း၏ညီမ၊ (ဦးလှမြင့်)၏ ချစ်လှစွာသောဇနီး၊ ဒေါ်ခင်ဦးမြင့်၊ ဦးသော်ဇင်၊ ဒေါ်ခိုင်ဇင်၊ ဦးဝင်းပိုင်တို့၏မွေးသမိခင် ကျေးဇူးရှင်၊ မြေး ငါးယောက်၊ မြစ်တစ်ယောက်တို့၏အဘွား ဒေါ်တင်လှသည် ၆-၄-၂၀၁၉ (စနေနေ့) မွန်းလွဲ ၂ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၄-၂၀၁၉ (တနင်္လာနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဒေါ်သိန်းသိန်း

### အသက် (၈၁) နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမြို့နေ (ဦးစောအားသွင်-ဒေါ်ရင်)တို့၏ သမီး၊ ရန်ကုန်မြို့ မြောက်ဥက္ကလာပမြို့နယ်နေ (ဦးရွှေခင်-ဒေါ်တုတ်)တို့၏ သမီးချွေးမ၊ စက်မှုကြွေမြေ၊ အလုံမီးခံကျောက်ပြားစက်ရုံ၊ အလုပ်ရုံစုမှူး (ဦးစောလှဖေ)၏ဇနီး၊ တွံတေးမြို့နေ ဦးသိန်းလှိုင်-(ဒေါ်တင်နု)၊ ဦးကျော်ဝင်း-ဒေါ်ယဉ်သိန်း၊ ဦးခင်မောင်ဝင်း-ဒေါ်ခင်လှဝင်း၊ (ဦးခင်မောင်မြင့်)-ဒေါ်စန်းစန်းတို့၏ ညီမ၊ (ဦးစိုးနိုင်ဦး)-ဒေါ်ကြူကြူမြင့်၊ ဦးဇော်မင်း (လ/ထညွှန်မှူး၊ စ.စ.စ၊ ရှမ်းပြည်နယ်ရုံး)-ဒေါ်လဲ့လဲ့ဝင်း(ဦးစီးအရာရှိ၊ ကညန၊ ခရိုင်ရုံး-ပခုက္ကူ)၊ (ဦးကျော်စိုး)-ဒေါ်မိမိခိုင်(ဘဏ္ဍာရေးဌာန၊ ကလစ-၂၊ စက်မှုဝန်ကြီးဌာန)၊ ဦးအောင်ဖြိုး (ဟိုတယ်မန်နေဂျာ၊ Tri Star Hotel)-ဒေါ်နွယ်နွယ်ခိုင်၊ ဦးဝင်းနိုင်စိုး-ဒေါ်ငြိမ်းငြိမ်းအေး (စားတော်ကဲ၊ NISSIN ကုမ္ပဏီလီမိတက်)၊ ဦးအောင်စိုးမင်း ( IGE Energy Co.,Ltd)-ဒေါ်သီသီထွေး(ဘဏ္ဍာရေးဌာန၊ ကစလ-၂၊ စက်မှုဝန်ကြီးဌာန)၊ ဦးမျိုးခိုင်-ဒေါ်အေးအေးသန်း၊ ဦးသိန်းဝင်း-ဒေါ်တီတီမာတို့၏မိခင်၊ မြေး ၁၂ ယောက်တို့၏အဘွား၊ ရန်ကုန်မြို့ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၊ (၄၉)ရပ်ကွက်၊ ငုဝါမြိုင်(၂)လမ်း၊ အမှတ်(၃၃၅)နေ ဒေါ်သိန်းသိန်းသည် ၇-၄-၂၀၁၉ (တနင်္ဂနွေနေ့) နံနက် ၆ နာရီတွင် နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ ဝဏ္ဏသိဒ္ဓိရပ်ကွက်၊ တိုက်(၅၃၁၆)၊ အခန်း(၂၂)၌ ကွယ်လွန်သွားပါသဖြင့် ၉-၄-၂၀၁၉ (အင်္ဂါနေ့) မွန်းလွဲ ၁၂း၃၀ နာရီတွင် ခုတင်(၁၀၀၀)ဆေးရုံကြီး၌ တရားနာယူပြီး ကွေ့ကြီးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၃-၄-၂၀၁၉ (စနေနေ့)တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးလှမြင့် (ညောင်တုန်း)

### အသက် (၇၉) နှစ်

ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ်၊ အုန်းပင်လမ်းအထက်၊ အမှတ်(၇၈)၊ သုံးလွှာနေ (ဦးသာလွန်း-ဒေါ်တင်ပု)တို့၏သား၊ ဒေါ်အေးစိန်၏သားသမက်၊ ဒေါ်သိန်းအေး(ခ)ဒေါ်ဆောင်း၏ ခင်ပွန်း၊ နန္ဒာလှမြင့်ဦး၊ သန္တာလှမြင့်၊ တေဇာလင်း-ခိုင်စန္ဒာလှမြင့်တို့၏ချစ်လှစွာသောဖခင်၊ မောင်လင်းဘုန်းသန့်၊ မောင်ခန့်မင်းထက်တို့၏ အဘိုး ဦးလှမြင့်သည် ၇-၄-၂၀၁၉ ရက် နံနက်တွင် ကွယ်လွန်သွားပါသဖြင့် ၉-၄-၂၀၁၉ (အင်္ဂါနေ့) မွန်းလွဲ ၁ နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ကျောင်း ဒါယကာကြီး

## ဦးဘန်သိန်း (ကမာဝက်မြို့)

### အသက် (၇၈) နှစ်

ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်၊ (၄)ရပ်ကွက်၊ သီရိမင်္ဂလာလမ်း၊ အမှတ် (၁၄၅/C)၊ ငွေနှင်းဖြူနေ (ဦးပါဟိန်-ဒေါ်ရင်စိန်)တို့၏သား၊ (ဦးစံငြိမ်း-ဒေါ်ပုလဲစိန်)တို့၏ သားသမက်၊ ဒေါ်ခင်သက်နိုင်၏ ခင်ပွန်း၊ ဦးမင်းသိန်း၊ ဒေါက်တာစိုးလွင်-ဒေါ်အိအိသူ၊ ဒေါက်တာဇော်ထက်-ဒေါ်သက်သက်ခိုင်၊ ဦးဝင်းသန့်သိန်း-ဒေါ်ကေသွယ်ထူးတို့၏ဖခင်၊ မြေး ငါးယောက်တို့၏အဘိုးသည် ၆-၄-၂၀၁၉ (စနေနေ့) ည ၆း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၄-၂၀၁၉ (တနင်္လာနေ့) နံနက် ၉ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၇း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးစံရွှေ (ခ) ဦးဖိုးတော်

### အသက်(၆၃)နှစ်

ရန်ကုန်မြို့ လမ်းမတော်မြို့နယ်၊ (၁၂)လမ်း၊ အမှတ်(၄၃)၊ ပထမထပ်၊ ဘီနေ (ဦးတင်အောင်-ဒေါ်ခင်ထွေး)တို့၏ သား၊ ဦးခင်အောင်-(ဒေါ်ခင်ပြုံး)တို့၏ သားသမက်၊ ဦးသန်းစိုး-ဒေါက်တာမြင့်မြင့်သိန်းတို့၏ မောင်၊ ဒေါ်သဥ္ဇာမော်၏ အစ်ကို၊ ဒေါ်သန်းသန်းဦး၏ ချစ်လှစွာသောခင်ပွန်း၊ ကိုဝင်းကိုကိုဦး (Zim Shipping Co., Ltd.)-မဇာဇာမြင့် (Sinma Furnishing Co.,Ltd.)၊ ကိုဇေယျာဘုန်း(မြန်မာ့ရေနံဆောင်ဘဏ်)တို့၏ ကျေးဇူးရှင်မွေးသဖခင်၊ မောင်သော်စွမ်းသစ်၏ ချစ်လှစွာသော ဘိုးဘိုးကြီးသည် ၇-၄-၂၀၁၉ (တနင်္ဂနွေနေ့) မွန်းလွဲ ၂း၃၀ နာရီတွင် ဗဟိုစည်အထူးကုဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၉-၄-၂၀၁၉ (အင်္ဂါနေ့) ညနေ ၄ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၃-၄-၂၀၁၉ (စနေနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ခရစ်တော်၌ အိပ်ပျော်ခြင်း

## မေရီနော်စိန်ကြူ (၆၁) နှစ်

ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ်၊ အမှတ်(၁၃၅)၊ အထက်ကြည့်မြင်တိုင်လမ်း၊ အမှတ်(၁) စိန်မိုက်ကယ်ကျောင်းဝင်းနေ ဦးအောင်သန်းထွန်း(မြင့်မြတ်ဟိန်း အအေးခန်းကုမ္ပဏီ၊ ထွန်းနေလင်းအအေးခန်းကုမ္ပဏီ)၏ ချစ်လှစွာသောဇနီး၊ မပေါ်လင်းခိုင်ဇာဝင့်ဖြူ(တတိယနှစ်၊ အင်္ဂလိပ်စာ UDE)၏ ချစ်လှစွာသောမိခင်သည် ၇-၄-၂၀၁၉ ရက် မွန်းလွဲ ၁၂း၅၀ နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၉-၄-၂၀၁၉ (အင်္ဂါနေ့) နံနက် ၈ နာရီတွင် ရှင်မိက္ခေလဘုရားကျောင်း၊ ၁၃၅၊ အထက်ကြည့်မြင်တိုင်လမ်း၌ ဝတ်ပြုကိုးကွယ်ပြီး ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား သိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘဝနတ်ထံပျံလွန်တော်မူခြင်း

မငေး အလယ်ရွာ သံဃပဝါရဏာဂိုဏ်းချုပ်

## ဘဒ္ဒန္တသုန္ဒရ

## သိက္ခာတော်(၆၉)ဝါ၊ သက်တော်(၈၉)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမြို့နယ်၊ မငေးအလယ်ရွာ၊ သာသနဝေပုလ္လကျောင်းထိုင် ပဓာနနာယကဆရာတော်ကြီး ဘဒ္ဒန္တသုန္ဒရသည် (၁၃၈၀ ပြည့်နှစ်၊ နှောင်းတန်ခူးလဆန်း ၁ ရက်)၊ ၅-၄-၂၀၁၉ (သောကြာနေ့) ညနေ ၅း၂၅ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် (၁၃၈၁ ခုနှစ်၊ ဦးတန်ခူးလပြည့်ကျော် ၉ ရက်)၊ ၂၈-၄-၂၀၁၉ (တနင်္ဂနွေနေ့)တွင် အန္တိမအဂ္ဂိစျာပနပူဇာသဘင် ကျင်းပမည်ဖြစ်ပါကြောင်း သိစေအပ်ပါသည်။

တပည့်ဒါယကာ/ဒါယိကာမများ

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး

## ဦးမောင်မောင် (သ/မဌာန-ငြိမ်း)

ပုဏ္ဏားကျွန်းမြို့နယ်၊ လုပ်ငန်းစစ်ဆေးရေးအဖွဲ့ဝင် (ငြိမ်း)

မြောက်ဦး၊ ကျောက်တော်၊ ပုဏ္ဏားကျွန်း

### အသက် (၈၀)

ရန်ကုန်မြို့ ကမာရွတ်မြို့နယ်၊ (၁)ရပ်ကွက်၊ တိုက်(၃)၊ အခန်း(၅၀၄)၊ အောင်မြေသာစည်အိမ်ရာ(အနောက်)နေ ဒေါ်လှသာဝင်း၏ချစ်လှစွာသော ခင်ပွန်း၊ (ဦးအောင်ထွန်းခိုင်-ဒေါ်စံမြ)တို့၏သား၊ ဦးဦးမြကျော် (ကျောင်းအုပ်ကြီး၊ ထ-၆၊ အင်းစိန်)-ဒေါ်မခင်သိန်း၊ ဒေါ်အေးမြခိုင်(လယ်ပြ၊ လ-၁၊ လှိုင်)-ဦးလှဖြူသာ (လယ်ပြ၊ ထ-၈၊ လှိုင်သာယာ)၊ ဦးရွှေမြသိန်း(စိုက်ပျိုးရေးဌာန၊ မြောက်ဦး)-ဒေါ်ခင်မိုးရီ၊ ဦးရွှေမြအောင်(ဂျာမန်ဆေးလမ်းညွှန်)၊ (ဒုအရာခံဗိုလ်မြဝင်း)၊ ဒေါ်မြမြသန်း (လယ်ပြ၊ မူလွန်-၁၃၊ ကြည့်မြင်တိုင်)-ဦးစံမြင့်(ဆသရ-၃၊ ကြည့်မြင်တိုင်)၊ ဦးမောင်မြအေး (ဂျာမန်ဆေးလမ်းညွှန်)-ဒေါ်ခင်မျိုးဆွေ(ကထိက၊ သင်္ချာဌာန၊ ရန်ကုန်တက္ကသိုလ်)၊ ဦးကျော်မြတ်ထွန်း(ရွှေပန်းထိမ်)-ဒေါ်သီတာဦး၊ မမြမြသိန်း(ဂျာမန်ဆေးလမ်းညွှန်)တို့၏ချစ်လှစွာသောကျေးဇူးရှင်ဖခင်၊ မြေး ၁၃ ယောက်၊ မြစ်တစ်ယောက်တို့၏ ချစ်လှစွာသော အဘိုးရှင်/အဖိုးရှင်သည် ၇-၄-၂၀၁၉ (တနင်္ဂနွေနေ့) နံနက် ၅း၂၅ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၉-၄-၂၀၁၉ (အင်္ဂါနေ့) ညနေ ၃ နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအပ်ပါသည်။ (အထက်ပါနေအိမ်မှကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးချိုအောင် (၇၈)နှစ်

အင်ဂျင်နီယာမှူး (မြို့ပြ)-ငြိမ်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန

ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ်၊ သုဝဏ္ဏ၊ (၂၉)ရပ်ကွက်၊ စိန်ပန်းပြာလမ်း၊ ခြံအမှတ်(၉၉)နေ (ဦးသန်းဖေ-ဒေါ်အုန်း)တို့၏သားလတ်၊ (ဦးဂျာမာန်-ဒေါ်ရှုလွမ်)တို့၏ သားသမက်၊ ဒေါ်ခင်မာရီ၏ချစ်လှစွာသောခင်ပွန်း၊ (ဦးကိုကိုကြီး-ဒေါ်ကြည်ကြည်အေး)၊ (ဒေါ်ကြူကြူအေး)တို့၏မောင်၊ ဦးရဲလွင်-ဒေါ်သန်းသန်းဌေးတို့၏ညီ၊ ဦးမြင့်အောင်-ဒေါ်ဖြူဖြူတို့၏အစ်ကို၊ ဦးနေလင်းအောင်-ဒေါ်သူဇာမြင့်၊ ဦးဇော်ရဲနောင်-ဒေါ်ခိုင်ဝါအောင်တို့၏ဖခင်၊ မောင်ဇနက္ကရဲနောင်၏ ချစ်လှစွာသောအဘိုးသည် ၄-၄-၂၀၁၉ ရက် ဒေသစံတော်ချိန် နံနက် ၃း၅၀ နာရီတွင် ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့ တော်ဝင်ဘုရင့်သမီးတော်ဆေးရုံ Chulabhorn Hospital ၌ ကွယ်လွန်သွားပါသဖြင့် ၅-၄-၂၀၁၉ ရက် နံနက် ၈း၃၀ နာရီတွင် ဘန်ကောက်မြို့ရှိ Wat Lak Si ၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၀-၄-၂၀၁၉ (ဗုဒ္ဓဟူးနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးစိန်ဌေး (ခ) လီစိန်ထိုင်

### အသက် (၇၇) နှစ်

ရန်ကုန်မြို့ စမ်းချောင်းမြို့နယ်၊ ဗဟိုလမ်း၊ ခြံအမှတ်(၁၄/က)နေ (ဦးကျော်သန်း-ဒေါ်စောခင်)တို့၏ သားကြီး၊ သုံးခွမြို့နေ [ဦးဟိုးကြီး(ခ) ဦးမောင်ခိုင် -ဒေါ်ညွှန့်တင်]တို့၏ သားသမက်၊ ဦးစိန်ကြည်-ဒေါ်ခင်သန်းရီ၊ ဒေါ်ခင်သန်းလွင်-ဦးမောင်ကောင်း၊ ဒေါ်ခင်သန်းဌေး-ဦးဇင်ဝင်း၊ ဒေါ်ခင်သန်းအေး-ဦးစိုးလွင်၊ ဒေါ်ခင်သန်းဝင်း-(Dr.ဇော်အောင်လွင်)၊ ဦးစိန်ပိုး-ဒေါ်စန်းစန်းဌေး၊ ဒေါ်ခင်သန်းထွေး-ဦးသိန်းဆန်း၊ Dr.စိန်ချိန်-Dr.ခင်ဥမ္မာ၊ ဒေါ်ခင်သန်းဆွေ-Dr.ငြိမ်းဝင်း၊ ဦးစိန်ဝင်း-ဒေါ်ခင်သီတာထွန်းတို့၏ချစ်လှစွာသော အစ်ကိုကြီး၊ တူ/တူမ ၁၈ ယောက်တို့၏ ဘကြီး၊ ဒေါ်အေးမြင့်၏ ချစ်လှစွာသောခင်ပွန်း ဦးစိန်ဌေး(ခ)လီစိန်ထိုင်သည် ၅-၄-၂၀၁၉ (သောကြာနေ့) နံနက် ၉း၀၇ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇-၄-၂၀၁၉ (တနင်္ဂနွေနေ့) နံနက် ၁၁ နာရီတွင် ရေဝေးတရုတ်သုသာန်၌ ဂူသွင်းသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

## ဦးကြင်သိန်း

### အသက်(၇၄)နှစ်

G.E (ငြိမ်း)

ရန်ကုန်မြို့ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ (၃၂)ရပ်ကွက်၊ အေးမြသာယာလမ်း၊ ခြံအမှတ်(၁၇)နေ (ဦးလှမောင်-ဒေါ်မမ)တို့၏ သား၊ ဦးပေါ်သစ်-ဒေါ်ခင်အေး၊ ဦးမြညိမ်း-ဒေါ်ခင်စိန်တို့၏ သားသမက်၊ ဒေါ်တင်တင်နွဲ့၏ ချစ်လှစွာသော ခင်ပွန်း၊ ကိုမျိုးမြင့်ဦး၊ ကိုညီညီတင့်ဆွေ-မအေးအေးသန့်၊ ကိုဝေဖြိုးလင်း၊ ကိုရာဇာလင်းသိန်းတို့၏ ဖခင်၊ မမေသုခ (အထက-၂၊ ရန်ကင်း)၊ မောင်သက်တန့်ညီညီ (အထက-၂၊ ရန်ကင်း)တို့၏အဘိုး ဦးကြင်သိန်းသည် ၇-၄-၂၀၁၉ (တနင်္ဂနွေနေ့) ညနေ ၃း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉-၄-၂၀၁၉ (အင်္ဂါနေ့)တွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ သင်္ဂြိုဟ်မည့်အချိန်ကိုထပ်မံ ကြေညာပါမည်။

ကျန်ရစ်သူမိသားစု

## ဗိုလ်ကြီး ချစ်ကိုကို (ကြည်း-၄၇၂၀၆)

### အသက်(၃၁)နှစ်

ရန်ကုန်မြို့ သာကေတမြို့နယ်၊ အမှတ်(၁၂၁၂)၊ အောင်သုခ (၂၄)လမ်း၊ ၆/အရှေ့ရပ်ကွက်နေ ဦးသန့်ဇင်-ဒေါ်ကျင်မိတို့၏ သားကြီး၊ ဦးတင်အေး-ဒေါ်ညိုတို့၏ သားသမက်၊ မရွှေဇင်မေ(ခ)ဖူးဖူး၏အစ်ကို၊ ဒေါ်ငယ်ငယ်ထွေး၏ခင်ပွန်း၊ မလင်းလက်ကိုကို၏ မွေးသဖခင်သည် ၅-၄-၂၀၁၉ (သောကြာနေ့) ည ၈ နာရီတွင် နိုင်ငံတော်ကာကွယ်ရေးတာဝန်ထမ်းဆောင်ရင်း ကွယ်လွန်သွားပါကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုးများအား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၁-၄-၂၀၁၉ (ကြာသပတေးနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

# တိရစ္ဆာန်ဥယျာဉ်(ရတနာပုံ) နှစ် ၃၀ ပြည့် အထိမ်းအမှတ်ပွဲတော်များ ကျင်းပ



မန္တလေး ဧပြီ ၇

**တိရစ္ဆာန်ဥယျာဉ်(ရတနာပုံ) နှစ် ၃၀ ပြည့် အထိမ်းအမှတ်အဖြစ် ဖျော်ဖြေရေးအစီအစဉ်များနှင့် ဈေးရောင်းပွဲတော်ကို အဆိုပါတိရစ္ဆာန်ဥယျာဉ်အတွင်း ဧပြီ ၆ ရက်မှ ၈ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း တိရစ္ဆာန်ဥယျာဉ်(ရတနာပုံ) အုပ်ချုပ်ရေးမှူးအဖွဲ့မှ သိရသည်။**

စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ❋

## နှစ်သစ်ကူးရုံးပိတ်ရက်များတွင် သတင်းစာများ အလှည့်ကျထုတ်ဝေမည်

**နေပြည်တော် ဧပြီ ၇**

မြန်မာ့နှစ်သစ်ကူးရုံးပိတ်ရက်များအတွင်း ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ နေ့စဉ်ထုတ်သတင်းစာများကို အလှည့်ကျထုတ်ဝေမည်ဖြစ်ပါသည်။

ဧပြီ ၁၃၊ ၁၄၊ ၁၅ ရက်တို့တွင် ကြေးမုံသတင်းစာနှင့် The Global New Light of Myanmar သတင်းစာတို့ ထုတ်ဝေမည်ဖြစ်ပြီး မြန်မာ့အလင်းသတင်းစာကို ခေတ္တရပ်နားသွားမည်ဖြစ်ပါသည်။

ဧပြီ ၁၆၊ ၁၇ ရက်တို့တွင် မြန်မာ့အလင်းသတင်းစာကို ထုတ်ဝေမည်ဖြစ်ပြီး ကြေးမုံသတင်းစာနှင့် The Global New Light of Myanmar သတင်းစာတို့ကို ခေတ္တရပ်နားသွားမည်ဖြစ်ပါသည်။

**ပုံမှန်ပြန်လည်ထုတ်ဝေသွားမည်**

ထို့အတူ ကိုယ်ပွားသတင်းစာတိုက်(မန္တလေး)မှ (စနေနေ့)တိုင်း ထုတ်ဝေလျက်ရှိသည့် မန္တလေးစာမျက်နှာကို ဧပြီလ ၁၃ ရက်နေ့တွင် လည်းကောင်း၊ ကိုယ်ပွားသတင်းစာတိုက်(မြစ်ကြီးနား)မှ (စနေနေ့) တိုင်း ကချင်ဘာသာဖြင့် ထုတ်ဝေသည့် တိုင်းရင်းသားကဏ္ဍအချပ်ပိုကို ဧပြီလ ၁၃ ရက်နေ့တွင် လည်းကောင်း၊ ကိုယ်ပွားသတင်းစာတိုက် (မော်လမြိုင်)မှ (တနင်္ဂနွေနေ့)တိုင်း မွန်ဘာသာဖြင့် ထုတ်ဝေသည့် တိုင်းရင်းသားကဏ္ဍအချပ်ပိုကို ဧပြီလ ၁၄ ရက်နေ့တွင် လည်းကောင်း၊ ကိုယ်ပွားသတင်းစာတိုက်(စစ်တွေ)မှ (ဗုဒ္ဓဟူးနေ့)တိုင်း ထုတ်ဝေသည့် ရှိုပြည်ရခိုင်ပုံရိပ် အချပ်ပိုစာမျက်နှာကို ဧပြီလ ၁၇ ရက်နေ့တွင် လည်းကောင်း ရပ်နားမည်ဖြစ်ပြီး သင်္ကြန်ရုံးပိတ်ရက်ကာလကျော်လွန်ပါက ပုံမှန်ပြန်လည်ထုတ်ဝေသွားမည်ဖြစ်ပါသည်။

သတင်းစာကြော်ငြာများကိုမူ သတင်းစာတိုက်များ၏ အလှည့်ကျပိတ်ရက်ကာလများတွင် ပိတ်ရက်မရှိ လက်ခံသွားမည်ဖြစ်ပြီး ဧပြီလ ၁၈ ရက်နေ့မှစ၍ သတင်းစာများအားလုံး ပုံမှန်အတိုင်း ဆက်လက်ထုတ်ဝေသွားမည်ဖြစ်ပါသည်။

**သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း**

## ရန်ကုန်-မန္တလေး အမြန်လမ်း အသုံးပြုယာဉ်များကြံ့ခိုင်မှုကို ယနေ့ စတင်စစ်ဆေးမည်

စာမျက်နှာ - ၈၊ ၉

နိုင်ငံတော်အစိုးရ၏
ပြည်သူ့အတွက် တတိယ (၁) နှစ်တာ

## ပြည်သူ့အတွက် တတိယ(၁)နှစ်တာ အချပ်ပို ပါရှိ

ယနေ့ထုတ် ကြေးမုံသတင်းစာတွင် အမျိုးသားလွှတ်တော်၏ တတိယ(၁)နှစ်တာကာလအတွင်း ဆောင်ရွက်ချက်များကို အချပ်ပို (၄)မျက်နှာဖြင့် ဖော်ပြထားပါသည်။

## အိုလံပစ်အမျိုးသမီးခြေစစ်ပွဲ နောက်တစ်ဆင့်တက်ရန် မြန်မာနှင့် အိန္ဒိယ အပြိုင်ဖြစ်နေ

**မန္တလေး ဧပြီ ၇**

မန္တလေးမြို့၌ ကျင်းပလျက်ရှိသည့် ၂၀၂၀ တိုကျိုအိုလံပစ်အမျိုးသမီးဘောလုံး ဒုတိယအဆင့်ခြေစစ်ပွဲ အုပ်စု(က)တွင် နောက်တစ်ဆင့်တက်ရောက်ရန် မြန်မာနှင့် အိန္ဒိယအသင်းတို့ အပြိုင်ဖြစ်နေသည်။

ဧပြီ ၆ ရက်က ကျင်းပသည့် အုပ်စု(က) ဒုတိယနေ့တွင် မြန်မာအသင်းက အင်ဒိုနီးရှားအသင်းကို ခြောက်ဂိုးပြတ်၊ အိန္ဒိယအသင်းက နီပေါအသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ မြန်မာ့လက်ရွေးစင်အမျိုးသမီးအသင်းသည် တိုက်စစ်မှူး ရီရီဦး၏ ဟက်ထရစ်အပါအဝင် အင်ဒိုနီးရှားကို ဂိုးဒါဇင်ဝက်ဖြင့်

စာမျက်နှာ ၁၃ ကော်လံ ၁ သို့ ❍



မြန်မာနှင့် အင်ဒိုနီးရှားအသင်း ယှဉ်ပြိုင်နေစဉ်။




Yangon (01) 522 723, 09 42 100 2051, 09 2500 100 10 Service Center 01 522 724 Yangon (S/Oakalarpa) 09 44 144 4491~92~93 Yangon (N/Oakalarpa) 09-780807799, 09-443360044 Mandalay 09 2531 51970, 09 4539 55560
Mawlamying 057 24480, 09 970 164 721 Naypyidaw 067 26416, 09 797939 277 Monywa 09 7921 30 200, 09 2131 200 Magway 09 77777 1616, 09 77777 6161 Taunggyi 09 521 2514
All information and illustrations are based on data avilable at the time of publication and subject to change without notice. www.facebook.com/hyundaimm Hot line - 09 73 500 445

ကြေးမုံ
အထူးကဏ္ဍ
ဧပြီ ၈၊ ၂၀၁၉ (တနင်္လာနေ့)
နိုင်ငံတော်အစိုးရ၏
# ပြည်သူ့အတွက် တတိယ (၁) နှစ်တာ


အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း

# အမျိုးသားလွှတ်တော်၏ တတိယ(၁)နှစ်တာ

**သတင်းဆောင်းပါး- ဟန်နီဝင်း၊ ဓာတ်ပုံ- ထိန်နန်နော်**

**အာဏာသုံးရပ်၏ မူလပိုင်ရှင်ဖြစ်သော ပြည်သူကိုဦးထိပ်ထား၍ ခေတ်စနစ်နှင့်ကိုက်ညီသော ဥပဒေများပြဋ္ဌာန်းရေး၊ ဥပဒေပြုရေးတာဝန်ကို ထမ်းဆောင်ရာတွင် လူမျိုးစွဲ၊ ဒေသစွဲ၊ ဝါဒစွဲမထားဘဲ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဆောင်ရွက်ရေးဟူသည့်မူဝါဒဖြင့် လျှောက်လှမ်းခဲ့သည့် အမျိုးသားလွှတ်တော်၏ သက်တမ်းသည် ယခု တတိယ(၁)နှစ်တာကာလကို ကျော်လွန်ခဲ့ပေပြီ။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေးကို ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလ ၃ ရက်တွင် စတင်ကာ ဒုတိယအကြိမ် အမျိုးသားလွှတ်တော်(၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေးကို ၂၀၁၉ ခုနှစ် ဇန်နဝါရီလ ၂၁ ရက်မှ မတ်လ ၁၅ ရက်အထိ ကျင်းပခဲ့ပြီးဖြစ်သည့်အတွက် ယခု အမျိုးသားလွှတ်တော်၏ သက်တမ်းသည် ၃ နှစ်ပြည့်မြောက်ပြီဟု ဆိုနိုင်ပါသည်။**

သုံးနှစ်တာကာလ ဖြတ်ကျော်လာချိန်တွင် ပြည်သူ့အသံ၊ ပြည်သူ့ဆန္ဒနှင့် ပြည်သူတို့၏ မျှော်လင့်ချက်များကို အဆိုများ၊ မေးခွန်းများအဖြစ် အုပ်ချုပ်ရေးမဏ္ဍိုင်နှင့် တရားစီရင်ရေးမဏ္ဍိုင်တို့ကို ထိန်းညှိဆောင်ရွက်ရင်း ဥပဒေပြုခြင်း၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးမဏ္ဍိုင်တို့ကို အပြန်အလှန်ထိန်းကျောင်းခြင်းနှင့် ပြည်သူကို ကိုယ်စားပြုခြင်း၊ ခေတ်နှင့် မလျော်ညီသည့် ဥပဒေများကို ပယ်ဖျက်ခြင်း၊ ပြင်ဆင်ရေးဆွဲခြင်းနှင့် အသစ်ပြဋ္ဌာန်းခြင်းတို့ကို အမျိုးသားလွှတ်တော်အနေဖြင့် ဆောင်ရွက်ခဲ့သည်။

**ဖွဲ့စည်းဆောင်ရွက်**

ထို့ပြင် နိုင်ငံတော်၏ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တိုင်းရင်းသားလူမျိုးများအရေး၊ စီးပွားရေး၊ ဘဏ္ဍာရေး၊ နိုင်ငံခြားရေးတို့အပြင် အခြားရေးရာများကို လေ့လာနိုင်ရန် ကော်မတီနှင့် ကော်မရှင်များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိသည်။

“အမျိုးသားလွှတ်တော်မှာ ဖွဲ့စည်းထားရှိပြီးဖြစ်တဲ့ အမြဲတမ်းကော်မတီ (၄)ခု၊ ရေးရာကော်မတီ (၁၃)ခုတို့နဲ့ သက်ဆိုင်ရာမဲဆန္ဒနယ်မြေအသီးသီးမှ ရွေးကောက်ခံလွှတ်တော်ကိုယ်စားလှယ်တွေအနေနဲ့ ပြည်သူတွေဖြစ်စေချင်တဲ့ဆန္ဒ၊ လိုလားချက်တွေနဲ့ မျှော်လင့်ချက်တွေကို တတ်စွမ်းနိုင်သမျှ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။ ပြည်သူတွေရဲ့ တိုင်ကြားမှုတွေနဲ့ ပတ်သက်ပြီး သက်ဆိုင်ရာကော်မတီတွေက လိုအပ်ရင် လိုအပ်သလို ကွင်းဆင်းစစ်ဆေးပြီး တွေ့ရှိချက်တွေကို ဆောင်ရွက်ပေးနိုင်ဖို့ သက်ဆိုင်ရာဝန်ကြီးဌာနတွေနဲ့ အစိုးရအဖွဲ့အစည်းတွေထံပေးပို့ကာ ပြည်သူတွေနဲ့အတူရှိပြီး ပြည်သူ့အကျိုးအတွက် ကြိုးစားဆောင်ရွက်ပေးလျက်ရှိပါတယ်။

“လွှတ်တော်တွေအနေနဲ့ ပြည်သူလူထုအကျိုးအတွက် ဥပဒေပြုကဏ္ဍကနေ ဥပဒေတွေကို ခေတ်စနစ်နဲ့အညီ ပြင်ဆင်၊ ဖြည့်စွက်၊ ရုပ်သိမ်းပြဋ္ဌာန်းပေးခြင်းတွေ ဆောင်ရွက်ပေးခဲ့ပြီး ပြည်သူတွေကို ဥပဒေရဲ့ အကာအကွယ်နဲ့ အေးချမ်းလုံခြုံစွာနေနိုင်ဖို့၊ ဥပဒေရဲ့ အကာအကွယ်ကို တန်းတူရရှိစေနိုင်ဖို့နဲ့ ဥပဒေတွေကို ကျယ်ပြန့်စွာသိရှိလိုက်နာဆောင်ရွက်နိုင်စေဖို့ ကြိုးစားဆောင်ရွက်သွားကြရမှာပဲ ဖြစ်ပါတယ်။ နိုင်ငံတော်အချုပ်အခြာအာဏာရဲ့ ခက်မသုံးဖြာဖြစ်တဲ့ ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာနဲ့ တရားစီရင်ရေးအာဏာတို့ကို တတ်နိုင်သမျှ ပိုင်းခြားသုံးစွဲခြင်းနဲ့ အချင်းချင်း အပြန်အလှန် ထိန်းကျောင်းခြင်းနဲ့ ပြည်သူ့အကျိုးကို ရည်ရွယ်ကြိုးပမ်း ဆောင်ရွက်လျက်ရှိပါတယ်”ဟု အမျိုးသားလွှတ်တော် ဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက ပြောကြားသည်။

**နိုင်ငံတော် အချုပ်အခြာအာဏာရဲ့ခက်မသုံးဖြာဖြစ်တဲ့ ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာနဲ့ တရားစီရင်ရေးအာဏာတို့ကို တတ်နိုင်သမျှ ပိုင်းခြားသုံးစွဲခြင်းနဲ့ အချင်းချင်း အပြန်အလှန် ထိန်းကျောင်းခြင်းနဲ့ ပြည်သူ့အကျိုးကို ရည်ရွယ်ကြိုးပမ်း ဆောင်ရွက်လျက်ရှိ...**

လွှတ်တော်အစည်းအဝေးများအတွင်း နိုင်ငံတော်သမ္မတပြောကြားသည့် မိန့်ခွန်းကို မှတ်တမ်းတင်ခြင်း၊ နိုင်ငံတော်သမ္မတက ပေးပို့သော သဝဏ်လွှာနှင့် ဥက္ကဋ္ဌက ခွင့်ပြုသော အခြားသဝဏ်လွှာများကို ဖတ်ကြားခြင်း၊ မှတ်တမ်းတင်ခြင်း၊ ဥပဒေကြမ်းတင်သွင်းခြင်း၊ ဆွေးနွေးခြင်း၊ ဆုံးဖြတ်ခြင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များအရ အမျိုးသားလွှတ်တော်က ဆောင်ရွက်ရမည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးခြင်း၊ ဆုံးဖြတ်ခြင်း၊ အမျိုးသားလွှတ်တော်သို့ တင်သွင်းသည့် အစီရင်ခံစာများကို ဆွေးနွေးခြင်း၊ ဆုံးဖြတ်ခြင်း၊ မှတ်တမ်းတင်ခြင်း၊ အဆိုတင်သွင်းခြင်း၊ ဆွေးနွေးခြင်း၊ ဆုံးဖြတ်ခြင်း၊ မေးခွန်းမေးမြန်းခြင်း၊ ဖြေကြားခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ဆောင်ရွက်ရာတွင် တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေး ရရှိအောင် ဆောင်ရွက်ရန်၊ လွတ်လပ်ခြင်း၊ ညီမျှခြင်းနှင့် တရားမျှတခြင်းတို့ ဖော်ဆောင်ရန်၊ အမျိုးသား

အထူးကဏ္ဍ [ ခ ] သို့ »»»



၂၀၁၈ ခုနှစ် အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့အခမ်းအနား ကျင်းပစဉ်။

»»» အထူးကဏ္ဍ [ က ] မှ

လွှတ်တော်အစည်းအဝေးများကို အောင်မြင်စွာ ဆောင်ရွက်ရန်၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် အမျိုးသားလွှတ်တော် ရုံးဝန်ထမ်းများ၏ အရည်အသွေးမြင့်မားရေးအတွက် ဆောင်ရွက်ရန်၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းအချင်းချင်း ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ရန်ဟူ၍ အမျိုးသားလွှတ်တော်မှ ရည်မှန်းချက်ထား ဆောင်ရွက်လျက်ရှိသည်။

"ပြည်သူကိုယ်စားပြု လွှတ်တော်တွေဟာ ပြည်သူ့အုပ်ချုပ်ရေးဖြစ်တဲ့ ဒီမိုကရေစီကို ဖော်ဆောင်လျှောက်လှမ်းရာ ပြည်သူပြည်သားတွေရဲ့ဆန္ဒတွေ၊ လိုအပ်ချက်တွေကို အစဉ်နားစွင့်ပြီး သိနိုင်အောင် အမြဲကြိုးစားဆောင်ရွက်ကာ (၃)နှစ်တာကာလအတွင်း အမျိုးသားလွှတ်တော်တွင် လွှတ်တော်ကိုယ်စားလှယ်တွေက ဒေသအကျိုး၊ နိုင်ငံတော်နဲ့ ပြည်သူ့အကျိုးစီးပွားကို မြင့်မြင့်မားမား ဖော်ဆောင်နိုင်ရေးအတွက် အဆို (၁၉)ခု တင်သွင်းခဲ့ရာ အဆို(၁၁)ခု အတည်ပြုနိုင်ခဲ့ပြီး အဆို(၄)ခု မှတ်တမ်းတင်နိုင်ခဲ့ပါတယ်။


"ကြယ်ပွင့်ပြမေးခွန်း ၁၀၉၄ ခုနဲ့ ကြယ်ပွင့်မပြမေးခွန်း ၁၂၃၈ ခုကို မေးမြန်းခဲ့ရာ သက်ဆိုင်ရာဝန်ကြီးဌာနတွေက ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်တွေက လွှတ်တော်မှာ နှုတ်နဲ့ဖြေကြားခြင်း၊ စာဖြင့်ပေးပို့ပေးခြင်းတွေကို ဆောင်ရွက်နိုင်ခဲ့ပါတယ်။

"ဥပဒေပြုရေးမဏ္ဍိုင်က လွှတ်တော်ကိုယ်စားလှယ်တွေဟာ ကျရာအခန်းကဏ္ဍကနေ နိုင်ငံတော်ငြိမ်းချမ်းသာယာ ဖွံ့ဖြိုးတိုးတက်ရေးနဲ့ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီး ပေါ်ထွန်းရေးအတွက် ပြည်ထောင်စုစိတ်ဓာတ် အရင်းခံကာ ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ ကြိုးစားဆောင်ရွက်လျက်ရှိပါကြောင်းနဲ့ ပြည်သူလူထုက ပြည်သူတစ်ရပ်လုံးရဲ့ စုပေါင်းအင်အားနဲ့ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြပါလို့ မေတ္တာရပ်ခံပန်ကြားလိုပါတယ်"ဟု အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြောကြားသည်။

လွှတ်တော် အစည်းအဝေးများတွင် လွှတ်တော်ကိုယ်စားလှယ်များက ကြယ်ပွင့်ပြမေးခွန်း ၁၀၉၄ ခု၊ ကြယ်ပွင့်မပြမေးခွန်း ၁၂၃၈ ခု စုစုပေါင်း ၂၃၃၂ ခု မေးမြန်းခဲ့သည်။ ထို့ပြင် လွှတ်တော်ကိုယ်စားလှယ် ၁၈ ဦးက အဆို ၁၉ ခုတင်သွင်းခဲ့ရာ အဆို ၁၁ ခု အတည်ပြုနိုင်ခဲ့ပြီး အဆို(၄)ခုကို မှတ်တမ်းတင်နိုင်ခဲ့သည်။ အဆို(၁)ခုမှာ ဆောင်ရွက်ဆဲဖြစ်ပြီး အဆို ၃ ခုမှာ အတည်မပြုသေးကြောင်း အမျိုးသားလွှတ်တော်မှ သိရသည်။

ကြယ်ပွင့်ပြမေးခွန်းများအနက် မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးအောင်ကြည်ညွန့် မေးမြန်းသည့် နိုင်ငံတော်အတွင်း အစားအသောက်ဆိုင်ရာ ဘေးကင်းလုံခြုံမှုကို အလွန်အမင်းထိခိုက်စေလျက်ရှိသည့် FDA က ပိတ်ပင်ထားသော အစားအသောက်များ ဈေးကွက်တွင် တွင်ကျယ်စွာ ဆက်လက်ရောင်းချနေခြင်း၊ FDA က ခွင့်ပြုချက်မပါသော နိုင်ငံခြားဘာသာသက်သက်ဖြင့်သာ ရေးသားထားသော အစားအသောက်များ ဥပဒေအရ သတ်မှတ်ထားသည့် အညွှန်းအချက်အလက် မပါသည့် အစားအသောက်များနှင့် ဓာတုဗေဒဆိုးဆေးများ အလွန်အကျွံသုံးထားသော အစားအသောက်များ ရောင်းချနေခြင်းကို မည်ကဲ့သို့ထိန်းချုပ်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်းနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး၏ ဖြေကြားချက်တို့သည် နိုင်ငံသားများအတွက် အကျိုးဖြစ်ထွန်းရေး မေးခွန်းဖြစ်သဖြင့် နိုင်ငံတော်ပြန်တမ်းနှင့် နိုင်ငံတော်ပိုင်သတင်းစာများတွင် ထည့်သွင်းဖော်ပြပေးခဲ့ကြောင်း သိရသည်။

ထို့အတူ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ ဦးဖေတင် မေးမြန်းသည့် မြန်မာ့မီးရထားကဏ္ဍ အောင်မြင်ဦးမော့လာနိုင်စေရေးအတွက် လက်ရှိရင်ဆိုင်နေရသော အရှုံးများနှင့် ကျဆင်းနေရမှုတို့ကို ရပ်တန့်ကျော်လွှားပြီး ရှေးယခင် အစဉ်အလာကောင်းများ ရရှိခဲ့သည့် မြန်မာ့မီးရထားကို ပြည်သူများနှစ်ခြိုက်ချမ်းမြေ့စွာ ပြန်လည်အားပေးလာကြရေးအတွက် အစီအစဉ်ကောင်းများ ပြုလုပ်ဆောင်ရွက်ပေးရန် စီမံကိန်းများ ရှိ၊ မရှိ သိရှိလိုခြင်းနှင့်စပ်လျဉ်းသည့် မေးခွန်းနှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ



အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းနှင့် တရုတ်နိုင်ငံ ဒုတိယသမ္မတ H.E.Mr. Wang Qishan တို့ တွေ့ဆုံစဉ်။

ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်၏ ဖြေကြားချက်ကို နိုင်ငံတော်ပြန်တမ်းနှင့် နိုင်ငံတော်ပိုင်သတင်းစာများတွင် ထည့်သွင်းဖော်ပြပေးခဲ့သည်။

သုံးနှစ်တာ ဖြတ်ကျော်ခဲ့သည့် ကာလအတွင်း အမျိုးသားလွှတ်တော်ဥက္ကဋ္ဌသည် နိုင်ငံရပ်ခြားမှ မြန်မာနိုင်ငံဆိုင်ရာသံအမတ်ကြီးများ၊ နိုင်ငံတော်အကြီးအကဲများ၊ ပြည်ပအဖွဲ့အစည်းများနှင့် ၁၃၅ ကြိမ် တွေ့ဆုံဆွေးနွေးခဲ့ပြီး ပြည်တွင်းမှ တိုင်းရင်းသားအဖွဲ့အစည်းများ၊ လူမှုအဖွဲ့အစည်းများနှင့် အခါအားလျော်စွာ တွေ့ဆုံဆွေးနွေးမှုများကို ဆောင်ရွက်ခဲ့သည်။


လွှတ်တော်အစည်းအဝေးများ ရပ်နားထားသည့် အချိန်ကာလများတွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌသည် တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ သွားရောက်၍ လွှတ်တော်ဆိုင်ရာလုပ်ငန်းများ၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် မဲဆန္ဒရှင်ပြည်သူများနှင့် တွေ့ဆုံဆွေးနွေးမှု ၂၈ ကြိမ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထို့ပြင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဥပဒေပြုလုပ်ငန်းများနှင့် မဏ္ဍိုင်ကြီး ၃ ရပ်အကြား အပြန်အလှန်ထိန်းကျောင်းသည့် လွှတ်တော်ဆိုင်ရာ လုပ်ငန်းများဆောင်ရွက်နိုင်ရန်အတွက် အမြဲတမ်းကော်မတီ ၄ ခုနှင့် ရေးရာကော်မတီ ၁၃ ခုတို့ကို ဖွဲ့စည်းတာဝန်ပေးအပ်ကာ ပြည်သူတို့၏ လိုလားချက်များနှင့်အညီ ဆောင်ရွက်ပေးလျက်ရှိသည်။

**ဥပဒေကြမ်းကော်မတီ**

ကော်မတီသည် ၃ နှစ်တာကာလအတွင်း အမျိုးသားလွှတ်တော်၌ စတင်တင်သွင်း ဆွေးနွေးဆောင်ရွက်ခဲ့သည့် ဥပဒေကြမ်း ၄၇ ခုတွင် ပြည်သူ့လွှတ်တော်သို့ ပေးပို့ထားသော ဥပဒေကြမ်း ၉ ခု၊ အမျိုးသားလွှတ်တော်တွင် ဆောင်ရွက်ဆဲဥပဒေကြမ်း ၃ ခု၊ ဆိုင်းငံ့ထားသည့် ဥပဒေကြမ်း ၂ ခုနှင့် ပြဋ္ဌာန်းပြီးသော ဥပဒေ ၃၃ ခုတို့ကို ဆောင်ရွက်နိုင်ခဲ့သည်။

အထူးကဏ္ဍ [ ဂ ] သို့ »»»



အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းနှင့် ကိုရီးယားအမျိုးသားလွှတ်တော်ဥက္ကဋ္ဌ H.E.Mr. Chung Sye Kyun တို့ တွေ့ဆုံစဉ်။



အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း ဥရောပပါလီမန် လူ့အခွင့်အရေးဆပ်ကော်မတီဥက္ကဋ္ဌ Mr. Pier Antonio Panzeri အား လက်ခံတွေ့ဆုံစဉ်။

**ဥပဒေပြုရေးမဏ္ဍိုင်က လွှတ်တော်ကိုယ်စားလှယ်တွေဟာ ကျရာအခန်းကဏ္ဍကနေ နိုင်ငံတော်ငြိမ်းချမ်းသာယာ ဖွံ့ဖြိုးတိုးတက်ရေးနဲ့ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီး ပေါ်ထွန်းရေးအတွက် ပြည်ထောင်စုစိတ်ဓာတ်အရင်းခံကာ ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ ကြိုးစားဆောင်ရွက်လျက်ရှိပါကြောင်းနဲ့ ပြည်သူလူထုက ပြည်သူတစ်ရပ်လုံးရဲ့ စုပေါင်းအင်အားနဲ့ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြပါလို့ မေတ္တာရပ်ခံပန်ကြားလို...**

»»» အထူးကဏ္ဍ [ ခ ] မှ

ပြည်သူ့လွှတ်တော်၌ စတင်ဆွေးနွေး ဆောင်ရွက်ပြီး အမျိုးသားလွှတ်တော်သို့ ပေးပို့လာသော ဥပဒေကြမ်း ၄၁ ခုတွင် အမျိုးသားလွှတ်တော်၌ ဆောင်ရွက်ဆဲ ဥပဒေကြမ်း ၂ ခု၊ ပြည်သူ့လွှတ်တော်သို့ ပြန်လည်ပေးပို့ခဲ့သော ဥပဒေကြမ်း ၃ ခုနှင့် ပြဋ္ဌာန်းပြီးသော ဥပဒေ ၃၆ ခုတို့ကို ဆောင်ရွက်ခဲ့သည်။

အမျိုးသားလွှတ်တော်နှင့် ပြည်သူ့လွှတ်တော်တို့မှ ဆောင်ရွက်ခဲ့သော ဥပဒေကြမ်းများအနက် ထုတ်ပြန်ပြီးသည့် ဥပဒေ ၆၉ ခုနှင့် ပြည်ထောင်စုလွှတ်တော် တာဝန်ယူဆောင်ရွက်ခဲ့သောဥပဒေ ၂၀ စုစုပေါင်း ၈၉ ခုကို ပြဋ္ဌာန်းနိုင်ခဲ့သည်။ ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလ ၂ ရက်အထိ ဥပဒေကြမ်း ကော်မတီ အစည်းအဝေး ၂၄၁ ကြိမ် ပြုလုပ်နိုင်ခဲ့သည်။

**ပြည်သူ့ငွေစာရင်းကော်မတီ**

ကော်မတီသည် ကော်မတီအစည်းအဝေး ၃၈ ကြိမ်၊ ပူးပေါင်းကော်မတီအစည်းအဝေး ၁၂၂ ကြိမ်၊ အခမ်းအနားများတက်ရောက်ခြင်း ၁၅၈ ကြိမ်၊ ပြည်ပအဖွဲ့အစည်းနှင့် တွေ့ဆုံခြင်း ၁၂ ကြိမ်နှင့် အပြန်အလှန်ဆွေးနွေးခြင်း ၁ ကြိမ် ပြုလုပ်နိုင်ခဲ့သည်။

**လွှတ်တော်အခွင့်အရေးကော်မတီ**

ကော်မတီသည် ညှိနှိုင်းအစည်းအဝေး ၃၁ ကြိမ်၊ ပြည်ပအဖွဲ့အစည်းများနှင့် တွေ့ဆုံခြင်း ၇ ကြိမ်၊ လွှတ်တော်သို့ အစီရင်ခံစာ တင်သွင်းခြင်း ၂ ကြိမ် ဆောင်ရွက်နိုင်ခဲ့သည်။

**အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ**

ကော်မတီသည် ကော်မတီအစည်းအဝေး အကြိမ် ၄၀၊ ဝန်ကြီးဌာန၊ ပြည်နယ်/ တိုင်းဒေသကြီးနှင့် အစည်းအဝေး ၂၆ ကြိမ်၊ ပြည်ပအဖွဲ့အစည်းနှင့် အစည်းအဝေး ၃ ကြိမ်၊ ပြည်တွင်းအဖွဲ့အစည်းနှင့် အစည်းအဝေး ၂၃ ကြိမ်၊ ပုံမှန်အစီရင်ခံစာ ၉ စောင်၊ ကြားဖြတ်အစီရင်ခံစာ ၁ စောင်နှင့် အပြန်အလှန်ဆွေးနွေးခြင်း ၃ ကြိမ် ပြုလုပ်ခဲ့သည်။

**အစိုးရမဟုတ်သော ပြည်တွင်း ပြည်ပ အဖွဲ့အစည်းများဆိုင်ရာ ကော်မတီ**

ကော်မတီသည် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ၂၇ ကြိမ်၊ ဝန်ကြီးဌာနနှင့်တွေ့ဆုံမှု ၁၂ ကြိမ်၊ INGOs အဖွဲ့များတွေ့ဆုံမှု ၉ ကြိမ်၊ ပြည်ပတွေ့ဆုံမှု WFD နှင့် ၁ ကြိမ်၊ NDI နှင့် ၂ ကြိမ်၊ ကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာ ၃ ကြိမ် စုစုပေါင်း ၅၂ ကြိမ် ဆောင်ရွက်နိုင်ခဲ့သည်။

**ကျန်းမာရေး၊ အားကစားနှင့် ယဉ်ကျေးမှုဆိုင်ရာကော်မတီ**

ကော်မတီသည် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ၅၄ ကြိမ်၊ ဝန်ကြီးဌာနများနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ၆ ကြိမ်၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် တွေ့ဆုံမှု ၁၂ ကြိမ်၊ ပြည်တွင်းအဖွဲ့အစည်းများနှင့် တွေ့ဆုံမှု ၆ ကြိမ်၊ အားကစားပြိုင်ပွဲဖွင့်ပွဲနှင့် ဆုချီးမြှင့်ပွဲများသို့ တက်ရောက်မှု ၅၈ ကြိမ်၊ အလုပ်ရုံဆွေးနွေးပွဲများ၊ အခမ်းအနားများနှင့် အစည်းအဝေးများတက်ရောက်မှု ၁၈၂ ကြိမ်၊ ပြည်ပဆွေးနွေးပွဲများနှင့် အစည်းအဝေးတက်ရောက်မှု ၁၄ ကြိမ်နှင့် ကွင်းဆင်းဆောင်ရွက်ချက် ၂ ကြိမ် ပြုလုပ်နိုင်ခဲ့သည်။

**နိုင်ငံတကာဆက်ဆံရေး၊ လွှတ်တော်ချင်းချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကော်မတီ**

ကော်မတီသည် (၃)နှစ်တာကာလအတွင်း လုပ်ငန်းညှိနှိုင်းအစည်းအဝေး ၃၃ ကြိမ်၊ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် တွေ့ဆုံဆွေးနွေးခြင်း ၇ ကြိမ်ကျင်းပခဲ့ပြီး နိုင်ငံတကာအဖွဲ့အစည်းများနှင့် ၄၂ ကြိမ် လက်ခံတွေ့ဆုံခဲ့သည်။



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၊ ဒုတိယသမ္မတများဖြစ်ကြသည့် ဦးမြင့်ဆွေနှင့် ဦးဟင်နရီဗန်ထီးယူတို့ ပြည်ထောင်စုလွှတ်တော်နာယကရှေ့မှောက်တွင် ကတိသစ္စာပြုကြစဉ်။

**တိုင်းရင်းသားရေးရာကော်မတီ**

ကော်မတီသည် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ၃၄ ကြိမ်၊ ပူးပေါင်းစိစစ်ရေးအဖွဲ့ ၅ မှ ဝန်ကြီးဌာနနှင့် အစည်းအဝေး ၁၃ ကြိမ်၊ ဝန်ကြီးဌာနနှင့် အစည်းအဝေး ၃ ကြိမ်၊ ပြည်ပအဖွဲ့အစည်းနှင့်တွေ့ဆုံမှု ၂ ကြိမ်၊ ပြည်တွင်းအဖွဲ့အစည်းနှင့်တွေ့ဆုံမှု ၃ ကြိမ်၊ အပြန်အလှန်ဆွေးနွေးခြင်း(Debate) ၁ ကြိမ်၊ ကွင်းဆင်း ၃ ကြိမ်၊ တိုင်းဒေသကြီးလွှတ်တော်နှင့်တွေ့ဆုံမှု ၁ ကြိမ် ဆောင်ရွက်နိုင်ခဲ့သည်။

**တောင်သူလယ်သမားရေးရာကော်မတီ**

ကော်မတီသည် ကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေး ၅၉ ကြိမ်၊ အပြန်အလှန်ဆွေးနွေးခြင်း(Debate) ၁၃ ကြိမ်၊ ဝန်ကြီးဌာနများနှင့်တွေ့ဆုံမှု ၇ ကြိမ်၊ Courtesy Call ၅ ကြိမ်၊ တိုင်းဒေသကြီးလွှတ်တော်များနှင့် တွေ့ဆုံမှု ၂ ကြိမ်၊ ပြည်တွင်းအဖွဲ့အစည်းများနှင့် တွေ့ဆုံမှု ၇ ကြိမ်နှင့် ကွင်းဆင်းလေ့လာစိစစ်ခြင်း ၅ ကြိမ် ဆောင်ရွက်နိုင်ခဲ့သည်။

**အမျိုးသမီးနှင့် ကလေးသူငယ် အခွင့်အရေးဆိုင်ရာကော်မတီ**

ကော်မတီသည် တိုင်ကြားသူများနှင့် တွေ့ဆုံမှု ၁ ကြိမ်၊ ပြည်ပအဖွဲ့အစည်းများနှင့် တွေ့ဆုံမှု ၂၄ ကြိမ်၊ ပြည်တွင်းအဖွဲ့အစည်းများနှင့် တွေ့ဆုံမှုအကြိမ် ၂၀၊ ဝန်ကြီးဌာနများနှင့်တွေ့ဆုံမှု ၁၅ ကြိမ်၊ လုပ်ငန်းညှိနှိုင်း အစည်းအဝေး ၄၄ ကြိမ်၊ အပြန်အလှန်ဆွေးနွေးခြင်း (Debate) ၄ ကြိမ်၊ စာတမ်းတို ၁ ကြိမ်၊ ဥပဒေပြုပြီးနောက် စိစစ်ခြင်းလုပ်ငန်း ဆောင်ရွက်ခြင်း ၄ ကြိမ်၊ ကွင်းဆင်းဆောင်ရွက်ခြင်း ၁ ကြိမ်နှင့် ဥပဒေဆွေးနွေးခြင်း ၁ ကြိမ် စုစုပေါင်း ၁၁၅ ကြိမ် ဆောင်ရွက်နိုင်ခဲ့သည်။

**ပညာရေးမြှင့်တင်မှုကော်မတီ**

ကော်မတီသည် ညှိနှိုင်းအစည်းအဝေး အကြိမ် ၆၀၊ ပြည်တွင်းအဖွဲ့အစည်းများနှင့် တွေ့ဆုံမှု(၄)ကြိမ်၊ ပြည်ပအဖွဲ့အစည်းများနှင့်တွေ့ဆုံမှု(၁၄)ကြိမ်၊ ဝန်ကြီးဌာနနှင့် အစည်းအဝေး (၇)ကြိမ်၊ အပြန်အလှန်ဆွေးနွေးခြင်း (၂)ကြိမ်၊ ပြည်တွင်းခရီးစဉ် (၁)ကြိမ်၊ ကြားနာမှု (၁)ကြိမ်နှင့် အစီရင်ခံစာ တင်သွင်းခြင်း (၃)ကြိမ် ဆောင်ရွက်ခဲ့သည်။

**လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်တွင်း ပြည်ပ အလုပ်သမားဆိုင်ရာ ကော်မတီ**

ကော်မတီသည် ပြည်သူများထံမှ ပေးပို့လာသော တိုင်ကြားစာ ၃၀၆ စောင်အနက် ကော်မတီသို့ တိုင်ကြားစာများကို စိစစ်၍ တိုင်ကြားစာအစောင် (၈၀)၊ ညှိနှိုင်းအစည်းအဝေး(၈၃)ကြိမ်၊ ILO အပါအဝင် ပြည်ပအဖွဲ့အစည်းများနှင့် တွေ့ဆုံမှုအကြိမ်(၃၀)၊ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် အစည်းအဝေး (၂၁)ကြိမ်၊ ပြည်တွင်းအဖွဲ့အစည်းများနှင့်တွေ့ဆုံမှု (၂၂)ကြိမ်၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များရှိ အလုပ်သမားရေးရာ အခြေအနေပြည့်ဆုံးများ... 

အထူးကဏ္ဍ [ ဃ ] သို့ »»»



အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်ရန် လက်မှတ်ရေးထိုးကြစဉ်။




အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း (၃၇)ကြိမ်မြောက် အာဆီယံပါလီမန်များ အထွေထွေညီလာခံ ပိတ်ပွဲအခမ်းအနားတက်ရောက်စဉ်။

»»» အထူးကဏ္ဍ [ ၈ ] မှ

ယူထားသော ဝန်ကြီးများနှင့် လက်ရှိဖြစ်ပေါ်နေသော အလုပ်သမားရေးရာ အငြင်းပွားမှုပြဿနာများနှင့်စပ်လျဉ်း၍ သိရှိနိုင်ရေးအတွက် တွေ့ဆုံညှိနှိုင်းဆွေးနွေးခြင်း (၁)ကြိမ်၊ Ever Green Group မှ အာဆီယံဒေသတွင်း ရေလုပ်ငန်းဆိုင်ရာ တရားမျှတမှုကွန်ရက်နှင့်ပူးပေါင်း၍ မြန်မာ့ရေလုပ်သားများ ကျွန်ပြုခိုင်းစေခံရခြင်းနှင့် ပတ်သက်၍ အပြန်အလှန်ဆွေးနွေးခြင်း (၁)ကြိမ်၊ အစီရင်ခံစာတင်သွင်းခြင်း (၃)ကြိမ်နှင့် ကွင်းဆင်းလေ့လာစိစစ်ခြင်း (၄)ကြိမ် ပြုလုပ်နိုင်ခဲ့သည်။

**နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ ကော်မတီ**

ကော်မတီသည် ညှိနှိုင်းအစည်းအဝေး (၈၈)ကြိမ်၊ ဝန်ကြီးဌာနများနှင့်တွေ့ဆုံမှု (၁) ကြိမ်၊ အပြန်အလှန်ဆွေးနွေးခြင်း (၄)ကြိမ်၊ အစီရင်ခံစာတင်သွင်းခြင်း (၃)ကြိမ်၊ ကွင်းဆင်းစစ်ဆေးခြင်း (၁၀)ကြိမ်၊ ပြည်တွင်းပညာရှင်များနှင့်တွေ့ဆုံမှု (၈)ကြိမ်၊ ပြည်ပတွေ့ဆုံမှု (၉)ကြိမ် ဆောင်ရွက်နိုင်ခဲ့သည်။

**သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ကော်မတီ**

ကော်မတီသည် ပြည်ပအဖွဲ့အစည်းများနှင့်တွေ့ဆုံမှု (၄)ကြိမ်၊ ပြည်တွင်းအဖွဲ့အစည်းများနှင့်တွေ့ဆုံမှု (၃၉)ကြိမ်၊ ကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေး (၇၄)ကြိမ်၊ ဝန်ကြီးဌာန/လုပ်ငန်းရှင်များနှင့်တွေ့ဆုံမှု (၆)ကြိမ်၊ ကော်မတီသို့ရောက်ရှိလာသော တင်ပြစာများနှင့်စပ်လျဉ်း၍ ကွင်းဆင်းဆောင်ရွက်မှု (၁၁)ကြိမ်၊ ကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာ (၃)ကြိမ်၊ ပြည်ပခရီးစဉ်သွားရောက်ခဲ့မှု (၂)ကြိမ်၊ ဥပဒေ၊ နည်းဥပဒေများနှင့်စပ်လျဉ်း၍ ဆောင်ရွက်ချက်(၂)ကြိမ် စုစုပေါင်း ၁၄၁ ကြိမ် ဆောင်ရွက်ခဲ့သည်။

**ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာကော်မတီ**

ကော်မတီသည် တိုင်ကြားစာပေါင်း ၉၈၄၁ စောင်ရရှိခဲ့ပြီး ကွင်းဆင်းစစ်ဆေးခြင်း အမှုတွဲ (၅၃)တွဲအား (၂၂)ကြိမ်၊ ကြားနာမှု (၄)ကြိမ်၊ အာဏာပိုင်အဖွဲ့အစည်းများသို့ ၂၀၃ စောင်၊ ဝန်ကြီးဌာနများသို့ ၃၉၉ စောင်၊ ပြည်နယ်/တိုင်းဒေသကြီးများသို့ ၈၄၆ စောင်၊ လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခံရမှု ပြန်လည်စိစစ်ရေးဗဟိုကော်မတီသို့ ၁၀၁၂ စောင်၊ အစီရင်ခံစာတင်သွင်းခြင်း (၃)ကြိမ်၊ ညှိနှိုင်းအစည်းအဝေး (၈၁)ကြိမ်၊ ကာယကံရှင်များထံသို့ ၅၁၇ စောင် ပေးပို့ဆောင်ရွက်နိုင်ခဲ့သည်။

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီ**

ကော်မတီသည် ညှိနှိုင်းအစည်းအဝေး (၃၃)ကြိမ်၊ ပြည်ပအဖွဲ့အစည်းများနှင့်တွေ့ဆုံမှု (၄)ကြိမ်၊ ပြည်တွင်းအဖွဲ့အစည်းများနှင့်တွေ့ဆုံမှု (၁၀) ကြိမ်၊ ဝန်ကြီးဌာနများနှင့် အစည်းအဝေး (၁၃)ကြိမ်၊ အပြန်အလှန်ဆွေးနွေးခြင်း (၈)ကြိမ်၊ အစီရင်ခံစာတင်သွင်းခြင်း(၃)ကြိမ်နှင့် ကွင်းဆင်းလေ့လာစိစစ်ခြင်း (၁၀)ကြိမ် ပြုလုပ်နိုင်ခဲ့သည်။

**ဆောက်လုပ်ရေး၊ စက်မှု၊ လျှပ်စစ်နှင့် စွမ်းအင်ဆိုင်ရာကော်မတီ**

ကော်မတီသည် ညှိနှိုင်းအစည်းအဝေး (၁၈)ကြိမ်၊ ဝန်ကြီးဌာနများနှင့် တွေ့ဆုံမှု (၈)ကြိမ်၊ ပြည်တွင်းအဖွဲ့အစည်းများနှင့် တွေ့ဆုံမှု (၁)ကြိမ်၊ ပြည်ပအဖွဲ့အစည်းများနှင့် တွေ့ဆုံမှု (၂)ကြိမ်၊ အပြန်အလှန်ဆွေးနွေးခြင်း (၁)ကြိမ်၊ အလုပ်ရုံဆွေးနွေးပွဲများ၊ အစည်းအဝေးများ၊ သင်တန်းများနှင့် အခမ်းအနားများ တက်ရောက်ခြင်းအကြိမ် (၆၀) ဆောင်ရွက်ခဲ့သည်။

အမျိုးသားလွှတ်တော်၏ သုတေသနဆိုင်ရာ ဆောင်ရွက်ချက်များအနေဖြင့် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေးမှ (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေးကာလ ဖေဖော်ဝါရီ ၁၁ ရက်အထိ လွှတ်တော်ကိုယ်စားလှယ်များ ဥပဒေပြုရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အထောက်အကူဖြစ်နိုင်သည့် သုတေသနစာတမ်းတို့ ၂၉ စောင်ကို သုတေသန၊ ပြည်သူ့ဆက်ဆံရေးနှင့် နိုင်ငံတကာဆက်ဆံရေးဌာနကြီးမှ ထုတ်ဝေနိုင်ခဲ့ပြီး လွှတ်တော်ကိုယ်စားလှယ်များ သိရှိလိုသည့် သတင်းအချက်အလက်များနှင့်ပတ်သက်၍ သုတေသနဆိုင်ရာ အချက်အလက်များမေးမြန်းခြင်း ၁၃၁၈ ခုအတွက် ရှာဖွေစုစည်းပေးနိုင်ခဲ့သည်။

ထို့ပြင် သုံးနှစ်တာ ကာလအတွင်း အမျိုးသားလွှတ်တော်သို့ ပြည်တွင်းဧည့်သည် ၁၈၇၆၈ ဦးနှင့် ပြည်ပဧည့်သည် ၁၈၂၆ ဦးတို့ လာရောက်လေ့လာခဲ့ကြောင်း သိရသည်။

၂၀၁၅ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်တွင် အမျိုးသားလွှတ်တော် Website ကို စတင်ထုတ်လွှင့်ခဲ့ရာ ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီ ၂၆ ရက်တွင် ထပ်မံထပ်ဆင့်မြှင့်တင် ထုတ်လွှင့်နိုင်ခဲ့သည်။

**ထပ်မံထည့်သွင်း**

အမျိုးသားလွှတ်တော် Website တွင် အများပြည်သူသိရှိနိုင်ရေးအတွက် အစည်းအဝေးကဏ္ဍ၊ ဥပဒေပြုရေးကဏ္ဍ၊ ကော်မတီ၊ ကော်မရှင်များကဏ္ဍ၊ ကိုယ်စားလှယ်များကဏ္ဍ၊ စာကြည့်တိုက်ကဏ္ဍ၊ လွှတ်တော်လေ့လာရေးကဏ္ဍ၊ သုတေသနကဏ္ဍ၊ နိုင်ငံတကာ ဆက်ဆံရေးကဏ္ဍ၊ သတင်းနှင့် ပြန်ကြားရေးကဏ္ဍတို့အပြင် ဒုတိယအကြိမ် လွှတ်တော်သက်တမ်းမှစ၍ အစည်းအဝေးကျင်းပသည့် နေ့စဉ်မှတ်တမ်းအကျဉ်းချုပ်၊ လွှတ်တော်ကိုယ်စားလှယ် ထိုင်ခုံနေရာချထားမှုနှင့် ကိုယ်စားလှယ်များ မဲဆန္ဒနယ်မြေများ၊ သတင်းမှတ်စုနှင့် မိတ်ဖက်အဖွဲ့အစည်းများကဏ္ဍတို့ကို ထပ်မံထည့်သွင်းဖော်ပြနိုင်ခဲ့ကြောင်း သိရသည်။

အမျိုးသားလွှတ်တော်ကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုစီမှ ကိုယ်စားလှယ် ၁၂ ဦးကျစီ တူညီစွာဖြင့် ရွေးကောက်တင်မြှောက်သည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ၁၆၈ ဦး၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုစီအတွက် ကိုယ်စားလှယ် လေးဦးစီဖြင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဥပဒေနှင့်အညီ အမည်စာရင်းတင်သွင်းသည့် တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ၅၆ ဦး စုစုပေါင်း အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေအများဆုံး ၂၂၄ ဦးဖြင့် ဖွဲ့စည်းရမည်ဖြစ်ပြီး လက်ရှိတွင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ၂၂၄ ဦးက ပြည်သူ့ဆန္ဒများကို ကြိုးပမ်းဖော်ဆောင်ပေးလျက်ရှိသည်။

ထိုကဲ့သို့ ဖွဲ့စည်းခဲ့သော ဒုတိယအကြိမ် အမျိုးသားလွှတ်တော်သည် ပြည်သူ့အသံ-လွှတ်တော်အသံဆိုသည့် ဆောင်ပုဒ်နှင့်အညီ ပြည်သူကိုကိုယ်စားပြုသည့် ပြည်သူ့ကိုယ်စားလှယ်များက ပြည်သူ့လိုအပ်ချက်များအတွက် ဆွေးနွေးမေးမြန်းရာ၊ ဥပဒေပြဋ္ဌာန်းပေးရာ အမျိုးသားလွှတ်တော်သည် ကျရာအခန်းကဏ္ဍမှ ပြည်သူ့ဆန္ဒများကို ဆက်လက်၍ ကြိုးစားဆောင်ရွက်ပေးနေမည်သာ ဖြစ်ပါကြောင်း ရေးသားတင်ပြအပ်ပါသည်။ ။

**ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာကော်မတီသည် တိုင်ကြားစာပေါင်း ၉၈၄၁ စောင်ရရှိခဲ့ပြီး ကွင်းဆင်းစစ်ဆေးခြင်း အမှုတွဲ (၅၃)တွဲအား (၂၂)ကြိမ်၊ ကြားနာမှု (၄)ကြိမ်၊ အာဏာပိုင်အဖွဲ့အစည်းများသို့ ၂၀၃ စောင်၊ ဝန်ကြီးဌာနများသို့ ၃၉၉ စောင်၊ ပြည်နယ်/ တိုင်းဒေသကြီးများသို့ ၈၄၆ စောင်၊ လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခံရမှု ပြန်လည်စိစစ်ရေး ဗဟိုကော်မတီသို့ ၁၀၁၂ စောင်၊ အစီရင်ခံစာတင်သွင်းခြင်း (၃)ကြိမ်၊ ညှိနှိုင်းအစည်းအဝေး (၈၁)ကြိမ်၊ ကာယကံရှင်များထံသို့ ၅၁၇ စောင် ပေးပို့ဆောင်ရွက်နိုင်ခဲ့...**



# ကွမ်းယာယဉ်ကျေးမှုနဲ့ ယနေ့ ကျောင်းသားလူငယ်တို့ကတ္တာ

**သန်းဦး(လေးမျက်နှာ)**

နောင်တမရအောင် ကွမ်းကိုရှောင်ဆိုတဲ့ အသံကို တီဗွီကကြားလိုက်တော့ စိတ်ထဲမှာတစ်ခုခုကို ရေးချင်နေမိတာကြောင့် ဒီဆောင်းပါးလေးကို ချရေးမိပါတော့တယ်။ ကွမ်းယာယဉ်ကျေးမှု ကွမ်းယာစားသုံးမှုမှာ မြန်မာနိုင်ငံတွင် ရှေးယခင်ကတည်းကရှိခဲ့တဲ့ ဓလေ့တစ်ခုဖြစ်ပါတယ်။ မြန်မာများက ကွမ်းယာကို နှစ်မြိုက်စွာ စားသုံးခဲ့ကြပါတယ်။ အဘိုး၊ အဘွားများကလည်း ကွမ်းသီးကမာတော့ သံဆုံနဲ့ထောင်းပြီး အမှုန့်လုပ်ကာ ကွမ်းယာစားကြပါတယ်။ ယခင်ကာလကတည်းက လူကြီးတွေ ကွမ်းကြိုက်ကြပါတယ်။ ဒါကြောင့် ကွမ်းအတွက် စာချိုးလေးတောင်ရှိသေး "တံတားဦးက ကွမ်းနုဝါ မြောရွာကဆေး ကိုင်းထုံးဖြူ ပြည်ရှားသာဝါးလို့ထွေး" ဆိုတာလေ။ တချို့လူကြီးသူမများက ယနေ့အထိ စားသုံးနေကြသလို ကျောင်းသား လူငယ် လူရွယ်လေးများကပင် ကွမ်းတမြုံ့မြုံ့ဖြစ်နေကြပါပြီ။

သို့သော် စားသုံးမှုပုံစံက ကွာခြားသွားပြီဖြစ်ပါတယ်။ ရှေးယခင် မိရိုးဖလာစားသုံးမှုတွင် ကွမ်းယာတစ်ယာ၌ ကွမ်းရွက်၊ ကွမ်းသီး၊ ထုံးနှင့် ဆေးရွက်ကြီး အနည်းငယ်သာ ပါဝင်တတ်သော်လည်း လက်ရှိအချိန်တွင်မူ ဓာတုဗေဒပစ္စည်းများဖြင့် ပြုပြင်မွမ်းမံထားသော ကွမ်းစားဆေးများကို ထည့်သွင်းစားသုံးလာကြသည်ကို တွေ့လာကြပါတယ်။ ဒီလို ဓာတုဆေးနဲ့ ပြင်ဆင်ထားတဲ့ ထုံး၊ ဆေးရွက်ကြီး အမျိုးမျိုးထည့်၍ စားလာကြသည့်အတွက် ပါးစောင်ကင်ဆာ၊ လည်ချောင်းကင်ဆာ၊ ကျောက်ကပ်ကင်ဆာ၊ ဆီးကျောက်တည်ခြင်း၊ အသံအိုးကင်ဆာ၊ အစာမျိုလမ်းကြောင်းကင်ဆာ၊ အစာအိမ်ကင်ဆာ စသည့် ရောဂါများ ဖြစ်ပွားမှုနှုန်းမြင့်မားလျက်ရှိနေတာကို တွေ့ရပါတယ်။

ယနေ့ခေတ်တွင် ကွမ်းစားသုံးခြင်းကြောင့် ကျန်းမာရေးဆိုးကျိုးအများအပြား ဖြစ်ပေါ်လာကြပြီး ကွမ်းယာကြိုက်နှစ်သက်သူ အများစုက ကွမ်းယာကို အကန့်အသတ်မရှိ အများအပြား စားသုံးလေ့ရှိကြပါတယ်။ ကွမ်းယာစားသုံးခြင်းကြောင့် ဖြစ်ပေါ်လာမည့် ကြောက်မက်ဖွယ် ကျန်းမာရေးပြဿနာများကိုမူ ကြောက်လန့်ရကောင်းမှန်း မသိကြပေ။ လေ့လာကြည့်မိသလောက် အာဆီယံနိုင်ငံများအကြား ဆေးရွက်ကြီးသုံးစွဲမှု အများဆုံးမှာ မြန်မာနိုင်ငံဖြစ်သည်ဟု စစ်တမ်းများအရ သိရှိရပါတယ်။ ၂၀၁၈ ခုနှစ် စက်တင်ဘာလတွင် ဖော်ပြထားချက်အရ ဆေးရွက်ကြီးကို အငွေ့ရှူရှိုက်ခြင်းမဟုတ်ဘဲ စားသုံးမှုတွင် မြန်မာနိုင်ငံက ၄၃ ဒသမ ၃ ရာခိုင်နှုန်းဖြင့် ဒေသတွင်း အမြင့်ဆုံးဖြစ်နေသည်။ ဒုတိယနှင့် တတိယအများဆုံးဖြစ်သည့် မလေးရှားတွင် ၁၀ ဒသမ ၉ ရာခိုင်နှုန်းနှင့် ကမ္ဘောဒီးယားတွင် ၄ ဒသမ ၉ ရာခိုင်နှုန်းသာရှိနေကြောင်း သတင်းများအရ သိရပါတယ်။ ဒီကိန်းဂဏန်းများကို ကြည့်ရင် မြန်မာနိုင်ငံ၏ ဆေးရွက်ကြီးသုံးစွဲမှုမှာ အလွန်အမင်းမြင့်မားနေသည်ကို တွေ့မြင်နိုင်ပါတယ်။ ဆေးရွက်ကြီးအား ဓာတုပစ္စည်းများဖြင့် မွမ်းမံထားသည့် ကွမ်းစားဆေးမျိုးစုံပါဝင်သော ကွမ်းယာကို နေ့စဉ်အဆက်မပြတ် စားသုံးနှုန်းသည် မြန်မာနိုင်ငံတွင် ကျဆင်းမသွားဘဲ ဆက်လက်မြင့်တက်တာ တွေ့နေရပါတယ်။ ကွမ်းယာကို နေ့စဉ်အဆက်မပြတ် စားသုံးသူများထဲတွင် လူငယ်လူရွယ် ကျောင်းသားအရွယ်များအထိ ကျောင်းသွားကျောင်းပြန် ကွမ်းယာလေးတမြုံ့မြုံ့ဝါးနေကြတာကို နေ့စဉ်နဲ့အမျှ မြင်တွေ့နေရပါတယ်။ ကွမ်းစားသုံးမှု များပြားလာသည်နှင့် အမျှ တစ်ဖက်အိမ်နီးချင်းနိုင်ငံမှ တရားမဝင် တင်သွင်းသော ဆာခါ၊ ဟန်ဒွက်၊ နိုင်တီတူး၊ ဖိုတီဖိုက်၊ နှပ်ဆေး၊ ပေါင်းဆေးအမျိုးမျိုး၊ ကွမ်းခြောက်ထုတ် စသည်တို့ကို မြိန်ရေယှက်ရေ စားနေကြသည်ကိုတွေ့နေရပါတယ်။

**ကွမ်းစားဆေးများ၏အန္တရာယ်**

ကွမ်းကို စွဲစွဲလမ်းလမ်း စားသုံးသူများအနေဖြင့် ကွမ်းစားဆေးများတွင် ပါဝင်သည့် ဓာတုပစ္စည်းများကြောင့် ကျန်းမာရေးကို ထိခိုက်လာနိုင်ပါတယ်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ အစီရင်ခံစာများအရ မြန်မာနိုင်ငံတွင် ၂၀၁၄ ခုနှစ်အတွင်း သေဆုံးသူအားလုံး၏ ၅၄ ရာခိုင်နှုန်းမှာ မကူးစက်တတ်သည့် ရောဂါများကြောင့် ဖြစ်တယ်လို့ဆိုပါတယ်။ ထို မကူးစက်တတ်သည့် ရောဂါများထဲတွင် ကွမ်းစားမှုကြောင့် ဖြစ်ပွားသည့် ရောဂါများလည်း ပါဝင်နေပြီဖြစ်ပါတယ်။

မြန်မာနိုင်ငံ လူဦးရေ၏ ၃၀ ရာခိုင်နှုန်းမှာ ခံတွင်းကင်ဆာ ဖြစ်ပေါ်စေသည့် ကွမ်းစားခြင်း အလေ့အထရှိနေကြပြီး ကွမ်းစားသူ ၁၀ ရာခိုင်နှုန်းတွင် ပါးစောင်ကင်ဆာဖြစ်ပွားနေကြသည်ဟု ရန်ကုန်အခြေစိုက် အင်န်ဂျီအိုအဖွဲ့တစ်ဖွဲ့ဖြစ်သည့် ပြည်သူ့ကျန်းမာရေးဖောင်ဒေးရှင်းဥက္ကဋ္ဌက ပြည်တွင်းမီဒီယာတစ်ခုကိုပြောကြားခဲ့တာ ဖတ်ရပါတယ်။ ကွမ်းယာအတွင်း ထည့်သွင်းစားသုံးသည့် ကွမ်းစားဆေးများမှာ ကွမ်းစားသူတစ်ဦးနှင့်တစ်ဦး ကြိုက်နှစ်သက်မှု မတူညီကြပေ။ တရားဝင်တင်သွင်းခွင့်မပြုထားသော ကွမ်းစားဆေးအမျိုးမျိုးမှာ မြန်မာနိုင်ငံအတွင်းသို့ အိန္ဒိယနိုင်ငံမှ အဓိက တရားမဝင် ဝင်ရောက်သည့်အပြင် တခြားနေရာပေါင်းစုံမှလည်း တရားမဝင် နည်းလမ်းမျိုးစုံဖြင့် ဈေးကွက်တွင်းသို့ ဝင်ရောက်နေတာတွေ့ရပါတယ်။ ၎င်းတို့ကို အစားအသောက်နှင့် ဆေးဝါးကွပ်ကဲမှုဌာန(FDA)၏ စစ်ဆေးကြပ်မတ်ခံယူကြခြင်းမရှိသလို ဆေးရွက်နှင့် ဆေးရွက်ကြီး ဥပဒေအရလည်း ထိန်းချုပ်ကွပ်ကဲမှုမရှိသလောက်ပင်ဖြစ်နေပါတယ်။

ဥပဒေပြင်ပတွင် ကွပ်ကဲထိန်းကျောင်းမှုမရှိသည့် ထိုဈေးကွက်ထဲ၌ ကွမ်းစားဆေးအတုများ၊ ဓာတုပစ္စည်းပါဝင်မှုများသော ကွမ်းစားဆေးများကြောင့် မြန်မာပြည်သူပြည်သားများ ကြောက်မက်ဖွယ် ကင်ဆာရောဂါများဖြစ်ပွားနေတာကို ကြားသိနေရပါတယ်။ အမှန်ကတော့ ကိုယ့်ပိုက်ဆံနဲ့ကိုယ်ရောဂါကို ဝယ်ယူကြခြင်းပင်ဖြစ်ပါတယ်။ ယနေ့ခေတ်အနေအထားကိုကြည့်ပြီး လူကြီးသူမများကလည်း ခဏခဏပြောနေကြပါတယ်။ "မင်းတို့ခေတ်ကတော့ မလွယ်ပါလားကွာ၊ ဟိုပစ္စည်းဆိုလည်းအတုပေါ် ဒီပစ္စည်းဆိုလည်းအတုပေါ်၊ ဒါတင်မကသေးဘူး၊ ဟိုဟာဆိုလည်း ဓာတုပစ္စည်းပါ၊ ဒီဟာဆိုလည်း ဓာတုပစ္စည်းပါ၊ နောက်ဆုံးစားစရာ သောက်စရာကအစ ဘာမှ စိတ်မချရတော့ပါလားကွာ၊ တို့တွေကတော့ နေရမယ့်အသက်လည်း မကျန်တော့ပါဘူး။ နောင်လာနောက်သားတွေအတွက်တော့ရင်လေးမိသားနဲ့ "ဒါတင်မကသေးဘူး။ မင်းတို့ခေတ်ကျမှ ဟင်းသီးဟင်းရွက်ကအစ သားငါးအဆုံးဘယ်ဟာမှ မလွတ်ဘူး၊ ဟင်းသီးဟင်းရွက်ကျပြန်တော့ ပိုးသတ်ဆေး ဓာတုဆေး၊ ဓာတ်မြေဩဇာနဲ့ ရှင်သန်အောင်စိုက်ရလို့ ခူးပြီးစားပြန်တော့လည်း ပိုးသတ်ဆေးဓာတ်ကြွင်းကြောင့် ကြောက်ရပြန်တယ်။ အသားငါးကျပြန်တော့ ကြာကြာအထားခံရန်ဆိုပြီး မပုပ်မသိုးဆေးတွေသုံးကြ၊ သစ်သီးမြန်မြန်မှည့်အောင်၊ ကြာကြာခံအောင်ဆေးမျိုးတွေမသုံးကြနဲ့ကွာ၊ ဒါကြောင့်လည်း တို့နိုင်ငံမှာ ကင်ဆာရောဂါတွေ အဖြစ်များနေတာပေါ့ကွာ၊ ငါတို့ငယ်ငယ်ကဆို ဒီကင်ဆာဆိုတဲ့ရောဂါဟာ ကြားကိုမကြားဖူးတာ၊ ဒီလိုအစားအသောက်တွေအပေါ် မရိုးမသားနဲ့ လုပ်လာကြလို့လည်း တို့နိုင်ငံက လူတွေ အသက်တိုကြတာပေါ့ကွာ" ဟု အသက် ၈၀ အဘွားတစ်ဦးက ပြောပါတယ်။

ပြည်သူတွေရောဂါဘယများတာလည်း မပြောနဲ့၊ စီးပွားရေးသမားကလည်း သူ့အမြတ်များများရရှိရေးကလွဲလို့ ကျန်တာကိုဘာမှ ထည့် မစဉ်းစားကြပါဘူး။ စားစရာ သောက်စရာဆိုလည်း တုတုစစ်စစ် ဈေးကွက်ထဲလူသုံးများလာရင် စီးပွားရေးသမားကတော့ လုပ်ကိုင်ကြမှာပါပဲ။ ဒီလိုအတုတွေထဲမှာ ကွမ်းစားဆေးလည်း အတုတွေပေါ်လာခဲ့ပေတယ်။ နိုင်တီတူး၊ ဖိုတီဖိုက်၊ ဟန်ဒရွက်၊ စင်ကနယ်၊ ဆေးဘူးအတုတွေနဲ့စားမိပြန်ရင် ပိုပြီး ရောဂါရတာပိုမြန်တော့တာပါပဲ။

အနာဂတ်ရဲ့ခေါင်းဆောင်လုပ်ရမယ့် ယနေ့ ကျောင်းသားလူငယ်လေးများ (အားလုံးကို မဆိုလိုပါ) ဒီကွမ်းစားခြင်းအလေ့အထကို လုံးဝမလုပ်သင့်ပေ။ ပညာကို ဉာဏ်ကောင်းတဲ့အရွယ်မှာရှာဖွေသင်ယူရမယ့်အချိန် ဉာဏ်ပညာထိုင်းမှိုင်းစေတဲ့ ဒီဆေးရွက်ကြီးစားသုံးမှုကြောင့် ပညာရေးထိခိုက်မှာအမှန်ပင်ဖြစ်ပါတယ်။ ဒီကိစ္စတွေကိုလည်း သက်ဆိုင်ရာတာဝန်ရှိသူတွေနဲ့အတူကျောင်းသား၊ မိဘ၊ ဆရာအတူတကွပူးပေါင်းပြီး ကြပ်မတ်ဆောင်ရွက်ရန်လိုအပ်နေပါတယ်။ အဖြူအစိမ်းနဲ့ ကွမ်းတမြုံ့မြုံ့ ဘယ်လိုမှ သင့်တော်မှုမရှိချေ။ သို့ပါ၍ ယနေ့ ကွမ်းယာယဉ်ကျေးမှုနဲ့ ကျောင်းသား လူငယ်တွေကြား ဘယ်လိုစခန်းသွားကြမှာလဲ .....။ ။

■

## ရွှေလုပ်ငန်းရှင်များအသင်း( ရန်ကုန်တိုင်းဒေသကြီး ) သင်္ကြန်အကြို စတုဒိသာကျွေးမွေးလှူဒါန်း

**ရန်ကုန် ဧပြီ ၇**

ရွှေလုပ်ငန်းရှင်များအသင်း(ရန်ကုန်တိုင်းဒေသကြီး) မိသားစုများမှ အဌမအကြိမ် သင်္ကြန်အကြိုစတုဒိသာထမင်းကျွေးမွေးလှူဒါန်းပွဲကို ဧပြီ ၆ ရက် နံနက်က ပန်းဘဲတန်းမြို့နယ် ရွှေဘုံသာလမ်းရှိ အဆိုပါအသင်းရုံးရှေ့ရှိ ယာယီမဏ္ဍပ်တွင် နံနက်စာထမင်းကျွေးမွေးလှူဒါန်းသည်။

နံနက်စာဟင်းလျာအဖြစ် ကြက်သား ပိဿာ ၂၅၀၊ ဆိတ်သား ပိဿာ ၂၅၀၊ ဆန် ၁၅ တင်းတို့ကို ချစ်တီးထမင်းဟင်းပုံစံ ချက်ပြုတ်ပြီး ပဲဟင်း၊ ခရမ်းချဉ်သီးအချဉ်တို့ဖြင့် ကျွေးမွေးလှူဒါန်းရာ လူဦးရေ ၅၀၀၀ ခန့် လာရောက်သုံးဆောင်ကြသည်။ ကျွေးမွေးလှူဒါန်းရာတွင် ရွှေလုပ်ငန်းရှင်များအသင်း(ရန်ကုန်တိုင်းဒေသကြီး)ဥက္ကဋ္ဌ ဦးမျိုးမြင့်၊ အတွင်းရေးမှူးဦးဝင်းမြင့်နှင့် အမှုဆောင်များက အားပေးကူညီဆောင်ရွက်ပေးကြသည်။ ၂၀၁၈ ခုနှစ် သတ္တမအကြိမ် စတုဒိသာထမင်းကျွေးမွေးလှူဒါန်းပွဲတွင် လူဦးရေ ၃၀၀၀ ခန့် လာရောက်သုံးဆောင်ခဲ့ပြီး ယခုနှစ်တွင် ပိုမိုလှူဒါန်းခြင်းဖြစ်ကြောင်း သိရသည်။ **အောင်သူရ**





## တနိုင်းမြို့နယ်အတွင်းရှိ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ရန်ပုံငွေဖြင့် ဆောင်ရွက်သောလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**တနိုင်း ဧပြီ ၇**

ကချင်ပြည်နယ် တနိုင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း(VDP)ဖြင့် ကျေးရွာဖွံ့ဖြိုးရေးကော်မတီက ဆောင်ရွက်ခဲ့သော တိန်ကောက်၊ ကောင်ရာ၊ လမုန်၊ လဂျားဘွမ်၊ တရုံ၊ ခလုံး ကျေးရွာများသို့ ဧပြီ ၃ ရက်မှ ၄ ရက်အထိ တနိုင်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလင်းလင်းဦး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်လွင်၊ မြို့နယ်အရည်အသွေးစစ်ကော်မတီဝင်များက လိုက်လံကြည့်ရှုစစ်ဆေးရာ တနိုင်းမြို့နယ် ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး (ခေတ္တ) ဦးဝေထွန်းနှင့် ကျေးရွာဒေသဖွံ့ဖြိုးရေးကော်မတီဝင်များက လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။

အဆိုပါလုပ်ငန်းများမှာ ကျေးရွာအများဆန္ဒဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်ပြီး ကျေးရွာတစ်ရွာလျှင် ရန်ပုံငွေကျပ်သိန်း ၁၀၀ ရရှိကြောင်းသိရသည်။

**မြို့နယ်(ပြန်/ဆက်)**

■

# ရာသီဥတုဖောက်ပြန်ပြောင်းလဲလာမှုများကြောင့် ဖြစ်ပေါ်နိုင်သည့် သဘာဝဘေးအန္တရာယ်များနှင့်ပတ်သက်၍ အကြံပေးပညာရှင်များအဖွဲ့နှင့် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး တွေ့ဆုံဆွေးနွေး

**ရန်ကုန် မေ ၇**

ရာသီဥတု ဖောက်ပြန်ပြောင်းလဲလာမှုများကြောင့် ဖြစ်ပေါ်နိုင်သည့် သဘာဝဘေးအန္တရာယ်များနှင့်ပတ်သက်၍ အကြံပြုချက်များ၊ သုံးသပ်ချက်များရယူနိုင်ရေး ညှိနှိုင်းအစည်းအဝေးကို မေ ၅ ရက် ညနေပိုင်းက ရန်ကုန်တိုင်းဒေသကြီး ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနဦးစီးမှူးရုံးတွင် ကျင်းပသည်။



**ရာသီဥတုပြောင်းလဲမှု**

အစည်းအဝေးတွင် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းကော်မတီဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက သဘာဝဘေးအန္တရာယ်များနှင့်ပတ်သက်၍ ကမ္ဘာ့ရာသီဥတုသည် ဖောက်ပြန်မှုများနှင့် ပြောင်းလဲမှုများဖြစ်ပေါ်နေသည်ကို အားလုံးသိရှိပြီးဖြစ်ပါကြောင်း၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုတွင် ဘေးအန္တရာယ်များကို ကြံ့ကြံ့ခံရင်ဆိုင် တုံ့ပြန်နိုင်စွမ်းရှိသော လူ့အသိုက်အဝန်း ဖြစ်ပေါ်လာစေရေးသည် မိမိတို့ဝန်ကြီးဌာန၏ မူဝါဒတစ်ခုဖြစ်ပါကြောင်း၊ ရာသီဥတုပြောင်းလဲမှုဒဏ် ခုခံနိုင်စွမ်းမြင့်မားရေးကို နိုင်ငံတော်အဆင့်နှင့် တိုင်းဒေသကြီး/ပြည်နယ်အဆင့်များတွင် ဆောင်ရွက်နေပါကြောင်း၊ ယနေ့ကာလအခြေအနေများအရ ရာသီဥတုပြောင်းလဲမှုကြောင့် ဖြစ်ပေါ်လာသော ဆိုးကျိုးသက်ရောက်မှုများသည် သဘာဝဘေးအန္တရာယ်ဆိုင်ရာ ကြိုးပမ်းအားထုတ်မှုများထက် ကျော်လွန်သက်ရောက်နေပါကြောင်း၊ အစိုးရအနေဖြင့် သဘာဝဘေးအန္တရာယ်လျော့ပါးရေး လုပ်ငန်းများကို ရာသီဥတုပြောင်းလဲမှုနှင့် လိုက်လျောညီထွေရှိစေရေးလုပ်ငန်းများနှင့် ယှဉ်တွဲအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် မူဝါဒများ၊ ဥပဒေ၊ နည်းဥပဒေများ၊ ညွှန်ကြားချက်များချမှတ်ပြီး လက်တွေ့ကျကျ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ သဘာဝဘေးစီမံခန့်ခွဲမှုဆိုင်ရာအကြံပေးအဖွဲ့မှ ကျွမ်းကျင်ပညာရှင်ကြီးများအနေဖြင့် ပြည်သူများလက်တွေ့ခံစားနေရသော ဘေးဒုက္ခများနှင့်ပတ်သက်၍ ကဏ္ဍအလိုက် လက်တွေ့ကျသောဖြစ်နိုင်ခြေရှိသော ဖြေရှင်းဆောင်ရွက်မှုနည်းလမ်းများကို သုံးသပ်အကြံပြုပေးပါရန် ပြောကြားသည်။

**ဆွေးနွေးတင်ပြ**

ယင်းနောက် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ရာသီဥတု ဖောက်ပြန်ပြောင်းလဲမှုများကြောင့် ဖြစ်ပေါ်လာနိုင်သည့် ဘေးအန္တရာယ်များနှင့်ပတ်သက်၍ ဆွေးနွေးတင်ပြသည်။

ထို့နောက် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာ အကြံပေးပညာရှင်အဖွဲ့ဥက္ကဋ္ဌ ဦးမောင်မောင်ခင်က အကြံပေးအဖွဲ့၏ ဆောင်ရွက်ထားရှိမှုများ၊ အတွင်းရေးမှူး မိုးလေဝသပညာရှင် ဦးချစ်ကျော်က မြန်မာ့မုတ်သုံရာသီအပြောင်းအလဲနှင့် ထိခိုက်နိုင်ခြေဆန်းစစ်ထားရှိမှုများကို Power Point ဖြင့် ရှင်းလင်းတင်ပြသည်။

**ခွဲခြားလေ့လာသင့်**

ယင်းနောက် မိုးလေဝသပညာရှင် ဒေါက်တာထွန်းလွင်က မိုးတွင်းကာလကို မိုးကြိုကာလ၊ မိုးဦးကာလ၊ မိုးလယ်ကာလ၊ မိုးနှောင်းကာလနှင့် မိုးလွန်ကာလဟူ၍ ခွဲခြားလေ့လာသင့်ပါကြောင်း၊ မြန်မာနိုင်ငံ၏ တောင်သူလယ်သမားများနှင့် ပြည်သူများသည် မုတ်သုံရာသီဥတု၏ ထူးခြားပြောင်းလဲလာမှုကို ကောင်းစွာသိရှိရန် လိုအပ်ကြောင်း၊ မြန်မာနိုင်ငံ၏ အဓိကစိုက်ပျိုးသီးနှံတစ်မျိုးဖြစ်သည့် ဆန်စပါးစိုက်ပျိုးမှုများ၌ မုတ်သုံရာသီပြောင်းလဲလာမှုကြောင့် သက်ကြီးစပါးစိုက်ပျိုးရန် ခက်ခဲလာပါကြောင်း၊ မြန်မာနိုင်ငံသို့ဝင်ရောက်သည့် မုန်တိုင်းများ၏ ၅၁ ရာခိုင်နှုန်းသည် မိုကြိုကာလနှင့် ၄၉ ရာခိုင်နှုန်းသည် မိုးလွန်ကာလတွင် ဖြစ်ပါကြောင်း၊ မိုးလွန်ကာလဟု သတ်မှတ်သည့် အောက်တိုဘာ၊ နိုဝင်ဘာ၊ ဒီဇင်ဘာလများတွင်ဖြစ်ပေါ်သည့် အခါလွန်မိုးများသည် စိုက်ပျိုးရေးကို ထိခိုက်နိုင်ပါသဖြင့် စိုက်ပျိုးရေးတွင် အပြောင်းအလဲပြုလုပ်သင့်ပါကြောင်း၊ အထူးသဖြင့် နိုင်ငံတော်ကရည်မှန်းထားသည့် စက်မှုစိုက်ပျိုးရေးကို မြန်မြန်ဆန်ဆန်ရောက်ရှိအောင် ဆောင်ရွက်ရန် လိုအပ်နေပြီဖြစ်ကြောင်း၊ ကမ္ဘာ့မိုးလေဝသအဖွဲ့ချုပ်ကလည်း သဘာဝဘေးနှင့်ပတ်သက်၍ အမြဲအဆင်သင့်ဖြစ်ကြရန် သတိပေးထားပြီးဖြစ်ကြောင်း၊ ၂၀၁၉ ခုနှစ်အတွင်း အယ်လ်နီညို ဖြစ်ပေါ်နိုင်မှုနှင့် ပြောင်းလဲမှုဖြစ်စဉ်များ၊ တောမီးလောင်ကျွမ်းမှုများပြားလာခြင်းနှင့် ပညာပေးရန် ပိုမိုလိုအပ်လာမှုများ၊ ခရမ်းလွန်ရောင်ခြည်ကျရောက်နိုင်မှု အန္တရာယ်များ၊ ယခုနှစ်နွေရာသီတွင် အပူချိန်မြင့်တက်မှုကြောင့် ဖြစ်ပေါ်လာမည့် ရေရှားပါးမှုနှင့် နောက်ဆက်တွဲ ရေလမ်းကြောင်းဆိုင်ရာ သတိပြုရမည့်အန္တရာယ်များနှင့် လုပ်ဆောင်သင့်သည်များကို အကြံပေးဆွေးနွေးသည်။

ယင်းနောက် တက်ရောက်လာကြသော သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာ အကြံပေးပညာရှင် အဖွဲ့ဝင်များဖြစ်သော ရေအရင်းအမြစ်စီမံခန့်ခွဲမှုပညာရှင်၊ စိုက်ပျိုးရေးပညာရှင်၊ ပြည်သူ့ကျန်းမာရေးပညာရှင်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ပညာရှင်နှင့် အင်ဂျင်နီယာပညာရှင်များက ၎င်းတို့၏ သက်ဆိုင်ရာကဏ္ဍအလိုက် လေ့လာဆန်းစစ်တွေ့ရှိမှုများကိုအကြံပြုဆွေးနွေးခဲ့ကြပြီး ဒုတိယဝန်ကြီး ဦးစိုးအောင်က အကြံပြုဆွေးနွေးချက်များအပေါ် ကျေးဇူးတင်ရှိပါကြောင်းနှင့် လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်သွားနိုင်ရေးကို ဆက်စပ်ဝန်ကြီးဌာနများနှင့် ညှိနှိုင်းဆောင်ရွက်မည်ဖြစ်ကြောင်း ပြောကြားသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေဖြင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအကြံပေးပညာရှင်အဖွဲ့၏ သုံးသပ်အကြံပြုချက်များကို အလေးထားပြီး လိုအပ်သော လက်တွေ့ကျသည့် လုပ်ငန်းစီမံချက်များကို အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌထံသို့ ဆက်လက်တင်ပြ၍ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပြီး ပြည်သူများသို့ ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုဆိုင်ရာ အသိပညာပေးလုပ်ငန်းများကို ထိရောက်စွာဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# စုပေါင်းပိုင်အဆောက်အအုံ တည်ထောင်သူများအတွက် တည်ဆောက်ရေးလုပ်ငန်းမှတ်ပုံတင်ကို ဇွန်လအတွင်း ထုတ်ပေးသွားမည်

**ရန်ကုန် မေ ၇**

ရန်ကုန်တိုင်းဒေသကြီးအတွင်း စုပေါင်းပိုင်အဆောက်အအုံတည်ထောင်သူ လုပ်ငန်းလိုင်စင်ရရှိသူများအတွက် တည်ဆောက်ရေးလုပ်ငန်းမှတ်ပုံတင်ကို ဇွန်လအတွင်း ထုတ်ပေးသွားမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး စုပေါင်းပိုင် အဆောက်အအုံစီမံခန့်ခွဲရေးကော်မတီမှ ကော်မတီဝင် ဦးမျိုးမြင့်က ပြောသည်။

ရန်ကုန်မြို့ရှိ Pan Pacific Hotel တွင် မေ ၆ ရက်က ကျင်းပသည့် ရန်ကုန်တိုင်းဒေသကြီးအတွင်း ဆောက်လုပ်မည့် စုပေါင်းပိုင် အဆောက်အအုံများအတွက် တည်ထောင်သူ လုပ်ငန်းလိုင်စင်ပေးအပ်ပွဲ အခမ်းအနားတွင် ယင်းကဲ့သို့ ပြောကြားခြင်းဖြစ်သည်။

“ပထမအဆင့်က လိုင်စင်ရှိရမယ်။ ဒီလိုင်စင်က ငါးနှစ်သက်တမ်းအကျုံးဝင်တယ်။ သိန်း ၁၀၀ သွင်းရတယ်။ လိုင်စင်ရှိပြီးမှ တည်ထောင်ခွင့် မှတ်ပုံတင်လျှောက်ရတယ်။ ဒီ ငါးနှစ်အတွင်းမှာ တည်ထောင်သူက တစ်လုံးဖြစ်ရင် ဖြစ်မယ်။ ငါးလုံးဖြစ်ရင် ဖြစ်မယ်။ ဥပဒေနဲ့ သတ်မှတ်ထားတဲ့အချက်နဲ့ တည်ထောင်ခွင့်ကျပြီးမှသာ ကွန်ဒိုလို့ သတ်မှတ်တာပါ။ ဥပဒေမထွက်ခင် ဆောက်လုပ်ပြီး၊ ဆောက်လုပ်ဆဲစတဲ့ အဆောက်အအုံတွေကလည်း လျှောက်ထားရပါမယ်။ ကိုယ့်ဘာသာ ကွန်ဒိုလို့ နာမည်တပ်ထားတဲ့ဟာတွေ ဒါတွေကို စိစစ်ပြီးမှ ကျွန်တော်တို့က ကွန်ဒိုလို့ သတ်မှတ်ပေးမှာပါ။” ဟု ဦးမျိုးမြင့်က ပြောသည်။

**၆၀ ရာခိုင်နှုန်း ပိုင်ဆိုင်ခွင့်ပြုထား**

စုပေါင်းပိုင်အဆောက်အအုံ (ကွန်ဒိုမီနီယံ)ဥပဒေတွင် တည်ထောင်သူတစ်ဦးတစ်ယောက် (မည်သည့်နိုင်ငံသား၊ တိုင်းရင်းသားမဆို)မှ ဥပဒေသတ်မှတ်ချက်နှင့်အညီ တည်ဆောက်ပြီးစီးပါက ကွန်ဒိုတိုက်ခန်း ပြန်လည်ရောင်းချသည့်အခါ နိုင်ငံခြားသား ၄၀ ရာခိုင်နှုန်း ပိုင်ဆိုင်ခွင့်ရရှိပြီး အမိနိုင်ငံသားမှ ၆၀ ရာခိုင်နှုန်း ပိုင်ဆိုင်ခွင့်ပြုထားကြောင်း သိရသည်။

စုပေါင်းပိုင် အဆောက်အအုံသည် မြေဧရိယာအကျယ်အဝန်း စတုရန်းပေ ၂၀၀၀၀ ကျော်ရှိရမည့်အပြင် ခြောက်ထပ်နှင့်အထက် ဓာတ်လှေကား၊ လူအများစုရုံးနိုင်သောနေရာ၊ ရုံးခန်း ၊ အမှိုက်စွန့်ပစ်မည့်နေရာ အစရှိသည်တို့ ပါဝင်ရမည်ဖြစ်ကြောင်း သိရသည်။

“တည်ထောင်ခွင့်လျှောက်ဖို့ပါ ရှယ်ယာတန်ဖိုး တွက်တင်ရမယ်။ တည်ထောင်ခွင့်မှာ လိုအပ်ချက်တွေ ရှိပါတယ်။ အဲဒီလိုအပ်ချက်တွေနဲ့ ပတ်သက်ပြီးတော့ ဝန်ကြီးဌာနနဲ့ ပေါင်းစပ်ညှိနှိုင်းဆွေးနွေးပြီးမှ ဇွန်၊ ဇူလိုင်လောက်မှသာ တည်ထောင်ခွင့်ကို ထုတ်ပေးနိုင်မှာ ဖြစ်ပါတယ်။ အဲဒီနောက်ပိုင်းမှသာ ဘယ်ဟာက ကွန်ဒိုဆိုတာ ထွက်ပေါ်လာမှာဖြစ်ပါတယ်။ ပထမဆုံးထွက်ပေါ်လာမှာက ဆောက်လုပ်ဆဲနဲ့ ဆောက်လုပ်ပြီးတွေ ဖြစ်ပါတယ်။ ဘာလို့လဲဆိုတော့ စတင်ဆောက်လုပ်မယ့် ကွန်ဒိုတွေက တည်ထောင်သူ လုပ်ငန်းလိုင်စင် လျှောက်ရဦးမှာပါ” ဟု ဦးမျိုးမြင့်က ပြောသည်။

စုပေါင်းပိုင် အဆောက်အအုံဥပဒေကို ၂၀၁၆ ခုနှစ် ဒီဇင်ဘာ ၂၉ ရက်က အတည်ပြုပြဋ္ဌာန်းခဲ့ပြီး နည်းဥပဒေကို ၂၀၁၈ ခုနှစ် ဒီဇင်ဘာလအတွင်းမှာ အကြိမ်ကြိမ်ပြင်ဆင်၍ အတည်ပြုပြဋ္ဌာန်းနိုင်ခဲ့ကြောင်း သိရသည်။

ယင်းကဲ့သို့ ဥပဒေပြဋ္ဌာန်းပြီး နည်းဥပဒေအသက်ဝင်စေရန် ၂၀၁၈ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်က ရန်ကုန်တိုင်းဒေသကြီး စုပေါင်းပိုင်အဆောက်အအုံ စီမံခန့်ခွဲရေးကော်မတီကို ဖွဲ့စည်း၍ တည်ထောင်ခွင့်လိုင်စင် ချပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ စုပေါင်းပိုင် အဆောက်အအုံဆိုင်ရာစီမံခန့်ခွဲရေးကော်မတီမှ ပြည်တွင်းကုမ္ပဏီ ၃၀ နှင့် နိုင်ငံခြားကုမ္ပဏီ နှစ်ခုကို တည်ထောင်သူ လုပ်ငန်းလိုင်စင်ချပေးကြောင်း သိရသည်။

“လုပ်ငန်းလိုင်စင်ရပြီးတဲ့ တည်ထောင်သူတွေအနေနဲ့ တိတိကျကျလိုက်နာဖို့ လိုအပ်ပါတယ်။ ကမ္ဘာ့အဆင့်မီ ကွန်ဒိုမီနီယံ အဆောက်အအုံကြီးတွေကို တည်ဆောက်အကောင်အထည်ဖော်ကြဖို့နဲ့ နိုင်ငံရဲ့အကျိုး၊ ပြည်သူရဲ့အကျိုးကို ဆောင်ရွက်ကြဖို့ တိုက်တွန်းလိုတယ်။” ဟု ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်က ပြောသည်။



ရန်ကုန်မြို့ရှိ ကွန်ဒိုအဆောက်အအုံများကို တွေ့ရစဉ်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း စုပေါင်းပိုင်အဆောက်အအုံအဖြစ် မှတ်ပုံတင်ဆောင်ရွက်လိုသူများအတွက် စုပေါင်းပိုင်အဆောက်အအုံ တည်ထောင်သူလုပ်ငန်းလိုင်စင်ကြေးကို ငွေကျပ်သိန်း ၁၀၀ ဟုလည်းကောင်း၊ အိမ်ခန်းမှတ်ပုံတင်ကြေးကို ငွေကျပ်သိန်း ၁၀၀၀ အထိ တန်ဖိုးရှိသော အိမ်ခန်းများအတွက် ငွေကျပ် ၂၀၀၀၀၊ ငွေကျပ်သိန်း ၁၀၀၀ အထက်မှ သိန်း ၃၀၀၀ ထိ တန်ဖိုးရှိသော အိမ်ခန်းများအတွက် ငွေကျပ် ၃၀၀၀၀၊ ငွေကျပ်သိန်း ၃၀၀၀ အထက်တန်ဖိုးရှိသော အိမ်ခန်းများအတွက် ငွေကျပ် ၅၀၀၀၀ သတ်မှတ်ထားကြောင်း သိရသည်။

အဆင့်မြင့် ကွန်ဒိုတိုက်ခန်းများ၏ ပိုင်ဆိုင်မှုအထောက်အထား မှတ်ပုံတင်ခြင်းလုပ်ငန်းကို တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက်ဖွဲ့စည်းထားရှိသော စီမံခန့်ခွဲရေးကော်မတီများက ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **အေးယမုံ**